www.burmeseclassic.com

# စိုးကျော်သူ

## ပဉ္စမငရဲသား



လျှို့ ယု စိ ပိုး တို ရူ ၊ ယွန်

www.burmeseclassic.com

www.burmeseclassic.com

မိုးကျော်သူ

# ပဉ္စမငရဲသား

(ပထမပိုင်း)

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၄ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ-၂၅၀
တန်ဖိုး ၁၀၀/-ကျပ်

ထုတ်ဝေသူ
ဒေါ်ခင်မာချို၊ (ဝန်းဝေဝေ စာပေ)
အမှတ် (၃၆၀)၊ မိုလ်အောင်ကျော်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်
ဦးခင်ကျော်ထွန်း၊ (မုံရွေး ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅- လမ်း၊
မိုလ်တစ်ထောင်မြို့နယ်၊ရန်ကုန်မြို့။

BURMESE CLASSIC



# အသွင်တူနှစ်ယောက်

ချန်အန်းမြို့သို့သွားရာ ကုန်သည်လမ်းမကြီးပေါ်၌ မြို့ရွာများတည်ရှိနေကြသည့်တွင် လိန်ကျူးမြို့ကလေးသည်လည်း ခရီးတထောက်နား စခန်းမြို့ကလေးအဖြစ် ပါဝင်လျက်ရှိပေသည်။

လိန်ကျူးမြို့ကလေး၌ ထမင်းဆိုင်၊ စားသောက်ဆိုင်ပေါများပြီး အရသာရှိသော ဟင်းလျာမျိုးစုံကို အခြားမြို့များထက်ပို၍ ဈေးနှုန်းချိုသာစွာ ရရှိနိုင်သည်။

ထို့ကြောင့်. . .

ချန်အန်းမြို့သို့ ဦးတည်သွားကြသော ခရီးသည်များ၊ ကုန်သည်ပွဲစားများသည် လိန်ကျူးမြို့ကလေး၌ မဖြစ်မနေ ခရီးတထောက်နားကာ စားသောက်လေ့ရှိကြပေသည်။

လုံထင်းဟို ဦးဆောင်သော နှင်းဦးအာမခံဌာနအဖွဲ့သားများသည်လည်း လိန်ကျူးမြို့ကလေးသို့ ရောက်လာကြသောအခါ အနားယူစားသောက်ရန် ခရီးတထောက် ရပ်နားခဲ့ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



လုံထင်းဟိုမှာ အသက်နှစ်ဆယ်ကျော်ခန့်သာ ရှိသေးသော လူငယ်လူရွယ် တစ်ဦးဖြစ်သည်။

ငယ်စဉ်ကပင် အာမခံဌာနပိုင် မြင်းများကို ထိန်းကျောင်းခြင်း၊ အစာကျွေး ရေချိုးခြင်းစသည့် တာရိယများ လုပ်ကိုင်ခဲ့ရပြီး အာမခံဌာနနှင့် နီးကပ်စွာရှိခဲ့ရကား အရွယ်ရောက်လာသောအခါ မြင်းလှည်းမောင်းသမားအဖြစ် တာဝန်ပေးခြင်းခံခဲ့ရလေသည်။

လုံထင်းဟိုက ခွဲလုံ့လဝီရိယနှင့် ကြိုးစားအားထုတ်တတ်သူ၊ အမိန့်နာခံတတ်သူဖြစ်ရကား အာမခံဌာနပိုင်ရှင်က သဘောကျပြီး အာမခံဌာနသိုင်းဆရာများထံ၌ သိုင်းပညာ သင်ယူခွင့်ပြုခဲ့သည်။

လုံထင်းဟို သိုင်းပညာ အတော်လေးရရှိလာသောအခါ အာမခံအဖွဲ့သားတစ်ဦးအဖြစ် အာမခံပစ္စည်း ပို့ဆောင်ရာ၌ လိုက်ပါစောင့်ရှောက်ရန် တာဝန်ပေးအပ်ခဲ့သည်။

လုံထင်းဟိုသည် အနယ်နယ်အရပ်ရပ်သို့ အာမခံပစ္စည်းပို့ဆောင်ရင်း လမ်းခရီးကျွမ်းကျင်လာသည်။

အာမခံပစ္စည်း လုယက်လိုသည့် လူဆိုးဓားပြများနှင့် ရင်ဆိုင်ရင်း တိုက်ပွဲအတွေ့အကြုံ ရရှိလာသည်။

အရပ်ရှစ်မျက်နှာ ဘယ်ဝယ်ဘယ်ဆီ ရောက်ရောက် သိုင်းလောကသားများနှင့် တွေ့ဆုံရလေတိုင်း မိတ်ဖွဲ့ကာ ပညာရှာမှီးခဲ့သည်။

ဤသို့ဖြင့် နှစ်အတန် ကြာညောင်းလာသောအခါ



လုံထင်းဟိုမှာ အလွန်အားထားရသော အာမခံဌာနသိုင်းသမားတစ်ဦး ဖြစ်လာခဲ့လေတော့သည်။

တစ်နေ့. . .

လုံထင်းဟိုတို့အဖွဲ့ အာမခံပစ္စည်းတစ်ခု သွားရောက်ပို့ဆောင်ခဲ့ရာ လမ်းခရီး၌ ဓားပြအဖွဲ့ကိုးဖွဲ့နှင့် ရင်ဆိုင်ခဲ့ရလေသည်။

လုံထင်းဟိုတို့ အသက်ကို ပဓာနမထားဘဲ ဓားပြများအား အသက်စွန့်ရင်ဆိုင်ခဲ့ကြရာ တိုက်ပွဲများပြင်းထန်ခဲ့ပြီး ဓားပြကိုးဖွဲ့စလုံး ပျက်စီးသွားခဲ့လေသည်။

ဓားပြများကို အနိုင်ရလိုက်သော်လည်း လုံထင်းဟိုတို့လည်း သက်သာလှသည် မဟုတ်ပါချေ။

အဖွဲ့ခေါင်းဆောင်နှင့်တကွ အဖွဲ့သားသုံးဆယ်ကျော် အသက်ပေးခဲ့ရလေသည်။

ဒဏ်ရာများရထားသည့် လုံထင်းဟိုနှင့် အဖွဲ့သားငါးယောက်သာ ကျန်ရစ်ခဲ့သည်။

ဤတွင် လုံထင်းဟိုက အဖွဲ့ခေါင်းဆောင် တာဝန်ယူကာ အာမခံပစ္စည်းအား ပိုင်ရှင်ထံသို့အရောက် ဆက်လက်ပို့ဆောင်ပေးခဲ့လေသည်။

လုံထင်းဟို၏ စွမ်းဆောင်ချက်က အာမခံဌာန၏ဂုဏ်သတင်းကို ထင်ရှားကျော်ကြားစေခဲ့သည်။

လုံထင်းဟိုတို့၏ အာမခံဌာနအမည်မှာ လူတိုင်း၏ပါးစပ်ဖျား၌ ရေပန်းစားသွားခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



အာမခံဌာနပိုင်ရှင်လည်း လုံထင်းဟိုအား ချီးမြှင့်သည့် အနေဖြင့် အဖွဲ့ငယ်ခေါင်းဆောင်အဖြစ် ရာထူးတိုးနှင့်လစာ ရိက္ခာကို တိုးမြှင့်ချီးမြှင့်ခဲ့လေသည်။

တန်ဖိုးနည်းပါးသော အာမခံပစ္စည်းများအား လုံထင်း ဟိုကို ပို့ဆောင်ခိုင်းသည်။

လုံထင်းဟိုသည် တာဝန်ကျေအောင် ထမ်းဆောင်နိုင် ခဲ့သလို အတွေ့အကြုံရင့်ကျက်လာသောအခါ အာမခံဌာနပိုင် ရှင်က တန်ဖိုးကြီးသောပစ္စည်းများ အရေးကြီးသောပစ္စည်းများ ကို ပို့ဆောင်ခိုင်းခဲ့လေသည်။

လုံထင်းဟိုသည် တဖြည်းဖြည်းနှင့် အာမခံဌာနအတွက် မရှိမဖြစ် အရေးပါသူတစ်ဦး ဖြစ်လာတော့သည်။

ယခုလည်း. . .

လျှံငွေ ငါးသိန်းတန်ဖိုးရှိသော အာမခံပစ္စည်းတစ်ခုအား ပို့ဆောင်ပေးရန် လုံထင်းဟို တာဝန်ယူခဲ့ရလေသည်။

လျှံငွေငါးသိန်းဟူသော တန်ဖိုးကြောင့် လူဆိုးဓားပြများ မျက်စိကျခဲ့ပြီး လမ်းခရီး၌ လုယက်ရန်ကြိုးစားခဲ့ကြသည်။

လုံထင်းဟိုနှင့်လက်ရွေးစင် အဖွဲ့သားများက လုယက် တိုက်ခိုက်ရန် ကြိုးစားလာသူများကို ဆုံးမမောင်းထုတ်နိုင်ခဲ့ ကြသည်။

သို့ဖြင့်. . .

အန္တရာယ်ခရီးလမ်းကို ကျော်ဖြတ်ပြီး အေးချမ်းသာ ယာနေသော လိန်ကျူးမြို့ကလေးသို့ ရောက်ရှိလာခဲ့ကြသည်။



ခေါင်းဆောင်ဖြစ်သော လုံထင်းဟိုက အဖွဲ့သားများ အား အနားပေးကာ စားသောက်ရန် စီစဉ်လိုက်သည်။

လုံထင်းဟိုသည် လိန်ကျူးမြို့သို့ရောက်တိုင်း စားနေ ကျဆိုင်ဖြစ်သော 'စားဖွယ်စုံ' ထမင်းဆိုင်၌ အနားယူစားသောက် ရန် ဆုံးဖြတ်လိုက်လေသည်။

❊ ❊ ❊

နေမွန်းတည့်တော့မည် ဖြစ်သည်။

စားဖွယ်စုံ စားသောက်ဆိုင်လေး၌ စားသောက်မည့်သူ များဖြင့် စည်ကားသိုက်မြိုက်နေ၏။

လုံထင်းဟိုက သူတို့အဖွဲ့အတွက် အကောင်းဆုံးဖြစ် အောင်စီစဉ်ပေးဖို့ ဆိုင်ရှင်အား တောင်းဆိုလိုက်လေသည်။

ဆိုင်ရှင်လည်း လာနေကျဖောက်သည်ဖြစ်ရကား စား သောက်ဆိုင်ဝဲဘက်ရှိ သစ်ပင်ပန်းပင်များဖြင့် အရိပ်အာဝါသ ကောင်းသောခြံဝင်းထဲ၌ လုံထင်းဟိုတို့အတွက် စီစဉ်ပေးလိုက် လေသည်။

လုံထင်းဟိုတို့လူစုမှာ အားလုံး တစ်ဆယ့်ငါးယောက် ရှိလေသည်။

လမ်းခရီး၌ လူဆိုးဓားပြများနှင့် ရင်ဆိုင်ခဲ့ရသော်လည်း အဖွဲ့သားများ ညီညွတ်စွာခုခံချေမှုန်းနိုင်ခဲ့ကြသဖြင့် သေဆုံးသွား သူမရှိ၊ ထိခိုက်ရှနာကင်းစွာ လူကောင်းပကတိ ရှိခဲ့ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



လုံထင်းဟိုတာဝန်ယူ သယ်ဆောင်လာသော အာမခံပစ္စည်းမှာ ငါးသိန်းတန် ရွှေထည်ပစ္စည်းအချို့ဖြစ်သည်။

ထိုရွှေထည်ပစ္စည်းများကို အထုပ်ထုပ်ကာ လုံထင်းဟိုကိုယ်တိုင် ကျောပိုးပြီး ကိုယ်နှင့်မကွာ စောင့်ရှောက်ယူဆောင်လာခြင်းလည်း ဖြစ်သည်။

အရိပ်အာဝါသ ကောင်းလှသော ပန်းခြံအတွင်း၌ ဆိုင်ရှင်က စားပွဲသုံးလုံးခင်းကျင်းကာ လုံထင်းဟိုတို့လူစု လွတ်လပ်စွာ အနားယူ စားသောက်နိုင်အောင် စီစဉ်ပေးခဲ့လေသည်။

လုံထင်းဟိုတို့ စားပွဲသုံးဝိုင်း၌ နေရာယူပြီး စားသောက်လိုက်ကြလေသည်။

လုံထင်းဟိုတို့လူစုမှာ ခရီးပန်းလာကြသကဲ့သို့ ဆာလောင်မွတ်သိပ်နေပြီဖြစ်ရကား အရသာထူးကဲသော ဟင်းလျာများအား ဗိုက်တင်းကားသွားအောင် စားသောက်လိုက်ကြလေသည်။

များမကြာမီ စားပွဲများပေါ်တွင် ပြင်ဆင်ထားသော ဟင်းလျာများ တက်တက်စင်ပြောင်သွားတော့သည်။

အဖွဲ့သားအားလုံးလည်း အားရတင်းတိမ်သွားကြလေသည်။ လုံထင်းဟိုက အဖွဲ့သားများကိုကြည့်ရင်း. . .

"စားသောက်ပြီးတာနဲ့ ခရီးဆက်တာထက် အေးအေးဆေးဆေး အနားယူပြီးမှ ခရီးဆက်တာ ပိုကောင်းမယ်၊ အဖွဲ့သားတွေ လန်းလန်းဆန်းဆန်းရှိမယ်၊ ခွန်အားပြည့်ဖြိုးနေလိမ့်မယ်"



ဟု တွေးတောစဉ်းစားလိုက်သည်။

ချောင်းတစ်ချက်ဟန့်ပြီး. . .

"အားလုံး စားသောက်ပြီးပြီဆိုတော့ သည်မှာ ထမင်းတစ်အိုးချက် အချိန်ကြာအောင် အနားယူကြမယ်၊ ပြီးမှ ခရီးဆက်မယ်၊ အားလုံး သက်တောင့်သက်သာ နေကြပေတော့"

ဟု အမိန့်ထုတ်လိုက်လေသည်။

အဖွဲ့သားများ ကျေနပ်ဝမ်းသာ သွားကြလေသည်။

အသီးသီးထိုင်ရာမှထကာ သစ်ပင်များ၊ ပန်းရုံများအရိပ်သို့သွားကာ အနားယူလိုက်ကြသည်။

အဖွဲ့သားအားလုံး လုံထင်းဟို၏ ဦးဆောင်မှုကောင်းပုံနှင့် ဤစားသောက်ဆိုင်မှ ဟင်းလျာများ အရသာရှိလှပုံကို ချီးကျူးပြောဆိုကြလေသည်။

အားလုံး သက်တောင့်သက်သာ ရှိနေကြချိန်တွင်. . .

"ဟား. . . ဟား. . . ဟား"

ကျယ်လောင်သော ရယ်မောသံ ပြုန်းစားကြီး ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

လုထင်းဟိုတို့ ကြောင်အမ်းအမ်း ဖြစ်သွားကြလေသည်။

ရယ်မောသံ ထွက်ပေါ်လာရာဆီသို့ ကြည့်လိုက်ကြသောအခါ အစိမ်းရောင်ဝတ်ထားသူ တစ်ယောက်က လက်နှစ်ဘက် နောက်ပစ်၍ ခေါင်းမော့ရယ်မောရင်း လှမ်းလာနေသည်ကို တွေ့ရလေသည်။

ထိုလူမှာ လူငယ်လူရွယ် တစ်ဦးဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



လုံထင်းဟိုနှင့် သက်တူရွယ်တူခန့် ရှိမည်ဖြစ်သည်။
ထိုလူ နီးကပ်လာသောအခါ လုံထင်းဟို သတိဝင်လာလေသည်။
ထိုင်ရာမှ ဆတ်ခနဲ ထရပ်လိုက်ပြီး. . .
"ကျုပ်ဟာ အာမခံပစ္စည်း သယ်ဆောင်တဲ့အဖွဲ့ကို ဦးဆောင်လာခဲ့တဲ့ ခေါင်းဆောင်လုံထင်းဟိုပဲ၊ သည်နေရာဟာ ဆိုင်ရှင်ကိုယ်တိုင် ကျုပ်တို့အတွက် စီစဉ်ပေးထားတဲ့ သီးသန့်နေရာဖြစ်တာကြောင့် မိတ်ဆွေ မနှောက်ယှက်ရင်ကောင်းလိမ့်မယ်"
ဟု သတိပေးစကား ပြောလိုက်လေသည်။
အစိမ်းရောင်ဝတ်ထားသူက. . .
"ကျုပ်က နှောက်ယှက်ဖို့လာခဲ့တာမှ မဟုတ်တာဗျာ"
လုံထင်းဟိုက. . .
"အခု ခင်ဗျားရောက်လာတာကိုက ကျုပ်တို့အတွက် အနှောက်အယှက် ဖြစ်နေပြီ"
အစိမ်းရောင်ဝတ်ထားသူသည် သက်ပြင်းချလိုက်လေသည်။
"ခင်ဗျားတို့ဟာ သည်ဆိုင်က အစားအသောက်တွေကို ချီးကျူးနေကြတယ်၊ အင်းပေါ့လေ၊ အဆိပ်ခတ်ထားတဲ့ စားစရာက ရိုးရိုးစားစရာထက် ပိုပြီးချိုမြိန်တယ် မဟုတ်လားဗျာ"
"ဘာ. . . ဘာပြောတယ်"
"ခင်ဗျားတို့ စားကောင်းကောင်းနဲ့ စားလိုက်ကြတာ အစားအသောက်တွေထဲမှာ အဆိပ်ခတ်ထားတယ်ဆိုတာ



တောင် သတိမပြုမိလိုက်ကြဘူး မဟုတ်လား"
"မင်း. . . မင်း"
လုံထင်းဟို ထိတ်လန့်သွားလေသည်။
အစိမ်းရောင်ဝတ်ထားသူကို ကြည့်လိုက်သည်။
အစိမ်းရောင်ဝတ်ထားသူက ရယ်မောခြင်းမပြုတော့ပါ။
သူ၏မျက်နှာ တည်ကြည်လေးနက်နေလေသည်။
လုံထင်းဟိုက. . .
"ကျုပ်တို့ဟာ အဆိပ်ခတ်ထားတဲ့ အစားအစာတွေကို စားသောက်မိခဲ့ကြပြီ ဟုတ်လား"
ထိုလူရွယ်က. . .
"ဟုတ်တယ်"
"ဘယ်သူက အဆိပ်ခတ်ထားတာလဲ"
"သည်လိုနေရာမျိုးမှာ အဆိပ်ခတ်ဖို့ အခွင့်အရေးအရှိဆုံးလူက ဆိုင်ရှင်ပေါ့ဗျာ"
"သူက ဘာကြောင့် သည်လိုလုပ်ရတာလဲ၊ ကျုပ်တို့ သည်ဆိုင်မှာ မကြာခဏ လာစားဖူးပါတယ်၊ ခုလို မဟုတ်ပါဘူး"
လူရွယ်က. . .
"မတွေ့ဘူးလေဗျာ၊ အရာရာဟာ အချိန်တိုင်းမှာ ပြောင်းလဲနေတတ်ကြတာပဲ မဟုတ်လား ဆိုင်ရှင်က မပြောင်းလဲချင်ဘူးဆိုရင်တောင် တစ်ယောက်ယောက်က ပြောင်းလဲသွားစေချင်ရင် ဘာတတ်နိုင်မှာလဲ"
လုံထင်းဟို မျက်မှောင်ကုပ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



"ဆိုင်ရှင်ကို တစ်ယောက်ယောက်က အကြွပ်ကိုင်ပြီး အဆိပ်ခတ်နိုင်းတဲ့ သဘောမျိုးလား"

အစိမ်းရောင်ဝတ်ထားသူက. . .

"သည်နယ်တဝိုက်မှာ အခုတလော နာမည်ကြီးလာတဲ့ လူဆိုးတစ်ယောက် ထွက်ပေါ်နေတယ်၊ သူက တစ်ကိုယ်တော် ကျင်လည်ကျက်စားနေတာပဲ၊ အဖိုးတန်ပစ္စည်းသယ်လာတဲ့ အာမခံအဖွဲ့တိုင်း သူ့ရဲ့အဆိပ်ကြောင့် ဒုက္ခရောက်ခဲ့ရတာ"

လုံထင်းဟိုး၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေသည်။

"အဆိပ်ဘီလူးကို ပြောတာလား"

ဟု မေးလိုက်သည်။

လိန်ကျူးမြို့သို့ မရောက်မီ အဆိပ်ဘီလူးဆိုသူ သောင်းကျန်းနေသည့်သတင်းကို ကြားသိခဲ့ရ၏။

ဤလမ်းခရီးမှ မကြာခဏ ဖြတ်သန်းသွားခဲ့ပြီး ယခုတစ်ကြိမ်မှ ကြားဖူးခြင်းဖြစ်ရာ လုံထင်းဟိုက အမှုမထားဘဲ ပေါ့ပေါ့တန်တန် နေလိုက်မိသည်။

ယခုတော့အဆိပ်ဘီလူးမှာ ပေါ့ဆ၍မရသူဖြစ်ကြောင်း သိလိုက်ရပြီ ဖြစ်လေသည်။

အစိမ်းရောင်လူရွယ်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ သူပါပဲဗျာ"

လုံထင်းဟိုက. . .

"အဆိပ်ဘီလူးက ဆိုင်ရှင်ကို အကြွပ်ကိုင်ပြီး ကျုပ်တို့



ကိုအဆိပ်ခတ် နိုင်းခဲ့တာပေါ့ ဟုတ်လား"

အစိမ်းရောင်ဝတ်ထားသူက. . .

"ဒါအမှန်ပါပဲ၊ သူခိုင်းတာမလုပ်ရင် အဆိပ်ဘီလူးက ဆိုင်ရှင်ရောင်းတဲ့ အစားအစာမှန်သမျှကို အဆိပ်ခတ်နေမယ်၊ နည်းနည်းလောက် စားမိတဲ့လူတိုင်း အဆိပ်မိပြီး ဒုက္ခရောက်ရမယ်လို့ ခြိမ်းခြောက်တော့ ဆိုင်ရှင် ဘယ်ခေါင်းမာနိုင်တော့မှာလဲဗျာ"

လုံထင်းဟိုတို့ ပြောဆိုနေကြစဉ်မှာပင်. . .

"ဗိုက်အောင့်လိုက်တာ"

"ခေါင်းမူးလာပြီ"

"ငါ့ရဲ့ခြေဖျားလက်ဖျားတွေ ထေးစက်သွားတာပဲ"

အဖွဲ့သားများ၏ ညည်းတွားသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရတော့သည်။

အဖွဲ့သားများ ရုတ်ရုတ်သဲသဲ ဖြစ်နေကြ၏။

အချို့က မြေပေါ်လဲကျသွားကာ လူးလိမ့်နေပြီး အချို့က နားထင်နှစ်ဘက်ကို လက်ချောင်းလေးများဖြင့် နှိပ်ရင်း ထိုင်ရမလို ထရမလိုဖြစ်နေသည်။

အချို့ကား ဝမ်းဗိုက်ကို လက်နှိပ်ကာ. . .

"ဝေါ့. . . ဝေါ့"

တဝေါ့ဝေါ့ ထိုးအန်နေကြတော့သည်။

အဆိပ်ဘီလူး၏ အဆိပ်အစွမ်းပြလာပြီ ဖြစ်လေသည်။

အစိမ်းရောင်ဝတ်ထားသူက. . .

www.burmeseclassic.com

www.burmeseclassic.com



"သူ့ဆီက ဖြေဆေးရမှ ခင်ဗျားလူတွေကို ကယ်တင်နိုင်လိမ့်မယ်"

လုံထင်းဟိုက. . .

"သူက ဘယ်မှာလဲ"

အစိမ်းရောင်ဝတ်ထားသူက. . .

"ခင်ဗျား အဆိပ်မိထားတာက သူ့ကိုရင်ဆိုင်ဖို့ထက်ပိုပြီး အရေးကြီးတဲ့ကိစ္စပါဗျာ"

သူ၏စကား အဆုံးတွင်. . .

"ဟား. . . ဟား. . . ဟား"

ကျယ်လောင်သော ရယ်မောသံများနှင့်အတူ လူတစ်ယောက် ရောက်ရှိလာပြန်သည်ကို တွေ့လိုက်ရလေတော့သည်။

❋ ❋ ❋

ရုပ်ဆိုးဆိုး ခန္ဓာကိုယ် ပိန်ပိန်ပါးပါး အနက်ရောင်ဝတ်ထားသည့် အသက်လေးဆယ်ခန့်ရှိသူ တစ်ယောက် ရယ်မောရင်း ရောက်ရှိလာခြင်း ဖြစ်လေသည်။

ထိုလူကား ယခုတလော သတင်းကြီးလာသည့် အဆိပ်ဘီလူးပင် ဖြစ်လေသည်။ လုံထင်းဟိုက ရင်ဆိုင်လိုက်သည်။

"ခင်ဗျားက အဆိပ်ဘီလူးဆိုရင်တော့ ခင်ဗျားဆီက အဆိပ်ဖြေဆေးကို အရင်ဆုံးထုတ်ပေးလိုက်တာ အကောင်းဆုံးပဲ"



အဆိပ်ဘီလူးက. . .

"နေပါဦး၊ ကျုပ်ဆီက အဆိပ်ဖြေဆေး တောင်းရအောင် မင်းကိုယ်မင်း ဘာမှတ်နေသလဲ၊ မင်းလည်း အဆိပ်မိထားပြီ၊ ငါ့စကား နားမထောင်ရင် မင်းသေရမှာပဲ"

"ခင်ဗျား"

လုံထင်းဟို ဒေါသထွက်ကာ တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။ အစိမ်းရောင်ဝတ်ထားသူက. . .

"ခင်ဗျားလူတွေကို သေသွားစေချင်တာလား၊ ဘာကြောင့် ဒေါသကြီးနေရတာလဲဗျာ"

ဟု သတိပေးလိုက်လေသည်။

လုံထင်းဟို၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေသည်။

သူ စိတ်မထိန်းနိုင်လျှင် သူ၏လူများ အရင်ဆုံး ဒုက္ခရောက်သွားလိမ့်မည် မဟုတ်ပါလား။

လုံထင်းဟို စိတ်ထိန်းကာ နောက်ဆုတ်လိုက်၏။

အနက်ရောင်ဝတ်ထားသူ နှာခေါင်းရှုံ့လိုက်သည်။

"ငါက အာမခံပစ္စည်းနဲ့ အဆိပ်ဖြေဆေး အလဲအလှယ်လုပ်ဖို့ စိတ်ကူးထားတာ၊ မင်းက ဒေါသ သိပ်ကြီးနေတော့ ဆုံးမရသေးတာပေါ့လေ၊ ကဲ ကျုပ်ရှေ့မှာ ဒူးထောက်ပြီး ဦးသုံးကြိမ်ချပါ၊ ပြီးမှ အဆိပ်ဖြေဆေးကိစ္စဆက်ပြီး ဆွေးနွေးမယ်"

"ဘာဗျ"

"ကျုပ်ပြောတဲ့အတိုင်း မလုပ်ရင် မင်းတို့ဒုက္ခရောက်လိမ့်

www.burmeseclassic.com

www.burmeseclassic.com



မယ်၊ ကျုပ်ရဲ့အဆိပ်က မကြာခင် အစွမ်းပြလာတော့မှာ အဆိပ်ဖြေဆေးရဖို့ နေက်ကျသွားရင် မင်းတို့ကို ဘယ်သူကမှ ကယ်နိုင်တော့မှာ မဟုတ်ဘူး"

"ခင်. . . ခင်ဗျား"

လုံထင်းဟို ဒေါသထွက်သွားပြန်လေသည်။

ထိုအချိန်မှာပင်. . .

အဖွဲ့သားများ၏ အော်ဟစ်ညည်းတွားသံများ ပိုမိုကျယ်လောင်လာလေသည်။

တဝေ့ဝေ့ ထိုးအန်နေကြသူများလည်း အားအင်ကုန်ခမ်းပျော့ခွေကာ မြေပေါ်လဲကျသွားသည်ကို တွေ့လိုက်ရလေသည်။

အခြေအနေကား တစ်စထက်တစ်စ ဆိုးဝါးလာပြီဖြစ်သည်။ အဆိပ်ဖြေဆေး အချိန်မီမရပါက လုံထင်းဟိုတို့အားလုံး ဒုက္ခရောက်ရတော့မည် မဟုတ်ပါလား။

အဆိပ်ဘီလူးက. . .

"မင်း ဒူးမထောက်သေးဘူးလား"

လုံထင်းဟိုက မလှုပ်မယှက် ရှိနေ၏။

အဆိပ်ဘီလူးက. . .

"မင်းဟာ ခေါင်းဆောင်ကောင်း တစ်ယောက်လို့ သတင်းကြီးနေတာ ခုတော့ ဘယ်လိုဖြစ်တာလဲ၊ လက်အောက်ငယ်သားတွေ အသက်ဘေးအန္တရာယ် ကြုံတွေ့နေရတာတောင် အေးတိအေးစက်ပါလားကွ"



"ကျုပ်"

"ကဲပါ. . . ဒူးထောက်လိုက်စမ်းပါ"

လုံထင်းဟိုက အဖွဲ့သားများအား တစ်ချက်ဝေ့ကြည့်လိုက်လေသည်။

အဖွဲ့သားများ၏ အခြေအနေ တစ်စထက်တစ်စ ဆိုးဝါးလာပြီး အသက်အန္တရာယ်နှင့် ရင်ဆိုင်နေရပြီ ဖြစ်သည်ကို တွေ့ရလေသည်။

အဖွဲ့သားများ အသက်ကို ကယ်တင်ရန် သူ့တွင်တာဝန်ရှိနေပြီဖြစ်သည်။

"အဖွဲ့သားတွေ ခုလို ဒုက္ခရောက်ရတာ ငါ့ကြောင့်ပဲ၊ ငါက အစားအစာတွေမှာ အဆိပ်ခတ်ထားမထား ကြိုတင်မစစ်ဆေးဘဲ ပေါ့လျော့ခဲ့တာကြောင့် ခုလိုဖြစ်ရတာ"

အဖွဲ့သားများ ဒုက္ခရောက်ရသည်မှာ သူ၏အပြစ်မကင်းဟု ခံစားရပြီး ဝမ်းနည်းလာ၏။

အဆိပ်ဘီလူးက. . .

"မင်းက ခေါင်းဆောင်ကောင်း တစ်ယောက်ဆိုရင် အဖွဲ့သားတွေအတွက် တာဝန်ယူရမှာပေါ့၊ မခဲယဉ်းပါဘူး၊ ကျုပ်ရှေ့မှာ ဒူးထောက်ပြီး ဦးသုံးကြိမ်ချပါ၊ ပြီးရင် အာမခံပစ္စည်းအထုပ်ကို လက်နှစ်ဘက်နဲ့ ရိုရိုသေသေပေးပါ၊ မင်းတို့အတွက် အဆိပ်ဖြေဆေးပေးလိုက်မယ်"

လုံထင်းဟို အံကြိတ်လိုက်သည်။

"ခင်ဗျား ကတိတည်ပါစေ"

www.burmeseclassic.com

www.burmeseclassic.com



အဖွဲ့သားများအတွက် အနစ်နာခံရန် ဆုံးဖြတ်လိုက်သေသည်။

ထိုစဉ်...

"သူ့ဆီမှာ တကယ် အဆိပ်ဖြေဆေးအစစ် ရှိမရှိ အရင်ဆုံးမေးကြည့်ပါဦး"

အစိမ်းရောင်ဝတ်ထားသူက ကြားဝင် သတိပေးလိုက်သည်။

အဆိပ်ဘီလူး မကျေမနပ် ဖြစ်သွား၏။

"မင်းနဲ့မဆိုင်ဘူး၊ ဝင်မရှုပ်နဲ့"

ဟု ဝေါက်လိုက်၏။

အစိမ်းရောင်ဝတ်ထားသူ မကြားချင်ဟန်ဆောင်နေလိုက်လေသည်။

လုံထင်းဟိုက...

"ခင်ဗျားမှာ တကယ်ပဲ အဆိပ်ဖြေဆေးရှိရဲ့လား"

ဟု မေးလိုက်လေသည်။

အဆိပ်ဘီလူးက...

"ဘာကြောင့် မရှိရမှာလဲ"

အင်္ကျီရင်ဘတ်ကြားမှ အနီရောင်ဆေးလုံးလေးများပါရှိသော ဆေးပုလင်းလေးတစ်လုံး ထုတ်ပြလိုက်လေသည်။

လုံထင်းဟိုက...

"ခင်ဗျားရဲ့အဆိပ် ဖြေဆေးက တကယ်စွမ်းမစွမ်း လက်တွေ့စမ်းသပ်ကြည့်ရဦးမှာပါ"



အဆိပ်ဘီလူးက...

"မင်းကိုယ်တိုင် အဆိပ်မိထားကို မမေ့နဲ့ဦး၊ ကျုပ်စကားနားမထောင်ရင် မင်းလည်း ဒုက္ခရောက်သွားလိမ့်မယ်"

လုံထင်းဟိုက...

"ကိစ္စမရှိဘူး၊ ကျုပ်တို့အားလုံး ဒုက္ခရောက်သွားရင်တောင် အာမခံပစ္စည်းကို ခင်ဗျား လွယ်လွယ်နဲ့ရမယ် မထင်ပါနဲ့ဗျာ"

သူ၏စကားကြောင့် အဆိပ်ဘီလူးက အစိမ်းရောင်ဝတ်ထားသူကို လှမ်းကြည့်လိုက်၏။

အစိမ်းရောင်ဝတ်ထားသူမှာ အနှောက်အယှက်တစ်ခုကဲ့သို့ ဖြစ်နေချေပြီတကား။ ထို့အပြင်...

လုံထင်းဟို အဆိပ်မိနေသော်လည်း အမှုမထား၍မဖြစ်သေးပါချေ။

လုံထင်းဟိုမှာ လူငယ်လူရွယ်တစ်ဦး ဖြစ်သော်လည်း သူ၏ပညာမှာ ဝါရင့်သိုင်းထိပ်သီးများကိုပင် ယှဉ်နိုင်သည့် အခြေအနေရှိနေသည်ဟု သတင်းကြီးနေသည် မဟုတ်ပါလား။

လုံထင်းဟိုနှင့် မျက်နှာစိမ်း အစိမ်းရောင်ဝတ်လူရွယ်တို့ ပူးပေါင်းလိုက်မည်ဆိုပါလျှင် အခက်အခဲကြုံလာရနိုင်ကြောင်း အဆိပ်ဘီလူး တွက်ဆမိလိုက်လေသည်။

ထို့ကြောင့် အစိမ်းရောင်ဝတ်ထားသူအား လျစ်လျူရှုကာ လုံထင်းဟိုအား ပြောလိုက်လေသည်။

"မင်းရဲ့လူတစ်ယောက်ကို အဆိပ်ဖြေဆေးတစ်လုံး

www.burmeseclassic.com

www.burmeseclassic.com



တိုက်ပြီး စမ်းကြည့်လိုက်ပါ"

အနီရောင်ဆေးလုံးလေးတစ်လုံး ထုတ်ကာ ပစ်ပေးလိုက်သည်။

လုံထင်းဟိုက ဖမ်းယူပြီး အနီးရှိအော့အန်နေသူတစ်ယောက်ကို တိုက်ကျွေးလိုက်လေသည်။

ဆေးကား အစွမ်းအာနိသင် ထက်မြက်လှသည်။

ဆေးသောက်လိုက်ပြီးသည်နှင့် ထိုအဖွဲ့သားမှာ ဝေဒနာသက်သာကာ ချက်ချင်း လူကောင်းပကတိဖြစ်သွားလေတော့သည်။

အဆိပ်ဘီလူးက. . .

"ကဲ. . . ကျုပ်ရဲ့အဆိပ်ဖြေဆေးအစွမ်းကို မင်းလက်တွေ့မြင်ပြီ မဟုတ်လား"

လုံထင်းဟိုက. . .

"ကောင်းပြီ၊ အဆိပ်ဖြေဆေးပေးပါ၊ ခင်ဗျားလိုချင်တဲ့ပစ္စည်းရမယ်"

အဆိပ်ဘီလူး ခေါင်းခါယမ်းလိုက်သည်။

"သည်လောက်နဲ့ ဘယ်ရမလဲ"

"ဘာဗျ"

"ကျုပ်ရှေ့မှာ ဒူးထောက်ပြီး ဦးသုံးကြိမ်ချရဦးမယ်လေ"

"ခင်ဗျား"

"ကျုပ်ပြောသလို မလုပ်ဘူးဆိုရင်တော့ အဆိပ်ဖြေဆေးရဖို့ မမျှော်လင့်နဲ့"



အဆိပ်ဘီလူး အကြပ်ကိုင်လိုက်ရာ လုံထင်းဟိုမှာ မတတ်နိုင်တော့ချေ။

"ကောင်းပြီ. . . ခင်ဗျား ကတိတည်ပါစေ"

မြေပေါ် ဒူးထောက်ချရန် ဟန်ပြင်လိုက်လေသည်။

အစိမ်းရောင်ဝတ်ထားသူက. . .

"ခဏနေဦး"

ဟု ဟန့်တားလိုက်သည်။

အဆိပ်ဘီလူးက. . .

"မင်း ဘာဝင်ရှုပ်တာလဲ"

အစိမ်းရောင်ဝတ်ထားသူက. . .

"ကျုပ်က ဝင်ရှုပ်တာ မဟုတ်ပါဘူးဗျာ၊ အာမခံပစ္စည်းကို ကျုပ်လည်း စိတ်ဝင်စားမိလို့ပါ"

"ဘာ"

"အာမခံပစ္စည်းနဲ့ ပတ်သက်ပြီး ကျုပ်သတင်းကြားခဲ့တာတစ်ခုက စိတ်ဝင်စားစရာ ကောင်းနေတယ်လေ"

အဆိပ်ဘီလူးသာမက လုံထင်းဟိုပါ အစိမ်းရောင်ဝတ်ထားသူ ဆက်ပြောလာမည့်စကားကို စိတ်ဝင်စားသွားကြလေသည်။

အစိမ်းရောင်ဝတ်ထားသူက တည်ကြည်သော မျက်နှာထားဖြင့် ဆက်ပြော၏။

"အာမခံပစ္စည်းဟာ လျှို့ဝှက်ငါးသိန်း တန်ဖိုးရှိတဲ့ စိန်ဘယက်တစ်ကုံးပါ၊ သည်ပစ္စည်းကို သူဌေးကြီးတစ်ဦးဆီကနေ လူ

www.burmeseclassic.com

www.burmeseclassic.com



[illegible] ဓားပြတိုက်ယူခဲ့တယ်၊ ဓားပြဟာ အာမခံဌာနကို [illegible] သူ့ဇနီးသည်ဆီကို ပို့နိုင်းလိုက်တာ၊ ရှင်းရှင်းပြောရ [illegible] ရာဇဝတ်မှုမကင်းတဲ့ သက်သေခံပစ္စည်းတစ်ခုပေါ့ဗျာ"

ထိုစကားကြားလျှင် လုံထင်းဟို ထိတ်လန့်သွားလေသည်။

ရာဇဝတ်မှုနှင့်မကင်းသော ပစ္စည်းတစ်ခုအား လက်ခံပို့ဆောင်ခဲ့ခြင်းကြောင့် သူတို့အာမခံဌာန အရေးယူခံရနိုင်သည် မဟုတ်ပါလား။

အာမခံပစ္စည်းလက်ခံသည့် ပိုင်ရှင်သည် အာမခံပို့ပေးရမည့်ပစ္စည်းမှာ ရာဇဝတ်မှု ကင်းမကင်း စစ်ဆေးပြီးမှ လက်ခံရမည်ဖြစ်သည်။

ယခု...

အာမခံပစ္စည်း ပို့ဆောင်သည့်ကိစ္စ၌ တစ်စုံတစ်ခု မှားယွင်းနေပြီဖြစ်ကြောင်း လုံထင်းဟို သတိပြုမိလိုက်လေတော့သည်။

အစိမ်းရောင်ဝတ်ထားသူက...

"သည်ပစ္စည်းသာ ဓားပြကြီးရဲ့ဇနီးသည်ဆီကို ရောက်သွားရင် တစ်စစီထုခွဲ ရောင်းချပစ်တော့မှာမို့ လုံးဝလက်စပျောက်သွားမှာ အသေအချာပဲဗျ"

အဆိပ်ဘီလူးက...

"မင်း ဘာတွေပြောနေတာလဲ"

ဟု ငေါက်လိုက်သည်။



အစိမ်းရောင်ဝတ်ထားသူက...

"ပစ္စည်းပိုင်ရှင်သူဌေးကြီးက ဓားပြကို ဆုံးမပေးဖို့ သူ့ရဲ့ပစ္စည်းကို ပြန်ယူပေးဖို့ ကျုပ်ကို ငှားရမ်းခဲ့တယ်လေ"

"ဘာ"

"ကျုပ်က အကျိုးဆောင်တစ်ယောက်ပါ၊ အခကြေးငွေ တစ်ချို့ယူပြီး မတရားလုပ်ခံရသူတွေအတွက် အကျိုးဆောင်နေတဲ့လူပေါ့ဗျာ"

အဆိပ်ဘီလူး မျက်လုံးပြူးသွားသည်။

"သည်လိုလုပ်တဲ့လူစားမျိုးလည်း ရှိသေးတယ် ဟုတ်လား"

အစိမ်းရောင်ဝတ်ထားသူ ရယ်မောလိုက်သည်။

"ကျုပ်က အကျိုးဆောင်ခရတဲ့ ငွေကြေးကို ဆင်းရဲနွမ်းပါးသူတွေ နာမကျန်းဖြစ်နေတဲ့လူတွေကို ပြန်ပြီးဝေငှပေးတာဗျ၊ ကျုပ်က ဓားပြကြီးကို ဆုံးမပြီးပြီ၊ သူ ဖွင့်ဟဝန်ခံခဲ့လို့ အာမခံအဖွဲ့သားအချို့က ဓားပြတိုက်ရာပါ စိန်ဘယက်ကို သူ့ဇနီးသည်ဆီ သွားပို့တယ်ဆိုတာ သိခဲ့ရတာ၊ ခင်ဗျားအနေနဲ့ စိန်ဘယက်ကိုရယူဖို့ မကြိုးစားဘဲ လက်လျှော့လိုက်တာ အကောင်းဆုံးပါပဲဗျာ"

"မင်း... မင်း"

အဆိပ်ဘီလူး ဒေါသထွက်ကာ လက်ဝှေ့ယမ်းလိုက်လေသည်။

"ဝုန်း"

www.burmeseclassic.com

www.burmeseclassic.com



ပန်းရောင်အခိုးအငွေ့များ ထွက်ပေါ်လာကာ အစိမ်းရောင်ဝတ်ထားသူထံသို့ တိုးဝင်သွားလေသည်။

လုံထင်းဟိုကလည်း အခွင့်အရေးကို လက်လွှတ်မခံပါ။

ရှိသမျှ ခွန်အားကို ဖျစ်ညှစ်ထုတ်ဖော်ကာ အဆိပ်ဘီလူးအား တိုက်ခိုက်လိုက်လေသည်။

"ဝုန်း"

"အား"

အစိမ်းရောင်ဝတ်ထားသူအပေါ် အာရုံရောက်နေသည့် အဆိပ်ဘီလူးမှာ လုံထင်းဟို၏ တိုက်ခိုက်မှုကို မရှောင်နိုင်ဘဲ လွင့်စဉ်သွားတော့သည်။

အဆိပ်မိထားသော လုံထင်းဟိုသည် အတွင်းအားအသုံးပြုရသဖြင့် အဆိပ်အစွမ်းပြလာပြီး. . .

"ဝုန်း"

မြေပေါ် အရုပ်ကြိုးပြတ် လဲကျသွားရှာလေတော့သည်။

❋ ❋ ❋



# မိတ်ဆွေ

အချိန်မည်မျှ ကြာသွားမှန်းမသိ လုံထင်းဟို သတိရလာသောအခါ အစိမ်းရောင်ဝတ်ထားသူက သူ့အား စိုးရိမ်တကြီး ကြည့်နေသည်ကို တွေ့လိုက်ရလေသည်။

"ဟင်. . . ခင်. . . ခင်ဗျား"

လုံထင်းဟို ကပျာကယာ လူးလိမ့်ထလိုက်လေသည်။

အစိမ်းရောင်ဝတ်ထားသူက. . .

"ခင်ဗျား ဘာမှမဖြစ်တော့ဘူး မဟုတ်လား၊ တော်သေးတာပေါ့ဗျာ"

"ကျုပ်. ."

"ခင်ဗျားကို အဆိပ်ဖြေဆေး တိုက်ကျွေးထားတယ်လေ၊ ခင်ဗျားရဲ့လူတွေလည်း အဆိပ်ဖြေဆေး အချိန်မီသောက်လိုက်ရလို့ အားလုံးသက်သာသွားကြပြီဗျ"

မှန်ပေသည်။ သူ၏အဖွဲ့သားများ စုရုံးကာ သူ့အား စိုးရိမ်တကြီး ကြည့်ရှုနေကြသည်ကို တွေ့ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



လုံထင်းဟို ဝမ်းသာသွားလေသည်။

သူတို့အားလုံး အသက်ဘေးအန္တရာယ်မှ လွတ်မြောက်ခဲ့ကြပြီ မဟုတ်ပါလား။

"အဆိပ်ဘီလူးကော"

လုံထင်းဟို မေးလိုက်သည်။

အစိမ်းရောင်ဝတ်ထားသူက. . .

"သူက ကျုပ်ကို အဆိပ်နဲ့တိုက်ခိုက်လိုက်ချိန်မှာ ခင်ဗျားက သူ့ကို တိုက်ခိုက်လိုက်တယ် မဟုတ်လား"

"ဟုတ်တယ်လေ"

"အင်း. . . ခင်ဗျားရဲ့ တိုက်ခိုက်မှုက ချီးကျူးစရာကောင်းအောင်ကို ထက်မြက်နေတာဗျ။ အဆိပ်ဘီလူး တစ်ချက်ပဲ အော်လိုက်နိုင်တာ"

"သူ. . . သူ"

"အမိုက်ဇာတ် သိမ်းသွားပြီ ဆိုပါတော့ဗျာ"

လုံထင်းဟို ဝမ်းသာသွားလေသည်။

အဆိပ်ဘီလူးအား ဆုံးမနှိမ်နင်းနိုင်လိုက်သည့်အပြင် အဆိပ်မိနေသည့် အဖွဲ့သားများကိုလည်း ကယ်တင်နိုင်လိုက်ပြီ မဟုတ်ပါလား။

အာမခံပစ္စည်း ဆုံးရှုံးမသွားရအောင်လည်း ကာကွယ်စောင့်ရှောက်နိုင်ခဲ့ပြီ ဖြစ်လေသည်။

အစိမ်းရောင်ဝတ်ထားသူက. . .

"အဆိပ်ဘီလူးကို ပူစရာမလိုတော့ပေမယ့် အာမခံ



ပစ္စည်းအတွက်တော့ ပြောစရာဖြစ်နေဦးမယ်လို့ ကျုပ်ထင်မိတယ်"

ဟု ပြောလာလေသည်။

လုံထင်းဟို ခေါင်းခါယမ်းလိုက်သည်။

"ဘာမှ ပြောစရာမလိုတော့ပါဘူးဗျာ"

"ခင်ဗျားက. . ."

လုံထင်းဟိုက ဘာမှမပြောဘဲ စိန်ဘယက် သိမ်းဆည်းထားသည့် ယွန်းသေတ္တာလေးကို ထုတ်ယူကာပေးလိုက်လေသည်။

"ခင်ဗျား ယူသွားပါ"

အစိမ်းရောင်ဝတ်ထားသူက ရုတ်တရက် မယူသေးဘဲ. . .

"ခင်ဗျားက ကျုပ်ပြောခဲ့တဲ့ စကားတွေကို ယုံကြည်တယ်ဟုတ်လား"

လုံထင်းဟို ခေါင်းညိတ်လိုက်သည်။

"ခင်ဗျားဟာ လိမ်ညာပြောမယ့်လူစားမျိုး မဟုတ်ဘူးဆိုတာ ကျုပ်ယုံကြည်ပါတယ်"

အစိမ်းရောင်ဝတ်ထားသူ သက်ပြင်းချလိုက်သည်။

"ကျုပ်က ကောင်းလီပါ၊ အခုအချိန်ကစပြီး ကျုပ်တို့နှစ်ယောက် မိတ်ဆွေဖြစ်သွားကြပြီဆိုရင်ကောဗျာ"

လုံထင်းဟို ခေါင်းညိတ်လိုက်သည်။

"ကျုပ် လက်ခံနိုင်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



အစိမ်းရောင်ဝတ်ထားသူ (ဝါ) ကောင်းလီက. . .
"ကျုပ်တို့ ပြန်ဆုံတွေ့ကြသေးတာပေါ့"
ဟု နှုတ်ဆက်စကား ပြောလိုက်လေသည်။

❋ ❋ ❋

နေခြည် တောက်ပနေသည်။

လေဝှေ့ယမ်းတိုက်ခတ်နေပြီး တိမ်စိုင်များက လေနှင့်အတူ လွင့်မျောနေသည်။

ငှက်ကလေးများကလည်း အသံစာစာပေးကာ ပျံသန်းသွားကြလေသည်။

အဝေးတွင် မှိုင်းညို့ညို့ တောင်တန်းကြီးများ နေရာယူထားပြီး စိမ်းလန်းသော သစ်တောများကလည်း မျက်စိတဆုံးရှိနေသည်။

ဆေးရေးမမီသော သဘာဝအလှအပများက ဝန်းကျင်တစ်ခုလုံး နေရာယူထားခြင်း ဖြစ်လေသည်။

လုံထင်းဟိုက မြင်းတစ်စီးဖြင့် ခရီးနှင်နေ၏။

သူ၏ဦးတည်ရာအရပ်ကား 'ကူမင်းမြို့'သို့ ဖြစ်လေသည်။

ကူမင်းမြို့သည် သူ၏ဇာတိချက်ကြွေမွေးရပ်မြေ မဟုတ်ပါလား။

လုံထင်းဟိုက အာမခံဌာန၌ တာဝန်ထမ်းဆောင်ခဲ့ရာ



သိုင်းလောက၌ သူ၏အမည် လူသိများထင်ရှားလာအောင် တိုးတက်အောင်မြင်မှုရရှိခဲ့သော်လည်း ယခုတော့ အာမခံဌာနကို ကျောခိုင်းလိုက်ပြီ ဖြစ်လေသည်။

ရှေ့ဘဝခရီးတလျှောက် ပို၍ကြီးကျယ် အောင်မြင်သောဘဝနှင့် တိုးတက်မှုများ ရှိနေသော်လည်း အာမခံဌာနကို လုံထင်းဟို ကျောခိုင်းလိုက်သည်မှာ 'ကောင်းလီ'ကြောင့် ဖြစ်လေသည်။

လုံထင်းဟိုတို့အဖွဲ့ အာမခံပစ္စည်း သယ်ဆောင်လာရင်း အဆိပ်ဘီလူး၏ အကောက်ကြံမှုကြောင့် ဒုက္ခရောက်နေစဉ် ကောင်းလီက ကူညီခဲ့လေသည်။

အဆိပ်ဘီလူးကို ဆုံးမနိုင်ခဲ့ပြီး လုံထင်းဟိုတို့ အသက်ဘေးမှ လွတ်မြောက်ခဲ့ကြသည်။

လုံထင်းဟိုက ကောင်းလီပြောပြသဖြင့် အာမခံဌာနပိုင်ရှင်သည် ငွေကြေးရလိုမှုတစ်ခုတည်းကိုသာ ရှေ့ရှုပြီး ရာဇဝတ်မှုမကင်းသော ပစ္စည်းများကိုပါ လက်ခံပို့ဆောင်ပေးနေကြောင်း သိရှိခဲ့ရလေသည်။

ရာဇဝတ်မှုမကင်းသော ပစ္စည်းများကို လက်ခံပို့ဆောင်ပေးခြင်းက အခြားအာမခံပစ္စည်း ပို့ဆောင်ပေးခြင်းထက် အခကြေးငွေ နှစ်ဆပိုရသည် မဟုတ်ပါလား။

အာမခံဌာနပိုင်ရှင်သည် သူ၏အကျိုးစီးပွားကို ရှေ့တန်းတင်ပြီး အဖွဲ့သားများကို အသုံးချနေပြီဖြစ်ကြောင်း လုံထင်းဟို နားလည်လိုက်လျှင် အာမခံပစ္စည်းကို ကောင်းလီလက်ထဲ

www.burmeseclassic.com

www.burmeseclassic.com



ထည့်ပေးလိုက်တော့သည်။

အာမခံဌာနသို့လည်း မပြန်တော့ဘဲ ဇာတိရပ်ရွာသို့ ပြန်လာခဲ့ခြင်း ဖြစ်လေသည်။

လုံထင်းဟို အိမ်ပြန်လာခြင်းကြောင့် လုံမေဝါးပျော်ရွှင်မဆုံးဖြစ်ခဲ့လေတော့သည်။

❄ ❄ ❄

လုံမေဝါး. . .။

လုံမေဝါးသည် နတ်မိမယ်လေးအလား ချောမောလှပသည့် မိန်းကလေးတစ်ဦး ဖြစ်လေသည်။

သူမသည် လုံထင်းဟို၏ တစ်ဦးတည်းသော ညီမလေးလည်းဖြစ်လေသည်။

လုံထင်းဟို၏ မိဘများသည် လုံမေဝါး ငယ်စဉ်ကပင်ကွယ်လွန်သွားကြသဖြင့် လုံထင်းဟိုက ညီမငယ်ကို ငယ်စဉ်ကပင် တာဝန်ယူ ကျွေးမွေးပြုစု စောင့်ရှောက်ခဲ့ရလေသည်။

လုံထင်းဟိုက အလုပ်လုပ်ပြီး ငွေရှာရသောအခါ ညီမဖြစ်သူကို စောင့်ရှောက်ရန် အိမ်နီးချင်းအဒေါ်ကြီး တစ်ယောက်ထံ အပ်နှံခဲ့ရလေသည်။

အဒေါ်ကြီးယုံမေသည် အိမ်ထောင်မရှိ အပျိုကြီးတစ်ဦးဖြစ်ပြီး လုံထင်းဟို၏ မိဘများနှင့် ခင်မင်ရင်းနှီးခဲ့သူဖြစ်သည်။

အဒေါ်ကြီးယုံမေသည် လုံထင်းဟိုတို့ မောင်နှစ်မနှစ်



ယောက်ကို သနားဂရုဏာသက်ကာ အတတ်နိုင်သမျှ ဝိုင်းဝန်းကူညီစောင့်ရှောက်ပြီး လုံထင်းဟို အလုပ်သွားလုပ်သောအခါ အဒေါ်ကြီးယုံမေက လုံမေဝါးအား စောင့်ရှောက်ဖို့ တာဝန်ယူခဲ့ခြင်း ဖြစ်ခဲ့လေသည်။

လုံထင်းဟိုလည်း လုံမေဝါးအတွက် စိတ်ချရကာ အလုပ်ကြိုးစား လုပ်ကိုင်နိုင်ခဲ့ခြင်း ဖြစ်လေသည်။

လုံထင်းဟိုက အာမခံဌာနကို ကျောခိုင်းကာ အိမ်ပြန်ရောက်လာသောအခါ လုံမေဝါး အတိုင်းမသိ ဝမ်းသာပျော်ရွှင်ခဲ့ရတော့သည်။

အချိန်အတန်ကြာ ကွဲကွာနေခဲ့ကြသော မောင်နှစ်မနှစ်ယောက် ပြန်လည် ဆုံတွေ့မိလိုက်ကြခြင်း မဟုတ်ပါလား။

မည်သို့ဆိုစေ။

မောင်နှစ်မ နှစ်ယောက် ပြန်လည်ဆုံတွေ့မိခြင်း၊ လုံထင်းဟိုနှင့် ကောင်းလီတို့ ခင်မင်ရင်းနှီးခဲ့ကြခြင်းသည် တစ်ချိန်တွင် ဝမ်းနည်းကြေကွဲစရာများ ဖြစ်ပေါ်လာလိမ့်မည်ကို ထိုစဉ်က လုံထင်းဟိုနှင့် လုံမေဝါးတို့ မောင်နှစ်မနှစ်ယောက် မသိနိုင်ခဲ့ကြပါချေ။

မောင်နှစ်မ နှစ်ယောက် ပြန်လည်ဆုံတွေ့လိုက်ရခြင်းကြောင့် အတိုင်းမသိ ဝမ်းသာပျော်ရွှင်နေကြလေတော့သည်။

❄ ❄ ❄

www.burmeseclassic.com

www.burmeseclassic.com



လုံထင်းဟို အိမ်ပြန်ရောက်လာလျှင် လုံမေဝါးက လိုလေသေးမရှိ ချက်ပြုတ်ကျွေးမွေးကာ အစ်ကိုကြီးကို အဖအရာထားပြီး ရှိသေစွာ ပြုစုယုယခဲ့လေသည်။

လုံထင်းဟိုလည်း တိုက်ပွဲများနှင့်ဝေးပြီး အေးချမ်းသာယာသော ဘဝလေးကို ရရှိလိုက်သဖြင့် ကျေနပ်နှစ်သိမ့်မဆုံးဖြစ်နေပါတော့သည်။

လုံမေဝါးနှင့် အဒေါ်ကြီးယုံမေတို့သည် အထည်ဆိုင်ကြီးတစ်ဆိုင်မှ အဝတ်အထည်များယူကာ အိမ်မှာချုပ်ပြီး အထည်ဆိုင်ကြီးကို ပြန်သွင်း၍ရသမျှ ငွေကြေးလေးဖြင့် ဘဝကို ရောင့်ရဲတင်းတိမ် နေခဲ့ကြခြင်း ဖြစ်သည်။

လုံထင်းဟို အိမ်ပြန်ရောက်လာပြီး တစ်လခန့်ကြာလျှင် မိသားစု စားဝတ်နေရေးအတွက် ဝင်ငွေရှိသည့် အလုပ်တစ်ခု လုပ်ရမည်ဟု နားလည်ခဲ့လေသည်။

သူက အာမခံဌာနမှ ငွေကြေးတစ်ပြားတစ်ချပ်မျှမယူဘဲ အဝတ်တစ်ထည်ကိုယ်တစ်ခုဖြင့် ကျောခိုင်းထွက်လာခဲ့ခြင်း မဟုတ်ပါလား။

လုံထင်းဟိုက အလုပ်ရှာမည်ဆိုသောအခါ ညီမဖြစ်သူ လုံမေဝါးက. . .

"အစ်ကို. . . မြို့လယ်ဈေးက သစ်သီးဝလံပွဲရုံမှာ ကျွန်မအသိမိတ်ဆွေတစ်ယောက်ရှိတယ်၊ သူနဲ့ဆက်သွယ်လိုက် ရင်အလုပ်တစ်ခုရရှိဖို့ မခက်ဘူး၊ ကျွန်မ မိတ်ဆွေကိုခေါ်လာ ခဲ့မယ်"

ဟုပြောရာ လုံထင်းဟို သဘောတူလိုက်လေသည်။



နောက်တစ်နေ့တွင် လုံမေဝါးက သူမ၏မိတ်ဆွေ ဝူးစုကျင်း ဆိုသူအား အိမ်သို့ခေါ်လာခဲ့လေသည်။

❄ ❄ ❄

လုံမေဝါးနှင့်အဒေါ်ကြီးယုံမေတို့သည် ဝူးစုကျင်းကို ပါ ဧည့်ခံကျွေးမွေးရန် စားသောက်စရာများ ချက်ပြုတ်ရင်း မအားမလပ်နိုင်အောင် ဖြစ်နေသည်။

လုံထင်းဟိုက. . .

"အိမ်ထဲမှာ ပူအိုက်ပါတယ်၊ ခြံထဲဆင်းပြီး စကားပြောကြတာပေါ့"

ဝူးစုကျင်းကို အိမ်ရှေ့ပန်းခြံထဲသို့ ခေါ်သွားလေသည်။

အိမ်ရှေ့မြေကွက်လပ်၌ အရိပ်ရသစ်ပင်ပန်းပင်များ စိုက်ပျိုးထားရာ သာသာယာယာရှိလှပြီး အေးမြနေလေသည်။

ပန်းခြံထဲရောက်လျှင် လုံထင်းဟိုက ဝူးစုကျင်းအား ခြေဆုံးခေါင်းဆုံး အကဲခတ်လိုက်ပြီး. . .

"မင်းက ငါ့ညီမနဲ့ အတော်ကလေး ရင်းရင်းနှီးနှီးရှိနေတယ် ဟုတ်လား"

ဟု မေးလိုက်သည်။

ဝူးစုကျင်းမှာ ရုပ်ရည်အသင့်အတင့်ရှိပြီး ငွေကြေးတတ်နိုင်သူမဟုတ်ပါ။

သို့သော် သူကရိုးသားပြီး အလုပ်ကြိုးစားသူ၊ သ

www.burmeseclassic.com

www.burmeseclassic.com



ဘောကောင်းသူ၊ အများအကျိုး ကူညီဆောင်ရွက်တတ်သူဖြစ်ရာလူချစ်လူခင် ပေါများလှကြောင်း လုံထင်းဟို သတင်းကြားသိထားပြီးဖြစ်လေသည်။

ထို့အပြင် ဝူးစုကျင်းနှင့် လုံမေဝါးတို့၏ရင်းနှီးမှုမှာ မိတ်ဆွေအဆင့်ထက်ပိုနေသည်ကိုလည်း သတိပြုမိထားလေသည်။

"ငါမရှိတဲ့အချိန်မှာ ငါ့ညီမလေးကို အစစအရာရာ လိုလေသေးမရှိအောင် ကူညီစောင့်ရှောက်ခဲ့တဲ့အတွက် မင်းကို ကျေးဇူးတင်ပါတယ်"

ဝူးစုကျင်း မျက်နှာမထားတတ်အောင် ဖြစ်နေ၏။

"ကိစ္စမရှိပါဘူးခင်ဗျာ၊ အခက်အခဲရှိတဲ့ ဘယ်သူ့ကိုမဆို ကူညီဖို့ ဝတ္တရားရှိပါတယ် ခင်ဗျာ"

လုံထင်းဟိုက. . .

"မင်းက ငါ့အတွက် အလုပ်အကိုင် ရှာဖွေပေးဦးမယ် ဟုတ်လား"

"ဟုတ်ပါတယ် ခင်ဗျာ"

"ဘယ်လို အလုပ်မျိုးလဲ၊ ပြောပါဦး"

"ကျွန်တော်တို့ သစ်သီးပွဲရုံမှာ အလုပ်. . ."

ဝူးစုကျင်း၏စကား မဆုံးမီ လုံထင်းဟိုက ကြားဖြတ်ပြောလိုက်လေသည်။

"အေး. . . မင်းကိုကျေးဇူးတင်တယ်၊ မင်းပြောတဲ့အလုပ်က ရိုးရိုးသားသား သမာအာဇီဝနဲ့ ရှာဖွေစားသောက်တာဖြစ်ပေမယ့် ငါမလုပ်ချင်သေးဘူး"



"ဒါဆို တခြားအလုပ်တစ်ခုကို ကျွန်တော် ရှာပေး. ."

"ကိစ္စမရှိဘူး၊ ငါ့ဘာသာ ငါရှာမယ်"

"ကောင်းပါပြီ ခင်ဗျာ"

ဝူးစုကျင်း မျက်နှာလေးငယ်နေ၏။ လုံထင်းဟိုက. . .

"မင်းဟာ လူရိုးလူဖြောင့်တစ်ဦး ဖြစ်တယ်၊ အကျင့်စာရိတ္တကောင်းမွန်ပြီး လူတစ်တော်တစ်ယောက်ဖြစ်ပါတယ်၊ ဒါပေမယ့် ငါ့ရဲ့ညီမရဲ့ ရင်းနှီးတဲ့မိတ်ဆွေဖြစ်နေတော့ မင်းကို စကားတစ်ခွန်းလောက် ပြောချင်တယ်"

"ဟုတ်ကဲ့ ပြောပါခင်ဗျာ"

"မင်းက ငါ့ညီမနဲ့. ."

လုံထင်းဟို ပြောလိုက်သည့်စကားကြောင့် ဝူးစုကျင်း ခေါင်းငိုက်စိုက်ကျသွားတော့သည်။

ထိုအချိန်မှာပင်. . .

"အစ်ကိုရေ ထမင်းစားလို့ရပြီ"

လုံမေဝါး၏ခေါ်သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေတော့သည်။

"ကဲ တို့ထမင်းသွားစားကြတာပေါ့"

လုံထင်းဟို ထွက်သွားလျှင် ဝူးစုကျင်းလည်း ခပ်ကုပ်ကုပ်လေး လိုက်ပါသွားလေတော့သည်။

❄ ❄ ❄

www.burmeseclassic.com

www.burmeseclassic.com



လုံမေဝါးသည် အစ်ကိုဖြစ်သူအကြောင်း ကောင်းစွာသိ နားလည်ထားသူဖြစ်လေသည်။

လုံထင်းဟိုသည် သူမနှင့် ဝူးစုကျင်းတို့ ရင်းနှီးမှုထက် ပို၍နေကြောင်း မရိပ်မိဘဲ နေမည်မဟုတ်ပါ။

သူမ၏ဘဝ မြင့်မားပြီး တစ်သက်လုံး ချမ်းသာကြွယ်ဝ ကာပျော်ရွှင်မှုအပေါင်းနှင့် ပြည့်စုံသောဘဝ ရရှိစေလိုသည့်ဆန္ဒ ရှိသည်ကိုလည်း နားလည်ထားလေသည်။

လုံမေဝါးသည် ဝူးစုကျင်းနှင့် နှစ်ယောက်ထဲလွတ်လွတ် လပ်လပ် တွေ့ဆုံရလေသောအခါ. . .

"အစ်ကိုကြီးလုံထင်းဟိုက ကျွန်မဘဝအတွက် အင် မတန် မျှော်လင့်ထားခဲ့တာ၊ ဒါကြောင့် သူက တစ်ခုခုပြောဆိုခဲ့ တယ်ဆိုရင် သည်းခံပါရှင်"

ဟု တောင်းပန်လိုက်လေသည်။

ဝူစုကျင်းက. . .

"အစ်ကိုတစ်ယောက်ရဲ့ ညီမဖြစ်သူအပေါ် ထားရှိတဲ့ သဘောထားကို အစ်ကိုနားလည်ပါတယ်၊ စိတ်ဆိုးစရာအ ကြောင်းမရှိပါဘူး ညီမရယ်"

လုံမေဝါးက. . .

"အစ်ကိုကြီးက ကျွန်မကို သိပ်ချစ်ပါတယ်၊ ကျွန်မ တ ဖြည်းဖြည်းချင်း နားဝင်အောင်ပြောပြီး ဖျောင်းဖျသွားပါမယ်၊ တစ်နေ့ ကျွန်မတို့ကို သဘောတူလာမှာပါ"

ဝူးစုကျင်း ပြုံးလိုက်သည်။



"ညီမအစ်ကိုဟာ သိုင်းသမားတစ်ယောက်ဖြစ်သလို သိုင်းလောကထဲမှာ ကျင်လည်ကျက်စားပြီး အတွေ့အကြုံများ သူတစ်ယောက်ပါ၊ သူ့ရဲ့စိတ်နေသဘောထား ဘယ်လိုရှိတယ် ဆိုတာ ကျုပ်ခန့်မှန်းလို့ရပါတယ်၊ ညီမအတွက် စိုးရိမ်စိတ်လွန် ကဲပြီး ကျုပ်နဲ့သဘောတူဖို့ဆိုတာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါဘူး ညီမရယ်၊ သူ့ရဲ့ သဘောထား ဘယ်တော့မှ ပြောင်းလဲသွားမှာ မဟုတ်ပါဘူး"

အလွန်စိတ်ပျက်အားငယ်သောလေသံဖြင့် ပြောလေ သည်။

ဝူးစုကျင်းမှာ မိဘဆွေမျိုးသားချင်းမရှိ၊ ငွေကြေးမရှိ သော မျက်နှာမွဲတစ်ယောက်ဖြစ်ရကား အမြဲလိုလို အားငယ်၍ နေပါတော့သည်။

လုံမေဝါးလည်း စိတ်မကောင်းဖြစ်သွား၏။

"အစ်ကိုရယ် သည်လောက်လည်း အားငယ်မနေပါနဲ့၊ ကျွန်မ တစ်ယောက်လုံး အစ်ကို့ဘက်မှာ ရှိနေတာပဲလေ"

"ညီမ"

"စိတ်ချ၊ နောက်ဆုံးအချိန် အစ်ကိုကြီးက ကျွန်မတို့နှစ် ယောက်ကို သဘောမတူဘူး၊ ကျွန်မတို့ရဲ့ ချစ်ခြင်းကို ခွဲမယ်၊ ကျွန်မ မနှစ်သက်တဲ့ တခြားတစ်ယောက်ယောက်နဲ့ အိမ်ထောင် ချပေးမယ်ဆိုရင် ကျွန်မ အိမ်ကထွက်လာခဲ့မယ်၊ ကျွန်မတို့နှစ် ယောက် အဝေးကို ထွက်ပြေးကြတာပေါ့၊ သည်လိုဆိုရင်ကော အစ်ကိုစွန့်စားရဲပါ့မလား"

www.burmeseclassic.com

www.burmeseclassic.com



ဝူးစုကျင်း လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။

"ကျုပ်က ညီအတွက်ဆိုရင် ဘာမဆို စွန့်စားရဲပါတယ်၊ ညီမကို တစ်သက်လုံး စိတ်ချမ်းသာအောင် စောင့်ရှောက်သွားမှာပါ"

"အစ်ကို့ကို ကျွန်မ ယုံကြည်ပါတယ်ရှင်"

လုံမေဝါးက ဝူးစုကျင်း၏ရင်ခွင်ထဲ တိုးဝင်လိုက်ရာ ဝူးစုကျင်းလည်း အသာအယာ ထွေးပွေ့ထားလိုက်လေတော့သည်။

❋ ❋ ❋



# အရိပ်

တစ်လ. . .။

တစ်လဟူသောအချိန် ကုန်ဆုံးသွားပြီ ဖြစ်သည်။

လုံထင်းဟို အိမ်ပြန်ရောက်လာခဲ့သည်မှာ တစ်လရှိခဲ့ပြီဖြစ်လေသည်။

ထိုတစ်လအတွင်း မောင်နှမနှစ်ယောက် ပျော်ပျော်ရွှင်ရွှင်နေနိုင်ခဲ့ကြသော်လည်း တစ်လပြည့်ပြီး နောက်တစ်နေ့တွင် စိတ်ဆင်းရဲစရာများ ပေါ်ပေါက်လာလေတော့သည်။

နံနက်စောစော အချိန်ဖြစ်သည်။

"ဒေါက်. . . ဒေါက်"

တံခါးခေါက်သံ ထွက်ပေါ်လာသဖြင့် စောစောနိုးနေသော လုံမေဝါးက တံခါးသွားဖွင့်ပေးလိုက်လေသည်။

အပြင်ဘက်၌ မျက်နှာစိမ်းတစ်ယောက်ကို တွေ့လိုက်ရလေသည်။

မျက်နှာစိမ်းက အာမခံဌာနတစ်ခု၏ ဝတ်စုံဝတ်ဆင်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါ ဆရာလုံထင်းဟိုတို့အိမ် မဟုတ်လားဗျာ"

"ဟုတ်ပါတယ်ရှင် ဟုတ်ပါတယ်"

"ဆရာလုံထင်းဟိုနဲ့ တွေ့ပါရစေ"

"ကောင်းပါပြီရှင်၊ အိမ်ထဲဝင်ပါဦး"

ထိုလူအား ဖိတ်ခေါ်ကာ ဧည့်ခန်းထဲ၌ နေရာထိုင်ခင်း ပေးလိုက်ပြီးလျှင် လုံထင်းဟိုအား သွားနှိုးပေးလိုက်၏။

အာမခံဌာနမှ လူတစ်ယောက် ရောက်လာသည်ဆိုခြင်း ကြောင့် လုံထင်းဟိုလည်း ချက်ချင်း လိုက်လာလေသည်။

ဧည့်ခန်းမထဲသို့ ရောက်လျှင် လိုက်လာသူမှာ အာမခံ ဌာနပိုင်ရှင်ဆားချီ၏လက်ရုံးတပည့် 'ဟုတ်ကင်း'ဖြစ်ကြောင်း လုံထင်းဟို ချက်ချင်းမှတ်မိလိုက်လေသည်။

"ဟုတ်ကင်းပါလား"

ဟုတ်ကင်းက. . .

"ဆရာလုံကို အာမခံဌာနပိုင်ရှင်က ခေါ်ခိုင်းလိုက်လို့ ကျုပ်လာခဲ့တာပါ"

"ကောင်းပြီ. . . ကောင်းပြီ"

လုံထင်းဟိုက ညီမဖြစ်သူဘက်သို့ လှည့်ကာ. . .

"ညီမလေး. . . အစ်ကို ခဏလိုက်သွားဦးမယ်၊ ဘာမှ စိတ်မပူနဲ့နော်"

ဟု မှာကြားလိုက်လေသည်။

လုံမေဝါးက. . .

"ဟုတ်ကဲ့အစ်ကို၊ မြန်မြန်ပြန်လာခဲ့နော်"



"စိတ်ချပါ ညီမလေး"

လုံထင်းဟိုက ဟုတ်ကင်းဘက် ပြန်လှည့်ကာ. . .

"ကျုပ်တို့ သွားကြတာပေါ့"

"ကောင်းပြီလေ"

ဟုတ်ကင်း ထိုင်ရာမှ ထလိုက်လေသည်။

ထို့နောက် လုံထင်းဟိုနှင့်အတူ နှစ်ယောက်သား အိမ် ထဲမှ ထွက်လာခဲ့ကြလေတော့သည်။

❋ ❋ ❋

မြို့ပြင်တစ်နေရာ. . .

လုံထင်းဟိုက ဟုတ်ကင်းအား လူရှင်းသောမြို့ပြင် တစ် နေရာသို့ ခေါ်ဆောင်သွားခဲ့လေသည်။

မြို့ပြင်၌ စိမ်းလန်းသော သစ်ပင်များ အလေ့ကျပေါက် နေသော ရောင်စုံပန်းပင်များဖြင့် သာသာယာယာ ရှိနေသည်။

မြို့ပြင် တောလမ်းကလေးအတိုင်း လျှောက်လာခဲ့ကြပြီး တောင်ပူစာလေး တစ်ခုအနီးသို့ရောက်လျှင် လုံထင်းဟိုက ခြေလှမ်းရပ်လိုက်လေသည်။

ဟုတ်ကင်းလည်း ခြေလှမ်းရပ်လိုက်သည်။

နှစ်ယောက်သား မျက်နှာချင်းဆိုင်မိလျှင်. . .

"ဟုတ်ကင်း. . . ဆရာဆားချီက ကျုပ်ကိုတွေ့ချင်နေ တယ်ဆိုတာ အာမခံပစ္စည်းကြောင့်လား"

www.burmeseclassic.com

www.burmeseclassic.com



ဟု မေးလိုက်သည်။

ဟုတ်ကင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ခင်ဗျားသယ်သွားတဲ့ အာမခံပစ္စည်းအတွက် ဆရာဆားချိုက အရေးတကြီးတွေ့ချင်နေတာ"

ဟုတ်ကင်းနှင့် လုံထင်းဟိုတို့မှာ အသက်ချင်း မတိမ်းမယိမ်းရှိကြပြီး နှစ်ဦးစလုံး အစွမ်းအစရှိကြသူများဖြစ်သည်။

လုံထင်းဟိုက တည်တည်တံ့တံ့နေပြီး ဟုတ်ကင်းကမူ ဆားချိုကို မျက်နှာလိုမျက်နှာရလုပ်လေ့ရှိသည်။

ထို့ကြောင့် ဟုတ်ကင်းမှာ လုံထင်းဟိုထက်ပို၍ မျက်နှာသာပေးခံရပြီး အာမခံဌာနတွင် ဆားချိုပြီးလျှင် ဩဇာအရှိဆုံး လက်ရုံးရာထူး ရရှိခဲ့လေသည်။

လုံထင်းဟိုနှင့် ဟုတ်ကင်းတို့ အကျင့်စရိုက်ချင်း မတူကြဘဲ တစ်ယောက်ကိုတစ်ယောက် သဘောမကျနိုင်အောင် ဖြစ်ခဲ့ကြလေသည်။

လုံထင်းဟိုက. . .

"အဲသည်အာမခံပစ္စည်းဟာ ဓားပြတိုက်ရာပါပစ္စည်းဖြစ်နေတယ်၊ ပစ္စည်းရခဲ့တဲ့ဓားပြက သူ့ရဲ့ဇနီးသည်ဆီကို ပို့နိုင်းတာ ရာဇဝတ်မှုနဲ့မကင်းဘူး၊ အာမခံဌာန စည်းကမ်းနဲ့လည်း မညီညွတ်ဘူး။ သည်ကိစ္စကို ဆရာဆားချိုက သိတယ်၊ ဒါပေမယ့် ငွေမျက်နှာတစ်ခုတည်းကို ကြည့်ပြီး ပို့ဆောင်ပေးဖို့လက်ခံခဲ့တယ်၊ ပြီးတော့ ကျုပ်ကိုပို့ခိုင်းတယ်၊ ပြဿနာဖြစ်ပေါ်လာရင် ကျုပ် အရင်ဆုံးဒုက္ခရောက်ရမယ်၊ မင်းပြစ်မင်းဒဏ်သင့်မယ်"



ဟုတ်ကင်း ခေါင်းခါယမ်းလိုက်သည်။

"ဒါတွေ ကျုပ်နားမလည်ဘူး၊ ဆရာဆားချိုက အာမခံပစ္စည်းကိုယူပြီး လာခဲ့ဖို့မှာလိုက်တယ်"

"ကျုပ် မလိုက်ဘူးဆိုရင်ကော"

"ဖြစ်တဲ့နည်းနဲ့ခေါ်လာဖို့ ကျုပ်ကို အမိန့်ပေးလိုက်တယ်လေ"

"ဪ"

လုံထင်းဟို ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်လေသည်။

"ထားပါတော့လေ၊ အာမခံပစ္စည်းကတော့ မရှိတော့ဘူး။ ခုချိန်လောက်ဆို ပိုင်ရှင်လက်ထဲ ပြန်ရောက်သွားလောက်ပြီ၊ ကျုပ်ကလည်း မလိုက်နိုင်ဘူး၊ အဖွဲ့သားတွေရဲ့မျက်နှာကို မကြည့်တဲ့ ဆရာဆားချိုနဲ့ မျက်နှာချင်း မဆိုင်ချင်တော့ဘူး"

သူ၏သဘောထားကို ပြတ်ပြတ်သားသား ပြောလိုက်လေသည်။

ဟုတ်ကင်းက. . .

"ကျုပ်ကလည်း မင်းကို မရရတဲ့နည်းနဲ့ ခေါ်သွားရမှာပဲ"

လုံထင်းဟိုက. . .

"ကောင်းပြီလေ၊ ခေါ်သွားနိုင်တယ်ဆိုရင် ကျုပ်လိုက်ခဲ့ပါ့မယ်"

ဒါဖြင့် ခင်ဗျား သတိထားပါ"

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ကင်းက သတိပေးကာ တိုက်ခိုက်လိုက်လျှင် လုံထင်းဟိုလည်း ပြန်လည်တိုက်ခိုက်ရာ ပြင်းထန်သော တိုက်ပွဲဖြစ်ပေါ်လာလေတော့သည်။

❄ ❄ ❄

ဟုတ်ကင်းမှာ အာမခံဌာန၌ ဩဇာကြီးမားသူဖြစ်နေပြီး လုံထင်းဟိုအား အစကတည်းက ကြည့်မရသူဖြစ်သည်။

ယခု...

အခွင့်အရေးရပြီဟု သဘောထားကာ လုံထင်းဟိုအား ဒုက္ခပေးရန် အပြင်းအထန် တိုက်ခိုက်လိုက်ခြင်း ဖြစ်လေသည်။

သို့သော်...

လုံထင်းဟို၏ သိုင်းပညာ အဆင့်အတန်း တိုးတက်မြင့်မားနေပြီဖြစ်ရကား ဟုတ်ကင်း မျှော်လင့်သလိုမဖြစ်နိုင်တော့ချေ။

အစွမ်းအထက်ဆုံး သိုင်းကွက်များ ထုတ်ဖော်လိုက်သည့်တိုင် သိုင်းကွက်ငါးဆယ်ကျော်သည်အထိ လုံထင်းဟို၏ အကျီစကိုပင် ထိအောင်မတိုက်ခိုက်နိုင်သဖြင့် ဒေါသထွက်လာလေတော့သည်။

"မင်းမဆိုးဘူး၊ ဒါပေမယ့် ကျုပ်က ရအောင်ခေါ်သွားပြမယ်၊ ဓားကြည့်ထား"

ခါးမှဓားကို ခွှမ်းခနဲမြည်အောင် ဆွဲထုတ်ကာ ဆက်၍



တိုက်ခိုက်လိုက်လေသည်။

"ဝှစ်...ဝှစ်"

စူးရှသောလေတိုးသံများနှင့်အတူ ပြင်းထန်သော ဓားချက်များက လုံထင်းဟို၏တစ်ကိုယ်လုံး ဖုံးလွှမ်းထားလိုက်လေသည်။

လုံထင်းဟိုက ခန္ဓာကိုယ် ယိမ်းနွဲ့ကာ ပွတ်ကာသီကာ ရှောင်တိမ်းနေ၏။

ဓားတစ်ချက်ထိလိုက်ရုံဖြင့် ဒုက္ခရောက်သွားမည်ဖြစ်၏။

ဟုတ်ကင်းက လုံထင်းဟို မကြာမီလဲကျသွားရလိမ့်မည်ဟု ယုံကြည်ထား၏။

သို့သော်...

ဓားကွက်တစ်ရာကျော်သွားသည့်တိုင် လုံထင်းဟိုအား အနိုင်မယူနိုင်သောအခါ ဟုတ်ကင်း ခံပြင်းလာလေတော့သည်။

လုံထင်းဟိုက...

"ဟိတ်"

မြေပေါ်ခြေဆောင့်ကာ နောက်သို့ ခုန်ဆုတ်လိုက်သည်။

ခပ်လှမ်းလှမ်းသို့ ဆုတ်သွားပြီးမှ...

"ဟုတ်ကင်း...ခင်ဗျား မြရနိုင်ပါဘူးဗျာ၊ အေးအေးဆေးဆေး ပြန်သွားပါ၊ ကျုပ်ကိုမေ့ပစ်လိုက်ဖို့ ဆရာဆေးချိုကို ပြောလိုက်ပါ"

ဟုတ်ကင်း မြေပေါ်ခြေဆောင့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားတို့ ကျုပ်ရအောင် ခေါ်သွားမှာ"

"ဒါ မဖြစ်နိုင်ပါဘူးဗျာ"

"ဘာကြောင့် မဖြစ်နိုင်ရမှာလဲ၊ ကျုပ်ရဲ့လက်နက်ပုန်းကိုကြည့်ထားဦး"

အောင်ပေါက်ရင်း လက်နက်ပုန်းကလေးများဖြင့် ပစ်ခတ်တိုက်ခိုက်လိုက်လေသည်။

"ဝှစ်. . . ဝှစ်. . . ဝှစ်"

ဓားမြှောင်ကလေးသုံးချောင်း ပစ်လွှင့်လာ၏။

လုံထင်းဟိုက လက်ဝှေ့ယမ်းကာ အကျီလက်ဖြင့် ရိုက်ထုတ်ပစ်လိုက်ရာ. . .

"ခြွမ်း. . . ခြွမ်း. . . ခြွမ်း"

ဓားမြှောင်ကလေးများ အဝေးသို့ လွင့်စဉ်သွားလေတော့သည်။

ဟုတ်ကင်းက ဓားမြှောင်ကိုသာမက အဆိပ်ဆေးလုံးကလေးများကိုပါ ရောညှပ်ကာ တိတ်တဆိတ် ပစ်ခတ်လိုက်ခြင်းဖြစ်လေသည်။

"ဖောက်. . . ဖောက်. . . ဖောက်"

အဆိပ်ဆေးလုံးများ ပေါက်ကွဲသွားပြီး အဆိပ်ငွေ့များ ပန်းထွက်လာရာ လုံထင်းဟို အငိုက်မိသွားတော့သည်။

အဆိပ်ငွေ့အချို့ကို လုံထင်းဟို ရှူရှိုက်မိသွားတော့သည်။

"အဟွတ်. . . အဟွတ်"



လုံထင်းဟို ချောင်းတဟွတ်ဟွတ် ဆိုးလာသည်။

မျက်ရည်များ နှာရည်များကျလာသည်။

ဦးခေါင်းထဲ မူးနောက်ကာ မျက်လုံးများပြာဝေသွားပြီး ဒယီးဒယိုင်ဖြစ်လာလေတော့သည်။

ဟုတ်ကင်း သဘောကျသွားလေသည်။

"ခင်ဗျား ဘာတတ်နိုင်သေးသလဲ"

"လူယုတ်မာ၊ ကျုပ်က အချင်းချင်း မတိုက်ခိုက်ချင်လို့ ရှောင်နေတာကို မင်းက အခွင့်ကောင်းယူလိုက်တာပေါ့လေ၊ သိကြသေးတာပေါ့"

လုံထင်းဟိုက လက်နှစ်ဘက်ဆန့်တန်းကာ ခုန်အုပ်တိုက်ခိုက်လိုက်လေသည်။

သို့သော် အဆိပ်မိနေပြီဖြစ်ရကား ကြိုးစားသလောက် အရာမထင်တော့ပါ။

ဟုတ်ကင်း အသာအယာရှောင်တိမ်းပြီး ခြေထောက်ဆန့်ထုတ် ကန်ကျောက်လိုက်လျှင်. . .

"ဝုန်း"

"အား"

လုံထင်းဟို အဝေးသို့လွင့်စဉ်ကာ မြေပေါ် ခြေပစ်လက်ပစ် ပြုတ်ကျသွားတော့သည်။

မြေပေါ်ရောက်လျှင် အရှိန်ဖြင့် သုံးလေးပတ်လိမ့်သွားပြီးနောက် မလှုပ်မယှက် ငြိမ်သက်သွားလေတော့သည်။

❄ ❄ ❄

www.burmeseclassic.com

www.burmeseclassic.com



လုံထင်းဟိုက မားပြတိုက်ရာပါပစ္စည်းဖြစ်သော အာမခံငွေသားတို့ တောင်းလီလက်ထဲ ပြန်အပ်ပြီး အာမခံဌာနကို ကျောခိုင်းလိုက်သောအခါ သူ၏အဖွဲ့သားများလည်း အာမခံဌာနကို စိတ်နာသွားကြလေသည်။

မည်သူမျှ အာမခံဌာနသို့ မပြန်ကြတော့ပါ။

အချို့က ကိုယ့်ရပ်ကိုယ့်ဇာတိသို့ပြန်သွားကြပြီး အချို့ကခြေဦးတည့်ရာ ထွက်သွားကြလေသည်။

သို့ဖြင့်. . .

ဆားချို၏အာမခံဌာနမှာ အင်အားယုတ်လျော့သွားသကဲ့သို့ နာမည်ပျက်ခဲ့လေတော့သည်။

ဆားချိုသည် လုံထင်းဟိုကြောင့် ယခုလိုဖြစ်ရသည်ဟု အငြိုးထားပြီး လုံထင်းဟိုအား ဒုက္ခပေးရန်ရည်ရွယ်ကာ ဟုတ်ကင်းအား စေလွှတ်လိုက်ခြင်းဖြစ်သည်။

ဟုတ်ကင်းသည် ဥာဏ်နီဥာဏ်နက် အသုံးပြုကာ လုံထင်းဟိုအား အနိုင်ယူပြီး အာမခံဌာနသို့ ခေါ်ဆောင်သွားခဲ့လေတော့သည်။

❋ ❋ ❋



## ဒုတိယအကြိမ်

လုံထင်းဟိုအား ဟုတ်ကင်းက ဖမ်းဆီးခေါ်ဆောင်သွားသဖြင့် ညီမဖြစ်သူ လုံမေဝါး အရူးမီးဝိုင်းဖြစ်ရလေတော့သည်။

သူမသည် ဝူးစုကျောင်းထံသို့ သွားရောက်အကူအညီတောင်းခဲ့သော်လည်း ဝူးစုကျောင်းလည်း ဘာမှမတတ်နိုင်ဘဲ ဖြစ်နေသည်။

"ညီမရယ် ကျုပ်က အညတရ တစ်ယောက်ပါ၊ သိုင်းလောကသားတွေရဲ့ကိစ္စကို ဘယ်လိုဖြေရှင်းနိုင်မှာတဲ့လဲ၊ ကျုပ်ကိုခွင့်လွှတ်ပါတော့"

"အစ်ကိုရယ် ကျွန်မ အပြစ်မပြောပါဘူး၊ အစ်ကိုကြီး လုံထင်းဟို ကံဆိုးသွားတာပါ"

နှစ်ယောက်သား ဝမ်းနည်းကြေကွဲနေရုံမှအပ မည်သို့မျှ မတတ်နိုင်ဘဲ ကြေကွဲနေကြရတော့သည်။

ဝူးစုကျောင်းသည် ခေါင်းအေးအေးထားကာ စဉ်းစားလိုက်ပြီးနောက်. . .

www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲဖြစ်ဖြစ် အစ်ကိုကြီးနောက်ကို ကျုပ်တို့လိုက်သွားကြတာပေါ့၊ ကူညီနိုင်မယ့်လမ်းစ ပေါ်လာရင် နည်းလမ်းတစ်ခုခု တွေ့မယ်ဆိုရင် ကူညီနိုင်မယ် မဟုတ်လား"

ဟု ပြောလိုက်သည်။

ထိုအခါ လုံမေဝါးက. . .

"အစ်ကိုပြောမှပဲ ကျွန်မလည်း လူတစ်ယောက်ကို သတိရလိုက်မိတယ်"

"ဘယ်သူများလဲဟင်"

"ကောင်းလီဆိုတဲ့လူပါ၊ ကောင်းလီဟာ သူ့အပေါ်မှာ ကျေးဇူးရှိပြီး အမှန်တရားဘက်က ရဲရဲဝံ့ဝံ့ရပ်တည်နေတဲ့ လူတစ်ယောက်လို့ အစ်ကိုကြီးပြောဖူးတယ်၊ ကောင်းလီဆိုတဲ့လူအကြောင်းကို ကြုံတိုင်းပြောတတ်တယ်၊ အစ်ကိုကြီး သိပ်ကိုကြည်ညိုလေးစားတဲ့ လူတစ်ယောက်ပေါ့"

ဝူးစုကျင်းက. . .

"ညီမက ကောင်းလီဆိုတဲ့လူဆီကို သွားပြီး အကူအညီတောင်းချင်တာပေါ့"

လုံမေဝါးက. . .

"ဟုတ်တယ် အစ်ကို၊ အစ်ကိုကြီး မတရားခံရပြီး ဒုက္ခရောက်နေတယ်ဆိုတာ သိရရင် ကောင်းလီက လက်ပိုက်ကြည့်နေမှာ မဟုတ်ဘူး၊ ကူညီမှာပါ"

"ကောင်းပြီလေ၊ ကောင်းလီဆိုတဲ့ လူဆီကိုသွားပြီး အကူအညီ တောင်းကြတာပေါ့"



ဝူးစုကျင်း သဘောတူလိုက်သည်။

ထို့နောက် နှစ်ယောက်သား ကောင်းလီထံသို့သွားပြီး အကူအညီတောင်းရန် ပြင်လိုက်ကြလေတော့သည်။

❀ ❀ ❀

စေတနာမိဘမဲ့ဂေဟာ. . .။

စေတနာမိဘမဲ့ဂေဟာသည် မကြာသေးမီက ဆောက်လုပ်ပြီးစီးသွားသော ဂေဟာတစ်ခုဖြစ်သည်။

တိန်ယုံမြို့သူမြို့သားများသည် စေတနာမိဘမဲ့ကလေးများဂေဟာ တစ်ခုထူထောင်ဖို့ စီစဉ်ခဲ့ကြသည်မှာ အချိန် အတန်ကြာခဲ့ပြီဖြစ်လေသည်။

ငွေကြေးမပြည့်စုံ၍ ပြီးမြောက်အောင်မြင်ခြင်း မရှိခဲ့ပါ။

မကြာသေးမီက အလှူရှင်တစ်ယောက် ပေါ်ပေါက်လာခဲ့သည်။ ကောင်းလီ ဖြစ်သည်။

ကောင်းလီက စိန်ဘယက်ပိုင်ရှင် သူဌေးကြီးလက်ထဲသို့ စိန်ဘယက် ပြန်အပ်နိုင်ခဲ့သဖြင့် အခကြေးငွေရရှိခဲ့သည်။

ထို့အပြင် ဓားပြတိုက်ခဲ့သည့် လူဆိုးဓားပြကြီးနှင့် ပတ်သက်၍ ဆုငွေများရရှိခဲ့သည်။

ကောင်းလီက ရသမျှငွေအားလုံးကို မိဘမဲ့ဂေဟာသို့ လှူဒါန်းခဲ့လေသည်။

သို့ဖြင့် စေတနာမိဘမဲ့ဂေဟာ ဖြစ်မြောက်လာခဲ့တော့

www.burmeseclassic.com

www.burmeseclassic.com



သည်။ စေတနာ့ဂေဟာ၌ အနယ်နယ်အရပ်ရပ်မှ မိဘမဲ့က လေးများကို လက်ခံကျွေးမွေးစောင့်ရှောက်ကာ ပညာလည်းသင် ပေးမည် ဖြစ်လေသည်။

ကောင်းလီက အများအကျိုးဆောင်ရွက်ခဲ့ခြင်း ဖြစ်လေ သည်။

ကောင်းလီက စေတနာ့မိဘမဲ့ဂေဟာ ဖွင့်ပွဲသို့ တက် ရောက်လာမည်ဖြစ်သည်။

ထိုသတင်းကြားလျှင် လုံမေဝါးနှင့် ဝူးစုကျင်းတို့က စေတနာ့မိဘမဲ့ဂေဟာသို့ အမြန်ဆုံး အရောက်သွားခဲ့ကြတော့ သည်။

❄ ❄ ❄

စေတနာ့မိဘမဲ့ဂေဟာဖွင့်ပွဲကား ပျော်ပွဲရွှင်ပွဲများ အကျွေးအမွေးများဖြင့် စည်ကားနေ၏။

လုံမေဝါးတို့ ရောက်သွားသောအခါ ကောင်းလီကို တွေ့ခွင့်မရချေ။

ကောင်းလီ အလွန်အလုပ်များနေသည်ဆိုကာ တာဝန် ရှိသူများက တွေ့ခွင့်မပြုခြင်း ဖြစ်လေသည်။

လုံမေဝါးက. . .

"ကျေးဇူးပြုပြီး လုံထင်းဟိုရဲ့ညီမ လုံမေဝါးရောက်လာ တယ်လို့ ပြောပေးပါရှင်၊ ဒါကိုမှ သူက မတွေ့နိုင်ဘူးဆိုရင်လည်း



ကျွန်မတို့ ပြန်သွားပါ့မယ်၊ အရေးကြီးလို့ ကူညီပါရှင်"

လုံထင်းဟို၏အမည်ကို အသုံးပြုကာ တောင်းပန်တိုး လျှိုးလိုက်တော့မှ. . .

"ဆရာကောင်းလီဟာ မြို့မိမြို့ဖတွေ၊ ဂေဟာက ထိပ် ပိုင်းအုပ်ချုပ်ရေးမှူးတွေနဲ့ ဂေဟာအတွက် အရေးကြီးတဲ့ကိစ္စ တွေကို တိုင်ပင်ဆွေးနွေးနေတာ၊ အင်း ထားပါတော့လေ၊ မင်းတို့ သိပ်ပြီးအရေးကြီးနေတယ်ဆိုရင်လည်း ကျုပ်သွားပြောပေးပါ့ မယ်၊ ခဏစောင့်ပါ"

တာဝန်ခံတစ်ဦးက လုံမေဝါးတို့အား ဧည့်ခန်းတစ်နေ ရာ၌ နေရာချထားပေးပြီး အတွင်းဘက်ဝင်သွားလေသည်။

မကြာပါချေ။ တာဝန်ခံ ပြန်ထွက်လာသကဲ့သို့ ဟောင်း နွမ်းသောချည်ထည်အဝတ်အစားများ ဝတ်ဆင်ထားသူ တစ်ဦး လည်း လိုက်ပါလာလေသည်။

ထိုလူကား ပကာသန မမက်သော ပကတိရိုးသားဖြူစင် ပြီး ကိုယ်ကျိုးမဖက် အများအကျိုးဆောင်ရွက်နေသည့် သူရဲ ကောင်း ကောင်းလီ ဖြစ်ပါတော့သည်။

တာဝန်ခံက. . .

"ဆရာကောင်းလီကို တွေ့ချင်တာ သူတို့ပါပဲ"

လုံမေဝါးတို့အား ညွှန်ပြကာ ပြောလိုက်၏။

ကောင်းလီက. . .

"ကောင်းပါပြီ၊ ခင်ဗျားလည်း လုပ်စရာရှိတာ သွားလုပ် ပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

တာဝန်ခံ ထွက်သွားတော့မှ ကောင်းလီက လုံမေဝါး အား အကဲခတ်လိုက်သည်။

"နောင်ကြီးလုံထင်းဟိုက သူ့မှာ နတ်မိမယ်လေးလို ချောမောလှတဲ့ ညီမလေးတစ်ယောက်ရှိတယ်လို့ ကျုပ်ကိုမပြောဘဲ လျှို့ဝှက်ထားခဲ့တာကိုး"

ရယ်မောပြုံးရွှင်ကာ ရင်းရင်းနှီးနှီး ပြောလေသည်။

ပူပင်သောကကြုံလာကြောင်း အကဲခတ်မိ၍ သောကများလျော့ပါးသွားစေရန် ထိုသို့ပြောဆိုလိုက်ခြင်း ဖြစ်လေသည်။

လုံမေဝါးလည်း အားတက်သွား၏။

သူမ၏လည်ပင်းမှ ဆွဲကြိုးကလေးကို ချွတ်ကာ. . .

"ကျွန်မဟာ အစ်ကိုကြီးလုံထင်းဟိုရဲ့ညီမ လုံမေဝါးပါ၊ သည်ဆွဲကြိုးလေးက သက်သေပါရှင်"

ဟု ပြောလိုက်သည်။

ကျောက်စိမ်းဆွဲပြားပါရှိသော ဆွဲကြိုးလေးတစ်ကုံးဖြစ်သည်။

ထိုဆွဲကြိုးနှင့် တစ်ပုံစံတည်းရှိသော ဆွဲကြိုးတစ်ကုံးကို လုံထင်းဟို၏လည်ပင်း၌ ဆွဲထားသည်ကို ကောင်းလီ တွေ့မြင်ခဲ့ဖူးသည်။

မောင်နှမ နှစ်ယောက်၌ ဆင်တူဆွဲကြိုးတစ်ကုံးစီ ရှိနေကြခြင်းဖြစ်လေသည်။

ကောင်းလီက ဆွဲကြိုးလေးကို တစ်ချက်ကြည့်ပြီး. . .



"ထားပါတော့လေ၊ ညီမက ဘယ်လိုအကြောင်းကိစ္စနဲ့ ကျုပ်ဆီကိုလာခဲ့ရတယ်ဆိုတာ ပြောပါဦး"

ဟု မေးလိုက်သည်။

လုံမေဝါးက. . .

"အစ်ကိုကြီးလုံထင်းဟို ဒုက္ခရောက်နေလို့ လာပြီး အကူအညီ တောင်းတာပါရှင်"

အာမခံဌာနမှ ဟုတ်ကင်းရောက်လာပြီး ဒုက္ခပေးခဲ့ပုံကို ပြောပြလိုက်လေသည်။

လုံမေဝါး၏စကားဆုံးလျှင် ကောင်းလီက တဟားဟား ရယ်မောလိုက်လေသည်။

"ရယ်စရာကောင်းလိုက်တာ၊ ကျုပ်က လုံထင်းဟိုရဲ့ မျက်နှာကိုထောက်ထားပြီး အာမခံဌာနကို လျစ်လျူရှုထားခဲ့တာသူတို့က ကျေးဇူးမတင်တဲ့အပြင် နောင်ကြီးလုံထင်းဟိုကိုပါ ဒုက္ခပေးလာတယ်ဆိုတော့ ဆုံးမ ရသေးတာပေါ့လေ"

ကောင်းလီသည် ဘာကိုမျှ အပူအပင်မထားသောလေသံဖြင့် ဆက်ပြောလိုက်လေသည်။

"ကဲ. . . ညီမက အိမ်ပြန်ပါ၊ ကိုယ့်ကိုကိုယ် ကျန်းမာအောင်နေပါ၊ ရက်ပိုင်းအတွင်း အစ်ကိုကြီးလုံထင်းဟို အိမ်ကိုပြန်ရောက်လာလိမ့်မယ် ဟုတ်ပြီလား"

လုံမေဝါးက. . .

"အစ်ကိုကြီးက. . ."

ကောင်းလီက. . .

www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချသာပြန်ပါ၊ နောင်ကြီးလုံထင်းဟို ဆက်ဆက်ပြန်ရောက်လာပါလိမ့်မယ်၊ ကျုပ် အာမခံပါတယ်"

လုံမေဝါးက ကောင်းလီကို ငေးကြည့်နေမိလေသည်။

ကောင်းလီသည် သာမန်အညတရ တစ်ယောက်ဟု ထင်စရာရှိသော်လည်း ယုံကြည်အားကိုးထိုက်သူ၊ တွေ့မြင်ရသူတိုင်း သူ၏စကားကို ယုံကြည်စိတ်ချ သွားလောက်အောင် လွှမ်းမိုးနိုင်စွမ်းရှိသူဖြစ်ကြောင်း တွေးနေမိလေသည်။

နောက်ဆုံး ကောင်းလီအားနှုတ်ဆက် စကားပြောကာ လုံမေဝါးနှင့် ဝူးစုကျင်းတို့ ပြန်လာခဲ့ကြလေတော့သည်။

❄ ❄ ❄

လုံမေဝါးသည် ကောင်းလီကို အလွန်ကြည်ညိုလေးစားသွားလေသည်။

လုံထင်းဟိုက အဘယ်ကြောင့် ကောင်းလီကို သဘောကျကြောင်းလည်း နားလည်သွားလေသည်။

ကောင်းလီမှာ သူရဲကောင်းတစ်ယောက် ဖြစ်သကဲ့သို့ ယောက်ျားကောင်းတစ်ယောက်လည်း ဖြစ်သည် မဟုတ်ပါလား။

အများအတွက် မိတ်ဆွေကောင်းတစ်ယောက်လည်း ဖြစ်လေသည်။

ဝူးစုကျင်းလည်း ကောင်းလီနှင့်ပတ်သက်ပြီး ဝေဖန်သုံးသပ်မိလေသည်။



"ကျုပ်တို့ ပွဲရုံပိုင်ရှင် သူဌေးပြောလေ့ရှိတဲ့ စကားပုံအတိုင်း ပြောရမယ်ဆိုရင် သူဟာ နွံထဲကပြည်တန်ပဒ္မကြာပါပဲ"

သူက လုံမေဝါးကို စိုက်ကြည့်ကာ ဆက်ပြောသည်။

"အစ်ကိုကြီးလုံထင်းဟိုက ညီမကို ဆရာကောင်းလီနဲ့ သဘောတူတယ်ဆိုတာ အပြစ်ပြောစရာမရှိပါဘူး၊ တကယ်တော့ ကျုပ်နဲ့စာရင် ဆရာကောင်းလီဟာ ညီမရဲ့ဖူးစာဘက်ဘဝ ထိုက်တန်တဲ့လူပါ"

လုံမေဝါးက. . .

"မေတ္တာတရားဟာ အဆန်းကြယ်ဆုံး အရာတစ်ခုပဲ မဟုတ်လားရှင်၊ ကျွန်မရဲ့မေတ္တာဟာ အစ်ကို့အတွက်ပါမဲ့ရှင်"

မှန်ပေသည်၊ မေတ္တာတရားမှာ အလွန်ဆန်းကြယ်သော အရာ မဟုတ်ပါလား။

ဝူးစုကျင်း၏ရင်ထဲ ဖော်မပြနိုင်သော ခံစားချက်များ ခံစားလိုက်ရလေတော့သည်။

ကောင်းလီမှာ အလွန်ကတိတည်သူ ဖြစ်သည်။

လုံမေဝါးတို့ အိမ်ပြန်ရောက်လာပြီး နောက်တစ်နေ့ညနေခင်းမှာပင် လုံထင်းဟို အိမ်ပြန်ရောက်လာခဲ့လေတော့သည်။

လုံထင်းဟို၏ ပြောပြချက်အရ မြို့စားကြီးသည် အာမခံဌာနပိုင်ရှင် ဆားခိုးက ခိုးပြတိုက်ရာပါပစ္စည်းများ လက်ခံ၍ပို့ဆောင်ပေးနေကြောင်း သိရှိသွားပြီး ဖမ်းဆီးအရေးယူလိုက်သည်။

အာမခံဌာနကိုလည်း ပိတ်ပစ်လိုက်လေသည်။

www.burmeseclassic.com



ဆားချို ဖမ်းဆီးထားသည့် လုံထင်းဟိုကိုလည်း သက်သေအဖြစ် အပြစ်မယူဘဲ ချမ်းသာပေးပြီး လွှတ်ပေးလိုက်သည်။

ကောင်းလီသည် လုံထင်းဟိုအား ကူညီခဲ့သည့်အပြင် အဆိပ်ဝေဒနာပျောက်ကင်းသွားရလေအောင် အဆိပ်ဖြေဆေး ပေးခဲ့လေသည်။

လုံထင်းဟိုမှာ လူကောင်းပကတိ အိမ်ပြန်ရောက်လာခြင်း ဖြစ်လေသည်။

လုံမေဝါးမှာ ကောင်းလီကို ကျေးဇူးတင်မဆုံး ဖြစ်ခဲ့ရလေတော့သည်။

လုံထင်းဟိုက. . .

"ညီမလေး. . . ကျုပ်က အိမ်မှာ အချိန်ဖြုန်းနေမယ့်အစား ကောင်းလီနဲ့လက်တွဲပြီး အများအကျိုးဆောင်ရွက်ဖို့ ဆုံးဖြတ်လိုက်တယ်၊ ညီမလေး ကိုယ့်ကိုကိုယ် ဂရုစိုက်ပါ၊ အဒေါ်ကြီးယုံမေကလည်း ညီမလေးကို စောင့်ရှောက်မှာပါ"

ဟု မှာကြားကာ လုံမေဝါးကို အဒေါ်ကြီးယုံမေနှင့်အပ်နှံကာ ကောင်းလီထံသို့ ထွက်သွားလေတော့သည်။

❄ ❄ ❄



# နဂါးဂိုဏ်း

လုံထင်းဟိုသည် ကောင်းလီထံသို့ သွားရောက်ခဲ့သည်။

သူရောက်ရှိသွားချိန်၌ ကောင်းလီက ခရီးထွက်ရန် ပြင်ဆင်နေချိန်ဖြစ်လေသည်။

လုံထင်းဟိုက သူလာခဲ့ရသည့်အကြောင်းရင်းကို ပြောပြလိုက်လျှင် ကောင်းလီ ဝမ်းသာအားရ ဖြစ်သွားလေတော့သည်။

"ခင်ဗျား သည်လိုဆုံးဖြတ်ပြီးပြီဆိုရင် သိပ်ကောင်းတာပေါ့ဗျာ၊ ကျုပ်တို့နှစ်ယောက် သိုင်းလောကန်တလျား သွားကြမယ်၊ အများအကျိုးဆောင်ရွက်ကြမယ်၊ ကဲ ဘယ်လိုသဘောရသလဲ"

"သိပ်ကောင်းတာပေါ့ဗျာ"

"ဒါဖြင့် အခုပဲသွားကြတာပေါ့"

"သွားလေ"

လုံထင်းဟိုက ဘာမှမမေးဘဲ လိုက်သွားလေသည်။

ကောင်းလီ၌ ရည်ရွယ်ချက်တစ်ခုခု ရှိနေမည်ဟု သူနားလည်ထားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကောင်းလီက တောင်ပိုင်းဒေသသို့ သွားခဲ့ခြင်းဖြစ်သည်။

တောင်ပိုင်း၌ အများအကျိုးဆောင်ရွက်သည့် နဂါးဂိုဏ်းအမည်ရှိသော အဖြူရောင်သိုင်းဂိုဏ်းတစ်ခု ထင်ရှား၏။

နဂါးဂိုဏ်းချုပ်မှာ ကောင်းလီနှင့် ခင်မင်ရင်းနှီးသော မိတ်ဆွေတစ်ဦးဖြစ်သည်။

နဂါးဂိုဏ်းသည် မကြာသေးမီက အခက်အခဲ ပြဿနာများနှင့် ရင်ဆိုင်ခဲ့ရလေသည်။ ထို့ကြောင့် ကောင်းလီကို အကူအညီတောင်းခဲ့ရာ ကောင်းလီက ကူညီမည်ဟု ကတိပေးပြီး သွားခဲ့ခြင်းဖြစ်ပါတော့သည်။

လုံထင်းဟိုလည်း ဘုမသိဘမသိဖြင့် နဂါးဂိုဏ်းသို့ လိုက်သွားခဲ့ရလေတော့သည်။

❄ ❄ ❄

နဂါးဂိုဏ်းသို့သွားရာ လမ်းတလျှောက်၌ မြို့ရွာများ တည်ရှိနေလေသည်။

ကောင်းလီနှင့် လုံထင်းဟိုတို့ နဂါးဂိုဏ်းသို့ ဦးတည်လာခဲ့ကြရင်း မြို့ကလေးတစ်မြို့သို့ ရောက်ရှိလာကြသောအခါ. . .

ကောင်းလီက. . .

"ကျုပ်တို့ သည်မြို့ကလေးမှာ ခဏအနားယူကြတာပေါ့ဗျာ"



ဟုပြောရာ လုံထင်းဟို ဝမ်းသာသွားလေသည်။

ငါးရက်တိုင်တိုင် မရပ်မနား ခရီးနှင်လာခဲ့ရသဖြင့် ပင်ပန်းနွမ်းနယ်နေပြီ မဟုတ်ပါလား။

နှစ်ယောက်သား စားသောက်ဆိုင်နှင့် တွဲဖက်ဖွင့်လှစ်ထားသည့် တည်းခိုခန်းတစ်ခုသို့သွားကာ အနားယူလိုက်ကြလေသည်။

နှစ်ယောက်သား အခန်းများ ငှားရမ်းလိုက်ပြီးမှ စားသောက်ရန် စားသောက်ခန်းမသို့လာခဲ့ကြလေသည်။

မွန်းလွဲချိန်ပင် ရောက်နေပြီဖြစ်ရကားဆိုင်ထဲ လူရှင်းနေ၏။

ကောင်းလီနှင့်လုံထင်းဟိုတို့က ဆိုင်တံခါးပေါက်ကို မျက်နှာမူထားသော စားပွဲတစ်လုံး၌ နေရာယူကာ စားစရာများမှာကြား စားသောက်လိုက်ကြလေသည်။

လုံထင်းဟိုက ဆာဆာနှင့် အားရပါးရ စားသောက်လိုက်သော်လည်း ကောင်းလီမှာ ကောင်းစွာမစားနိုင်ဘဲ ဖြစ်နေသည်ကို တွေ့ရလေသည်။

ထို့ကြောင့်. . .

"အစ်ကိုကောင်းလီ ဘာတွေများ တွေးနေတာလဲဗျာ၊ ကျုပ်ကိုလည်း ပြောပြပါဦး"

လုံထင်းဟိုက မေးလိုက်လေသည်။

ကောင်းလီ သက်ပြင်းချလိုက်သည်။

"ကျုပ်က နဂါးဂိုဏ်းချုပ်အတွက် စိတ်ပူနေမိလို့ပါ၊

www.burmeseclassic.com

www.burmeseclassic.com



ခုဆိုရင် ကျုပ်တို့ဟာ နဂါးဂိုဏ်းရဲ့ပိုင်နက်ထဲကို ရောက်လာပြီလို့ပြောနိုင်တယ်၊ ဒါတောင် ကျုပ်တို့ကို ဘယ်သူမှ ဆက်သွယ်မလာကြသေးဘူး၊ နဂါးဂိုဏ်းသား တစ်ယောက်တစ်လေမှ မတွေ့ရသေးဘူး၊ ဒါကြောင့် တစ်စုံတစ်ခုဖြစ်နေပြီလားလို့ စိုးရိမ်ပူပန်နေမိတာ"

လုံထင်းဟိုက. . .

"နဂါးဂိုဏ်းကို ဘယ်သူတွေက ဒုက္ခပေးချင်နေသလဲ ဆိုတာကော အစ်ကိုကောင်းလီ သိသလား"

လုံထင်းဟိုနှင့် ကောင်းလီတို့နှစ်ယောက် သွေးသောက်ညီအစ်ကိုဖွဲ့ခဲ့ကြလေသည်။

ကောင်းလီမှာ လုံထင်းဟိုထက် အသက်တစ်နှစ်ကြီးသဖြင့် အစ်ကိုဖြစ်လာပြီး လုံထင်းဟိုက ညီလေးဖြစ်သွားသည်။

ကောင်းလီက. . .

"နဂါးဂိုဏ်းကို ဒုက္ခပေးချင်တဲ့ လူတွေက အတော်များတယ်၊ အမှန်အတိုင်း ပြောရမယ်ဆိုရင် သည်နယ်မြေဟာ ပင်လယ်နဲ့ နီးတယ်၊ ကျယ်ပြန့်တယ်၊ နဂါးဂိုဏ်းဟာ အင်အားနည်းပါးတဲ့ ဂိုဏ်းငယ်လေးတစ်ခု ဖြစ်နေတော့ သည်နယ်မြေကို ထိန်းသိမ်းဖို့ မလွယ်ကူလှဘူး"

ကျယ်ပြန့်လှသော နယ်မြေကြီးတစ်ခုလုံး၌ တရားဥပဒေစိုးမိုးအောင် အမှုထမ်းများနှင့် လက်တွဲဆောင်ရွက်ရာ၌ နဂါးဂိုဏ်းကဲ့သို့ ဂိုဏ်းငယ်လေးတစ်ခုအတွက် ပင်ပန်းခက်ခဲသော တာဝန်ဝတ္တရားများ ထမ်းဆောင်ရခြင်း ဖြစ်ပေသည်။



ဝန်နှင့်အား မမျှအောင် ဖြစ်ရသည်ဟု ဆိုနိုင်သည်။

"နဂါးဂိုဏ်းချုပ်မှာ ထိပ်တန်းသိုင်းပညာ ရှိပေမယ့် ဂိုဏ်းသားတွေထဲမှာတော့ ပြောစမှတ်ပြုရအောင် ထက်မြက်တဲ့ လူ နည်းပါးလှတယ်၊ လက်ချိုးရေလို့တောင် ရနိုင်တယ်၊ ဒါကြောင့် တကယ့် လူဆိုးကြီးတွေ ရောက်လာတဲ့အခါ နဂါးဂိုဏ်း အခက် ကြုံရတာပေါ့"

လုံထင်းဟိုက. . .

"အစ်ကိုက နဂါးဂိုဏ်းကို ကူညီမယ်ဆိုတာ မှန်ကန်တဲ့ လုပ်ရပ်ပါ၊ ကျုပ်လည်း သူတို့ကို ကူညီနိုင်အောင် အစွမ်းကုန် ကြိုးစားသွားပါ့မယ်"

ဟု ကတိပေးလိုက်လေသည်။

ကောင်းလီက. . .

"ကျုပ်တစ်ခု ပြောချင်သေးတယ်"

"ပြောပါ အစ်ကိုကြီး"

"ရန်သူနဲ့ တကယ်တမ်း ရင်ဆိုင်ရမယ်ဆိုရင် တိုက်ပွဲမှာ ညီလေး ရုတ်တရက် ဝင်မပါသေးဘဲ အခြေအနေ စောင့်ကြည့်ရမယ်"

လုံထင်းဟို ကြောင်အမ်းအမ်း ဖြစ်သွားသည်။

"ဘာဖြစ်လို့လဲ အစ်ကိုကြီး"

ကောင်းလီက တည်ကြည်သော မျက်နှာထားဖြင့် ပြောသည်။

"နဂါးဂိုဏ်းချုပ် အကူအညီတောင်းလာတော့ ကျုပ်စုံ

www.burmeseclassic.com

www.burmeseclassic.com



စမ်းကြည့်တဲ့အခါ တောင်ပင်လယ်က လူးထူးဆန်းသုံးယောက်က တောင်ပိုင်းကို ရောက်လာတယ်လို့ သိခဲ့ရတယ်"

"ဟင်"

လုံထင်းဟို ရင်ထိတ်သွားလေသည်။

တောင်ပင်လယ်လူထူးဆန်းသုံးယောက်မှာ သိုင်းပညာအလွန်ထက်မြက်သူများ ဖြစ်ပြီး လွန်ခဲ့သော နှစ်အတန်ကြာကပင် သိုင်းလောကကို ဖျက်ဆီးဖို့ ကြိုးစားအားထုတ်နေသူများဟု သတင်းကြီးခဲ့သည် မဟုတ်ပါလား။

ကောင်းလီက...

"အနယ်နယ်အရပ်ရပ်က အမှောင်လောကသားတွေကလည်း တောင်ပင်လယ်လူထူးဆန်း သုံးယောက်ကို ခေါင်းဆောင်တင်ပြီး အဖြူရောင်သိုင်းသမားတွေကို ရင်ဆိုင်ချေမှုန်းပစ်ချင်နေကြတယ်လေ၊ လူထူးဆန်းသုံးယောက် တောင်ပိုင်းကို ရောက်လာတာဟာ အမှောင်လောကသားတွေနဲ့ တွေ့ဆုံဆွေးနွေးပြီး အမှောင်လောကသားတွေနဲ့ မဟာမိတ်ဖွဲ့ဖို့ပဲ၊ သူတို့တွေ့ဆုံပွဲကြီးအောင်မြင်သွားရင် သိုင်းလောကတစ်ခုလုံး ဒုက္ခရောက်ရမှာသေချာတယ်"

လုံထင်းဟိုက...

"နဂါးဂိုဏ်းချုပ်က အမှောင်လောကသားတွေရဲ့ အစည်းအဝေးပွဲကြီး မကျင်းပနိုင်အောင် တားဆီးဖို့ ကြိုးစားမယ်ထင်တယ်"

ကောင်းလီ ခေါင်းညိတ်လိုက်သည်။



"ဒါပေါ့ နဂါးဂိုဏ်းသားတွေဟာ တောင်ပိုင်းဒေသ နေရာအနှံ့အပြားသွားပြီး သတင်းစုံစမ်းနေကြတယ်၊ နဂါးဂိုဏ်းချုပ်ဟာ ကျုပ်ကိုသာမကဘဲ ရှောင်လင်၊ ဝူတန်း အစရှိတဲ့ ထိပ်သီးဂိုဏ်းကြီးတွေကိုလည်း အကူအညီ တောင်းထားသေးတယ်လို့ ကျုပ်သိခဲ့ရတာ"

လုံထင်းဟိုက...

"ဒါဆို သိုင်းလောက တိုက်ပွဲကြီးတစ်ခု ဖြစ်ပေါ်လာတော့မှာ သေချာနေတာပေါ့"

ကောင်းလီက...

"နဂါးဂိုဏ်းချုပ်က သည်တိုက်ပွဲကြီးကို ရှောင်လွှဲနိုင်အောင် ကြိုးစားနေတာ၊ ကျုပ်ကို အကူအညီတောင်းခဲ့တာ"

"အစ်ကိုကြီးက..."

"အမှောင်လောကသားတွေဟာ ရက်စက်ကြမ်းကြုတ်တယ်၊ ကောက်ကျစ်စဉ်းလဲတယ်၊ တစ်ယောက်ကိုတစ်ယောက်လဲ မယုံကြည်ကြဘူး၊ လောဘလည်း ကြီးကြတယ်၊ ကိုယ်ကျိုးစီးပွားအတွက် အမြတ်ထုတ်ဖို့ ဝန်မလေးကြဘူး"

အမှောင်လောကသားများ၏ သဘောသဘာဝကို ရှင်းပြ၏။

တဖန်...

"ဒါဟာ အမှောင်လောကသားတွေရဲ့ အားနည်းချက်အားနည်းချက်လို့ ကျုပ်တို့က သဘောထားကြတာ"

ဟု ပြောကာ ရယ်မောလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



လုံထင်းဟိုက. . .

"နဂါးဂိုဏ်းချုပ်နဲ့ အစ်ကိုကြီးက အမှောင်လောကသားတွေကို ဖြိုခွဲဖို့ အကြံအစည်တစ်ခု သီးခြားရှိနေတာပေါ့ ဟုတ်လား"

ကောင်းလီ ပြုံးလိုက်သည်။

"ညီလေး အကင်းပါးသားပဲ မှန်တယ်ကွ၊ ကျုပ်နဲ့နဂါးဂိုဏ်းချုပ်တို့ အရင်ကတည်းက သည်လိုကိစ္စမျိုး ဖြစ်ပေါ်လာရင် ဘယ်လိုဖြေရှင်းကြမလဲဆိုတာ တိုင်ပင်ခဲ့ဖူးတယ်လေ"

"ဟုတ်ကဲ့ ပြောပါဦး"

"အဖြူရောင်သိုင်းသမားတွေနဲ့ အနက်ရောင်သိုင်းသမားတွေ ထိပ်တိုက်တွေ့ပြီဆိုရင် တိုက်ပွဲတွေ အချိန်အတော်ကြာတဲ့အထိ အတောမသတ်နိုင်အောင် ဖြစ်လာမှာပဲ၊ နှစ်ဘက်စလုံး ထိခိုက်ကျဆုံးကြလိမ့်မယ်၊ သေဆုံးသွားတဲ့ လူတွေအတွက် နှစ်ဘက်မိသားစုတွေ ငိုကြွေးပူဆွေးကြရလိမ့်မယ်၊ ဒါကြောင့် သွေးချောင်းစီး တိုက်ပွဲကြီးကို ရှောင်လွှဲဖို့ လိုလိမ့်မယ် မဟုတ်လား"

တိုက်ပွဲကြီး ဖြစ်ပေါ်လာပြီဆိုလျှင် နှစ်ဘက်စလုံး သေကြေပျက်စီးကြမည်သာ ဖြစ်လေသည်။

အဖြူရောင်သိုင်းသမားဖြစ်စေ၊ အမှောင်လောကသားဖြစ်စေ အားလုံးမှာ လူသားများချည်း ဖြစ်ရကား အလွန်ဝမ်းနည်းကြေကွဲစရာ ကောင်းပေလိမ့်မည်။

ထိုကဲ့သို့ သွေးချောင်းစီး တိုက်ပွဲကြီး ပေါ်ပေါက်လာ



မည်ကို မည်သူက လိုလားကြမည်နည်း။

ကောင်းလီက. . .

"အမှောင်လောကသားတွေထက်စာရင် အဖြူရောင်သိုင်းသမားတွေဟာ အများပြည်သူအတွက် ပိုပြီး အရေးပါတယ်လို့ ကျုပ်ယူဆထားတယ်လေ၊ ဒါကြောင့် တိုက်ပွဲကြီးကို ရှောင်လွှဲနိုင်အောင် အစွမ်းကုန် ကြိုးစားသွားရမှာပေါ့"

လုံထင်းဟိုက. . .

"အစ်ကိုကြီးမှာ နည်းလမ်းရှိနေပြီလား"

ကောင်းလီက. . .

"ဟုတ်တယ်"

"ဘယ်လိုများလဲဗျာ"

"ညီလေးက တောင်ပိုင်းရာဇာဆိုတဲ့ သိုင်းသမားကြီးတစ်ယောက်ရဲ့အမည်ကိုကော ကြားဖူးသလား"

"ကျုပ် ကြားဖူးတာပေါ့"

တစ်ချိန်က တောင်ပိုင်းဒေသ၌ တောင်ပိုင်းရာဇာဟူသော သိုင်းသမားကြီးတစ်ဦး ထွက်ပေါ်ဖူးခဲ့သည်။

တောင်ပိုင်းရာဇာသည် စာပေပညာရှင်ကြီး တစ်ဦးလည်းဖြစ်ပြီး သိုင်းလောက တန်တလျားသွားကာ အရပ်ဒေသအသီးသီး၊ သိုင်းဂိုဏ်းအသီးသီး၏ မူပိုင်သိုင်းပညာ အခြေခံပဘောတရားများကို လေ့လာခဲ့သည်။

ငါးနှစ်ခန့်အကြာတွင် တောင်ပိုင်းသို့ ပြန်လာပြီး သိုင်းပညာရပ်အသီးသီး၏ အနှစ်သာရကို ထုတ်နုတ်ကာ 'အမြုတေ'

www.burmeseclassic.com

www.burmeseclassic.com



ကျမ်းကို စီရင်ခဲ့လေသည်။

တောင်ပိုင်းရာဇာ၏အမြုတေကျမ်းမှာ သိုင်းလောက၌ အလွန်ပင် ထင်ရှားကျော်ကြားခဲ့လေသည်။

တောင်ပိုင်းရာဇာ ကွယ်လွန်သွားပြီးနောက် သူ၏ တပည့်များက အမြုတေကျမ်းအား တောင်ပိုင်းရာဇာ၏ အလောင်းနှင့်အတူ အုတ်ဂူထဲ ထည့်သွင်းမြှုပ်နှံခဲ့သည်။

နောက်ပိုင်းတွင် မသမာသူများက သိုင်းရာဇာကြီး၏ အုတ်ဂူကို ဖောက်ထွင်းကာ ခိုးယူသွားခဲ့ကြလေသည်။

သိုင်းကျမ်း လိုချင်မက်မောသူများက စောရများအား လိုက်လံရှာဖွေကာ သုတ်သင်ပြီး လုယူခဲ့ကြသည်။

ထို့နောက် အချင်းချင်း တစ်ယောက်နှင့်တစ်ယောက် လုပ်ကြံသတ်ဖြတ်ကာ ရယူခဲ့ကြသည်။

နောက်ပိုင်း သိုင်းကျမ်း၏သတင်း ပျောက်ကွယ်သွားခဲ့သည်။ ကောင်းလီက. . .

"တောင်ပိုင်းသိုင်းရာဇာရဲ့ အမြုတေကျမ်းဆိုရင် လူတိုင်းလိုချင်မက်မောကြတာပဲ မဟုတ်လား"

လုံထင်းဟိုက. . .

"အားလုံး လိုချင်ကြတာပါ အမှန်ပါပဲ"

ကောင်းလီ ပြုံးလိုက်သည်။

"တောင်ပိုင်းဒေသကို ရောက်လာတဲ့ လူတွေဟာ သိုင်းရာဇာကြီးရဲ့ အမြုတေကျမ်းကို ရနိုင်မယ်ဆိုရင် ဘယ်လို ဖြစ်သွားကြမလဲ"



"အားလုံး သူ့ထက်ငါ အလုအယက် ကြိုးစားကြတော့မှာ သေချာပါတယ်"

"အင်း. . . လောဘရမ္မက်ကြီးမားတဲ့ အမှောင်လောကသားတွေဟာ အမြုတေကျမ်းကို ရမယ်ဆိုရင် ဘာကိုမှ အမှုထားကြတော့မှာ မဟုတ်ဘူး၊ တောင်ပင်လယ်လူထူးဆန်းသုံးယောက်လည်း ရည်ရွယ်ချက် ပြောင်းသွားမှာပဲ၊ အမြုတေကျမ်းကို ရမယ်ဆိုရင် တခြား အမှောင်လောကသားတွေကို စည်းရုံးသိမ်းသွင်းနေစရာ မလိုတော့ဘဲ သူတို့သုံးယောက်နဲ့ပဲ သိုင်းလောကကို လွှမ်းမိုးနိုင်မယ်ဆိုပြီး အမြုတေသိုင်းကျမ်းကို ရဖို့ ဦးစားပေးကြမှာ သေချာတယ်"

လုံထင်းဟိုက. . .

"ကျုပ် သဘောပေါက်ပါပြီဗျာ"

ကောင်းလီက. . .

"နဂါးဂိုဏ်းချုပ်ကလည်း သည်အကြံကို လက်ခံတယ်၊ အမြုတေကျမ်းအတုတစ်ခု ဖန်တီးပြီးပြီ၊ လောဘတတ်နေတဲ့ အမှောင်လောကသားတွေ အချင်းချင်း တိုက်ခိုက်ကြပြီး ဖရိုဖရဲ ဖြစ်သွားတဲ့ အချိန်မှာ. . ."

လေသံနှိမ့်ကာ ဆက်ပြောလိုက်၏။

လုံထင်းဟိုသည် စိတ်ဝင်စားစွာ နားထောင်ရင်း ကောင်းလီအား ပို၍ ကြည်ညိုလေးစားလာလေတော့သည်။

ကောင်းလီသည် သူ၏အစီအစဉ်များကို ပြောပြီးလျှင် သက်ပြင်းတစ်ချက်ချကာ. . .

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်က သည်မြို့မှာရပ်နားဖို့ ဆုံးဖြတ်ခဲ့တာ ဘာကြောင့်လဲဆိုတာကော ညီလေးရိပ်မိသလား"

ဟု မေး၏။

လုံထင်းဟိုက. . .

"အရေးကြီးတဲ့ အကြောင်းကိစ္စတစ်ခုကြောင့်ဆိုတာတော့ ကျုပ်ရိပ်မိပါတယ်"

"ဟုတ်တယ်၊ ကျုပ်က လူတစ်ယောက်နဲ့ သည်နေရာမှာ ချိန်းထားတာ၊ ခုချိန်အထိ သူရောက်မလာသေးလို့ စိတ်ပူနေမိတာ"

လုံထင်းဟိုက. . .

"အစ်ကိုကြီးက ဘယ်သူနဲ့ ချိန်းထားလို့လဲဗျ"

ကောင်းလီက. . .

"အတုဝိဇ္ဇာ. . ."

သူ၏စကားသံနှင့် မရှေးမနှောင်းမှာပင် ဆိုင်ထဲသို့ လူတစ်ယောက် လှမ်းဝင်လာသည်ကို တွေ့ရ၏။

ထိုလူကို မြင်လျှင် ကောင်းလီ၏မျက်နှာ ပြုံးရွှင်သွားလေတော့သည်။

❄ ❄ ❄



# သိုင်းကျမ်းနှင့် အောင်ပွဲ

ကောင်းလီ၏မျက်နှာ ပြုံးရွှင်သွားသည်ကို မြင်လျှင် ဆိုင်ထဲဝင်လာသူမှာ သူမျှော်လင့်နေသော အတုဝိဇ္ဇာ ဖြစ်ကြောင်း လုံထင်းဟို ရိပ်မိလိုက်သည်။

ထိုလူက ဟိုဟိုသည်သည်ကြည့်ပြီး ကောင်းလီတို့ထံသို့ ဦးတည်လှမ်းလာလေသည်။

ကောင်းလီက. . .

"ခင်ဗျား ရောက်မလာသေးလို့ ကျုပ်စိုးရိမ်ပူပန်နေမိတာဗျ"

ထိုလူက. . .

"ကျုပ် နည်းနည်း နောက်ကျသွားတယ်၊ မင်း နောက်ဆုံးပေးတဲ့တာဝန်အတိုင်း ခိုးရာပါပစ္စည်း လက်ခံရောင်းဝယ်တဲ့လူနဲ့ ဆက်သွယ်နေရလို့လေ၊ သူက အမြတေကျမ်းကို ဈေးကောင်းပေးပြီး ဝယ်မယ်လို့ ပြောလိုက်တယ်"

ကောင်းလီ ကျေနပ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားက တစ်ခါတည်း ပြီးပြတ်သွားအောင် လုပ်လာခဲ့တာကိုး ကောင်းတယ်. . . ကောင်းတယ်၊ ခင်ဗျားကို ဆုငွေပိုပေးရမှာပေါ့ဗျာ"

ထိုလူကား အတုဝိဇ္ဇာ ဖြစ်လေသည်။

မည်သည့်ပစ္စည်းမျိုးကိုမဆို အစစ်နှင့် ခွဲခြားမရအောင် တုပမြူလုပ်နိုင်သူ ဖြစ်သည်။

အတုဝိဇ္ဇာသည်လည်း အမှောင်လောကသားတစ်ယောက်ဖြစ်ပြီး တစ်ချိန်တွင် သူ့အား မုန်းတီးသူများက ဝိုင်းပြီး လုပ်ကြံကြရာ သေကောင်ပေါင်းလည်း ဖြစ်ခဲ့ရလေသည်။

ကောင်းလီနှင့် မမျှော်လင့်ဘဲ တွေ့ဆုံမိကာ ကယ်တင်ခဲ့သည့် အတုဝိဇ္ဇာသည် မကောင်းမှုများကို စွန့်လွှတ်ကာ ဇာတ်မြှုပ်သွားခဲ့သည်။

ကောင်းလီ၏ကျေးဇူးကိုလည်း ဘယ်တော့မှ မမေ့တော့ချေ။

ယခု. . .

ကောင်းလီက အကူအညီ လိုအပ်လာသောအခါ အတုဝိဇ္ဇာက အစွမ်းကုန်ကြိုးစားကူညီခဲ့ခြင်း ဖြစ်လေသည်။

အတုဝိဇ္ဇာက. . .

"မင်းရဲ့ ကျေးဇူးက ကျုပ်အပေါ်မှာ ဆပ်လို့မကုန်အောင် ကြီးမားလှပါတယ်၊ ဒါကြောင့် ဘာမှပေးစရာ မလိုပါဘူးလေ"

ကောင်းလီက. . .



"ကိစ္စအားလုံး အဆုံးသတ်သွားအောင် ခင်ဗျားပဲ အမြူတေကျမ်းအတုကို တစ်ယောက်ယောက်လက်ထဲ ရောက်အောင် ထည့်လိုက်ပါ။ ပြီးရင် အားလုံးသိသွားအောင် သတင်းလွှင့်လိုက်ပေတော့"

အတုဝိဇ္ဇာ ရယ်မောလိုက်သည်။

"စိတ်ချ၊ ကျုပ် အကောင်းဆုံးနဲ့အမြန်ဆုံး ပြီးပြတ်အောင်ဆောင်ရွက်လိုက်ပါ့မယ်၊ ကဲ. . . ကျုပ်ကို ခွင့်ပြုဦး"

"ကောင်းပါပြီဗျာ"

အတုဝိဇ္ဇာက ကောင်းလီအား နှုတ်ဆက်ကာ ချက်ချင်း ပြန်လည်ထွက်ခွာသွားလေတော့သည်။

❄ ❄ ❄

အတုဝိဇ္ဇာ ရောက်လာပြီး ပြန်လည်ထွက်သွားခဲ့ပြီ ဖြစ်သည်။ ကောင်းလီ၏မျက်နှာ ပြုံးရွှင်နေ၏။

လုံထင်းဟိုဘက်သို့ လှည့်ကာ. . .

"သူက စိတ်ချရတယ်၊ ခုတော့ အားလုံးပြီးသွားပါပြီ၊ သွေးထွက်သံယို တိုက်ပွဲကြီးကို တားဆီးနိုင်ခဲ့ပြီလို့ ဆိုရမှာပေါ့"

အဖြူရောင်သိုင်းလောကသားများကား သွေးထွက်သံယို တိုက်ပွဲကြီးမှ လွတ်ကင်းသွားပြီ ဆိုနိုင်သော်လည်း အမှောင်လောကသားများကား အမြူတေကျမ်းအား လိုချင်သောဘဖြင့် အချင်းချင်း တိုက်ခိုက်ကြတော့မည် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အမှောင်လောကသားများအား ပရိယာယ်ဆင်ကာ ချေမှုန်းလိုက်ခြင်းဖြင့် သိုင်းလောက ပျက်စီးမည့် အရေးကို ကာကွယ်နိုင်ခဲ့ပြီ ဖြစ်သည်။

ကောင်းလီက. . .

"ကျုပ်က အမှောင်လောကသားတွေ နောက်ထပ် ခေါင်းမထောင်နိုင်အောင် တောင်ပင်လယ်လူထူးဆန်းသုံးယောက်ကို ဆုံးမမယ်လို့ ဆုံးဖြတ်ထားတယ်၊ ကျုပ်နဲ့ ရွှေနဂါးဂိုဏ်းချုပ် လက်တွဲပြီး ဆောင်ရွက်ကြမှာ၊ ညီလေးစိတ်ဝင်စားတယ်ဆိုရင် ကျုပ်တို့နဲ့ လက်တွဲပါဝင်နိုင်ပါတယ်လေ"

လုံထင်းဟိုက. . .

"ဟာ. . . သည်လို ပွဲကြီးပွဲကောင်းကို ကျုပ်မျှော်လင့်နေတာ ကြာပြီဗျ"

ကောင်းလီက. . .

"ဒါဖြင့် သည်ည သည်မှာပဲ အနားယူပြီး မိုးလင်းတာနဲ့ ရွှေနဂါးဂိုဏ်းချုပ်နဲ့ သွားတွေ့ကြတာပေါ့"

ဟု ပြောလိုက်လေသည်။

❋ ❋ ❋

လုံထင်းဟိုသည် ကောင်းလီ၊ ရွှေနဂါးဂိုဏ်းချုပ်တို့နှင့် လက်တွဲကာ တောင်ပင်လယ်လူထူးဆန်း သုံးယောက်အား ဆုံးမနှိမ်နင်းရာ၌ ပါဝင်ခဲ့လေသည်။



ကောင်းလီ၏အကြံအစည် အထမြောက်အောင်မြင်ခဲ့သည်ဟု ဆိုနိုင်ပေသည်။

အမှောင်လောကသားများသည် အမြဲတေသိုင်းကျမ်းအတုကို အစစ်ထင်မှတ်ကာ သဲကြီးမဲကြီး ဖြစ်ခဲ့ကြလေသည်။

အတုဝိဇ္ဇာက ခိုးရာပါပစ္စည်း ရောင်းဝယ်သူတစ်ဦးထံ တောင်ပိုင်းသိုင်းရာဇာ၏ ဒုတ်ဂူ ဖောက်ထွင်းသည့် စောရများ လက်ထဲပါသွားသည့် တောင်ပိုင်းသိုင်းရာဇာပိုင် ရွှေထည်အသုံးအဆောင်ပစ္စည်းအချို့နှင့်အတူ အမြဲတေသိုင်းကျမ်းအတုကို ရောနှောရောင်းချခဲ့လေသည်။

ခိုးရာပါပစ္စည်း လက်ခံသူထံမှတဆင့် အမှောင်လောကသား လက်ထဲသို့ အမြဲတေသိုင်းကျမ်း ရောက်ရှိသွားပြီးနောက် လောဘတရားကို အခြေခံသော လုပ်ကြံမှုများ၊ သွေးချောင်းစီးတိုက်ပွဲများ ဖြစ်ပေါ်လာတော့သည်။

အမှောင်လောကသားများမှာ အချင်းချင်း တိုက်ခိုက်ရင်း တောင်ပင်လယ်လူထူးဆန်းသုံးယောက်အား အမှုမထားနိုင်ကြတော့ပါ။

ကောင်းလီ၊ ရွှေနဂါးဂိုဏ်းချုပ်နှင့် လုံထင်းဟိုတို့ လက်တွဲကာ တောင်ပင်လယ်လူထူးဆန်း သုံးယောက်အား ရင်ဆိုင်ခဲ့ကြလေသည်။

တောင်ပင်လယ်လူထူးဆန်း သုံးယောက်၏ သိုင်းပညာ မခေရကား လုံထင်းဟိုတို့ အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ရသည်။

တိုက်ပွဲအပြီး၌ တောင်ပင်လယ်လူထူးဆန်း သုံးယောက်

www.burmeseclassic.com



စလုံး သေဆုံးသွားခဲ့ကြသည်။

ထို့အတူ ရွှေနဂါးဂိုဏ်းချုပ်နှင့် ကောင်းလီတို့လည်း ဒဏ်ရာများ ရခဲ့ကြသည်။

ရွှေနဂါးဂိုဏ်းချုပ်၏ ဒဏ်ရာ ပို၍ပြင်းထန်ရကား ကောင်းလီအား သူ၏ရွှေနဂါးဂိုဏ်းကို ဆက်လက်ဦးဆောင် ထိန်းသိမ်းပေးရန် မှာကြားကာ သေဆုံးသွားလေသည်။

ကောင်းလီ ဘာမှမတတ်သာတော့ဘဲ ရွှေနဂါးဂိုဏ်းချုပ်အား ကတိပေးခဲ့သည့်အတိုင်း ရွှေနဂါးဂိုဏ်းချုပ်ရာထူးယူကာ ရွှေနဂါးဂိုဏ်းကို ဆက်လက်ဦးစီးခဲ့ရလေသည်။

လုံထင်းဟိုလည်း ညီမလုံမေဝါး ရှိရာသို့ ပြန်လာခဲ့လေသည်။

ယခုတစ်ကြိမ်. . .

သူ၏ဘဝနှင့် ညီမဖြစ်သူတို့၏ ဘဝရှေ့ရေးအတွက် အကောင်းဆုံးနည်းလမ်းကို သူစဉ်းစားပြီးမှ ပြန်လာခြင်း ဖြစ်သည်။

အိမ်သို့ ပြန်ရောက်သည်နှင့် လုံမေဝါးကို ခေါ်ကာ အရေးကြီးသော စကားပြောလိုက်လေသည်။

တောင်ပိုင်းနယ်၌ အမှောင်လောကသားများ အကြီးအကျယ် အရေးနိမ့်သွား၏။

တောင်ပင်လယ်လူထူးဆန်း သုံးယောက်လည်း သေဆုံးသွားကြပြီဖြစ်ရာ သိုင်းလောက အေးချမ်းသာယာသွားသည် ဆိုနိုင်ပါတော့သည်။



လုံမေဝါးသည် လုံထင်းဟို ပြောပြသဖြင့် သိုင်းလောကကို ကယ်တင်ခဲ့သည့် သူရဲကောင်း ကောင်းလီ၏အကြောင်းကို သိရှိကာ လေးစားဂုဏ်ယူမိလေသည်။

လုံထင်းဟိုက. . .

"နောင်ကြီးကောင်းလီဟာ သူ့ရဲ့ကတိအတိုင်း ရွှေနဂါးဂိုဏ်းချုပ် တာဝန်ယူခဲ့ပေမယ့် တိုက်ပွဲမှာရခဲ့တဲ့ ဒဏ်ရာတွေကြောင့် သိုင်းပညာကို ကောင်းကောင်းအသုံးမပြုနိုင်တော့ဘူး ကျန်းမာရေးလည်း ထိခိုက်သွားတယ်၊ သူ့ကို အနီးကပ်ပြုစုစောင့်ရှောက်မယ့် လူတစ်ယောက် လိုအပ်နေပြီ ညီမလေး"

လုံမေဝါးက. . .

"အင်း. . . စိတ်မကောင်းစရာပါပဲ အစ်ကိုကြီးရယ်"

လုံထင်းဟိုက ညီမဖြစ်သူကို စိုက်ကြည့်လိုက်သည်။

သူ၏အကြည့် ထူးခြားနေကြောင်း လုံမေဝါး သတိပြုမိလိုက်လေသည်။

"အစ်ကိုကြီး တစ်ခုခု ပြောချင်လို့လားဟင်"

လုံထင်းဟိုက. . .

"ဟုတ်တယ် ညီမလေး၊ ပြောသင့်မပြောသင့် ချင့်ချိန်နေတာ၊ အမှန်အတိုင်း ဝန်ခံရမယ်ဆိုရင် သည်ကိစ္စကို ပြောပြချင်လို့ အိမ်ကို ပြန်လာခဲ့တာပဲ"

လုံမေဝါးက. . .

"အို. . . အစ်ကိုကြီးကလည်း မောင်နှမချင်း ပြောစရာရှိတာ ပွင့်ပွင့်လင်းလင်း ပြောလို့ ရတယ်၊ ဘာမှ စဉ်းစားချင့်

www.burmeseclassic.com



ခိုနှံနေစရာ မလိုပါဘူး"

လုံထင်းဟို သက်ပြင်းချလိုက်သည်။

"မဟုတ်သေးဘူး ညီမရဲ့၊ ကျုပ်ပြောမယ့် ကိစ္စဟာ ညီမရဲ့ဘဝတစ်ခုလုံးနဲ့ သက်ဆိုင်နေတယ်"

"ဟင်"

"ညီမလေး ကျုပ် ပွင့်ပွင့်လင်းလင်းပဲ ပြောမယ်၊ ကျုပ်ကညီမလေးကို အစ်ကိုကြီးကောင်းလီနဲ့ လက်ထပ်ပေးမယ်လို့ စိတ်ကူးထားတယ်"

"ရှင်"

လုံမေဝါး လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

လုံထင်းဟိုက. . .

"အစ်ကိုကြီးကောင်းလီရဲ့ ကျေးဇူးတွေက ဆပ်မကုန်အောင် ရှိနေတယ်၊ လောကပေါ်မှာ သူ့လို လူစားမျိုးကို ရှာတွေ့ဖို့ မလွယ်ဘူး။ ညီမလေးအတွက် အိမ်ထောင်ဘက်ကောင်းတစ်ယောက်လဲ ဖြစ်လိမ့်မယ်၊ နှစ်ဦးနှစ်ဘက် အပြန်အလှန်အကျိုးရှိမှာ သေချာတယ်၊ ညီမလေး တစ်သက်လုံး စိတ်ချမ်းသာပြီး မကြောင့်မကျ နေနိုင်အောင် ကျုပ် စဉ်းစားထားတာ"

လုံမေဝါးက. . .

"ကျွန်မ တစ်ခုပြောပါဦး အစ်ကိုကြီး"

လုံထင်းဟိုက. . .

"ညီမလေး ဘာပြောချင်လို့လဲ"

လုံမေဝါးက. . .



"အိမ်ထောင်ဖက်ရွေးတဲ့ကိစ္စဟာ ကျွန်မတို့ မိန်းမသားတွေအတွက် အလောတကြီး မလုပ်သင့်ပါဘူး။ ကျွန်မကို စဉ်းစားဖို့ အချိန်တော့ ပေးစေချင်ပါတယ်"

လုံထင်းဟို ပြုံးလိုက်သည်။

"ကိစ္စ မရှိဘူး။ ညီမလေး စဉ်းစားပါ၊ အစ်ကိုကြီးကောင်းလီကို သည်အတိုင်း ထားခဲ့ရတာ ကျုပ်လည်း စိတ်မချနိုင်သေးဘူး။ ဒါကြောင့် ရွှေနဂါးဂိုဏ်းကို ပြန်လိုက်ဦးမယ်၊ တစ်လလောက်ကြာမှ ပြန်လာခဲ့မယ် ဟုတ်ပြီလား"

ကောင်းပါပြီ အစ်ကိုကြီး"

လုံမေဝါး သဘောတူလိုက်သည်။

လုံထင်းဟိုလည်း အိမ်၌ နောက်နှစ်ရက်နေပြီး ရွှေနဂါးဂိုဏ်းသို့ ပြန်သွားလေတော့သည်။

❋ ❋ ❋

လုံထင်းဟိုက ရွှေနဂါးဂိုဏ်းသို့ ပြန်သွားခဲ့ခြင်းကြောင့် ကံကောင်းသွားသည်ဟု ဆိုရမည် ဖြစ်လေသည်။

အကြောင်းမှာ ကောင်းလီ၏အတွင်းဒဏ်ဝေဒနာမှာ သက်သာ ပျောက်ကင်းသွားခြင်း မရှိဘဲ အခြေအနေ ဆိုးဝါးလာခြင်းကြောင့် ဖြစ်လေသည်။

သမားတော်ကြီးများ ပင့်ဖိတ်ကာ ပြသကြည့်သောအခါ

"ပြင်းထန်တဲ့ ထိခိုက်မှုကြောင့် ဂိုဏ်းချုပ်ရဲ့ရင်တွင်း

www.burmeseclassic.com

www.burmeseclassic.com



အလိတာအချို့ လုံးဝပျက်စီးသွားပြီ၊ ခုချိန်အထိ အသက်ရှင်နေတာ အင်မတန် ကံကောင်းတယ်လို့ ဆိုရလိမ့်မယ်"

ဟူ၍ ကောင်းလီ၏ဝေဒနာကို သုံးသပ်ကာ မှတ်ချက်ပြုကြလေသည်။

သမားတော်အားလုံး တညီတညွတ်တည်း မှတ်ချက်ပြုကြသည်မှာ ကောင်းလီ မကြာမီ သေဆုံးသွားလိမ့်မည် ဟူ၍ ဖြစ်လေသည်။

လုံထင်းဟို ဝမ်းနည်းကြေကွဲမဆုံး ဖြစ်ရလေတော့သည်။

ကောင်းလီနှင့် လုံထင်းဟိုတို့ နှစ်ယောက်ထဲ ရှိသောအခါ ကောင်းလီက. . .

"ညီလေး ကျုပ်ရဲ့အခြေအနေကို ကျုပ်သိပါတယ်၊ ဒါကြောင့် ကျုပ်မရှိတော့တဲ့ နောက်ပိုင်း ရွှေနဂါးဂိုဏ်းကို ညီလေးဆက်ပြီး တာဝန်ယူဖို့ တိုက်တွန်းချင်တယ်၊ တောင်ပိုင်းဒေသတည်ငြိမ်အေးချမ်းရေးအတွက် ရွှေနဂါးဂိုဏ်း တည်ရှိနေမှ ဖြစ်မယ်"

ဟု မှာကြားလေသည်။

ရွှေနဂါးဂိုဏ်းသည် အများအကျိုးဆောင်ရွက်သော အဖြူရောင်ဂိုဏ်းတစ်ခု ဖြစ်သော်လည်း အရေးအကြောင်း မရှိလျှင် သိုင်းလောကနှင့် အဆက်အသွယ် မလုပ်ဘဲ သီးခြားနေသော ဂိုဏ်းတစ်ခုဖြစ်သည်။

ရွှေနဂါးဂိုဏ်း ဌာနချုပ်စခန်းကိုပင် လူသူ မနီးသော



တောတောင်ထဲ၌ ထားရှိခြင်း ဖြစ်လေသည်။

လုံထင်းဟိုမှာ ကောင်းလီ၏စကားကို မလွန်ဆန်နိုင်ပါချေ။

"ကောင်းပါပြီဗျာ၊ ရွှေနဂါးဂိုဏ်းကို ကျုပ်တာဝန်ယူပါ့မယ်၊ အစ်ကိုကြီးသာ နေကောင်းအောင်နေပါ"

လုံထင်းဟိုသည် ကောင်းလီအား လိုလေသေးမရှိအောင် ဂရုစိုက်ခဲ့လေသည်။

သို့တိုင်. . .

ရောဂါကျွမ်းနေပြီဟုဆိုနိုင်သော ကောင်းလီမှာ များမကြာမီ သေဆုံးသွားတော့သည်။

သိုင်းလောကအတွက် သူရဲကောင်းတစ်ယောက် ဆုံးရှုံးသွားရခြင်း ဖြစ်လေသည်။

လုံထင်းဟိုက ကောင်းလီ၏ဈာပနကို အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ပေးခဲ့သည်။

မည်သို့ဆိုစေ။

ကောင်းလီ၏ဆန္ဒအတိုင်း အကျယ်ချဲ့မနေဘဲ အကျဉ်းချုံးဆောင်ရွက်ခဲ့ရခြင်း ဖြစ်သည်။

ဈာပနကိစ္စ ပြီးဆုံးသွားလျှင် ရွှေနဂါးဂိုဏ်းအတွက် လိုအပ်သမျှ ဆက်လက် စီမံဆောင်ရွက်ရပြန်သည်။

ကိစ္စအဝဝ ဆောင်ရွက်ပြီးမှ အိမ်ပြန်လာခဲ့လေသည်။

လုံမေဝါးကိုပါ သူနှင့်အတူ ရွှေနဂါးဂိုဏ်း၌ ခေါ် ထားရန် ပြန်လာခဲ့ခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော်. . .

သူအိမ်ပြန်ရောက်လာသောအခါ မမျှော်လင့်သော ဖြစ်ရပ်နှင့် ကြုံတွေ့လိုက်ရလေသည်။

ညီမလုံမေဝါးက ဝူးစုကျင်းနောက် ခိုးရာလိုက်သွားသည်ဟု အဒေါ်ကြီးယုံမေက ဆီးကြိုတိုင်တန်းလိုက်ခြင်း ဖြစ်သည်။

လုံထင်းဟို ဒေါသချောင်းချောင်းထွက်ကာ လုံမေဝါးအား သဲကြီးမဲကြီး လိုက်လံရှာဖွေခဲ့လေသည်။

မည်သို့ဆိုစေ။

အစ်ကိုဖြစ်သူ၏အကြောင်းကို သိထားသော လုံမေဝါးက ရစ်ဝေးသို့ ထွက်ပြေးကာ ခြေရာဖျောက်လိုက်ခြင်းကြောင့် ရှာမတွေ့သည့် နောက်ဆုံး လုံထင်းဟိုလည်း ရွှေနဂါးဂိုဏ်းသို့ ပြန်သွားခဲ့ရလေသည်။

ရွှေနဂါးဂိုဏ်းအား ဦးဆောင်၍ အများအကျိုး ဆောင်ရွက်ရင်း ညီမဖြစ်သူအား မေ့ထားလိုက်လေတော့သည်။

❄ ❄ ❄



# တစ်ကောင်ကြွက်

နွေ. . .။

မိုး. . .။

ဆောင်း. . .။ ရာသီအလီလီ ပြောင်းလဲသွားခဲ့လေသည်။

လုံထင်းဟိုက ရွှေနဂါးဂိုဏ်းချုပ်အဖြစ် အခြေကျနေပြီဖြစ်သကဲ့သို့ လုံမေဝါးသည်လည်း ဝူးစုကျင်းနှင့် အိမ်ထောင်ကျကာ တောရွာကလေးတစ်ရွာ၌ မထင်မရှား ဇာတ်မြှုပ်နေထိုင်ခဲ့သည်မှာ အသားကျနေပြီ ဖြစ်သည့်အပြင် သူမတို့ဇနီးမောင်နှံ၌ ရင်သွေးသားယောကျ်ားလေးတစ်ဦးပင် ရရှိနေပြီ ဖြစ်လေသည်။

ဝူးစုကျင်းသည် လုံမေဝါးတို့သားအမိ တစ်နေ့ တိုးတက်မြင့်မားသော ဘဝ ပိုင်ဆိုင်ရရှိဖို့ ကြိုးစားရင်း အလုပ်ဒဏ်ပိကာ ကျန်းမာရေး ချို့ယွင်းလာလေသည်။

ဝူးစုကျင်း၏ကျန်းမာရေးကြောင့် လုံမေဝါးက ချောင်းဖျားချကာ သားငယ်ကို ရင်ဝယ်ပိုက်ကာ ခင်ပွန်းသည်နှင့်အတူ ဆေးကုဖို့ မြို့သို့ သွားခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ငွေကုန်ကြေးကျများမှာကို စိုးရွံ့သော်လည်း ဝူးစုကျင်းမှာ ကိုယ်တိုင် မဟန်နိုင်တော့သည့်အပြင် ဇနီးသည်ကလည်း ပူပန်နေရကား ဆေးကုဖို့ ဆုံးဖြတ်ပြီး မိသားစု ခရီးထွက်လာခဲ့ခြင်း ဖြစ်လေသည်။

ထိုခရီးသည် သူတို့၏နောက်ဆုံး ခရီးဖြစ်ကြောင်း ဝူးစုကျင်းနှင့် လုံမေဝါးတို့ ကြိုတင်မသိနိုင်ခဲ့ကြသဖြင့် သူတို့၏ရင်သွေးလေးမှာ မိဘမဲ့တစ်ကောင်ကြွက်ဘဝ ရောက်ခဲ့ရလေတော့သည်။

❄ ❄ ❄

နေမွန်းတည့်တော့မည် ဖြစ်သည်။

နေခြစ်ခြစ်တောက် ပူပြင်းနေသော်လည်း တောလမ်းပေါ်၌ကား သစ်ရိပ်ဝါးရိပ်များကြောင့် အေးမြနေပါသည်။

ဝူးစုကျင်းနှင့် လုံမေဝါးတို့ ဇနီးမောင်နှံက တောလမ်းအတိုင်း ခရီးနှင်လာခဲ့ကြလေသည်။

ကျန်းမာရေးချို့ယွင်းနေသော ဝူးစုကျင်းမှာ ခရီးပမ်း၍ချောင်းတဟွတ်ဟွတ်ဆိုးလာလေသည်။

လုံမေဝါးက. . .

"အစ်ကို. . . ကျွန်မတို့ ခဏနားလိုက်ကြတာပေါ့"

"ကောင်းသားပဲ ညီမ"

ခဏအနားယူဖို့ ပြောရာ ဝူးစုကျင်း သဘောတူသဖြင့် လမ်းဘေးအရိပ်ကောင်းသော သစ်ပင်ကြီးတစ်ပင်အောက်၌ အနားယူလိုက်ကြလေသည်။



လုံမေဝါးတို့ အနားယူနေသည့် သစ်ပင်ကြီးနှင့် မလှမ်းမကမ်း၌ စမ်းချောင်းကလေးတစ်ခု တသွင်သွင် စီးဆင်းနေပါသည်။

လုံမေဝါးက. . .

"အတော်ပဲ သားလေးကို ချောင်းထဲမှာခြေလက်ဆေးကိုယ်လက်သန့်စင်ပေးလိုက်ဦးမယ်၊ အစ်ကို ခဏနေခဲ့နော်"

"ရတယ် ညီမ"

ဝူးစုကျင်း ခွင့်ပြုလိုက်သည်။

လုံမေဝါးက တစ်ကိုယ်လုံး ဖုန်အလိမ်းလိမ်း ချွေးအလိမ်းလိမ်းပေကျံနေသော သားငယ်ကို လက်ဆွဲကာ စမ်းချောင်းလေးဆီသို့ခေါ်သွားလိုက်လေသည်။

ဝူးစုကျင်းက. . .

"ညီမ. . . မြန်မြန်လုပ်နော်၊ သည်နေရာမှာ ကြာကြာနေလို့မကောင်းဘူး။ သည်လမ်းခရီးမှာ လူဆိုးဓားပြတွေ သောင်းကျန်းနေတယ်လို့ သတင်းတွေဖြစ်ပေါ်နေတာ ခဏနားပြီးတာနဲ့သွားကြမယ်"

ဟု လှမ်းပြီး သတိပေးလေသည်။

လုံမေဝါးက. . .

"စိတ်ချပါ အစ်ကို၊ သိပ်မကြာစေရပါဘူး"

သားအမိနှစ်ယောက် ချုံပုတ်များကို ကျော်ပတ်ကာ စမ်း

www.burmeseclassic.com

www.burmeseclassic.com



ချောင်းလေးဆီသို့ သွားကြလေသည်။

စမ်းရေက အေးမြပြီး တသွင်သွင်စီးဆင်းနေ၏။

လုံမေဝါးက စမ်းရေဖြင့် သားငယ်အား ကိုယ်လက်သန့်စင်ပေးလိုက်၏။

သူမနှင့် အစ်ကိုလုံထင်းဟိုတို့ ကျောက်စိမ်းဆွဲပြားပါသော ဆင်တူဆွဲကြိုးတစ်ကုံးစီ လည်မှာဆွဲထားခဲ့ကြသော်လည်း မိဘအမွေအနှစ်ပစ္စည်းဖြစ်သည်။

ယခု...

လုံမေဝါးက သူမ၏ဆွဲကြိုးလေးအား သားငယ်၏လည်ပင်း၌ လက်ဆင့်ကမ်းဆွဲထားပေးလိုက်ပြီ ဖြစ်သည်။

သူမ၏သားကလေးမှာ ငယ်ရွယ်သော်လည်း ဉာဏ်ကောင်းသူလေးဖြစ်သည်။

မိဘနှစ်ပါး၏အမည်ကို ကောင်းစွာ ကျက်မှတ်မိထားပြီး

"ဖေဖေနာမည် ဘယ်သူလဲ"

"ဖေဖေ ဝူးစုကျင်း"

"မေမေနာမည်ကော"

"မေမေ လုံမေဝါး"

လုံမေဝါးက မေးတိုင်း မပီကလာပီကလာဖြင့် အဖြေပေးတတ်နေပြီ ဖြစ်သည်။

သားအမိနှစ်ယောက် စမ်းချောင်းလေးအနီး၌ရှိနေစဉ်

"ညီမ... မြန်မြန်လာပါဦး"

ဝူးစုကျင်း၏ အထိတ်တလန့် အော်ဟစ်ခေါ်သံ ထွက်



ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

"ဟင်"

လုံမေဝါး ရင်ထိတ်သွားလေသည်။

"သားလေး... သည်မှာ ခဏနေခဲ့ဦး"

သားငယ်ကို စမ်းချောင်းနံဘေး၌ ထားခဲ့ပြီး ခင်ပွန်းသည်ရှိရာသို့ ပြေးသွားလိုက်လေသည်။

လုံမေဝါး အပြေးတပိုင်း သွားလိုက်သော်လည်း နောက်ကျသွားပြီ ဖြစ်လေသည်။

ဝူးစုကျင်းကား သေဆုံးနေပြီ ဖြစ်သည်။

လမ်းခေါ်ပြသုံးယောက် ရောက်ရှိလာပြီး ပစ္စည်းတောင်းရာ ဝူးစုကျင်း၌ အဖိုးတန်ပစ္စည်းမပါသဖြင့် စိတ်ဆိုးပြီး ဓားပြတစ်ယောက်က ဝူးစုကျင်းအား ဓားနှင့်ခုတ်သတ်လိုက်ခြင်း ဖြစ်လေသည်။

"ဖြစ်ရလေ... အစ်ကိုရယ်"

လုံမေဝါး ကြေကွဲမဆုံး ဖြစ်သွားလေသည်။

ခင်ပွန်းသည်၏အလောင်းကို ပြေး၍ပွေ့ဖက်လိုက်လေသည်။

ဓားပြသုံးယောက် အချင်းချင်း ကြည့်လိုက်ကြသည်။

တစ်ယောက်က...

"ပေးစမ်း"

လုံမေဝါး၏ပခုံး၌ လွယ်ထားသော ခရီးဆောင်အဝတ်ထုပ်ကို လုယူလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အဝတ်ထုပ်ကို ဖြဲရှာဖွေလိုက်ရာ မျှော်လင့်သလို ဖြစ်မလာဘဲ ငွေစအနည်းငယ်သာ တွေ့ရသဖြင့် ဒေါသထွက်သွားကြလေတော့သည်။

"တောက်. . . အသုံးမကျလိုက်တာ"

ဓားပြသုံးယောက်က ရက်စက်ကြမ်းကြုတ်ပြီး လူစိတ်ကင်းမဲ့သူများ ဖြစ်လေသည်။

ငွေမရသဖြင့် ဒေါသထွက်ကုန်ကြ၏။

သည်ကြားထဲ လုံမေဝါးက ရန်တွေ့လိုက်သောအခါ. .

"လူယုတ်မာတွေ နေမကောင်းဖြစ်နေတဲ့ ကျွန်မယောကျ်ားကို ရက်ရက်စက်စက် သတ်ပစ်လိုက်ကြတယ်၊ ရှင်တို့ ဝဋ်လိုက်မယ်"

ဓားပြတစ်ယောက်က. . .

"ကဲ. . . ဝဋ်လိုက်ဦး"

အော်ငေါက်ကာ ဓားဖြင့် ခုတ်ချလိုက်လေသည်။

လုံမေဝါး မရှောင်သာပါ။ ပြင်းထန်သောဓားချက်ကြောင့်. . .

"အမယ်လေး"

တစ်ချက်သာ အော်ဟစ်နိုင်ပြီး မြေပေါ်လဲကျကာ သေဆုံးသွားလေတော့သည်။

ဓားပြသုံးယောက်သည် အဓိပ္ပါယ်ကင်းမဲ့စွာဖြင့် လုံမေဝါးတို့ ဇနီးမောင်နှံအား ရက်ရက်စက်စက် သတ်ပစ်လိုက်ခြင်းဖြစ်သည်။



ထို့နောက်. . .

"သွားစို့"

လုံမေဝါးတို့အား လုံးဝဂရုမစိုက်ဘဲ ကျောခိုင်းထွက်သွားကြလေတော့သည်။

❄ ❄ ❄

ဓားပြသုံးယောက် ထွက်သွားကြပြီဖြစ်သလို လုံမေဝါးတို့ဇနီးမောင်နှံ နှစ်ဦးလည်း သေဆုံးသွားခဲ့ကြပြီ ဖြစ်လေသည်။

ဝန်းကျင်တစ်ခုလုံး ပြန်လည်တိတ်ဆိတ်ငြိမ်သက်သွားလေသည်။ ထိုအချိန်တွင်. . .

"ဖေဖေ"

"မေမေ"

မပီကလာပီကလာ ခေါ်သံနှင့်အတူ လုံမေဝါး၏သားငယ်လေး ပြေးလာလေသည်။

လုံမေဝါးတို့ကား သားငယ်အား စွန့်ခွာထားရစ်ခဲ့ကြချေပြီ။

ကလေးသည် မိဘနှစ်ပါး အဖြစ်ဆိုးကြုံရကြောင်း သိရှိနေပါသည်။

"ဖေဖေ. . . မေမေ"

မိဘနှစ်ပါး၏အလောင်းအနီး၌ ဒူးထောက်ငိုကြွေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကလေးငယ်မှာ ငိုရလွန်းသဖြင့် မောပန်းနွမ်းနယ်လာသည်။

မျက်ရည်များလည်း ခန်းခြောက်သွားတော့သည်။

ကြာသော် ငိုရှိုက်သံပျောက်ကွယ်ကာ ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်သွားတော့သည်။

မည်မျှကြာသွားမှန်း မသိ။

လုံမေဝါနှင့် ဝူးစုကျင်းတို့၏အလောင်းများ အေးစက်တောင့်တင်းသွားလေသည်။

နေညိုသွားပြီး အမှောင်ရိပ်များ ဖြစ်ပေါ်လာခြင်းကြောင့် ကလေးမှာ ကြောက်ရွံ့စိတ်များ ဖြစ်ပေါ်လာတော့သည်။

"ဖေဖေ. . . မေမေ"

ကလေးက အားကိုးတကြီးခေါ်ရင်း ပတ်ဝန်းကျင်ကို ကြည့်လိုက်သည်။

ဤတွင်. . .

မလှမ်းမကမ်း၌ မလှုပ်မယှက်ရပ်ကာ စိုက်ကြည့်နေသူတစ်ဦးကို တွေ့လိုက်ရလေသည်။

"အား"

ကလေးက ကြောက်လန့်တကြား အော်လိုက်လေသည်။ သူ၏အသံက စူးစူးဝါးဝါး ထွက်ပေါ်လာ၏။

ရပ်ကြည့်နေသူလည်း လှုပ်လှုပ်ရှားရှား ဖြစ်လာလေတော့သည်။



ချက်ချင်းပင် ကလေးအနီးသို့ ရောက်ရှိလာပြီး ချော့မော့နှစ်သိမ့်လိုက်လေသည်။

"မငိုပါနဲ့ကလေးရယ်၊ ဘာဘာ ဘာမှမလုပ်ပါဘူး။ ကလေးကို ကူညီစောင့်ရှောက်မှာပါ"

ကလေးကို ပွေ့ချီလိုက်လေသည်။

"ဖေဖေ. . . မေမေ"

ကလေးက ငိုကြွေးလိုက်သည်။

သို့သော် ရုန်းကန်ဖို့ အင်အားမရှိတော့။

ထိုလူကလည်း အမျိုးမျိုးပြောဆိုချော့မော့ နှစ်သိမ့်ရင်းကလေးအား ခေါ်ဆောင်သွားလေတော့သည်။

ထိုကလေးမှာ နောင်တစ်ချိန်၌ 'ရေသား' တစ်ဦးဖြစ်လာမည့် 'ဝူးယို့ကျောင်း'အမည်ရှိ ကလေးဖြစ်ပေတော့သည်။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



## သူခိုးလေး

မြို့လယ်ပိုင်း၌ ဈေးဆိုင်၊ စားသောက်ဆိုင်များဖြင့် စည်ကားနေသည်။

လမ်းသွားလမ်းလာများလည်း တိုးမပေါက်အောင်ရှိနေသည်။

ထိုအချိန်တွင် လမ်းဘေးသစ်ပင်တစ်ပင်အောက်၌ ကောင်လေး တစ်ယောက်ရှိနေပါသည်။

ထိုကောင်လေးမှာ ခေါင်းတုံးလေးဖြစ်ပြီး ယားနာများ ပေါက်နေပြီး အဝတ်အစားများကလည်း ဟောင်းနွမ်းစုတ်ပြဲသည့်အပြင် ညစ်ထေးပေကျံနေရကား အခြေအနေမဲ့လေး တစ်ယောက်ဖြစ်ကြောင်း ထင်ရှားပေါ်လွင်နေပါသည်။

ကောင်လေးက လမ်းပေါ်သို့ အရောင်မှေးမှိန်သော မျက်လုံးများဖြင့် ငေးမောကြည့်နေ၏။

သူက လူတစ်ယောက်ကို ကြည့်နေခြင်းဖြစ်သည်။

အဝါရောင်ဝတ်ထားသော သူတော်တစ်ဦးဖြစ်သည်။



သူတော်သည် လမ်းသွားလမ်းလာများထံ၌လည်းကောင်း၊ ဈေးဆိုင်များ၌လည်းကောင်း အလှူခံနေ၏။

ထိုသူတော်၏အသွင်မှာ မျက်နှာစုတ်ချွန်းချွန်း၊ မျက်လုံးပြူးပြူး၊ မုတ်ဆိတ်မွေးတိုနံ့နံ့နှင့် မသတီစရာကောင်းသောအသွင်ရှိလေသည်။ သူတော်သည် ရိုးရိုးအလှူခံနေခြင်း မဟုတ်ပါ။

အလှူခံရင်း ပစ္စည်းများ အလစ်သုတ်ခိုးယူဖို့ ကြံစည်နေခြင်းဖြစ်လေသည်။

သူတော်အယောင်ဆောင်ထားသော အကျင့်ပျက် လူယုတ်မာတစ်ဦး ဖြစ်သည်။ အကြောင်းသိသူများက ထိုသူတော်အယောင်ဆောင်အား ကြွက်ပျင်းချီဟု ခေါ်ကြလေသည်။

ကြွက်ပျင်းချီသည် အခွင့်အရေးရလျှင်ရသလို ဒုစရိုက်မှုများ အမျိုးမျိုး ကျူးလွန်နေသည့် အမှောင်လောကသား တစ်ဦးလည်း ဖြစ်လေသည်။

ယခုလည်း ကြွက်ပျင်းချီက သစ်သီးဝလံများ ရောင်းချသည့် ဆိုင်တစ်ဆိုင်ကို မျက်စိကျနေသည်။

ဆိုင်ရှင်သည် လူတစ်ယောက်နှင့် စကားလက်ဆုံကျနေပြီး ရယ်မောလိုက် ပြောဆိုလိုက်ရှိနေ၏။

မိတ်ဟောင်းဆွေဟောင်း တစ်ယောက်နှင့် ပြန်လည်ဆုံတွေ့ကာ စကားလက်ဆုံ ပြောမကုန်နိုင်အောင် ရှိနေသည့် သဘောဖြစ်လေသည်။

ကြွက်ပျင်းချီအတွက် သစ်သီးဆိုင်ရှင်မှာ ပစ်မှတ်ဖြစ်လာလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကြွက်ပျင်းချီက ဟိုဝင်သည်ထွက် အလှူခံရင်း သစ်သီးဆိုင်အနီးသို့ ရောက်သွားလေသည်။

လမ်းဘေးမှ ကောင်လေးကိုလည်း မသိမသာ လက်ယပ်ခေါ်လိုက်လေသည်။

ကောင်လေး၏မျက်နှာ ငိုမဲ့မဲ့လေး ဖြစ်သွားလေသည်။

သို့သော် ကြွက်ပျင်းချီအား မလွန်ဆန်နိုင်အောင် ကြောက်၍ ထိတ်လန့်ရပုံရှိလေသည်။

တုန်တုန်ယင်ယင်ဖြင့် သစ်ပင်အောက်မှထွက်ကာ လမ်းတစ်ဘက်သို့ကူးပြီး ကြွက်ပျင်းချီထံသို့ ဦးတည်သွားလိုက်ရလေသည်။

ကြွက်ပျင်းချီက ကောင်လေးကို မျက်လုံးပြူးကြည့်လိုက်ပြီး သစ်သီးဝလံများထည့်ထားသည့် ဘန်းကို မျက်လုံးဖြင့် ညွှန်ပြလိုက်လေသည်။ ကောင်လေး၏မျက်ဝန်းအစုံ၌ မျက်ရည်များ ရစ်ဝဲလာသည်။ ကြွက်ပျင်းချီက. . .

"အဟမ်း"

ချောင်းတစ်ချက် ဟန့်လိုက်သည်။

သစ်သီးများကို ခိုးယူဖို့ မျက်ရိပ်ပြလိုက်ခြင်းဖြစ်ပြီး သူခိုင်းသည့်အတိုင်း မလုပ်ပါက ရိုက်နှက် နှိပ်စက်ခံရမည်ဟု ချောင်းဟန့်ပြလိုက်ခြင်း ဖြစ်သည်။

ကောင်လေးမှာ ကြွက်ပျင်းချီကို အကြောက်ကြီးကြောက်ရကား သစ်သီးဝလံဘန်းဆီသို့ တိုးကပ်သွားလိုက်လေသည်။



ဈေးသည်နှင့် စကားလက်ဆုံကျနေသော ဆိုင်ရှင်အမျိုးသမီးကြီးသည် အမှတ်မထင် ကောင်လေးကို သတိပြုမိသွားလေသည်။

"ဟဲ့ကောင်လေး. . . ဘာလုပ်မလို့လဲ"

ဟု လှမ်းခေါ်လိုက်လေသည်။

ကောင်လေးလည်း ငှက်ဆိုးထိုးသံ ကြားလိုက်ရသည့်အလား လန့်ဖြန့်သွားပြီး သစ်သီးတစ်လုံးကို နှိုက်ယူကာ ထွက်ပြေးဖို့ကြိုးစားလေသည်။

"အံမယ် သူခိုးလေးပါလား၊ ဘယ်ပြေးမလဲ"

ဆိုင်ရှင်က အော်ခေါ်ရင်း ချက်ချင်းလိုက်ဖမ်းတော့သည်။ သစ်သီးဆိုင်ရှေ့၌ ရုတ်ရုတ်သဲသဲ ဖြစ်သွားသည်။

"ဘာဖြစ်တာလဲ"

"သူခိုးဟေ့. . . သူခိုး"

လမ်းသွားလမ်းလာများကော အနီးအပါးရှိ ဈေးဆိုင်များမှလူများကော ဆူဆူညံညံဖြင့် ဝိုင်းအုံလာကြတော့သည်။

အားလုံးက တဒင်္ဂအားဖြင့် အရာရာကိုမေ့လျော့ကာ ကောင်လေးဆီသို့ အာရုံရောက်သွားကြခြင်း ဖြစ်သည်။

ကြွက်ပျင်းချီသည် အခွင့်အရေးကို လက်လွှတ်မခံဘဲ သစ်သီးဆိုင်ပေါ် တင်ထားသည့် ငွေအိတ်ကို ဖျပ်ခနဲ ဆွဲယူပြီး ထွက်သွားတော့သည်။ ကောင်လေးအား သစ်သီးဆိုင်ရှင် ဖမ်းမိသွားချိန်၌ ကြွက်ပျင်းချီမှာ လမ်းကြားကလေးတစ်ခုအတွင်းသို့ ချိုးကွေ့ ဝင်ရောက်ပျောက်ကွယ်သွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"သူခိုးလေး သေချင်လို့ ငါ့ဆိုင်က သစ်သီးကိုခိုးယူတယ် ပေါ့လေ၊ ကဲဟယ်. . . ကဲဟယ်"

ဆိုင်ရှင်အမျိုးသမီးကြီးသည် ကောင်လေး၏လည်ဂုတ်ကိုဆွဲကာ ကျောပြင်ကို လက်ဝါးဖြင့် သုံးလေးချက်ခေါက် ရိုက်လိုက်သည်။

တဘုန်းဘုန်းမြည်အောင် အရိုက်ခံလိုက်ရသဖြင့် ကောင်လေးကျောကော့သွားပြီး တဝါးဝါး ငိုကြွေးလိုက်လေတော့သည်။ ဝိုင်းအုံ ရောက်လာသူများက. . .

"သူခိုးလေး တစ်ယောက်ပါလား"

"တော်တော် အတင့်ရဲတယ်"

"သည်လိုဆုံးမထားမှ တန်ကာကျမယ်"

"နောက်မလုပ်ဝံ့အောင် ခပ်နာနာသာရိုက်ပေး"

ကောင်လေးအား သနားညှာတာခြင်းမရှိသည့်အပြင် ရိုက်နှက်ဆုံးမရန် ဆိုင်ရှင်အား မြှောက်ပင့်ပေးကြလေသည်။

အကျင့်ပျက် သူခိုးလေးတစ်ယောက်ဟူသောအသိဖြင့် အလိုလို မုန်းတီးရွံရှာကြခြင်း ဖြစ်လေသည်။

လူပုံအလယ်၌ လူတွင်ကျယ်လုပ်သူ တစ်ယောက်ကလည်း. . .

"ခွေးကောင်လေး၊ ငယ်ငယ်ရွယ်ရွယ်နဲ့ ခိုးတတ်တဲ့အကျင့်ရှိတယ် ဟုတ်လား။ မင်းရဲ့လက်တွေကိုဖြတ်ပစ်လိုက်ရမလား"

ကြားဝင် အော်ငေါက်ရင်း ကောင်လေး၏တင်ပါးကို



တစ်ချက် ကန်ကျောက်လိုက်လေသည်။

ကောင်လေးမှာ ကြောက်ရွံ့လွန်းသဖြင့် အသားများ တဆတ်ဆတ်တုန်နေပြီး ရိုက်ပုတ်သမျှ ခံနေရလေတော့သည်။

ထိုအချိန်တွင်. . .

"ဘာဖြစ်နေကြတာလဲဟေ့"

ကျယ်လောင်သော မေးမြန်းသံနှင့်အတူ အသက်ငါးဆယ်ခန့်ရှိသူ တစ်ဦး ရောက်ရှိလာလေသည်။ ဆိုင်ရှင်က. . .

"ဦးလေးဖုံး ရောက်လာတာ အတော်ပဲ၊ သည်မှာ သူခိုးလေးတစ်ယောက် ဖမ်းမိထားလို့"

ဦးလေးဖုံးဆိုသူမှာ ဤအနီးပတ်ဝန်းကျင်၌ သြဇာတိက္ကမကြီးသူတစ်ဦး ဖြစ်ပုံရလေသည်။

ဝိုင်းအုံနေကြသူများ ဘေးသို့ရှဲသွား၏။

ကောင်လေးကား မြေပေါ်မှောက်လျက်ကလေး ရှိနေပါသည်။ ဦးလေးဖုံးဆိုသူက ကောင်လေးကို ကြည့်လိုက်၏။

တဖန် ဆိုင်ရှင်အမျိုးသမီးကို မေးလိုက်သည်။

"ဘယ်လို ဖြစ်ရတာလဲ"

ဆိုင်ရှင်အမျိုးသမီးက. . .

"ကျွန်မဆိုင်က ပန်းသီးတစ်လုံးကိုခိုးပြီး ထွက်ပြေးမလို့လေ၊ ကျွန်မ မြင်လိုက်လို့ပေါ့"

ဦးလေးဖုံး သက်ပြင်းချလိုက်သည်။

"ကောင်လေးကိုကြည့်ရတာ သည်မြို့က မဟုတ်ဘူး၊ တခြားအရပ်ဒေသက လာခဲ့တာဖြစ်မယ်၊ ဗိုက်ဆာနေလို့ ထင်

www.burmeseclassic.com

www.burmeseclassic.com



ပါရဲ့၊ ကဲ ရိုက်နှက်မနေကြပါနဲ့တော့၊ လွှတ်လိုက်ပါတော့၊ သစ်သီးဖိုး ကျပ်စိုက်ပေးလိုက်မယ်၊ ကဲ ကောင်လေး . . ထ . . ထ မင်းသွားတော့"

ပန်းသီးဖိုးငွေ စိုက်ပေးကာ ကောင်လေးအား လွှတ်ပေးလိုက်လေသည်။ ကောင်လေးလည်း လမ်းပေါ်ကျနေသော ပန်းသီးလေးကိုပင် မကောက်တော့ဘဲ လူးလိမ့်ထကာ သွေးရူးသွေးတန်း ထွက်ပြေးသွားတော့သည်။

ဦးလေးဖုံးကြောင့် ကောင်လေး သက်သာသွားခြင်းဖြစ်သည်။

ဆိုင်ရှင်အမျိုးသမီးက ဘာမှမပြောတော့သလို ဝိုင်းကြည့်နေသူများလည်း လူစုခွဲကာ ကိုယ့်လမ်းကိုယ် ဆက်သွားကြတော့သည်။

ကောင်လေးအား ရိုက်နှက်ဆုံးမလိုက်ရသဖြင့် ကျေနပ်သွားကြသည့် သဘောဖြစ်လေသည်။

တခဏအတွင်းမှာပင် ကောင်လေးကို အားလုံးမေ့ပျောက်သွားကြလေတော့သည်။

❋ ❋ ❋



မြို့စွန်သချိုင်းမြေသို့သွားသည့် လမ်း၌ လူရှင်းနေ၏

လမ်းဘေးသစ်ပင်ကြီးတစ်ပင်အောက်၌ ပန်းသီးခိုးခဲ့သည့်ကောင်လေး ကျုံ့ကျုံ့လေးထိုင်ကာ တရှုံ့ရှုံ့ငိုကြွေးနေ၏။

ထိုစဉ် လူတစ်ယောက်က သူ၏ရှေ့သို့ ရောက်ရှိလာလေသည်။

ငိုကြွေးနေသော ကောင်လေးမှာ သူ၏ရှေ့၌ ခြေအစုံရပ်လိုက်သည်ကို ဦးဆုံးတွေ့မြင်လိုက်သဖြင့် ကယျာကယာ မော့ကြည့်လိုက်လျှင် အသက်လေးဆယ်ကျော်ခန့်ရှိသူ တစ်ဦးရောက်ရှိနေသည်ကို တွေ့လိုက်ရလေသည်။

"အမယ်လေး"

ကောင်လေး ကြောက်လန့်တကြား အော်လိုက်လေသည်။ ထိုလူက . . .

"မကြောက်ပါနဲ့ကွာ၊ ငါက မင်းကို ဘာမှမလုပ်ပါဘူး။ မင်းဗိုက်ဆာနေတယ် မဟုတ်လား"

အသင့်ယူလာသည့် ပေါက်စီတစ်လုံး ကမ်းပေးလိုက်၏။ ပေါက်စီမှာ ပူပူနွေးနွေး မွှေးကြိုင်နေ၏။

ကောင်လေးမှာ ကြောက်ရွံ့နေသည့်တိုင် ပေါက်စီကို မက်မောစွာ ကြည့်လိုက်၏။ ထိုလူက . . .

"ယူပါ၊ မင်းဗိုက်ဆာနေပြီ မဟုတ်လား၊ စားလိုက်လေ မင်းကို ငါမရိုက်ပါဘူး"

ပေါက်စီကို ကောင်လေးလက်ထဲ ထည့်ပေးလိုက်သည်။

ကောင်လေး၏ဗိုက်ထဲက တကြုတ်ကြုတ်မြည်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



အလွန်ဆာလေင်နေကြောင်း ထင်ရှား၏။

ပေါက်စီ လက်ထဲရောက်လာလျှင် ဟန်မဆောင်နိုင်တော့ဘဲ ပါးလုပ်ပါးလောင်း စားလိုက်လေတော့သည်။

ပေါက်စီမှာ တခဏအတွင်း ကုန်သွားတော့သည်။

ကောင်လေးက ပေကျံနေသော နှုတ်ခမ်းကို အင်္ကျီလက်ဖြင့်သုတ်ရင်း ထိုလူကြီးအား မော့ကြည့်လိုက်သည်။

ထိုလူ ပြုံးလိုက်သည်။

"မဝသေးဘူးလား၊ ထပ်စားချင်သေးသလား"

ကောင်လေး ဘာမှမပြောပါ။ ထိုလူက. . .

"ငါနဲ့လိုက်ခဲ့ရင် မင်းကို အဝတ်အစားတွေ ဝယ်ပေးမယ်၊ စားချင်တာကျွေးမယ်၊ ဘယ်လိုလဲ"

ကောင်လေး ခေါင်းညိတ်လိုက်သည်။

ထိုလူ လက်ကမ်းလိုက်လျှင် ကောင်လေးက ထိုလူ၏လက်ကို ဆွဲယူအားပြုကာ ထရပ်လိုက်လေတော့သည်။

❈ ❈ ❈

တစ်ရက်. . .။

နှစ်ရက်. . .။

သုံးရက်. . .။

သုံးရက်ဟူသောအချိန်အတွင်း ကောင်လေး၏ အခြေအနေမှာ အပြောင်းလဲကြီး ပြောင်းလဲသွားခဲ့လေသည်။



ကောင်လေးမှာ ဝဝလင်လင်စားသောက်ရသဖြင့် တသွေးတမွေးဖြစ်လာသည်။ အဝတ်သစ်များ ဝတ်ဆင်ရသည်။

ခေါ်သွားသူက ဂရုစိုက်ကာ ပြုစုစောင့်ရှောက်ခဲ့ခြင်းဖြစ်လေသည်။

ကောင်လေးမှာ မိဘမဲ့လေးတစ်ယောက် ဖြစ်ပါသည်။

ကယ်တင်ခဲ့သူက မေးမြန်းကြည့်သောအခါ. . .

"ကျွန်တော့်ကို မေမေက 'ကျန်းကျက်'လို့ခေါ်ပါတယ်"

သူ၏အမည်ကို ပြောပြလေသည်။ ကယ်တင်သူက. .

"မင်းအဖေနဲ့အမေရဲ့ နာမည်ကကော"

ကောင်လေး(ဝါ)ကျန်းကျက် ခေါင်းခါယမ်းလိုက်သည်။

"ကျွန်တော် မသိဘူး"

"သူတို့ သေသွားပြီ ဟုတ်လား"

"ဟုတ်ပါတယ်၊ သူတို့သေသွားတော့ အဒေါ်ကြီးတစ်ယောက်က ကျွန်တော့်ကို မွေးစားမယ်ဆိုပြီး ခေါ်သွားတာ၊ နောက်တော့ လမ်းဘေးမှာထားပြီး ပျောက်သွားလို့ ကျွန်တော်လိုက်ရှာနေတာ ခုထိမတွေ့ရသေးဘူး"

ထိုအဒေါ်ကြီးဆိုသူသည် ကောင်လေးအား မွေးစားမည်ဆိုကာ ကောင်လေးမိဘများ၏ ရွှေငွေပစ္စည်းများယူပြီး နောက်ပိုင်း၌ ကောင်လေးအား လမ်းဘေးတစ်နေရာ၌ စွန့်ပစ်ထားခဲ့ခြင်းဖြစ်ကြောင်း ကယ်တင်ခဲ့သူ နားလည်လိုက်လေသည်။ အတိဒုက္ခရောက်ကာ လမ်းပေါ် တဝဲလည်လည်ဖြစ်နေရရှာသည့် မိဘမဲ့ကလေငယ်များ အရပ်ရှစ်မျက်နှာ၌ရှိနေ

www.burmeseclassic.com

www.burmeseclassic.com



ကြောင်း ထိုလူနားလည်ထားလေသည်။

"ငါနာမည် ကျိုင်ဝင်းရီလို့ခေါ်တယ်၊ မင်းလို ဒုက္ခရောက်နေတဲ့ကလေးသူငယ်တွေကို ငါကယ်တင်စောင့်ရှောက်နေတာ၊ ငါနဲ့မင်းလိုက်ခဲ့မယ် မဟုတ်လား"

ကျန်းကျက်ဆိုသော ကောင်လေးက. . .

"ကျွန်တော် လိုက်မယ်"

သူ့အပေါ် စေတနာကောင်းလှသည့် ကျိုင်ဝင်းရီကို အားကိုးမိလိုက်ပြီဖြစ်သည်။ ကျိုင်ဝင်းရီက. . .

"ငါနဲ့လိုက်ရင် ငါ့စကားကို နားထောင်ရမယ်နော်"

"ဟုတ်ကဲ့ နားထောင်ပါ့မယ်"

"ကောင်းတယ်. . . ကောင်းတယ်"

ကျိုင်ဝင်းရီက ကျန်းကျက်ကို သူနှင့်အတူခေါ်သွားလေသည်။

❄ ❄ ❄

ကျန်းကျက်က ကျိုင်ဝင်းရီနှင့်အတူ လိုက်သွားလေသည်။ နှစ်ယောက်သား တောလမ်းကလေးအတိုင်း သွားနေကြစဉ်. . .

"ရပ်လိုက်"

အော်ငေါက်သံနှင့်အတူ လူတစ်ယောက် ပြေးလိုက်လာသည်ကို တွေ့ရလေသည်။



ကြွက်ပျင်းချီဖြစ်လေသည်။

ကောင်လေး ကျန်းကျက်သည် ကြွက်ပျင်းချီကိုမြင်လျှင် အထိတ်တလန့် ဖြစ်သွားလေသည်။

"ကျွန်တော့်ကို ကယ်ပါဦး"

ကျိုင်ဝင်းရီကို အားကိုးတကြီး ပြောလိုက်လေသည်။

ကျိုင်ဝင်းရီက. . .

"ကိစ္စမရှိဘူး၊ သူ့ကိုငါ မောင်းထုတ်လိုက်မှာပါ"

ကြွက်ပျင်းချီက အနီးသို့ရောက်လာလျှင် ဒေါနှင့်မောနှင့်ရန်တွေ့လိုက်လေသည်။

"ဒါဘာလုပ်တာလဲ၊ ကျုပ်ရဲ့ကောင်လေးကို ခေါ်သွားမလို့ပေါ့လေ"

ကျိုင်ဝင်းရီက. . .

"ခင်ဗျားရဲ့ကောင်လေး ဟုတ်လား"

သူက ကျန်းကျက်ကို မေးလိုက်သည်။

"သူပြောတာ ဟုတ်သလား"

ကျန်းကျက် ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ဘူး၊ သူက ကျွန်တော့်ကို ထမင်းအငတ်ထားပြီး ရိုက်နှက်နှိပ်စက်သေးတယ်၊ သူ့ကို ကျွန်တော် ကြောက်တယ်"

ကျိုင်ဝင်းရီက ကြွက်ပျင်းချီကို ပြုံးပြလိုက်သည်။

"ကဲ. . . ကြားတဲ့အတိုင်းပဲ"

ကြွက်ပျင်းချီ ဒေါသထွက်သွားလေသည်။

"တိရိစ္ဆာန်လေး. . . ငါ့ကို အာခံတယ်ပေါ့လေ၊ သေချင်

www.burmeseclassic.com

www.burmeseclassic.com



ပြီထင်တယ်"

ကျန်းကျက်အား ရိုက်နှက်ထိုးကြိတ်တော့မည့် သဘောဖြင့် လက်သီးလက်မောင်း တန်းလိုက်လေသည်။

ကျိုင်ဝင်းရိက. . .

"ကောင်လေးကို ချမ်းသာပေးလိုက်ပါတော့ဗျာ"

ဟု ပြောလိုက်သည်။ ကြွက်ပျင်းချီက. . .

"ဘာပြောတယ်၊ သည်ကောင်လေးကို အသုံးချပြီး ကျုပ်စီးပွားရှာစားနေတာ၊ ဘာလဲ ကျုပ်စီးပွားကို ဖျက်ချင်လို့လား"

ကျိုင်ဝင်းရိက. . .

"ကောင်လေးကိုထားပြီး သွားပါတော့ဗျာ"

"မသွားဘူး၊ ကျုပ်ကို ခေါင်းတုံးပေါ် ထိပ်ကွက်လို့ မရဘူး၊ ကောင်လေးကို ထားခဲ့၊ ဒါမှမဟုတ်ရင် ခင်ဗျားကို သတ်ပစ်လိုက်မယ်"

ကြွက်ပျင်းချီက ဓားမြှောင်တစ်ချောင်း ဆွဲထုတ်ကာ ဝေ့ါလိုက်လေသည်။

ကျိုင်ဝင်းရိ မျက်နှာ တည်သွား၏။

"ကျုပ်ကလည်း တောင်းပန်နေတတ်တဲ့ လူစားမျိုး မဟုတ်ဘူး၊ ကျုပ်ကို အော်ဝေါက်တာကိုလည်း မကြိုက်ဘူးဗျ"

သူ၏လက်တစ်ဘက် ဆန့်ထုတ်လိုက်လျှင် ကြွက်ပျင်းချီ၏ဓားမြှောင်ကိုင်ထားသောလက်ကို ဖမ်းဆုပ်ကိုင်ပြီးဖြစ်သွားသည်။



"ဒါ ဘာလုပ်တာလဲ၊ လွှတ်စမ်း"

ကြွက်ပျင်းချီက ရုန်းကန်လိုက်၏။

ကျိုင်ဝင်းရိက အားစိုက်၍ တစ်ချက်ဆွဲလိုက်ပြီး. . .

"သွားစမ်း"

ဟုဝေါက်ကာ ဆောင့်တွန်းလိုက်လေသည်။

"အွန့်"

ကြွက်ပျင်းချီ ရှေ့သို့ဟပ်ထိုးလဲကျမလို ဖြစ်သွားပြီးမှ ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားရ၏။

ဆောင့်တွန်းခံလိုက်ရသည့် အရှိန်ဖြင့် ဓားမြှောင်ကိုင်ထားသောလက်က လန်သွားရာ ဓားမြှောင်ဖြင့်ကိုယ့်ပခုံးကိုယ်ထိုးစိုက်ချလိုက်သကဲ့သို့ ဖြစ်သွားတော့သည်။

ကြွက်ပျင်းချီ မျက်လုံးပြူးသွားလေသည်။

"ခင်. . . ခင်ဗျား"

ကျိုင်ဝင်းရိက. . .

"မင်း မသွားသေးဘူးလား"

ကြွက်ပျင်းချီ ခံပြင်းစွာ တက်တစ်ချက်ခေါက်လိုက်ပြီး ချာခနဲ လှည့်ကာ ထွက်ပြေးသွားလေတော့သည်။

❄ ❄ ❄

www.burmeseclassic.com

www.burmeseclassic.com



## အဖော်များ

မထင်မရှား မြို့ကလေးတစ်မြို့ ဖြစ်သည်။

ကျန်းကျက်မှာ ကျိုင်ဝင်းရီနှင့်လိုက်ပါသွားရင်း မထင်မရှားမြို့ကလေးတစ်မြို့သို့ ရောက်ရှိလာခဲ့ကြလေသည်။

ကျိုင်ဝင်းရီက. . .

"မင်းလည်း ပင်ပန်းနေလောက်ပြီ၊ ငါတို့ တစ်ခုခုစားသောက်ပြီးမှ မင်းရဲ့ညီအစ်ကိုမောင်နှမတွေဆီကို ဆက်သွားကြတာပေါ့"

ကျန်းကျက်က. . .

"ကျွန်တော့် ညီအစ်ကို မောင်နှမတွေဟုတ်လား"

ကျိုင်ဝင်းရီ ပြုံးလိုက်သည်။

"ဟုတ်တယ်လေ၊ ငါက မင်းလိုပဲ မိဘမဲ့ပြီး ဒုက္ခရောက်နေတဲ့ကလေးသူငယ် တစ်ချို့ကို ကယ်တင်ထားတာ၊ သူတို့ဟာမင်းနဲ့ဘဝတူ၊ မင်းရဲ့ညီအစ်ကိုမောင်နှမတွေပဲပေါ့"

ကျန်းကျက် စိတ်လှုပ်ရှားသွားလေသည်။



မသိနားမလည်သေးသော ကလေးတစ်ယောက်ဖြစ်သော်လည်း လမ်းပေါ်သွားလာရင်း သားသမီးများဖြင့် သိုက်သိုက်မြိုက်မြိုက် ပျော်ပျော်ရွှင်ရွှင်ရှိနေသော မိသားစုများကို တွေ့မြင်ခဲ့ပြီးထိုကဲ့သို့ နေလိုသည့်ဆန္ဒများ ဖြစ်ပေါ်ခဲ့ဖူးသည် မဟုတ်ပါလား။

ကျိုင်ဝင်းရီက စားသောက်ဆိုင် တစ်ဆိုင်သို့ခေါ်သွားကာစားစရာများ ကျွေးမွေးလိုက်လေသည်။

ကျန်းကျက်မှာ ကျိုင်ဝင်းရီနှင့်တွေ့မှ ထမင်းနပ်မှန်အောင်စားရပြီး အေးချမ်းစွာနေခဲ့ရခြင်းဖြစ်ရာ ကျိုင်ဝင်းရီကိုကျေးဇူးတင်မဆုံး ရှိနေပါတော့သည်။

နှစ်ယောက်သား စားသောက်ပြီး ဆိုင်ထဲမှထွက်လိုက်ကြလျှင် အပြင်ဘက်၌ လူတစ်စု သူတို့အားစောင့်ဆိုင်းနေကြသည်ကို တွေ့လိုက်ရလေသည်။

ကြွက်ပျင်းချီက အပေါင်းအဖော်များခေါ်ကာ လိုက်လာခြင်းဖြစ်လေသည်။

ကျိုင်ဝင်းရီ ပြုံးပြလိုက်သည်။

"ခင်ဗျားကိုး"

ကြွက်ပျင်းချီ ရင်ကော့လိုက်သည်။

"နေရာအနှံ့မှာ ကျုပ်မိတ်ဆွေတွေရှိနေတယ်ဆိုတာမှတ်ထားပါ။ ကဲ ခင်ဗျား ဘယ်ပြေးမလဲ"

ကျိုင်ဝင်းရီ ပြန်မေးလိုက်သည်။

"ကျုပ်က ဘယ်ကိုပြေးရမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ကြွက်ပျင်းချီက. . .

"ကျုပ်ကို စော်ကားလို့မရဘူးဆိုတာ ခင်ဗျားကို လက်တွေ့ပြမယ်"

ပြောပြီး ရှေ့တိုးလာ၏။

ကျန်းကျက်ကြောင့် ကြွက်ပျင်းချီက တစ်ချိန်လုံးနောက်ယှက်နေမည်သဘော ရှိသည်ကို ကျိုင်ဝင်းရီ ရိပ်မိလိုက်၏။

သူ၏မျက်နှာပေါ်မှ အပြုံးရိပ်များ ပျောက်ကွယ်သွားကာ အေးစက်ခက်ထန်သောအသွင် ချက်ချင်း ပြောင်းလဲသွားလေတော့သည်။

"ခုချိန် ကျန်းကျက်ကို မေ့ပစ်လိုက်ပြီး ခင်ဗျားထွက်သွားမယ်ဆိုရင် အချိန်မီသေးတယ်"

နောက်ဆုံး သတိပေးစကား ပြောလိုက်သည်။

ကြွက်ပျင်းချီ နှာခေါင်းရှုံ့လိုက်သည်။

"ခင်ဗျားကို သူရဲကောင်းကြီးတစ်ယောက်လို ကြောက်နေရမှာလားဗျ"

သူ၏အပေါင်းအဖော်များကလည်း ဟားတိုက်ရယ်မောလိုက်ကြလေသည်။

"ကြွက်ပျင်းချီ. . . ခင်ဗျားကို ဂရုမစိုက်တဲ့လူ ရှိနေသေးတာကိုး"

"ဘယ်လိုလဲ ကျုပ်တို့ ဆုံးမပေးရမလား"

"ကြာပါတယ်၊ သည်လူကို ဆုံးမပြီး ကြွက်ပျင်းချီကို အရက်တိုက်ခိုင်းရမယ်၊ လာဟေ့"



"အေး. . . ဆုံးမလိုက်ကြတာပေါ့"

ကြွက်ပျင်းချီ၏ အပေါင်းအဖော်များကလည်း ရှေ့တိုးလာကြလေသည်။

ကြွက်ပျင်းချီသည် ကျိုင်ဝင်းရီနှင့် လက်တစ်ကမ်းအကွာသို့ ရောက်သွားလျှင်. . .

"ခုချက်ချင်း ဒူးထောက်လိုက်ရင် ခင်ဗျားရဲ့အသက်ကို ချမ်းသာပေးမယ်"

ဟု ဟန်ပါပါ ပြောလိုက်၏။ ကျိုင်ဝင်းရီက. . .

"ခင်ဗျား ဒုက္ခရောက်ရမယ်ဆိုတာကော ကြိုပြီး တွေးမထားဘူးလား"

ကြွက်ပျင်းချီက. . .

"ကျုပ် ဘာကြောင့် ဒုက္ခရောက်ရမှာလဲ"

"ကျုပ်ကြောင့်ပါ"

"ဟား. . . ဟား. . . ဟား. . . ခင်ဗျားကြောင့် ဒုက္ခရောက်ရမယ်ဆိုရင် ကျုပ်က ဆယ်ခါပြန် ဒုက္ခရောက်ရဲသေးတယ်ဗျ"

"ခင်ဗျား သေချာတယ်နော်"

"သိပ်သေချာတာပေါ့"

"ကောင်းပြီ"

ကျိုင်ဝင်းရီက ရှေ့တိုးပြီး ကြွက်ပျင်းချီ၏ ရင်ဘတ်ကို လက်ဝါးဖြင့် ရိုက်ချလိုက်လေသည်။

ကြွက်ပျင်းချီက ရင်ကော့လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားက သိုင်းပညာတတ်တယ်ပေါ့၊ သည်လောက်တော့ ကျုပ်က ဂရုမစိုက်သေး. ."

အထင်သေးစွာပြောရင်း ရှောင်တိမ်းရန်ဟန်ပြင်လိုက်စဉ်မှာပင် ကျိုင်ဝင်းရှီ၏လက်ဝါးက သူ၏ရင်ဝကို ရိုက်ချမိသွားတော့သည်။

"ဝုန်း"

"အား"

ကြွက်ပျင်းချီမှာ ပြင်းထန်သောရိုက်ချက်ကြောင့် မခံမရပ်နိုင်သော ဝေဒနာခံစားလိုက်ရပြီး စူးရှစွာ အော်ဟစ်လိုက်၏။

"ဝေါ"

ပါးစပ်ထဲမှ သွေးများလည်း အန်ထုတ်ကာ အဝေးသို့ လွင့်စဉ်သွားတော့သည်။

ကြွက်ပျင်းချီ မရှုမလှခံလိုက်ရသည်ကို မြင်လျှင် သူ၏ အဖော်များ အထိတ်တလန့် ဖြစ်သွားကြတော့သည်။

"ဟင်"

"ဟာ"

"သူက သိုင်းပညာတတ်တယ်ကွ"

ကျိုင်ဝင်းရှီ ရယ်မောလိုက်သည်။

"ကျုပ်က မင်းတို့ကို ဘယ်လိုဆုံးမသုတ်သင်ရမယ်ဆိုတဲ့နည်းလမ်းကိုလည်း တတ်မြောက်ထားပါသေးတယ်လေ"

ချက်ချင်း မြေပေါ်ခြေဆောင့်ကာ ခုန်ဝင်သွားပြီး လက်



ဝါးစောင်းနှစ်ဘက်ဖြင့် တိုက်ခိုက်လိုက်၏။ သူ၏လက်ဝါးစောင်းနှစ်ဘက်ကား ဓားနှစ်လက်ကဲ့သို့ အစွမ်းထက်နေပါတော့သည်။

"ဖြောင်း"

"ဒုတ်"

"အား"

"အမယ်လေး"

ကြွက်ပျင်းချီ၏ အဖော်များ တစ်ယောက်ပြီးတစ်ယောက် လဲကျသွားကြတော့သည်။

ကျန်းကျက် ကြည့်နေစဉ်မှာပင် ကြွက်ပျင်းချီတို့လူစုမှာ မြေပေါ်၌ အတုန်းအရုန်းလဲကျကာ အသက်ပျောက်သွားကြတော့သည်။ ကျိုင်ဝင်းရှီက. . .

"ကိုယ့်ကို ဒုက္ခပေးမယ့်လူဆိုရင် တစ်ခါထဲ သုတ်သင်ရှင်းလင်းပစ်တာ အကောင်းဆုံးပဲကွ၊ ကဲ မင်းရဲ့ညီအစ်ကို မောင်နှမတွေ စောင့်မျှော်နေကြတော့မယ်၊ ငါတို့ သွားကြစို့"

ကျန်းကျက်၏လက်ကို ဆွဲကာ ထွက်သွားလေသည်။

ကျန်းကျက်လည်း ကြွက်ပျင်းချီတို့၏အလောင်းများကို လှည့်ကြည့် လှည့်ကြည့်ဖြင့် ကျိုင်ဝင်းရှီနောက်သို့လိုက်ပါသွားလေတော့သည်။

❄ ❄ ❄

www.burmeseclassic.com

www.burmeseclassic.com



မကြာပါချေ။ ကျန်းကျက်တို့မှာ မြို့စွန်ရှိ အိမ်ကလေး တစ်လုံးသို့ ရောက်ရှိသွားကြလေသည်။

ထိုအိမ်ကလေး၌ ကလေးသုံးယောက်နှင့် အမျိုးသမီး ကြီးတစ်ဦးကို တွေ့ရလေသည်။ ကလေးသုံးယောက်မှာ ယောက်ျားလေးနှစ်ယောက်နှင့် မိန်းကလေးတစ်ယောက်တို့ ဖြစ်လေသည်။ ကလေးသုံးယောက်သည် ကိုျင်ဝင်းရီ ပြန်ရောက်လာ သည်ကို တွေ့ရလျှင် ဝမ်းသာအားရ ဖြစ်သွားကြလေသည်။

"ဘဘ ပြန်လာပြီ"

ချက်ချင်း ပြေးလာပြီး ကြိုဆိုလိုက်ကြလေသည်။

အမျိုးသမီးကြီးက. . .

"ဆရာကျိုင်. . . အဲဒါကိုပဲကြည့်တော့၊ ဆရာကျိုင် ကလေးတွေ ကျွန်မဆီမှာအပ်ပြီး သွားကတည်းက ဆရာကျိုင် ကိုပဲ တမေးထဲမေးနေကြတာ"

ဟု ရင်းရင်းနှီးနှီး ပြောလေသည်။ ကျိုင်ဝင်းရီက. . .

"ကလေးတွေကို ကြည့်ရှုပေးထားတဲ့အတွက် ကျေးဇူး တင်ပါတယ်ဗျာ၊ ကျုပ်လည်း အခုပဲခေါ်သွားဖို့ ပြန်လာခဲ့တာပါ"

"ဪ. . . ကလေးတွေကို ခေါ်သွားတော့မှာကိုး"

"ဟုတ်တယ်၊ ကျုပ်ခေါ်သွားတော့မယ်၊ ဒါထက် ကျုပ် ဝယ်ခိုင်းထားတဲ့ မြင်းလှည်းကောရပြီလား"

"ရပါပြီရှင်. . . ရပါပြီ၊ အိမ်ဘေးမှာရှိပါတယ်၊ အသင့် မောင်းသွားရုံပါပဲ"

"ကျေးဇူးပဲဗျာ၊ ဟောသည်မှာ ခင်ဗျားဖို့"



ကျိုင်ဝင်းရီက ငွေဒင်္ဂါးများ ထုတ်ပေးလိုက်သည်။

အမျိုးသမီးကြီး အားရဝမ်းသာသွားလေသည်။

"အို. . . ဆရာကျိုင်ကလည်း အားနာစရာကြီးရှင်"

ပါးစပ်က အားနာစရာဟု ပြောနေသော်လည်း လက် နှစ်ဘက်မှ ငွေဒင်္ဂါးများကို ယူလိုက်ပြီးဖြစ်လေသည်။

ကျိုင်ဝင်းရီက ငွေဒင်္ဂါးများ ထုတ်ယူလိုက်စဉ် အင်္ကျီ အိတ်ထဲမှ ပန်းသီးတစ်လုံးလည်း ပါလာလေသည်။

ကျိုင်ဝင်းရီ ရယ်မောလိုက်သည်။

"ကျုပ်က ကလေးတွေကိုကျွေးမယ်ဆိုပြီး ဝယ်လာမိတာ ပန်းသီးတစ်လုံးထဲဖြစ်နေတော့ ကလေးတွေအတွက် အဝေတည့် မှာမဟုတ်တဲ့အတူတူ ခင်ဗျားပဲ ယူထားလိုက်ပါတော့ဗျာ"

ပန်းသီးကို လှမ်းပေးလိုက်ရာ. . .

"အို. . . ကျွန်မလည်း ပန်းသီးစားချင်နေတာနဲ့ အတော်ပဲရှင့်"

ပန်းသီးကို ယူထားလိုက်လေသည်။

ကျိုင်ဝင်းရီက ကျန်းကျက် အပါအဝင် ကလေး လေး ယောက်၏ ပစ္စည်းပစ္စယလေးများကို ထုပ်ပိုးသိမ်းဆည်းပြီး. . .

"တို့တတွေ မြင်းလှည်းနဲ့သွားကြတာပေါ့၊ မြင်းလှည်း စီးရတာ သိပ်ပျော်စရာကောင်းတယ်"

ဟု ပြောလိုက်ရာ ကလေးများလည်း ပျော်ရွှင်သွားကြ လေတော့သည်။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



# ရာဇဝင်လူဆိုး

"ခွပ်ခွပ် . . . ခွပ်ခွပ်"

"ခွပ်ခွပ် . . . ခွပ်ခွပ်"

မြင်းခွာသံ၊ မြင်းလှည်းဘီးလိမ့်သံများ စည်းချက်ဝါးချက်ညီညီ ထွက်ပေါ်နေ၏။

ကျိုင်ဝင်းရီက မြင်းလှည်းမောင်းပြီး ကလေးလေးယောက်က မြင်းလှည်းအိမ်ထဲ၌ လိုက်ပါလာကြသည်။

ထိုကလေး လေးယောက်စလုံး မိဘမဲ့ တစ်ကောင်ကြွက်လေးများဖြစ်လေသည်။

သူတို့အပေါ် ဂရုစိုက်သော ကျိုင်ဝင်းရီကို အားကိုးပြီးခင်မင်တွယ်တာနေကြပြီး ကျိုင်ဝင်းရီခေါ်ဆောင်ရာသို့လိုက်ပါသွားကြလေသည်။

ကျိုင်ဝင်းရီသည် မည်သို့သော လူစားမျိုး ဖြစ်ပါသနည်း။

အဘယ်ကြောင့် မိဘမဲ့ကလေးများအား လိုက်လံခေါ်ယူနေရပါသနည်း။

ကျိုင်ဝင်းရီ မောင်းနှင်လာသော မြင်းလှည်းမှာ မြို့လယ်ပိုင်းသို့ ရောက်ရှိလာလေသည်။



မြို့လယ်တစ်နေရာ၌ လူများ စုရုံးစုရုံးဖြင့် လမ်းပိတ်သကဲ့သို့ ဖြစ်နေရကား ကျိုင်ဝင်းရီက မြင်းလှည်းကို ရပ်တန့်လိုက်ရလေသည်။

လူအများ ထိုသို့ စုရုံးနေရခြင်းကား စားသောက်ဆိုင်တစ်ဆိုင်ရှေ့မှ လူသေအလောင်းများကြောင့် ဖြစ်လေသည်။

ကြွက်ပျင်းချီနှင့် အဖော်ငါးယောက်မှာ စားသောက်ဆိုင်တစ်ဆိုင်ရှေ့ လမ်းပေါ်၌ လဲကျသေဆုံးနေပြီး အမှုထမ်းများက လာရောက် စစ်ဆေးနေခြင်းကြောင့် စိတ်ဝင်တစား ဝိုင်းအုံကြည့်နေသူများဖြင့် လမ်းပိတ်သွားခြင်း ဖြစ်လေသည်။

ကျိုင်ဝင်းရီက ထိုဖြစ်ရပ်ကို သတိပြုမိသော်လည်း သူနှင့် လားလားမျှ မသက်ဆိုင်သည့်အလား မသိကျိုးကျွံပြုထားလိုက်လေသည်။

အလောင်းများကို အမှုထမ်းများက စစ်ဆေးနေပြီး ကြည့်ရှုနေသူများ၏ ဝေဖန်စကားသံများ ဆူဆူညံညံ ထွက်ပေါ်နေလေသည်။

"အသတ်ခံရတာ လူဆိုးလူမိုက်ကြွက်ပျင်းချီနဲ့ အပေါင်းအဖော်တွေပဲ"

"သည်လူတွေ သေတာတောင် နည်းသေးတယ်"

"အေး . . . သူတို့ကို သတ်သွားတဲ့လူက သူတို့ထက်တောင် ကြောက်စရာကောင်းသေးတယ်"

"ဘယ်သူများ ဖြစ်နေလို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူဖြစ်ရမလဲ၊ 'မြေအောင်းယက္ခ'ရဲ့ညာလက်ရုံး 'လူသတ်ယက္ခ'ဖြစ်နေလို့ပေါ့"

"ဟာ လူသတ်ယက္ခဆိုရင် မလွယ်ဘူး"

လွင့်ပျံ့လာသော စကားသံများကြောင့် ကျိုင်ဝင်းရှီ၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေသည်။

"တဆိတ်လောက် လမ်းဖယ်ပေးကြပါဗျို့"

ဟုအော်ပြောလိုက်ပြီး မြင်းများကိုဝေါက်ကာ မြင်းလှည်းကိုမောင်းနှင်သွားလေသည်။

သူ၏အသံ၊ မြင်းလှည်းဘီးလိမ့်သံများကြောင့် လူအများဘေးသို့ရှဲသွားကြသည်။ ကျိုင်ဝင်းရှီလည်း လူအုပ်ကို ဖြတ်ကျော်ပြီးလျှင် မြင်းလှည်းကို မြို့ပြင်သို့ အရှိန်ဖြင့် မောင်းနှင်သွားလိုက်လေတော့သည်။

❊ ❊ ❊

ကျိုင်ဝင်းရှီက ကလေးများကိုခေါ်၍ ထွက်သွားပြီဖြစ်လေသည်။

ကလေးများအား ခေတ္တစောင့်ရှောက်ပေးထားခဲ့သော အမျိုးသမီးကြီး ပျော်ရွှင်မဆုံးဖြစ်နေ၏။

ကျိုင်ဝင်းရှီနှင့် မမျှော်လင့်ဘဲ တွေ့ဆုံသိကျွမ်းခဲ့ရပြီး ကလေးများကို ခေတ္တစောင့်ရှောက်ပေးပါက ငွေပေးမည်ဆိုခြင်းကြောင့် လက်ခံစောင့်ရှောက်ပေးခဲ့ခြင်းဖြစ်သည်။



ကျိုင်ဝင်းရှီနှင့် ပတ်သက်ခြင်းကြောင့် ကလေးများအတွက် စောင့်ရှောက်ခ ရလိုက်သကဲ့သို့ မြင်းလှည်းတစ်စီး ဝယ်ပေးရာတွင်လည်း အမှန်တကယ် ကျသင့်ငွေထက် နှစ်ဆပိုရခဲ့သည် မဟုတ်ပါလား။

စားပွဲပေါ်၌ ကျိုင်ဝင်းရှီပေးခဲ့သော ငွေတုံးငွေခဲလေးများတစ်ပုံတစ်ပင် ရှိနေသည်။

ငွေပုံဘေး၌ နီရဲရဲပန်းသီးလေးတစ်လုံးလည်း ရှိနေပါသေးသည်။

အမျိုးသမီးကြီး ရယ်မောလိုက်သည်။

"ဟင်း. . . ဟင်း. . . ပန်းသီးတစ်လုံးတောင် အဆစ်ရလိုက်သေးတယ်"

ပန်းသီးရနံ့က သင်းပျံ့နေသည်ဖြစ်ရကား အမျိုးသမီးကြီးသွားရည်ယိုလာပြီး ယူစားလိုက်လေသည်။

ပန်းသီးမှာ ချိုမြိန်လှသည်။

အမျိုးသမီးကြီး ပန်းသီးစားပြီးချိန်၌. . .

"ဒေါက်. . . ဒေါက်"

တံခါးခေါက်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

"လာပြီ. . . လာပြီ"

အမျိုးသမီးက ငွေတုံးလေးများကို ကပျာကယာသိမ်းဆည်းလိုက်ပြီး တံခါးဖွင့်ပေးလိုက်လေသည်။

အပြင်ဘက်၌ မင်းမှုထမ်းများကို တွေ့လိုက်ရလျှင်. .

www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

အမျိုးသမီးကြီး မျက်လုံးပြူးသွားလေသည်။

အမှုထမ်းတစ်ယောက်က. . .

"ခင်ဗျားဆီကို ကလေးတစ်ယောက်နဲ့ လူကြီးတစ်ယောက် ရောက်လာတယ် မဟုတ်လား"

ဟု မေးမြန်းလာ၏။

အမျိုးသမီးကြီး ထိတ်လန့်သွားသည်။

"သူ. . . သူနဲ့ မြို့လယ်ဈေးရှေ့မှာ တွေ့ခဲ့တာပါ၊ သူ့ရဲ့ တူ တူမလေးတွေကို ခဏကြည့်ပေးထားဖို့ အကူအညီတောင်းတာနဲ့ ကျွန်မ သနားပြီးကူညီမိတာပါ"

ကျိုင်ဝင်းရီနှင့် ကလေးများအကြောင်းကို ပြောပြလိုက်ညလေသည်။

အမှုထမ်းများက ဂရုစိုက်နားထောင်ပြီးလျှင်. . .

"သူ ထွက်သွားပြီ ဟုတ်လား"

"ဟုတ်ပါတယ်ရှင်၊ ကလေးတွေကိုခေါ်ပြီး ထွက်သွားပါပြီ"

အမှုထမ်းများ အချင်းချင်း ကြည့်လိုက်ကြလေသည်။

"လူသတ်ယက္ခ လွတ်သွားပြီ"

"သူက ကလေးတွေကိုခေါ်သွားတာ ဘာသဘောလဲ"

"မြေအောင်းယက္ခ သေဆုံးသွားချိန်မှာ သားယောက်ျားလေးတစ်ယောက် ကျန်ခဲ့တယ်၊ ညာလက်ရုံးလူသတ်ယက္ခက တာဝန်ယူစောင့်ရှောက်ထားရတယ်လို့ သတင်းတွေထွက်ပေါ်ခဲ့



တာပဲ၊ လူသတ်ယက္ခက ကလေးတွေကိုခေါ်သွားတာ မြေအောင်းယက္ခရဲ့သား၊ သူ့ရဲ့သခင်လေးအတွက် အဖော်လုပ်ဖို့ပဲ ဖြစ်လိမ့်မယ်"

အမျိုးသမီးကြီးသည် မင်းမှုထမ်းများ ပြောဆိုနေကြသည့်စကားများကို နားထောင်ရင်း ကြက်သီးဖြန်းဖြန်းထသွားလေသည်။

မြေအောင်းယက္ခ. . .။

မြေအောင်းယက္ခမှာ အနက်ရောင်ထိပ်သီးတစ်ဦးဖြစ်ပြီး သိုင်းလောကတစ်ခုလုံး တုန်လှုပ်ချောက်ခြားအောင် မှုလုပ်နိုင်ခဲ့သူဖြစ်သည်။

အဖြူရောင်သိုင်းသမားများ မဆိုထားနှင့် အနက်ရောင်သိုင်းသမားများသည်ပင် မြေအောင်းယက္ခအား ကြောက်ရွံ့ထိတ်လန့်ကြလေသည်။

မြေအောင်းယက္ခက အလွန်လျှို့ဝှက်သူတစ်ဦး ဖြစ်သည်။ တစ်နေ့တွင် အဖြူရောင်သိုင်းသမားများသည် မြေအောင်းယက္ခ လျှို့ဝှက်စွာနေထိုင်သည့်နေရာကို သိရှိသွားပြီး အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့ကြလေသည်။

သိုင်းလောကအတွက် အလွန်ပြင်းထန်သော တိုက်ပွဲကြီး တစ်ခုဖြစ်ပေါ်ခဲ့ခြင်းပင်။

တိုက်ပွဲ၌ သိုင်းလောကသား အတော်များများ သေကြေပျက်စီးခဲ့သည်။ ဒဏ်ရာများ ရခဲ့သည်။

ထို့အတူ. . .

www.burmeseclassic.com

www.burmeseclassic.com



မြေအောင်းယက္ခနှင့် သူ၏တပည့်တပန်းများလည်း သေဆုံးသွားခဲ့ကြလေသည်။

မြေအောင်းယက္ခ၌ သားတစ်ယောက်ရှိပြီး ညာလက်ရုံး လူသတ်ယက္ခက ခေါ်ကာ ထွက်ပြေးလွတ်မြောက်သွား၏။

ထို့နောက် လူသတ်ယက္ခနှင့် မြေအောင်းယက္ခ၏သား သခင်လေးတို့၏ သတင်း လုံးဝပျောက်ကွယ်သွားခဲ့လေသည်။

မြေအောင်းယက္ခနှင့် သိုင်းလောကသားများ၏ တိုက်ပွဲကြီးဖြစ်ပေါ်ခဲ့ပုံ၊ မြေအောင်းယက္ခ၏ဆိုးသွမ်းရက်စက် ကြောက်စရာကောင်းပုံများကို ကြားဖူးထားရာ အိမ်ရှင်အမျိုးသမီးကြီးသည်မင်းမှူးထမ်းများ၏စကားကိုကြားလျှင် ကြောက်ရွံ့ထိတ်လန့်သွားခြင်း ဖြစ်လေသည်။

ကျိုင်ဝင်းရီက ကလေးများကိုခေါ်၍ ထွက်သွားပြီဖြစ်ရာ မင်းမှူးထမ်းများ လက်လျှော့လိုက်ကြလေသည်။

"သူတို့ ထွက်သွားပြီဆိုတော့ ကျုပ်တို့သွားကြတာပေါ့"

"တောင်းပြီ"

ကျိုင်ဝင်းရီ ပြန်လာခဲ့လျှင် ချက်ချင်း သတင်းပို့ရန် အမျိုးသမီးကြီးအား မှာကြားပြီး နှုတ်ဆက်ကာ ထွက်သွားကြလေတော့သည်။

အမှုထမ်းများ ထွက်သွားကြတော့မှ အမျိုးသမီးကြီးလည်းသက်ပြင်းချနိုင်လေတော့သည်။

ကျိုင်ဝင်းရီ ဘယ်တော့မှ ပြန်မလာပါစေနှင့်တော့ဟု ဆုတောင်းလိုက်လေသည်။



သူမ ဆုတောင်းပြည့်ခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။

ကျိုင်ဝင်းရီက ဘယ်သောအခါမှ ပြန်ရောက်မလာတော့ပါ။

ထိုအတူ သူပြန်ရောက်လာခဲ့လျှင်လည်း အမျိုးသမီးကြီးက အမှုထမ်းများထံသို့ သတင်းပေးနိုင်တော့မည် မဟုတ်ပါ။

အကြောင်းမှာ. . .

အမျိုးသမီးကြီးသည် ကျိုင်ဝင်းရီပေးခဲ့သော အဆိပ်ပါသောပန်းသီးကို စားမိခဲ့ခြင်းကြောင့် အဆိပ်မိကာ တစ်လခန့်အကြာတွင် သေဆုံးသွားခြင်းကြောင့် ဖြစ်လေသည်။

❄ ❄ ❄

www.burmeseclassic.com

www.burmeseclassic.com



## သခင်လေး

ကောင်းကင်ပေါ်၌ လဝန်းထိန်ထိန်သာနေသည်။

လရောင်ဖြင့် ဝန်းကျင်တစ်ခုလုံး သာယာလှပနေသော်လည်း ထင်းရှူးပင်အချို့ ရှိနေသည့် တောင်ကုန်းလေး၌မူ သာယာလှပမှုအပေါင်း ကင်းမဲ့နေသည်ဟုဆိုရမည်ဖြစ်သည်။

ထိုသို့ ပြောဆိုနိုင်သည်မှာ တောင်ကုန်းလေးပေါ်၌ ထီးထီးတည်ရှိနေသည့် အုတ်ဂူတစ်လုံးကြောင့် ဖြစ်လေသည်။

ထိုအုတ်ဂူ၌ မည်သူမည်ဝါ၏အုတ်ဂူဖြစ်ကြောင်း ရေးထိုးထားသည့် ကမ္ပည်းကျောက်စာတိုင်မရှိပါ။

ထို့ကြောင့် အုတ်ဂူထဲ၌ မည်သူမည်ဝါအား မြှုပ်နှံထားကြောင်း အုတ်ဂူကိုတွေ့သည့်တိုင်အောင် သိနိုင်ကြမည် မဟုတ်ချေ။

ထိုအုတ်ဂူအကြောင်း တိတိကျကျ သိထားသူ နှစ်ဦးသာရှိသည်။ လူသတ်ယက္ခနှင့် သူ၏သခင်လေးတို့ ဖြစ်လေသည်။

ထိုအုတ်ဂူထဲ၌ မြေအောင်းယက္ခ၏အလောင်းကို မြှုပ်နှံထားခြင်း မဟုတ်ပါလား။

ယနေ့ည. . .



ကျိုင်ဝင်းရီက တောင်ကုန်းလေးပေါ်သို့ တက်လာခဲ့လေသည်။

ည၏ပိုးကောင်မွှားကောင်လေးများ၏ အော်မြည်သံများမှအပ ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေသည်။

ကျိုင်ဝင်းရီသည် လရောင်နှင့် အမှောင်ရိပ်များကြား၌ မကောင်းဆိုးဝါးတစ်ကောင်အလား ရိပ်ခနဲ ရိပ်ခနဲ လှုပ်ရှားရင်း တောင်ကုန်းလေးပေါ်သို့ ရောက်သွားလေသည်။

မြေအောင်းယက္ခ၏ အုတ်ဂူတည်ရှိနေသော နေရာ၌ကား လရောင် ကွက်ကွက်ကွင်းကွင်း ကျနေသည်။

အုတ်ဂူရှေ့၌ ကျိုင်ဝင်းရီထက်အရင် ရောက်နှင့်နေသူတစ်ဦးရှိနေသည်။ ထိုလူကား မြေအောင်းယက္ခ၏ မျိုးဆက်တစ်ဦးတည်းသောသား သခင်လေးဖြစ်လေသည်။

မြေအောင်းယက္ခ သေဆုံးသွားပြီးနောက် သခင်လေးမှာလည်း မိဘမဲ့တစ်ကောင်ကြွက်ဘဝ ရောက်ရှိနေပြီဖြစ်လေသည်။

သခင်လေးအား လူသတ်ယက္ခ(ဝါ) ကျိုင်ဝင်းရီက မြူစောင့်ရှောက်ခဲ့ရသည့်တိုင် သူနှင့်အတူရှိနေလျှင် သခင်လေးအတွက် အန္တရာယ်များသည်ဟု ယူဆကာ လူတစ်ယောက်ထံသို့ ပို့ထားခဲ့လေသည်။

ထိုလူသည်လည်း ယခင်က အနက်ရောင်သိုင်းထိပ်သီးတစ်ဦးဖြစ်ပြီး အဖြူရောင်သိုင်းသမားများနှင့် တိုက်ပွဲ၌ အရေးနိမ့်ကာ သိုင်းပညာ ဆုံးရှုံးသွားခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူသည် သိုင်းလောကို ကျောခိုင်းကာ ဇာတ်မြှုပ်နေလိုက်သည်။ သိုင်းပညာ ဆုံးရှုံးသွားသောကြောင့် သူ့အားအဖြူရောင်သိုင်းသမားများကလည်း အမှုမထားကြတော့ချေ။

ထိုသိုင်းသမားကြီးထံသို့ ပို့ဆောင်ထားခြင်းက မိမိနှင့်အတူနေခြင်းထက် ပို၍အန္တရာယ်ကင်းမည်ဖြစ်သလို ထိုသိုင်းသမားကြီး၏ သိုင်းပညာကိုလည်း ရရှိမည်ဖြစ်ရာ တစ်ချက်ခုတ်နှစ်ချက်ပြတ် သဘောဖြင့် ပို့ဆောင်ထားခဲ့ခြင်းဖြစ်သည်။

ထိုသိုင်းသမားကြီးအပေါ်၌ မြေအောင်းယက္ခ၏ကျေးဇူးများရှိခဲ့ဖူးသည်ဖြစ်ရာ သခင်လေးကို ဂရုစိုက်မည်ဟုလည်း ယုံကြည်ခဲ့လေသည်။

ကျိုင်ဝင်းရီ၏ ဆုံးဖြတ်ချက် မှန်ကန်ခဲ့လေသည်။

ဇာတ်မြှုပ်နေသော သိုင်းဆရာကြီးကသခင်လေးအားအထူးပင် ဂရုစိုက်ခဲ့ပြီး သူ၏သိုင်းပညာရပ်များကို လက်ဆင့်ကမ်း သင်ကြားပေးခဲ့လေသည်။

သခင်လေး တဖြည်းဖြည်းနှင့် အရွယ်ရလာသကဲ့သို့ အရွယ်နှင့်မလိုက်အောင် သိုင်းပညာလည်း ထက်မြက်လာလေသည်။

ကျိုင်ဝင်းရီသည် အုတ်ဂူရှေ့၌ ဒူးထောက်ဂါရဝပြုနေသောသခင်လေးကို မြင်လျှင် သက်ပြင်းချလိုက်မိလေသည်။

သခင်လေးက လှည့်မကြည့်ဘဲ. . .

"ဦးလေးကျိုင် ရောက်လာပြီလား"

ဟု မေးလေသည်။ ကျိုင်ဝင်းရီ ဦးညွှတ်လိုက်သည်။



"ဟုတ်ပါတယ် သခင်လေး"

သခင်လေးက. . .

"ကျွန်တော်ပြောတဲ့အတိုင်း စီစဉ်ပြီးပြီလား"

ကျိုင်ဝင်းရီက. . .

"စီစဉ်ပြီးပါပြီ သခင်လေး၊ ကျုပ်က သိုင်းလောကထဲသွားခဲ့ပါတယ်၊ နောက်ကြောင်းရှင်းတဲ့ မိဘမဲ့ကလေးငါးယောက်ရခဲ့ပါတယ်"

သခင်လေးက. . .

"ကောင်းတယ်၊ ငါးယောက်ဆိုရင် တော်ပြီ၊ ဒါဆိုရင်ဦးလေးကျိုင် မြေနိုင်လက်နိုင်ရှိလိမ့်မယ်"

ကျိုင်ဝင်းရီက ဦးညွှတ်လိုက်ပြန်သည်။

"သခင်လေးက နောက်ကြောင်းရှင်းတဲ့ မိဘမဲ့ကလေးငါးယောက်ကို ရှာဖွေခိုင်းတာ အကြောင်းတစ်ခုခု များရှိနေလို့လားဗျာ"

သခင်လေးက ကျိုင်ဝင်းရီဘက်သို့ လှည့်လာ၏။

သခင်လေးသည် အနက်ရောင် အဝတ်အစားများ ဝတ်ဆင်ထားပြီး မျက်နှာတွင် မျက်နှာဖုံးစွပ်ကာ ရုပ်ဖျက်ထားလေသည်။

သခင်လေးအား မည်သူမျှ မသိနိုင်အောင် ငယ်စဉ်ကပင် ရုပ်ဖျက်ပေးထားခြင်းဖြစ်ရာ သခင်လေး တဖြည်းဖြည်းကြီးပြင်းလာသော်လည်း အပြင်ထွက်လှုပ်ရှားသည်နှင့် မျက်နှာဖုံးစွပ်ရုပ်ဖျက်ထားသည့် အကျင့်ကို ဖျောက်မရတော့ချေ။

www.burmeseclassic.com

www.burmeseclassic.com



လွန်ခဲ့သော ခြောက်လခန့်က သခင်လေးသည် ကျိုင်ဝင်းရီအား တာဝန်တစ်ခုပေးခဲ့လေသည်။

နောက်ကြောင်းရှင်းသည့် မိဘမဲ့ကလေးအချို့ကို ရှာဖွေခေါ်ယူခဲ့ဖို့ ဖြစ်လေသည်။ အဘယ်ကြောင့် ယခုကဲ့သို့ ခိုင်းစေသည်ကို ကျိုင်ဝင်းရီ ပြန်မမေးဝံ့ဘဲ စေခိုင်းသည့်အတိုင်း ဆောင်ရွက်ပြီးမှသာ မေးကြည့်လိုက်ခြင်းဖြစ်လေသည်။

သခင်လေးက. . .

"ကျွန်တော့မှာ စိတ်ကူးတစ်ခုရှိနေတယ် ဦးလေးကျိုင် ကျွန်တော့်ဖေဖေကို တိုက်ခိုက်ခဲ့ကြသူတွေထဲမှာ ပါဝင်တဲ့ အဓိကကျတဲ့လူတွေကိုဘယ်နည်းနဲ့မှ ခွင့်မလွှတ်နိုင်ဘူး။ သူတို့ကို ဆုံးမနိုင်မှ ကျွန်တော် ကျေနပ်မယ်"

ပြောရင်း ဒေါသထွက်လာသည့်အလား လေသံခက်ထန်တင်းမာလာလေသည်။

မြေအောင်းယက္ခအား အဖြူရောင်သိုင်းသမားများက ဝိုင်းဝန်းတိုက်ခိုက်ခဲ့ကြခြင်း ဖြစ်သည်။

မြေအောင်းယက္ခ တိုက်ပွဲ၌ ကျဆုံးခဲ့ရသည့် အဓိကအကြောင်းရင်းမှာ လူသုံးယောက်ကြောင့် ဖြစ်သည်ဟု သခင်လေးခံယူထားလေသည်။ ထိုလူသုံးယောက်မှာ. . .

သမားတော်သိုင်းသမား။

သမာဓိသိုင်းသမား။

မိုးနဂါးဂိုဏ်းချုပ်ကူဖေးရန်တို့ ဖြစ်လေသည်။

မိုးနဂါးဂိုဏ်းချုပ်ကူဖေးရန်သည် မြေအောင်းယက္ခ



လျှို့ဝှက်နေထိုင်သည့်နေရာကို စုံစမ်းသိရှိသွားပြီး သိုင်းလောကသို့ သတင်းပေးခဲ့ခြင်းဖြစ်သည်။

မြေအောင်းယက္ခနှင့် ဖြစ်ပွားခဲ့သော တိုက်ပွဲတွင် အဓိကဦးဆောင်တိုက်ခိုက်ခဲ့သူမှာ သမားတော်သိုင်းသမားနှင့် သမာဓိသိုင်းသမားတို့ နှစ်ဦးဖြစ်သည်။

ထို့ကြောင့် သမားတော်သိုင်းသမား၊ သမာဓိသိုင်းသမားနှင့်မိုးနဂါးဂိုဏ်းချုပ်ကူဖေးရန်တို့အား သခင်လေး အခဲမကျေဖြစ်နေခြင်းပင်။ သခင်လေးက ဆက်ပြောလိုက်သည်။

"ကျွန်တော် အသက်နှစ်ဆယ့်ငါးနှစ်ပြည့်တဲ့အချိန်မှာ ကျွန်တော့်ပညာဟာ သူတို့သုံးယောက်ကို ကောင်းကောင်းကြီး ရင်ဆိုင်နိုင်မယ်လို့ ဆရာကပြောပါတယ်၊ ကျွန်တော် တွေးမိတာက ရန်သူသုံးယောက်ကလည်း သည်အတိုင်းနေကြမှာ မဟုတ်ဘဲ သူတို့ရဲ့သိုင်းပညာ ပိုပြီးတိုးတက်အောင် ဆောင်ရွက်နေကြမှာပဲဆိုတော့ အချိန်တန်တဲ့အခါ မျှော်လင့်သလို ဖြစ်မလာမှာကို စိုးရိမ်ရတယ်"

ကျိုင်ဝင်းရီက. . .

"သခင်လေးက ရန်သူသုံးယောက်ကို ရင်ဆိုင်တဲ့နေရာမှာ သခင်လေးအတွက် အကူအညီရအောင် အသုံးဝင်မယ့်လူတစ်ချို့ကို ကြိုတင်လေ့ကျင့် ပေးထားမယ်ဆိုတဲ့သဘော ဟုတ်လား"

သခင်လေး ခေါင်းညိတ်လိုက်သည်။

"ဒါအမှန်ပဲ၊ သူတို့ကို ကောင်းကောင်းမွေးမြူထားရမယ်၊

www.burmeseclassic.com

www.burmeseclassic.com



သိုင်းသညာ သင်ပေးရမယ်၊ အမိန့်နာခံပြီး ခိုင်းစေသမျှကို အသက်စွန့်ဆောင်ရွက်ရဲတဲ့အထိ လေ့ကျင့်ပေးထားရမယ်"

သခင်လေးသည် သူ့အတွက် အသေခံပေးမည့်သူများကို ရှာဖွေစုဆောင်းကာ စိတ်တိုင်းကျ ခိုင်းစေနိုင်အောင် ကြိုတင်လေ့ကျင့်သင်ကြားပေးထားရန် ကြံစည်ထားခြင်း ဖြစ်ပါတော့သည်။ ကျိုင်ဝင်းရီ ပြုံးလိုက်သည်။

"သခင်ကြီးသာရှိမယ်ဆိုရင် သခင်လေးအတွက် အတိုင်းအဆမရှိအောင် အားရကျေနပ်နေလိမ့်မယ်လို့ ကျုပ်ပြောဝံ့ပါတယ်"

သခင်လေးက. . .

"ကျွန်တော့်ဘက်က သေချာအောင် ခုလိုလုပ်ရတာပါ။ တကယ်ဆို ရန်သူတွေကို ကျွန်တော်ကိုယ်တိုင် ဆုံးမချင်တာပါ။ အသေခံလက်ရွေးစင်တွေကို စိတ်ကြိုက်မွေးမြူလေ့ကျင့်ပေးထားနိုင်တယ်ထားဦး၊ သူတို့ကို အသုံးမပြုသေးဘဲ ကျွန်တော့်ဘာသာ ဆုံးမနိုင်အောင် ကြိုးစားကြည့်ဦးမှာပါ"

ကျိုင်ဝင်းရီက. . .

"သခင်လေး၊ အလောတကြီး မစွန့်စားသင့်ပါဘူး။ သခင်လေး ကြံစည်ထားတဲ့အတိုင်း ရန်သူတွေဆီကို လေ့ကျင့်ထားတဲ့ 'ငရဲသားလေး'တွေကို စေလွှတ်ပြီးမှ ပါဝင်ဆောင်ရွက်တာ အသင့်မြတ်ဆုံး ဖြစ်ပါလိမ့်မယ်"

သခင်လေးက. . .

"ကျွန်တော်လည်း မသေချာဘဲ မလုပ်ပါဘူး၊ ဒါထက်



ဦးလေးကျိုင် ခေါ်လာတဲ့ မိဘမဲ့ငါးယောက်ဟာ နောက်ကြောင်းရှင်းတာ သေချာပါတယ်နော်"

ကျိုင်ဝင်းရီ အာမခံလိုက်သည်။

"စိတ်ချပါ သေချာပါတယ် သခင်လေး"

သခင်လေးက. . .

"သူတို့ဟာ ဦးလေးကျိုင်ကို ကျေးဇူးရှင်တစ်ယောက်လို့ စိတ်ထဲစွဲမှတ်နေအောင် ဦးလေးကျိုင်အမိန့်ပေးရင် အသက်စွန့်ရသည်အထိ ဘယ်လိုကိစ္စမျိုးကိုမဆို လုပ်ကိုင်ဆောင်ရွက်ဝံ့အောင် အချိန်ယူပြီး သေသေချာချာ လေ့ကျင့်ပေးရလိမ့်မယ် ဦးလေးကျိုင် တာဝန်ယူနိုင်ပါတယ်နော်"

ကျိုင်ဝင်းရီက ရဲရဲဝံ့ဝံ့ပင် တာဝန်ယူလိုက်သည်။

"စိတ်ချပါ၊ ကျုပ် တာဝန်ယူနိုင်ပါတယ်၊ သူတို့ဟာ တစ်နေ့ကျရင် သခင်လေးအတွက် အသက်စွန့်ပေးမယ့် ငရဲသားလေးတွေ၊ ရန်သူတွေကို ငရဲပြည်ခေါ်သွားမယ့် ငရဲသားလေးတွေ ဖြစ်လာစေရပါမယ် သခင်လေး"

သူ၏စကား အဆုံးတွင်. . .

"ဟား. . . ဟား. . . ဟား"

သခင်လေး သဘောကျစွာ ရယ်မောလိုက်လေသည်။

သခင်လေး ကျေနပ်သွားသည်ဖြစ်၍ ကျိုင်ဝင်းရီလည်းကျေနပ်သွားလေသည်။

သခင်လေးကြီးပြင်းလာပြီး သိုင်းပညာပြည့်စုံသွားပါက ဖခင်ကြီးမြေအောင်းယက္ခထက်ပင် ပို၍ကြောက်မက်ဖွယ်ရာကောင်းသူ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လာလိမ့်မည် မဟုတ်ပါလား။

သခင်လေးက အတန်ကြာ ရယ်မောပြီးမှ. . .

"ဦးလေးကျိုင်ကို နောက်ဆုံးတစ်ခု မေးရဦးမယ်"

"ကျိုင်ဝင်းရီက. . .

"မေးပါ သခင်လေး"

သခင်လေးက. . .

"ဦးလေးကျိုင်ပြောတဲ့ ငရဲသားငါးယောက်ဟာ ဘယ်အသက်အရွယ်လောက်ရှိပြီလဲဆိုတာ ပြောပြပါဦး"

ကျိုင်ဝင်းရီက. . .

"သခင်လေးနဲ့ အသက်ချင်း မတိမ်းမယိမ်းလောက်ရှိကြပါလိမ့်မယ်၊ ယောက်ျားလေး လေးယောက်၊ မိန်းကလေးတစ်ယောက်ပါ"

သခင်လေး အံ့ဩသွားသည်။

"မိန်းကလေးတစ်ယောက်က ဘယ်လိုဖြစ်ပြီး ပါလာတာလဲ"

ကျိုင်ဝင်းရီက. . .

"ယောက်ျားလေးတွေကြားမှာ မိန်းကလေးတစ်ယောက်ရှိနေရင် ယောက်ျားလေးတွေကို ထိန်းသိမ်းရတာ ပိုပြီးလွယ်ကူမယ်ယူဆမိလို့ပါ သခင်လေး"

သခင်လေး ပခုံးတွန့်လိုက်သည်။

"ဦးလေးကျိုင်ရဲ့ အယူအဆကို ဘယ်လိုသုံးသပ်ရမလဲဆိုတာ ကျွန်တော် မပြောတတ်တော့ဘူး။ ထားပါတော့လေ၊



အဲသည်မိန်းကလေးဟာလည်း ကျန်တဲ့ယောက်ျားလေးတွေနဲ့ ရင်ဘောင်တန်းနိုင်သူလေး ဖြစ်လာဖို့တော့ ဂရုစိုက်ပါ"

"စိတ်ချပါ သခင်လေး"

သခင်လေးက ဖခင်ကြီး၏အုတ်ဂူဘက်သို့ ပြန်လှည့်ကာ မြေပေါ်ဒူးထောက်ပြီး. . .

"ဖေဖေ. . . ကျွန်တော့်ရဲ့အကြံအစည် အောင်မြင်အောင် စောင့်ရှောက်ပေးပါ"

ဟု တိုင်တည် ဆုတောင်းလိုက်သည်။

ပြီးလျှင် ကျိုင်ဝင်းရီကိုပြောသည်။

"ဦးလေးကျိုင်က ငရဲသားလေးတွေကို ဘယ်မှာထားသလဲ"

"စိတ်ချပါ သခင်လေး။ လုံခြုံတဲ့နေရာတစ်ခုရှာပြီး လျှို့ဝှက်ထားတာပါ။ ဘယ်လိုပြဿနာမျိုးမှ ဖြစ်လာစရာအကြောင်း မရှိပါဘူး"

သခင်လေး ခေါင်းခါယမ်းလိုက်သည်။

"ဦးလေးကျိုင် ဘာပဲပြောပြော ကျွန်တော်စိတ်မချသေးဘူး၊ ဒါကြောင့် ဦးလေးကျိုင်ဟာ ဖေဖေသိုင်းလေ့ကျင့်တဲ့ ကျောက်ဂူကြီးရှိတဲ့ မိုးယံတောင်ကိုသွားပြီးနေရလိမ့်မယ်၊ မိုးယံတောင်မှာပဲ မိဘမဲ့ကလေးတွေကို ငရဲသားလေးတွေ ဖြစ်လာအောင် ပြုစုပျိုးထောင် လေ့ကျင့်ပေးရလိမ့်မယ်"

ယခုတစ်ကြိမ်. . .

သခင်လေး၏စကားသံမှာ သခင်က [illegible]အပါးတစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်အား အမိန့်ပေးနေသည့်အသွင်သဏ္ဌာန်မျိုး ဖြစ်နေပါတော့သည်။

"အမိန့်အတိုင်းပါ သခင်လေး"

ကျိုင်ဝင်းရီကလည်း အမိန့်နာခံလိုက်လေသည်။

သခင်လေးက. . .

"ကျွန်တော် သွားတော့မယ် ဦးလေးကျိုင်လည်း မိုးယံတောင်ကိုသွားဖို့ အမြန်ဆုံးစီစဉ်ပါ"

ဟုမှာကြားကာ ကျောခိုင်းထွက်ခွာသွားတော့သည်။

ကျိုင်ဝင်းရီ ကြည့်နေစဉ်မှာပင် သခင်လေးမှာ ရိပ်ခနဲ ပျောက်ကွယ်သွားလေတော့သည်။

❄ ❄ ❄

ကျိုင်ဝင်းရီသည် သခင်လေး၏ အမိန့်အတိုင်း ငရဲသားလေးများကို မိုးယံတောင်သို့ ခေါ်ဆောင်သွားခဲ့လေသည်။

ရပ်ဝေးမှနေပြီး မိုးယံတောင်၌ တရားအားထုတ်ရင်း မိဘမဲ့ကလေးများကို ပြုစုစောင့်ရှောက်နေသည့် ယောဂီကြီးတစ်ဦးဟု အနီးပတ်ဝန်းကျင်မြို့ရွာများသို့ သတင်းလွှင့်ထားလိုက်သည်။

သူတို့လူစု စားနပ်ရိက္ခာကို အနီးပတ်ဝန်းကျင်ရှိ ရွာကလေးများနှင့် မြို့ကလေးများမှ ဝယ်ယူရမည် မဟုတ်ပါလား။

ကျိုင်ဝင်းရီက မိုးယံတောင်ပေါ်၌ အနေကြာလာသည်



နှင့်အမျှ တောင်အနီးပတ်လည်၌ မကောင်းဆိုးဝါး နာနာဘာဝများရှိနေကြောင်း တစ်ခါတစ်ရံ လူယောင်ဖန်ဆင်းကာ ဒုက္ခပေးတတ်ကြောင်း မိုးယံတောင်နှင့်ဝေးဝေးနေခြင်းက အန္တရာယ်အကင်းဆုံးဖြစ်ကြောင်း သတင်းလွှင့်ပြန်သည်။

အနီးပတ်ဝန်းကျင်မှ ဒေသခံများမှာ ရိုးသားဖြူစင်သူများဖြစ်ရကား ကျိုင်ဝင်းရီလုပ်ကြံ သတင်းလွှင့်သည်ကိုယုံကြည်ကြပြီး မိုးယံတောင်ကို ဝေးဝေးရှောင်ခဲ့ကြလေသည်။

ဤတွင် ကျိုင်ဝင်းရီနှင့် ငရဲသားလေးငါးယောက်လည်း မိုးယံတောင်ပေါ်၌ အေးချမ်းစွာ နေထိုင်နိုင်ခဲ့ကြလေတော့သည်။

သို့ဖြင့် အချိန်များ တစ်နှစ်ပြီးတစ်နှစ် ကုန်ဆုံးသွားခဲ့လေတော့သည်။

❄ ❄ ❄

ဝူးယို့ကျောင်း။
မိန်ယွင်။
ကျန်းကျက်။
ချောင်ဟွာ။
လီပင်းပင်း။

မိဘမဲ့ကလေးငါးယောက်(ဝါ) ငရဲသားလေးငါးယောက်သည် ကျိုင်ဝင်းရီနှင့်အတူ မိုးယံတောင်ပေါ်၌ နေထိုင်ကြီးပြင်း

www.burmeseclassic.com

www.burmeseclassic.com



လာခဲ့ရာမှ အရွယ်ရောက်လာခဲ့ကြပြီ ဖြစ်လေသည်။

ငရဲသားလေးငါးယောက်ကား အဖြစ်မှန်ကို မသိဘဲ ကျိုင်ဝင်းရီအား ကျေးဇူးဆပ်မကုန်နိုင်သော ကျေးဇူးရှင်ကြီး တစ်ဦးဟု စွဲမြဲခံယူထားကြလေသည်။

ကျိုင်ဝင်းရီပြောသမျှ အမှန်တွေချည့်ဖြစ်သည်ဟု သဘောထားကြပြီး ခိုင်းစေသမျှကိုလည်း မည်မျှပင်ပန်းခက်ခဲပါစေ ပြီးဆုံးအောင်မြင်သည်အထိ မညည်းမညူ လုပ်ကိုင်ဆောင်ရွက် ကြလေသည်။

ကျိုင်ဝင်းရီနှင့် သခင်လေးတို့၏ အကြံအစည် အောင်မြင်ခဲ့ပြီဟု ဆိုနိုင်ပါတော့သည်။

သို့တိုင် ကျိုင်ဝင်းရီနှင့် သခင်လေးတို့အတွက် အဟန့် အတားအနှောက်အယှက် တစ်ခုဖြစ်ပေါ်လာခဲ့လေသည်။

သခင်လေးအား ငယ်စဉ်ကပင် ပြုစုစောင့်ရှောက်ကာ ပျိုးထောင်ပေးခဲ့သော သိုင်းသမားကြီးမှာ အသက်အရွယ် ကြီး ရင့်လာကာ ကွယ်လွန်သွားခြင်းဖြစ်လေသည်။

သခင်လေးက ထိုသိုင်းသမားကြီးအား သူ့အား မွေးစား ခဲ့သည့် ကျေးဇူးရှင်ဖခင်ကြီးဟု မှတ်ယူကာ အလွန်ချစ်ခင်ရှိသေ လေးစားခဲ့လေသည်။

အမောင်သိုင်းသမားကြီးက. . .

"ကျုပ် ကွယ်လွန်သွားပြီး တစ်နှစ်ပြည့်မှ မင်းသွားချင် ရာသွားပါ၊ လုပ်ချင်ရာလုပ်ပါ၊ တစ်နှစ်အတွင်း ကျုပ်အုတ်ဂူနံ ဘေးမှာနေပြီး ကျုပ်ကို ပြုစုစောင့်ရှောက်ပေးပါ"



ဟု မှာကြားခဲ့လေသည်။

သခင်လေးမှာ ရုတ်တရက် သွားချင်တိုင်းသွား လာချင် တိုင်းလာ၍မရတော့ပါ။

ဆရာ(ဝါ) ကျေးဇူးရှင်ကြီး၏ ပညာကုန်မရလိုက်သေး ခြင်းကလည်း သခင်လေးအတွက် ထိုးနှက်ချက်တစ်ခုကဲ့သို့ ဖြစ် နေ၏။

သို့တိုင် သခင်လေးက လက်မလျှော့ဘဲ. . .

"ဦးလေးကျိုင် လေ့ကျင့်ပေးထားတဲ့ ငရဲသားငါး ယောက်ကို မကြာခင် အချိန်အတွင်း လက်တွေ့အသုံးချနိုင် အောင် ပြင်ဆင်ထားပါ၊ မကြာခင် ကျွန်တော်လုပ်ငန်းစတော့ မယ်၊ တိုက်ပွဲဝင်ဖို့ သူတို့ အသင့်ဖြစ်နေပါစေ"

ဟု ကျိုင်ဝင်းရီအား မှာကြားခဲ့လေသည်။

ကျိုင်ဝင်းရီကလည်း သခင်လေး၏ အမိန့်အတိုင်း အကောင်အထည်ဖော်ရန် ခြေလှမ်းစတင်လိုက်လေတော့သည်။

❄ ❄ ❄

www.burmeseclassic.com

www.burmeseclassic.com



## သက်ဝင်လှုပ်ရှား ငရဲသားများ

ဝူးယို့ကျောင်း၊ မိန်ယွင်၊ ကျန်းကျက်၊ ချောင်ဟွာနှင့်လီပင်းပင်းတို့ငါးယောက်မှာ အရွယ်ရောက်လာကြပြီး ကျိုင်ဝင်းရီ သင်ကြားပေးထားသဖြင့် သိုင်းပညာများလည်း တတ်မြောက်နေကြပြီဖြစ်သည်။

ငယ်စဉ်ကလေးဘဝကတည်းက အတူတကွ နေထိုင်ကြီးပြင်းခဲ့ကြရသည်ဖြစ်ရကား တကယ့်မောင်နှမရင်းချာများပမာ တစ်ယောက်ကိုတစ်ယောက် ရင်းနှီးချစ်ခင်သံယောဇဉ်တွယ်တာခဲ့ကြလေသည်။

ကျိုင်ဝင်းရီသည် နှစ်ပေါင်းများစွာ အချိန်ပေးပြုစုပျိုးထောင်ပေးခဲ့ရသော သူ၏ငရဲသားလေးများနှင့် ပတ်သက်ပြီး တစ်ခါတစ်ရံ၌ စိတ်ပျက်မှုများ ဖြစ်ပေါ်ခံစားခဲ့ရလေသည်။

အကြောင်းကား. . .

ငရဲသားလေးငါးယောက်သည် ရိုးသားဖြောင့်မတ်ပြီး ဖြူစင်သော နှလုံးသားများရှိနေကြခြင်းကြောင့် ဖြစ်လေသည်။



ကျိုင်ဝင်းရီက မည်သူ့အပေါ်မျှ ယုံကြည်မှုမရှိရန် ရက်စက်ဖို့ ဝန်မလေးရန် မည်သို့သော ခံစားချက်မျိုးမျှမထားဘဲ ဖြတ်ဖြတ်သားသား သတ်ရဲသေရဲသူများဖြစ်လာအောင် အချိန်ပြည့် လေ့ကျင့်သင်ကြားပေးသည်။ စိတ်ထဲ အမြစ်တွယ်နေအောင် နည်းလမ်းအမျိုးမျိုးဖြင့် ရိုက်သွင်းခဲ့လေသည်။

သို့တိုင် ငရဲသားငါးယောကက ရိုးသားဖြူစင်သူများ ဖြစ်နေကြ၍ ကျိုင်ဝင်းရီ စိတ်ပျက်ခဲ့ရတော့သည်။

မည်သို့ဆိုစေ။ နောက်ဆုံးတစ်နေ့တွင် သူခိုင်းစေသည့်အတိုင်း အသက်ကို ပဓာနမထားဘဲ တသွေမတိမ်း လိုက်နာဆောင်ရွက်ကြရလိမ့်မည်ဟု သန္နိဋ္ဌာန်ချထားလိုက်လေ သည်။ ပြင်ပလောကသို့ စေလွှတ်ဖို့ မဖြစ်နိုင်သေးကြောင်း နားလည်၍လည်း ပရိယာယ်ဖြင့်. . .

"အခုတလော ငါတို့ မိုးယံတောင်ဘက်ကို လူဆိုးတွေ ရောက်လာတယ်လို့ သတင်းကြားတယ်၊ ဒါကြောင့် မင်းတို့ငါးယောက်က တစ်ယောက်စီ အလှည့်ကျ တောင်ခြေကိုဆင်းပြီး ကင်းစောင့်ရမယ်၊ လူဆိုးတွေရောက်လာရင် တောင်ပေါ်တက်လာပြီး ဒုက္ခမပေးနိုင်အောင် တောင်ခြေမှာပဲ ဆုံးမသုတ်သင်ပစ်ရမယ်၊ တစ်ယောက်မှ ချမ်းသာမပေးရဘူး"

ဟု အမိန့်ထုတ်လိုက်လေသည်။

ကျိုင်ဝင်းရီ အမိန့်ထုတ်လိုက်သည့် အချိန်မှစ၍ ငရဲသားငါးယောက်မှာ အလှည့်ကျ တောင်ခြေသို့ဆင်း၍ ကင်းစောင့်ခဲ့ကြရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျိုင်ဝင်းရှိ ထိုသို့စီစဉ်လိုက်ခြင်းမှာ တောင်ခြေအနီး ပတ်ဝန်းကျင်ဒေသမှ လူများနှင့် ဆုံတွေ့မိလျှင် တိုက်ခိုက် သုတ်သင်ခြင်းဖြင့် လူသတ်ဖို့ လက်မတွန့်သူများဖြစ်လာစေရန် ရည်ရွယ်ခြင်းဖြစ်သည်။

သို့သော်. . .

သူ၏အစီအစဉ်ကပင် သူ့အတွက် အခက်ကြုံစေမည့် ကိစ္စများ ဖြစ်ပေါ်လာခဲ့စေတော့သည်။

❋ ❋ ❋

ယိလန်း. . .။

ယိလန်းသည် မိန်းမချောလေးတစ်ဦး ဖြစ်သည်။

သူမ၏မိဘများမှာ သူမ ငယ်စဉ်ကပင် ဓားပြတို့၏ လက်ချက်ဖြင့် သေဆုံးသွားခဲ့ရသဖြင့် မိဘမဲ့ဘဝ ရောက်ခဲ့ရ သည်။

သူမ၏ ဦးလေးဝမ်းကွဲတော်သူ တစ်ယောက်မှာ သိုင်း လောကသားတစ်ဦးဖြစ်ပြီး သူမအား ခေါ်ယူစောင့်ရှောက်ကာ သိုင်းပညာ သင်ကြားပေးခဲ့သည်။

ယိလန်း အရွယ်ရောက် ကြီးပြင်းလာပြီး သိုင်းပညာ တတ်မြောက်လာလျှင် ဦးလေးဝမ်းကွဲထံ ခွင့်တောင်းကာ မိဘ များအား သတ်ပစ်ခဲ့သူများကို ရှာဖွေရန် ထွက်လာခဲ့လေသည်။

သူမ ဇွဲနဘဲဖြင့် ဓားပြတို့အကြောင်း စုံစမ်းရင်း တစ်နှစ်



ခန့်အကြာတွင် မိဘများအား သတ်ပစ်ခဲ့သူများတွင် ပါဝင်သည့် ဓားပြကြီးတစ်ယောက်မှာ မိုးယံတောင်ပေါ်၌ ရှိနေသည်ဟု သတင်းကြားခဲ့ရသည်။

သို့ဖြင့် ယိလန်းက မိုးယံတောင်သို့လာခဲ့လေတော့ သည်။ မိုးယံတောင်ခြေသို့ ရောက်လျှင် ထိုနေ့ကင်းစောင့်ရန် တာဝန်ကျနေသော ဝူးယို့ကျောင်းနှင့် ဆုံတွေ့မိလိုက်လေတော့ သည်။

ဝူးယို့ကျောင်းက သစ်ပင်တစ်ပင်ပေါ်သို့တက်ကာ သစ် ကိုင်းခွဆုံ၌ထိုင်ပြီး ကင်းစောင့်နေခြင်းဖြစ်သည်။

ဝူးယို့ကျောင်းသည် တောင်ခြေသို့ ရောက်လာသည့် မိန်းမချောလေးယိလန်းကိုကြည့်ရင်း. . .

"သည်မိန်းမချောလေးဟာ ငါတို့ကို ဒုက္ခပေးမယ့် လူဆိုး ဓားပြတစ်ယောက်တော့ မဖြစ်နိုင်ဘူး။ နတ်သမီးလေးတစ်ပါးပဲ ဖြစ်မယ်"

မိန်းကလေးအား မျက်ခြည်မပြတ် အကဲခတ်နေလိုက် သည်။ ယိလန်းကလည်း သူမအား တစ်စုံတစ်ယောက်က စောင့် ကြည့်နေသည်ဟု ခံစားလာရပြီး. . .

"ဘယ်သူလဲ ထွက်ခဲ့စမ်း"

ဟု အော်ငေါက်လိုက်လျှင် ရုတ်တရက် ထွက်ပေါ်လာ သောအသံကြောင့် ဝူးယို့ကျောင်း ထိတ်လန့်ကာ. . .

"အမယ်လေး"

သစ်ကိုင်းမှတဆင့် အောက်ဘက်သို့ ပြုတ်ကျသွား

www.burmeseclassic.com

www.burmeseclassic.com



လေတော့သည်။

"ဟင် . . . ရှင် . . . ရှင်"

ဝူးယို့ကျောင်း လူးလိမ့်ထလိုက်ပြီး . . .

"မင်းက ဘယ်သူလဲ၊ သည်တောင်ခြေကို ဘာလာလုပ်တာလဲ"

ယိလန်းက အခြေအနေကို အကဲခတ်လိုက်ပြီး . . .

"ကျွန်မနာမည် ယိလန်းပါ၊ မိဘမဲ့တစ်ကောင်ကြွက်တစ်ယောက်ပါ၊ ဦးတည်ရာမဲ့ လျှောက်လာရင်း သည်တောင်ခြေကို ရောက်လာတာပါရှင်၊ ကျွန်မဟာ ကူညီစောင့်ရှောက်မယ့်လူတွေကိုလိုက်ရှာနေတဲ့ ဒုက္ခသည်တစ်ယောက်လည်း ဖြစ်ပါတယ်ရှင်"

ဝူးယို့ကျောင်းသည် ဒုက္ခရောက်နေသော မိဘမဲ့မိန်းကလေးတစ်ဦးဟု သိလိုက်ရသောအခါ ယိလန်းကို ဂရုဏာသက်သွားတော့သည်။

"ဒါဆို ကျုပ်ကူညီပါရစေ၊ ကျုပ်နဲ့ တောင်ပေါ်ကိုလိုက်ခဲ့ပါ၊ ဆရာ့ကိုပြောပေးပါ့မယ်၊ သူက ညီမကို ကူညီစောင့်ရှောက်မှာပါ"

"အစ်ကို တော်တော် သဘောကောင်းတာပဲ၊ အစ်ကို့ဆရာကကော သဘောကောင်းပါ့မလား၊ တော်ကြာ ကျွန်မကို လက်မခံဘူးဆိုရင်ကော"

ဝူးယို့ကျောင်းက . . .

"မပူနဲ့ ကျုပ်ရအောင် ပြောပေးမယ်၊ ဆရာက ညီမကို တောင်ပေါ်မှာနေခွင့်ပြုလိုက်ပြီဆိုတာနဲ့ အစစအရာရာ ကျုပ်



ကူညီသွားပါမယ်၊ ညီမသိုင်းပညာသင်ချင်တယ်ဆိုရင်လည်း ကျုပ် သင်ပေးပါ့မယ်"

ယိလန်းသည် ဝူးယို့ကျောင်းမှာ သူ့ထက် အသက်အနည်းငယ်သာကြီး၍ မိဘများအား သတ်သွားသည့်ဓားပြ မဖြစ်နိုင်၊ ဝူးယို့ကျောင်း၏ဆရာကသာ လူသတ်သမားဖြစ်လိမ့်မည်ဟု တွေးကာ . . .

"ကျွန်မ ဒုက္ခရောက်ပြီး နေစရာ စားစရာ သွားစရာမရှိ ဖြစ်နေပါတယ်၊ သည်တောင်ပေါ်မှာ နေခွင့်ရအောင် အစ်ကို့ဆရာကို ပြောပေးပါနော်"

ဟု သနားစဖွယ် တောင်းပန်တိုးလျှိုးလိုက်လျှင် ဝူးယို့ကျောင်း ပို၍ဂရုဏာသက်သွားပြီး ဆရာ့ကိုရအောင် ပြောပေးမည်ဟု ကတိအထပ်ထပ်ပေးကာ ယိလန်းအား တောင်ပေါ်သို့ ခေါ်သွားလေသည်။ ဝူးယို့ကျောင်း ကံကောင်းသွား၏။

ကျိုင်ဝင်းရီက ယိလန်းကို အမျိုးမျိုးစစ်ဆေးမေးမြန်းပြီးနောက် သူ့အတွက် အသုံးပြုနိုင်သူတစ်ယောက်ဟု သတ်မှတ်ပြီး . . .

"မင်း သည်တောင်ပေါ်မှာ နေနိုင်တယ်၊ ငါတို့ကို ထမင်းဟင်းချက်ပြုတ်ကျွေးမွေးဖို့ တာဝန်ယူရမယ်၊ ငါ့ရဲ့ခွင့်ပြုချက်မရဘဲ တောင်အောက်မဆင်းရဘူး၊ ငါ့စကား ငါ့အမိန့်ကို မနာခံရင် သေဒဏ်အပြစ်ပေးခံရမယ်၊ ကဲ ဒါတွေကို မင်းလက်ခံလိုက်နာနိုင်မယ်ဆိုရင် သည်တောင်ပေါ်မှာ နေခွင့်ပြုလိုက်မယ်"

ဟု ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ ဆရာ့ရဲ့အမိန့်ကို တသွေမတိမ်း နာခံပြီး ခိုင်းတာလုပ်ပါ့မယ်၊ သည်တောင်ပေါ်မှာ နေခွင့်ပေးတာကိုပဲ ကျေးဇူးတင်လှပါပြီ"

ယိလန်းက လက်ခံလိုက်လေသည်။

❊ ❊ ❊

ယိလန်းသည် ကျိုင်ဝင်းရီ၏ ခွင့်ပြုချက်ဖြင့် တောင်ပေါ်၌နေခွင့်ရခဲ့ပြီးနောက် မိန်ယွင်၊ ကျန်းကျက်၊ ချောင်ဟွာ၊ လီပင်းပင်းတို့အားလုံးနှင့် တည့်အောင် ပေါင်းသင်းနေထိုင်ခဲ့လေသည်။

ငရဲသားလေးများ အားလုံးကလည်း ယိလန်းမှာ မိမိတို့နှင့် ဘဝတူဟူသောအသိဖြင့် ဂရုစိုက်ခဲ့ကြသဖြင့် များမကြာမီ တကယ့်မောင်နှမ အရင်းအချာများပမာ ချစ်ခင်ရင်းနှီးသွားခဲ့ကြလေသည်။

ဝူးယိကျောင်းတို့ သိုင်းပညာ လေ့ကျင့်နေကြသည်ကို တွေ့ရလျှင် ယိလန်းက သူမကိုလည်း သိုင်းပညာသင်ပေးဖို့ ပူဆာခဲ့လေသည်။ ဝူးယိကျောင်းက သူမအား သံယောဇဉ်ပိုမိ၍ ကျိုင်ဝင်းရီမသိအောင် တိတ်တဆိတ် သင်ပေးခဲ့လေသည်။

ဝူးယိကျောင်းနှင့်ယိလန်းတို့၏ လျှို့ဝှက်ချက်ကို တစ်နေ့ကျိုင်ဝင်းရီ သိရှိသွားလေသောအခါ. . .

❊ ❊ ❊



ငရဲသားငါးယောက် အရွယ်ရောက်ကြီးပြင်းလာသောအခါ မမျှော်လင့်သော ပြဿနာများ ကိုယ်စီကိုယ်ငှ ရှိလာခဲ့ကြလေသည်။

ဘဝနာခဲ့ကြသူများပီပီ ခံယူချက်ကိုယ်စီ အသိတရားကိုယ်စီ ရှိနေခဲ့ကြပြီး ဘဝရပ်တည်ရေးနှင့် ရှေ့ဆက်ရမည့် ဘဝခရီးအတွက် ရည်ရွယ်ချက်ကိုယ်စီ ရှိလာခဲ့ကြလေသည်။

သို့သော် ရိုးသားဖြူစင်ပြီး မကောင်းမှုကို ရွံ့မုန်းသောနေရာ၌ကား အားလုံးတညီတညွတ်တည်း ရှိခဲ့ကြသည်။

ကျိုင်ဝင်းရီက မိမိကိုယ်ထက် ဘာမှအရေးမကြီးကြောင်း မိမိအတွက် အကျိုးရှိလျှင် သူတပါးကို သတ်ဖြတ်သင့်က သတ်ဖြတ်ရမည်ဖြစ်ကြောင်း လူတိုင်းလူတိုင်းသည် ရက်စက်ကြမ်းကြုတ်ပြီး ဒုက္ခပေးဖို့ ဝန်မလေးတတ်ကြသဖြင့် ဆုံးမရမည်ဖြစ်ကြောင်း အမျိုးမျိုးနားချသိမ်းသွင်းကာ စိတ်ထားများ ခက်ထန်ကြမ်းကြုတ်လာစေရန် တစ်ကိုယ်ကောင်းဆန်ဆန် လုပ်ကိုင်ဆောင်ရွက်တတ်ရန် ပုံစံသွင်းပေးခဲ့သည်။

သို့သော် ဘဝနာနေသော ငရဲသားလေး ငါးယောက်၏ ပင်ကိုယ် ဖြူစင်သောစိတ်သဘောထား၊ မျိုးရိုးဗီဇနှင့် ခံယူချက်တို့က ကျိုင်ဝင်းရီ၏ သဘောတရားများကို လက်ခံကျင့်သုံးဖို့ မလိုလားဘဲ ရှိနေကြတော့သည်။

ငရဲသားလေး ငါးယောက်မှာ ကျိုင်ဝင်းရီအား ဆရာသခင်၊ ကျေးဇူးရှင်ဟု တရိုတသေရှိကြသော်လည်း သူတို့၏ အသည်းနှလုံးထဲမှာမူ ကျိုင်ဝင်းရီအား သဘောမကျဖြစ်လာ

www.burmeseclassic.com

www.burmeseclassic.com



ကြလေသည်။ လူငယ်ငါးယောက် သို့မဟုတ် ရေသားလေးငါးယောက် အားပုံသွင်း၍ရမည်ဟု ကျိုင်ဝင်းရီ ယုံကြည်မျှော်လင့်ထားသော်လည်း တကယ်တမ်း သူမျှော်လင့်သလို ဖြစ်မလာသည်ကို ကျိုင်ဝင်းရီ ရုတ်တရက် မရိပ်မိခဲ့ချေ။

သူ၏ကျေးရူးတရားကို နားလည်ပြီး သူ၏အမိန့်အတိုင်း တသွေမတိမ်း လိုက်နာဆောင်ရွက်ကြလိမ့်မည်ဟုသာ ယုံကြည်ထားခဲ့သည်။ အမှန်တော့. . .

ကျိုင်ဝင်းရီက အသိဉာဏ်ကြွယ်ဝသော လူသားများအား အသိဉာဏ်နည်းပါးသည့် အဟိတ်တိရိစ္ဆာန်ကဲ့သို့ သဘောထားကာ ပုံစံသွင်းပေး၍ရမည်ဟု သဘောထားမိခြင်းက မှားယွင်းခဲ့ခြင်း ဖြစ်သည်။

လူသားတို့၏ စိတ်အစဉ်မှာ အံ့ဩစရာကောင်းအောင်ပင် ထူးဆန်းနေပါတော့သည်။

ရေသားငါးယောက် စုဝေးမိတိုင်း ကျိုင်ဝင်းရီ၏ဆုံးမစကားများကို ပြန်လည်ဆွေးနွေးသုံးသပ်ခဲ့ကြသည်။

သူတို့ တောင်ပေါ်မှဆင်းကာ ရိက္ခာဝယ်သွားရင်း ပြင်ပလောကသို့ ရောက်ရှိခဲ့ပြီး အတွေ့အကြုံ အကြားအမြင်များလာခဲ့ရာ ကျိုင်ဝင်းရီ၏ သဘောထားမှာ တစ်ဘက်သတ်ဆန်လွန်းသော သဘောထားများဖြစ်နေကြောင်း စဉ်းစားသုံးသပ်လာတတ်ကြတော့သည်။

သို့ဖြင့် ရေသားလေး ငါးယောက်နှင့် ကျိုင်ဝင်းရီတို့ မသိမသာ သဘောထားကွဲလွဲလာခဲ့ကြပြီး နောက်ပိုင်းတွင် ထို



သဘောထားကွဲလွဲမှုမှာ ပိုမိုကြီးထွားလာကာ သဘောချင်းမတိုက်ဆိုင်ဘဲ ဆန့်ကျင်ဘက်အသွင် ကူးပြောင်းရောက်ရှိသွားခဲ့တော့သည်။

သာကေအားဖြင့် ကျိုင်ဝင်းရီသည် ရေသားငါးယောက်အား လက်တွေ့ အသုံးချဖို့ အချိန်တန်ပြီဟု သဘောပိုက်ကာ သခင်လေးနှင့် တိုင်ပင်ခဲ့သည်။ သခင်လေးက. . .

"ဆရာရဲ့အုတ်ဂူဘေးမှာ တစ်နှစ်နေပြီး ပြုစုစောင့်ရှောက်ရဦးမယ်ဆိုတော့ ရေသားလေးတွေကို လက်တွေ့တာဝန်ပေးချင်ရင် မိုးနဂါးဂိုဏ်းကို လွှတ်လိုက်ပါ။ ဂိုဏ်းချုပ်ကူဖေးရန်ကိုသုတ်သင်ခိုင်းလိုက်ပါ၊ ကူဖေးရန်လိုလူစားမျိုးကို သုတ်သင်ဖို့ကျွန်တော့်လက်နဲ့ မတန်ဘူး"

ကျိုင်ဝင်းရီက. . .

"ကောင်းပါပြီ သခင်လေး၊ သူတို့ကို ကူဖေးရန်ဆီကို လွှတ်လိုက်ပါ့မယ်"

ထို့နောက် ရေသားငါးယောက်ထဲမှ ကျန်းကျက်၊ မိန်ယွင်နှင့် ချောင်ဟွာတို့အား စေလွှတ်လိုက်လေသည်။

ကျိုင်ဝင်းရီ နောက်ဆုံးခေါ်ဆောင်လာခဲ့သော ကျန်းကျက်မှာ အသက်အကြီးဆုံးဖြစ်နေ၍ အားလုံး၏ အစ်ကိုကြီးဖြစ်ခဲ့၏။ ကျန်းကျက် ဦးဆောင်ကာ ကူဖေးရန်ဆီသို့ သွားခဲ့ကြသည်။ သူတို့သည် ကူဖေးရန်အား လုပ်ကြံရာ၌ အထောက်အကူဖြစ်စေရန် သတင်းများစုဆောင်းခဲ့ရာမှ ကူဖေးရန်မှာ အများအကျိုးဆောင်ရွက်နေသော အဖြူရောင်သိုင်းသမားကြီး

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ကြောင်း သိခဲ့ရလေသည်။ ကျန်းကျက် မိန်ယွင်နှင့်ချောင်ဟွာ တို့သုံးယောက် ဘုံကျောင်းပျက်လေးတစ်ခု၌ တိုင်ပင်ဆွေးနွေးခဲ့ကြလေသည်။ ကျန်းကျက်က. . .

"ကူဖေးရန်ဟာ တစ်ကြိမ်တစ်ခါမှ နာမည်ပျက်မရှိခဲ့ဖူးတဲ့ အများအကျိုးဆောင်ရွက်တဲ့ အဖြူရောင်သိုင်းသမားစစ်စစ် ဖြစ်နေတယ်၊ အခု သူအသက်ကြီးလာပြီး ကျန်းမာရေးမကောင်းတော့တာကြောင့် ဂိုဏ်းချုပ်ရာထူးက အနားယူပြီး မိသားစုနဲ့ မြန်ပြီး အေးအေးချမ်းချမ်း နေထိုင်ခဲ့တယ်"

မိန်ယွင်က. . .

"ကူဖေးရန်ဟာ ဂိုဏ်းချုပ်တစ်ယောက်ဖြစ်ခဲ့ပေမယ့် ကိုယ်ကျိုးစွန့်ပြီး အများအကျိုး ဦးစားပေးဆောင်ရွက်ခဲ့တာကြောင့် ခုချိန်မှာ ချို့ချို့ငဲ့ငဲ့နေထိုင်နေရရှာတာ၊ သူဟာ ဘယ်လိုလုပ်ပြီး လူဆိုးလူယုတ်မာတစ်ယောက် ဖြစ်နေနိုင်မှာလဲ"

ချောင်ဟွာက. . .

"ဆရာကျိုင်ပြောတဲ့စကားတွေနဲ့ ဆန့်ကျင်ဘက်ပဲ တစ်ခုခုတော့ မှားနေပြီ"

ကျန်းကျက်က. . .

"ဆရာကျိုင်က မှားနေတာ ကူဖေးရန်ကို သတ်ခိုင်းတယ်၊ ကူဖေးရန်ကလူကောင်း၊ သည်တော့ ဆရာကျိုင်ဟာ မှားယွင်းနေတဲ့အပြင် လူဆိုးတစ်ယောက်ဖြစ်နေပြီပေါ့"

သုံးယောက်သား အဖြစ်အပျက်များကို သုံးသပ်ရင်း ဆရာကျိုင်မှာ မည်သို့သောလူစားဖြစ်သည်ကို သတိပြုမိလာခဲ့ကြလေတော့သည်။ ကျန်းကျက်က. . .



"ကျုပ်ကတော့ ဆရာကျိုင်ခိုင်းသလို မလုပ်နိုင်တော့ဘူး၊ ကူဖေးရန်လည်း အသက်ချမ်းသာရာရအောင် ကျုပ်တို့လည်း အပြစ်လွတ်အောင် အကြံထုတ်ရမှာပဲ"

ချောင်ဟွာနှင့် မိန်ယွင်တို့ သဘောတူလိုက်ကြသည်။

နောက်ဆုံး အကြံတစ်ခုရပြီး ထိုအကြံအစည်အတိုင်း အကောင်အထည် ဖော်လိုက်ကြလေသည်။ ကျန်းကျက်က ကူဖေးရန်ကိုသွားတွေ့ကာ အမှန်အတိုင်း ဖွင့်ပြောပြပြီး သူတို့အား တစ်ဘက်တစ်လမ်းမှ ပြန်လည် ကူညီပါရန် မေတ္တာရပ်ခံခဲ့သည်။

အတွေ့အကြုံများသော ကူဖေးရန်သည် ကျန်းကျက်တို့၏ အခြေအနေကို နားလည်ပြီး ကျန်းကျက်တောင်းဆိုသည့်အတိုင်း လိုက်လျောခဲ့သည်။

ကျန်းကျက်တို့လည်း မိုးယံတောင်သို့ ပြန်သွားပြီး ကူဖေးရန်မှာ ဂိုဏ်းချုပ်ရာထူးမှ အနားယူပြီး ခရီးထွက်သွားသဖြင့် ရှာမတွေ့နိုင်သည့်နောက်ဆုံး လက်လျှော့ပြန်လာခဲ့ရကြောင်း ကျိုင်ဝင်းရီကို ပြောပြကြလေသည်။

ကျိုင်ဝင်းရီ မကျေမနပ် ဖြစ်ခဲ့သော်လည်း ဘာမှမတတ်နိုင်ခဲ့ပါချေ။ သူကိုယ်တိုင် သတင်းစုံစမ်းကြည့်ရာ ကျန်းကျက်တို့ ပြောသကဲ့သို့ ကူဖေးရန် အနားယူပြီး ခရီးထွက်သွားကြောင်း၊ ဘယ်ရပ်ဘယ်ဝယ် သွားသည်မသိနိုင်ကြောင်း သတင်းစုံစမ်း၍ရသဖြင့် ကျန်းကျက်တို့ပြောသမျှ လက်ခံလိုက်ရလေသည်။ ထိုကိစ္စဖြစ်ပွားပြီး နောက်ပိုင်း ငရဲသားငါးယောက်

www.burmeseclassic.com

www.burmeseclassic.com



မှာ ကျိုင်ဝင်းရီအပေါ် ပို၍သံသယကြီးထွားလာခဲ့ကြလေသည်။

ကျိုင်ဝင်းရီမှာ သူ၏အကျိုးအတွက် အသုံးချရန် မိမိတို့အားပြုစု ပျိုးထောင်ခဲ့ခြင်းဖြစ်ကြောင်းလည်း ကောင်းကောင်းကြီးနားလည်သဘောပေါက်သွားကြတော့သည်။

သို့ဖြင့် ရေသားငါးယောက်နှင့် ကျိုင်ဝင်းရီတို့ သဘောထားကွဲလွဲကာ ထိပ်တိုက်ပြန်လည်ရင်ဆိုင်တွေ့ဖို့ အကြောင်းတရားများ ဖြစ်ပေါ်လာခဲ့လေတော့သည်။

❄ ❄ ❄

သခင်လေးသည် မိုးယံတောင်သို့ တိတ်တဆိတ် လာရောက်ကာ ကျိုင်ဝင်းရီနှင့်တွေ့ဆုံပြီး သူတို့ဆောင်ရွက်ရမည့်ကိစ္စများကို တိုင်ပင်ဆွေးနွေးလေ့ရှိလေသည်။

လသာသောညတစ်ညတွင် ချိန်းဆိုထားသည့်အတိုင်း သခင်လေးနှင့် ကျိုင်ဝင်းရီတို့ မိုးယံတောင် အနောက်ဘက်၌ တွေ့ဆုံခဲ့ကြသည်ကို ချောင်ဟွာက မမျှော်လင့်ဘဲ တွေ့ခဲ့လေသည်။ သခင်လေးက. . .

"ဦးလေးကျိုင် သိတဲ့အတိုင်း ကျွန်တော့်ရည်ရွယ်ချက်ကဖေဖေ့ကိုသတ်ပစ်ခဲ့ကြတဲ့ ရန်သူတွေကို ဆုံးမသုတ်သင်ပြီးရင် သိုင်းလောကကိုပါ ဖျက်ဆီးပစ်ဖို့ပဲ၊ ကျွန်တော်တို့ အကြံအစည်အောင်မြင်အောင် ဦးလေးကျိုင်ပြုစုမျိုးထောင်ခဲ့တဲ့ ရေသားငါးယောက်ကို အသုံးချရမယ်၊ မကြာခင် ကျွန်တော် လုပ်ငန်းစတော့မယ်၊ ဦးလေးကျိုင်က ရေသားငါးယောက် အသင့်ရှိနေအောင် ဆောင်ရွက်ထားပါ"

ဟု မှာကြားနေသည်ကို ချောင်ဟွာက နားနှင့်ဆတ်ဆတ်ကြားခဲ့ရလေ၏။ နောက်တစ်နေ့ နံနက်တွင် ထိုအကြောင်းကို ချောင်ဟွာက ကျန်းကျက်တို့လေးယောက်အား ပြောပြခဲ့လေသည်။ ကျန်းကျက်တို့ မကျေမနပ် ဖြစ်သွားတော့သည်။

"ဆရာကျိုင်ဟာ သခင်လေးဆိုတဲ့လူရဲ့ အမိန့်အတိုင်းရှိ လုပ်ကိုင်ဆောင်ရွက်နေရတာကိုး၊ ကျုပ်တို့ကို စေတနာနဲ့ ကျ တင်ခဲ့တာမဟုတ်ဘဲ တစ်ချိန်မှာ အသုံးချမယ်ဆိုတဲ့ ရည်ညွှန်ကိုချက်နဲ့ဆိုတော့ သူ့ကို ကျေးရူးရှင်လို့ သတ်မှတ်ထားတာ့ အားယွင်းသလိုဖြစ်နေပြီ"

မိန်ယွင်က. . . ဒီတ်

"ကျုပ်တို့ကို မကောင်းတာလုပ်ခိုင်းမယ်ဆိုရင် ကျုပ်တော့ လက်မခံဘူး။ ကျုပ်ကို အပြစ်ပေးလာမယ်ဆိုရင် ခုခံတုန့်ပြန်ရမှာပဲ"

သူ၏သဘောထားကို အားလုံးလက်ခံလိုက်ကြလေသည်။ ဆရာတပည့်များကြား၌ ဖြစ်ပေါ်နေခဲ့သော အက်ကြောင်းက တစ်စထက်တစ်စ ကြီးမားလာသည်။

ထိုအက်ကြောင်းမှ လုံးဝဆန့်ကျင်ဘက် ကွဲပြားခြားနားသွားဖို့ မိန်ယွင်နှင့် လီပင်းပင်းတို့၏ဖြစ်ရပ်များက ဖန်တီးခဲ့ပြန်လေတော့သည်။

❄ ❄ ❄



www.burmeseclassic.com

www.burmeseclassic.com



# ပြိုကွဲခြင်း

တ မကြာသေးမီက ထူးခြားသောသတင်းများ မိုးယ
ဘင်သို့ ရောက်ရှိလာခဲ့လေသည်။

သိုင်းလောက အထင်ကရသမားစီသိုင်းသမားကြီးအား
ဘဖုံးရှင်တစ်ယောက်က လုပ်ကြံလိုက်သည်ဆိုသည့်
။

ရောက် ထိုမျက်နှာဖုံးရှင်မှာ အဖြူရောင်သိုင်းသမားကြီးများအား
ကိ ဂ်လ်လုပ်ကြံနေသည်ဆိုသောသတင်း။

မိုးယံတောင်အနီးတဝိုက်၌ မျက်နှာဖုံးရှင်အား တွေ့ရ
တတ်သည်ဆိုသောသတင်း။

စသည်စသည်ဖြင့် ထူးဆန်းသော မျက်နှာဖုံးရှင်တစ်ယောက်၏သတင်းများ ဖြစ်လေသည်။

ကျိုင်ဝင်းရီက. . .

"မျက်နှာဖုံးရှင်ဟာ ထူးဆန်းတဲ့ လူတစ်ယောက်ဖြစ်တယ်၊ ငါတို့မိုးယံတောင်ကိုဒုက္ခမပေးဘူးမပြောနိုင်ဘူး၊ကျန်းကျက် မင်းတောင်အောက်ကိုဆင်းပြီး မျက်နှာဖုံးရှင်ရဲ့သတင်းကို စုံစမ်းပါ"



ဟု အမိန့်ပေးသဖြင့် ကျန်းကျက်လည်း တောင်အောက်ဆင်းခဲ့ရလေသည်။

သူ တောင်အောက်ဆင်းကာနီးအချိန်၌ ငူးယို့ကျောင်းက တိတ်တခိုးလေး မေတ္တာသက်ဝင်မိသည့် ယိလန်း(ဝါ)မေ့လျှံ့အား သိုင်းပညာသင်ပေးနေသည်ကို ကျိုင်ဝင်းရီသိသွားပြီး ငူးယို့ကျောင်းနှင့်ယိလန်းတို့အား ဖမ်းဆီးပြီး ကျောက်ဂူတစ်ခုထဲ၌ ပိတ်လှောင်ကာ အစာရေစာ လုံးဝမပေးဘဲ အပြစ်ပေးသည့်ကိစ္စနှင့်ကြုံခဲ့ရသည်။

မိန်ယွင်သည် ငူးယို့ကျောင်းတို့ ဒုက္ခရောက်နေသည်ကို မကြည့်ရက်သဖြင့် ကျောက်ဂူတံခါးဖွင့်ကာ ငူးယို့ကျောင်းတို့ အား လွှတ်ပေးခဲ့သည်။

ငူးယို့ကျောင်းနှင့်ယိလန်းတို့က မိုးယံတောင်မှ တိတ်တဆိတ် ထွက်ပြေးသွားခဲ့ကြလေသည်။ ထိုကိစ္စကို ကျိုင်ဝင်းရီသိသွားသောအခါ ငူးယို့ကျောင်းနှင့်ယိလန်းတို့အား လိုက်ရှာပြီး သတ်ပစ်ရမည်ဟု အမိန့်ထုတ်ခဲ့သည်။

မိန်ယွင်ကိုလည်း အပြစ်ပေးခဲ့သည်။

ပြဿနာများက ပြီးဆုံးမသွားသေးဘဲ လီပင်းပင်းနှင့် မိန်ယွင်တို့၏ကိစ္စ ပေါ်ပေါက်လာပြန်သည်။

လီပင်းပင်းက တောင်ခြေ၌ မျက်နှာဖုံးရှင်ကို တွေ့ခဲ့လေသည်။ ထိုမျက်နှာဖုံးရှင်မှာ ကျိုင်ဝင်းရီနှင့်တွေ့ဖို့လာသော သခင်လေးဖြစ်သည်။

သခင်လေးသည် လီပင်းပင်း လိုက်လာသောအခါ

www.burmeseclassic.com

www.burmeseclassic.com



ချောင်တိမ်းသွားရန် ကြိုးစားခဲ့လေသည်။

ထိုအချိန်တွင် မိန်ယွင် တောင်အောက်ဆင်းလာသည်နှင့်ကြုံပြီး တိုက်ပွဲဖြစ်ပွားခဲ့ရာ မိန်ယွင်မှာ သခင်လေးကိုမယှဉ်နိုင်ဘဲ ရှုံးနိမ့်ပြီး ဒဏ်ရာပြင်းစွာ ရခဲ့လေသည်။

ကျိုင်ဝင်းရီက ထိုကိစ္စမှာ လီပင်းပင်း အသုံးမကျ၍ဖြစ်ရသည်ဟု အပြစ်တင်ပြီး မိန်ယွင်၏ဝေဒနာကို ကုသရန် သမားတော်သိုင်းသမားထံမှ အဆိပ်ဟူသမျှ ပျောက်ကင်းနိုင်သည့်ဆေးပန်းပင်ကို သွားယူခိုင်းခဲ့လေသည်။

ကျန်းကျက် တောင်ပေါ်မှဆင်းသွားပြီး လီပင်းပင်းလည်း တောင်ပေါ်မှ ဆင်းသွားလေတော့သည်။

❋ ❋ ❋

တစ်ကိုယ်လုံး အနက်ရောင်ဝတ်ဆင်ကာ မျက်နှာဖုံးစွပ်ရုပ်ဖျက်ထားသော သခင်လေးက လက်နှစ်ဘက်နောက်ပစ်၍ မလှုပ်မယှက်ရပ်နေ၏။ ကျိုင်ဝင်းရီ ဦးညွှတ်လိုက်ပြီး. . .

"လီပင်းပင်းဟာ သမားတော်သိုင်းသမားဆီကို သွားနေပါပြီ သခင်လေး"

ဟု ပြောလိုက်သည်။ သခင်လေးက. . .

"ကောင်းတယ်၊ သူဟာ သမားတော်သိုင်းသမားကို အဖြစ်မှန်တွေပြောပြပြီး ဆေးပန်းပင်ကို တောင်းမှာပဲ၊ ဦးလေးကျိုင် အခုဆိုရင် ဦးလေးကျိုင် ပြုစုပျိုးထောင်ခဲ့တဲ့ ဧရဲသား



တွေဟာ ဦးလေးကျိုင်ရဲ့စကား နားမထောင်တော့ဘဲ အာခံကြတော့မယ်ဆိုတာ နားလည်ပြီလား"

"ကျုပ် ရိပ်မိနေပါပြီ သခင်လေး"

"အင်း. . . ကျုပ်က ဦးလေးကျိုင်နဲ့တွေ့ဖို့ မိုးယံတောင်ကိုလာခဲ့ရင်း လီပင်းပင်းနဲ့ မမျှော်လင့်ဘဲ ဆုံတွေ့မိတာကြောင့် ကျုပ်ကို ဘယ်သူဘယ်ဝါဆိုတာ မသိစေချင်တာနဲ့ လင်ဟိုးဆိုတဲ့ လူငယ်တစ်ယောက်အသွင်နဲ့ ဆက်ဆံခဲ့ရတယ်၊ လီပင်းပင်းက အဖြစ်မှန်ကိုမသိဘဲ ကျုပ်နဲ့ရင်းရင်းနှီးနှီး ဆက်ဆံပြီး မိုးယံတောင်မှာ မပျော်ပိုက်လို့ အဝေးကိုထွက်သွားချင်တယ်လို့ ဖွင့်ဟဖူးတယ်၊ ဒါကြောင့် ဧရဲသားငါးယောက်ဟာ ဦးလေးကျိုင်ကိုမယုံကြည်ကြတော့ဘဲ အာခံတော့မယ်ဆိုတာ ကျုပ်နားလည်ခဲ့တာ"

ကျိုင်ဝင်းရီ မဲ့ပြုံးပြုံးလိုက်သည်။

"သူတို့အားလုံး ကျုပ်လက်ခုပ်ထဲမှာပဲ ရှိပါတယ်၊ ကျုပ်မွေးတဲ့မီးကို ကျုပ်ပြန်ငြိမ်းပါ့မယ်"

သခင်လေးက. . .

"ဒါဆိုရင် ခင်ဗျားနဲ့ အနီးဆုံးရှိနေတဲ့ မိန်ယွင်ကို အဆိပ်ဆေးလုံး တစ်လုံးတိုက်ကျွေးလိုက်ပေတော့၊ လီပင်းပင်းက ဆေးပန်းပင်ရလာလည်း မိန်ယွင်ရဲ့အသက်ကို ကယ်နိုင်မှာမဟုတ်ဘူး၊ အဆိပ်ဆေးသောက်ပြီးတာနဲ့ ဒဏ်ရာရထားတဲ့ မိန်ယွင် အရင်ဆုံး မျက်စိကွယ်သွားလိမ့်မယ်၊ ဝေဒနာဆိုးတွေသူ တစ်ခုပြီးတစ်ခု ခံစားရမှာပေါ့ ဟား ဟား ဟား"

www.burmeseclassic.com

www.burmeseclassic.com



သခင်လေးသည် လူမဆန်စွာပြောပြီး တဟားဟား ရယ်မောလိုက်လေသည်။ ကျိုင်ဝင်းရှိ ပြုံးလိုက်သည်။

"ကျုပ်တို့ကို အာခံချင်တဲ့ ငရဲသားလေးတွေကို သည့်ထက်မက ဆုံးမရမှာပါ သခင်လေး"

သခင်လေးက. . .

"ထားပါတော့လေ၊ လီပင်းပင်းနောက်ကို ကျုပ်လိုက်သွားဦးမယ်၊ သူနဲ့ သမားတော်သိုင်းသမားဆုံတွေ့နေချိန်မှာ ကျုပ်က အခွင့်အရေးရတာနဲ့ သမားတော်သိုင်းသမားကို လုပ်ကြံလိုက်မယ်၊ ကဲ ကျုပ်သွားမယ်"

စကားဆုံးသည်နှင့် နှုတ်ဆက်ကာ ချက်ချင်းထွက်သွားတော့သည်။

ကျိုင်ဝင်းရှိလည်း မိန်ယွင်ထံသို့ ပြန်လာပြီး သခင်လေးအမိန့်ပေးသည့်အတိုင်း အဆိပ်ဆေးလုံး တိုက်ကျွေးလိုက်ရာ အဆိပ်ဆေးလုံးသောက်ပြီးသည်နှင့် မိန်ယွင် မျက်စိကွယ်သွားခဲ့လေတော့သည်။

❋ ❋ ❋

ကျန်းကျက်. . .။

ကျန်းကျက်သည် မျက်နှာဖုံးရှင်အား လိုက်လံရှာဖွေခဲ့သော်လည်း အချိန်အတန်ကြာသည့်တိုင်အောင် ရှာမတွေ့နိုင်သဖြင့် စိတ်ပျက်ကာ မိုးယံတောင်သို့ ပြန်လာခဲ့လေသည်။



မိုးယံတောင်နှင့် တဖြည်းဖြည်း နီးကပ်လာချိန်၌. . .

"ဟူး. . . ဟူး"

အဝတ်အစားလေတိုးသံများနှင့်အတူ အနက်ရောင်ဝတ်ကာ မျက်နှာဖုံးစွပ်ထားသူ တစ်ယောက်ပြေးလွှား လာနေသည်ကို တွေ့လိုက်ရ၏။ ကျန်းကျက် အံ့ဩဝမ်းသာသွား၏။

"ဟင်. . . မျက်နှာဖုံးရှင်ပါလား"

မျက်နှာဖုံးရှင်မှန်းသိလျှင် ချက်ချင်း ဟန့်တားတိုက်ခိုက်လိုက်လေသည်။

"ရပ်လိုက်စမ်း။ မိုးယံတောင်ကို ဒုက္ခပေးဖို့လာခဲ့တာ မဟုတ်လား။ သေဖို့ပြင်ထား"

ကျန်းကျက်က တိုက်ခိုက်လာသဖြင့်. . .

"မင်း သေချင်ပြီထင်တယ်"

မျက်နှာဖုံးရှင်က ပြန်လည်တိုက်ခိုက်လိုက်ရာ ကျန်းကျက်မယှဉ်နိုင်ဘဲ တခဏအတွင်းမှာပင် အရေးနိမ့်သွားသည်။

"ဝုန်း"

ကျန်းကျက် ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားရလေသည်။ မျက်နှာဖုံးရှင်က. . .

"သည်တစ်နေ့ ကျုပ်သွားစရာရှိလို့ မင်းကံကောင်းသွားမယ်မှတ်ပါ"

ဟုပြောကာ ပြေးထွက်သွားလေသည်။

မျက်နှာဖုံးရှင် ပျောက်ကွယ်သွားလျှင် ကျန်းကျက်က. . .

"သူ့ကို ငါတို့ တစ်ယောက်ချင်းယှဉ်နိုင်မှာမဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ဟုရေရွတ်ရင်း သူတို့ ငရဲသားငါးယောက် ကျိုင်ဝင်းရီ မသိအောင် တိတ်တဆိတ် တီထွင်ထားခဲ့သော စုပေါင်းတိုက်ကွက်တစ်ခုကို သတိရမိလိုက်လေသည်။

ကျန်းကျက်လည်း ကျန်သွေးသောက်ညီအစ်ကိုများနှင့် တွေ့ဆုံလိုစိတ် ပြင်းပျစွာ ဖြစ်ပေါ်လာလေတော့သည်။

❋ ❋ ❋

လီပင်းပင်းသည် ကျိုင်ဝင်းရီ စေခိုင်းသည့်အတိုင်း သမားတော်သိုင်းသမားထံသို့ သွားခဲ့လေသည်။

မြေအောင်းယက္ခအား သုတ်သင်ရာ၌ အဓိကပါဝင်ခဲ့သော သမားတော်သိုင်းသမားမှာ အလွန်ခေါင်းမာသူဖြစ်လေသည်။လီပင်းပင်းက အကျိုးအကြောင်း ရှင်းပြကာ ဆေးပန်းပင်ကို တောင်းခံခဲ့သော်လည်း လုံးဝမပေးချေ။

သူ့ကို အနိုင်ယူနိုင်မှပေးမည်ဟု အကြပ်ကိုင်ရာလီပင်းပင်းက ရင်ဆိုင်ခဲ့ရလေသည်။ လီပင်းပင်း၏ပညာဖြင့် သမားတော်သိုင်းသမားအား မယှဉ်နိုင်ဘဲ ရှုံးနိမ့်ခဲ့လေသည်။

အမှန်တော့ ထိုအခြေအနေမျိုးဖြစ်ပေါ်လာအောင် ကျိုင်ဝင်းရီနှင့် သခင်လေးတို့က ဖန်တီးခဲ့ကြခြင်းပင်။

သခင်လေးသည် လီပင်းပင်းနောက်သို့လိုက်သွားပြီး အခြေအနေ စောင့်ကြည့်ကာ သမားတော်သိုင်းသမားက လီပင်းပင်းအပေါ် အာရုံရောက်နေချိန်၌ တိတ်တဆိတ် ဝင်ရောက်



လုပ်ကြံလိုက်သဖြင့် သမားတော်သိုင်းသမား သေဆုံးသွားပြီး ဆေးပန်းပင်ကို ရရှိခဲ့တော့သည်။ လီပင်းပင်းက မိုးယံတောင်သို့ ဝမ်းသာအားရ ပြန်သွား သောအခါ သခင်လေးက တိတ်တဆိတ် လိုက်သွားခဲ့လေသည်။ သခင်လေးသည် မမျှော်လင့်ဘဲ လီပင်းပင်းအား မေတ္တာသက်ဝင်မိခဲ့လေတော့သည်။

❋ ❋ ❋

မိုးယံတောင်သို့ အပြန်လမ်းတွင် လီပင်းပင်းနှင့်ချောင်ဟွာတို့ ဆုံတွေ့မိလိုက်ကြလေသည်။ ချောင်ဟွာက တောင်ပေါ်မှဆင်းသွားသူများအတွက် စိတ်မချသဖြင့် တိတ်တဆိတ်ထွက်လာခဲ့ရင်း လီပင်းပင်းနှင့် ဆုံတွေ့မိသောအခါ လျှို့ဝှက်လိုက်လာသည့် သခင်လေးကိုလည်း သတိပြုမိသွားပြီး. . .

"ဒါ ဘာသဘောလဲ"

ချောင်ဟွာ တိုက်ခိုက်လိုက်ပါသော်လည်း သခင်လေးကို မယှဉ်နိုင်ခဲ့ပါချေ။ သခင်လေးက ချောင်ဟွာ၏ငယ်ထိပ်ကို လက်ဝါးဖြင့် မိုးထားလိုက်သောအခါ. . .

"မလုပ်ပါနဲ့ရှင်"

လီပင်းပင်း ကြားဝင်တောင်းပန်လိုက်မှ သခင်လေးက ချောင်ဟွာအား အသက်ချမ်းသာပေးကာ ထွက်သွားလေတော့သည်။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



## ပြေးရင်းလွှားရင်း

စီချွမ်းမြို့. . . ။

စီချွမ်းမြို့သို့ ဝူးယို့ကျောင်းနှင့်ပေ့လျှံတို့ ရောက်ရှိနေကြပေသည်။

စီချွမ်းမြို့မှာ သိပ်ဝေးလံသော မြို့တစ်မြို့တော့ မဟုတ်ပါ။ ဟိုပေပြည်နယ်နှင့် နယ်မြေချင်းထိစပ်နေသော ကျိုလင်းပြည်နယ်ထဲတွင်ရှိသော မြို့တစ်မြို့ပင်ဖြစ်သည်။

စီချွမ်းမြို့ကား မြို့ငယ်လေးတစ်မြို့သာ ဖြစ်သည်။

မှန်ပေသည်။

ဝူးယို့ကျောင်းနှင့်ပေ့လျှံတို့ နှစ်ယောက်မှာ ဟိုပေပြည်နယ်မှလွတ်အောင်ပြေးခဲ့ကြပြီးနောက် ကျိုလင်းပြည်နယ်ထဲတွင် လှည့်ပတ်ရှောင်တိမ်းနေခဲ့ကြခြင်း ဖြစ်သည်။

သို့ဖြင့် စီချွမ်းမြို့လေးသို့ ရောက်သည်တွင် ကံအားလျော်စွာ လူမနေသော အိမ်ပျက်ကြီးတစ်ခုကိုတွေ့၍ ထိုမြို့လေးထဲတွင် သောင်တင်နေခဲ့ကြခြင်းဖြစ်သည်။



"အစ်ကိုဝူး"

"ဘာလဲ ညီမ"

"ငါးကင်ရပြီ"

"ဟုတ်လား၊ ဒါဖြင့် အတူတူ စားကြရအောင်"

ပေ့လျှံက ပြုံး၍ခေါင်းညိတ်လိုက်သည်။

ထိုငါးနှစ်ကောင်မှာ မြို့ပြင်စမ်းချောင်းလေးထဲမှ ဝူးယို့ကျောင်း သွားဖမ်းယူလာခဲ့သော ငါးများဖြစ်သည်။

ထိုငါးများကို စားသောက်ရန် တုတ်ထိုးပြီး မီးကင်ပေးခဲ့သူကတော့ ပေ့လျှံပင်ဖြစ်သည်။

"ငါးကင်က ဟယ်မွှေးပဟာပဲ"

ဝူးယို့ကျောင်း စကားစလိုက်သည်။

"မွှေးရုံတင်ဘယ်ကမလဲ၊ အသားကလည်း တော်တော်ကိုချိုတာ"

ပေ့လျှံက နှစ်ခြိုက်စွာ စားသောက်ရင်းမှ ပြန်ပြောသည်။ ဝူးယို့ကျောင်းက. . .

"ငါးကြင်းကတော့ ဒီလိုပဲလေ၊ အသားကနူးညံ့ပြီး အတော်လေးချိုတယ်"

ပေ့လျှံ ပြုံးလိုက်သည်။

"ဟုတ်တယ်၊ ကျွန်မကတော့ ငါးထဲမှာဆို ငါးကြင်းကို အကြိုက်ဆုံးပဲ"

ဝူးယို့ကျောင်း ခေါင်းညိတ်လိုက်သည်။

"စိတ်ချပါ၊ ညီမကြိုက်တယ်ဆိုရင် အစ်ကို စမ်းချောင်း

www.burmeseclassic.com

www.burmeseclassic.com



ထဲက နေ့တိုင်းသွားဖမ်းပေးပါ့မယ်"

"ကောင်းသားပဲ"

ထို့နောက်. . .

"ဟား. . . ဟား. . . ဟား"

သူတို့နှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ပြိုင်တူပင် ရယ်မောလိုက်မိကြသည်။

ဝူးယို့ကျောင်း ဖွင့်မပြောသေး၍ တရားဝင်ချစ်သူများ မဖြစ်ကြသေးလင့်ကစား သူတို့နှစ်ဦး၏သံယောဇဉ် တွယ်တာမှုကတော့ တစ်နေ့ထက်တစ်နေ့ ပိုမိုခိုင်မြဲလာခဲ့ပေသည်။

"ဒါထက် အစ်ကို"

"ပြောလေ ညီမ"

"အခုလောက်ဆို ကျွန်မတို့ကို မုတ်ဆိတ်ဖြူအဘိုးအိုကျိုင်ဝင်းရိကတော့ တော်တော် ဒေါပွနေမှာပဲနော်"

တွေးတွေးဆဆဖြင့် ပြောလာသည်။

ဝူးယို့ကျောင်း ခေါင်းညိတ်လိုက်သည်။

"သေချာတာပေါ့ ညီမရယ်၊ ဒါပေမယ့် တစ်ခုတော့ရှိတယ်"

ပေ့လျှံ မျက်မှောင်ကုပ်ကာ. . .

"ဘာများလဲ အစ်ကို"

ဟု မေးလိုက်သည်။ ဝူးယို့ကျောင်း သက်ပြင်းချလိုက်သည်။ အတော်လေးကြာမှ. . .

"အစ်ကိုတို့ကို လွှတ်ပေးတာ အစ်ကိုလတ်ချောင်ဟွာလို့သိသွားရင်တော့ သူ့ဒေါသတွေက အစ်ကိုလတ်ဆီကို ပြောင်းလဲရောက်ရှိသွားနိုင်တယ်"

ဟု ပြောလာသည်။

ပေ့လျှံလည်း တွေးမိသွားသည်။

"ဟုတ်တယ်နော် အစ်ကို၊ ကျွန်မတို့ကို သွေးကြောဖွင့်ပြီးလွှတ်ပေးတာဟာ အစ်ကိုလတ်ချောင်ဟွာရဲ့ လက်ချက်ပဲလို့ သူရိပ်စားကောင်း ရိပ်စားမိနိုင်တယ်၊ ဘာလို့လဲဆိုတော့ တောင်ပေါ်မှာက အစ်ကိုလတ်နဲ့ အစ်ကိုထွေး နှစ်ယောက်ပဲရှိတာလေး အစ်ကိုထွေးက မျက်မမြင်ဒုက္ခိတဖြစ်နေတော့ သူက သံသယရှိချင်းရှိရင် အစ်ကိုလတ်ကိုပဲ ရှိမှာပါ"

ဝူးယို့ကျောင်း စိတ်ပူသွားသည်။

"ဟုတ်တယ် ညီမ၊ မင်းပြောမှပဲ အစ်ကိုလတ်အတွက်ပိုပြီးတော့တောင် စိတ်ပူလာမိတယ်၊ အစ်ကိုလတ်ကို သတ်များသတ်ပစ်လိုက်ပြီလား မသိဘူး"

စိုးရိမ်မကင်း ပြောလိုက်သော ထိုစကားကိုတော့ ပေ့လျှံက သိပ်လက်ခံချင်ပုံမပေါ်ပါချေ။

ခေါင်းကို ညင်သာစွာ ခါယမ်းရင်းမှ. . .

"အဲဒီလိုတော့ မလုပ်လောက်ဘူး ထင်ပါတယ်"

ဟု ပြောလာသည်။ ဝူးယို့ကျောင်းက. . .

"ဘာမှ အသေအချာမပြောနိုင်ဘူး ညီမရဲ့၊ ဆရာဘိုးဘိုးက သိပ်ရက်စက်တာ ကိုယ်တို့နှစ်ယောက်ကိုလည်း အစ်ကိုလတ်က ညတွင်းချင်းလွှတ်ပေးလိုက်လို့သာ အကောင်းတာ

www.burmeseclassic.com



မဟုတ်ဘဲနဲ့ မနက်ကျမှဆို ဘယ်လိုအပြစ်ပေးမယ်ဆိုတာ မပြောတတ်ဘူး"

ပေ့လျှံက ဝူးယို့ကျောင်းအား ကြည့်ကာ. . .

"မှတ်ဆိတ်ဖြူကျိုင်ဝင်းရိက ဒီလောက်တောင်ပဲ ရက်စက်သလား"

ဟု မေးလာ၏။

ဝူးယို့ကျောင်း မချိပြုံးပြုံးလိုက်သည်။

"ဒီထက်တောင် ပိုပါသေးတယ်၊ ဟိုတလောကလဲ ဖူချောင်က မိုးနဂါးသိုင်းဂိုဏ်းက ကူဖေးရန်ကို သွားပြီး လုပ်ကြံနိုင်းခဲ့သေးတယ်"

ပေ့လျှံ အံ့သြသွားသည်။

"ဟင်. . . ဟုတ်လား"

"ဟုတ်တယ်. . . အဲဒီတုန်းက ညီမ မိုးယံတောင်ကို ရောက်မလာသေးဘူး"

ပေ့လျှံ စိတ်ဝင်စားသွားသည်။

"ပြောပါဦး. . . အဲဒီတော့ ဘာတွေ ဖြစ်ကြသလဲ"

ပေ့လျှံက ငါးကြင်းကို လက်စသတ်စားသောက်ရင်းမှ မေးလာခဲ့သည်။

ထို့ကြောင့် ဝူးယို့ကျောင်းက မိုးနဂါးဂိုဏ်းချုပ်ကူဖေးရန်တို့ ဇနီးမောင်နှံအား သွားရောက်တွေ့ဆုံပြီး တိမ်ချောင်နိုင်းခဲ့ပုံများကို ပြန်ပြောင်းပြောပြလိုက်သည်။

ပေ့လျှံ ခေါင်းတဆတ်ဆတ်ညိတ်ကာ နားထောင်နေ



၏။ ဝူးယို့ကျောင်း၏စကားဆုံးသွားမှ. . .

"အစ်ကိုတို့က မဆိုးပါဘူး၊ မှတ်ဆိတ်ဖြူအဘိုးအိုရဲ့ အမိန့်ကို ဆန့်ကျင်ရဲသားပဲ"

ဟု မှတ်ချက်ချလာသည်။

ဝူးယို့ကျောင်း မချိပြုံးပြုံးလိုက်သည်။

"မတတ်နိုင်ဘူး ညီမ၊ အစ်ကိုတို့ စုံစမ်းကြည့်တော့ ကူဖေးရန်က သဘောကောင်းတဲ့ အဖြူရောင်သိုင်းပညာရှင်ကြီး တစ်ယောက် ဖြစ်နေတယ်လေ၊ ဒါကြောင့် အခုလို လုပ်လိုက်ရတာပါ။ ဒီလို လူမျိုးကိုတော့ မသတ်ထိုက်ပါဘူး"

ပေ့လျှံ လေးစားသွားသည်။

"အစ်ကိုတို့ ဆုံးဖြတ်ချက် မှန်ပါတယ်၊ နောက်ပြီး အခုလို ရဲရင့်စွာနဲ့ ပြတ်ပြတ်သားသား ဆုံးဖြတ်ချက်ချရဲခဲ့တဲ့ အစ်ကိုတို့အားလုံးကိုလဲ လေးစားချီးကျူးမိပါတယ်"

ဝူးယို့ကျောင်းက. . .

"အစ်ကိုတို့က ကျေးဇူးရှိတဲ့ ဆရာမို့ လွန်ဆန်ရခက်နေတာပါ။ အခု နောက်ပိုင်း သူ့လုပ်ရပ်တွေဟာ တလွဲ ဖြစ်နေတယ်၊ ဒါကို အစ်ကိုတို့အားလုံး မနှစ်မြို့ကြပါဘူး"

ဟု ရင်ထဲတွင် ရှိသည့်အတိုင်း ထုတ်ဖော်ပြောပြလိုက်မိလေသည်။

ထိုအပြောကို ထောက်ခံသလို ပေ့လျှံက ခေါင်းညိတ်လိုက်လေသည်။

ပြီးမှ. . .

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုပြောတာ မှန်ပါတယ်၊ မျက်နှာဖုံးရှင်သိုင်းသမားကို နှိမ်နင်းဖို့ အစ်ကိုကြီးကျန်းကျက်တစ်ယောက်တည်း စေလွှတ်လိုက်တဲ့ ကိစ္စရော၊ လီပင်းပင်းကို ဆေးပန်းပင်ယူခိုင်းတဲ့ ကိစ္စရော သေသေချာချာ စဉ်းစားကြည့်ရင် လုံးဝကျေနပ်စရာ မရှိဘူး"

ဟု ထောက်ပြလာသည်။

ထိုစကားကို ဝူးယို့ကျောင်းက လက်ခံလိုက်သည်။

သူက တစ်ချက်စဉ်းစားရင်း. . .

"ဟုတ်တယ် ညီမ၊ ဒီစကားက သိပ်မှန်တယ်၊ မျက်နှာဖုံးရှင်ရဲ့ သိုင်းပညာက အတော်လေးကို ထက်မြက်တယ်၊ တော်ရုံရင်ဆိုင်ဖို့ မလွယ်ဘူး၊ ဒါကို သိရဲ့သားနဲ့ အစ်ကိုကြီးကျန်းကျက်တစ်ယောက်တည်းကိုပဲရွေးပြီး တာဝန်ပေးတယ်၊ နောက်ပြီး လီပင်းပင်း တစ်ယောက်တည်းကို လွှတ်တဲ့ကိစ္စက ပိုပြီးတောင် ဆိုးသေးတယ်၊ လီပင်းပင်းက အသက်အငယ်ဆုံးဖြစ်ပြီး မိန်းကလေးလဲ ဖြစ်နေတယ်၊ ရန်သူနဲ့ ရင်ဆိုင်ရရင် ဘယ်လိုလုပ်မလဲ"

ဟု ပြောလာသည်။

ပေ့လျှံက. . .

"လီပင်းပင်းကြောင့် အစ်ကိုမိန်ယွင် အခုလို ဖြစ်ရတာမို့ တစ်ယောက်တည်း တာဝန်ပေးတယ်လို့တော့ ပြောတာပဲ"

ဝူးယို့ကျောင်း ခေါင်းယမ်းလိုက်သည်။

"ဒါ တမင် ဆင်ခြေပေးတာပါ"



သူက မတွေးဆတတ်တော့သည့်အဆုံး စိတ်ပေါက်ပေါက်ဖြင့် ပြောလိုက်သည်။

"မုတ်ဆိတ်ဖြူအဘိုးအိုက အစ်ကိုတို့မောင်နှမတွေကို တစ်ယောက်ပြီးတစ်ယောက် သေသွားအောင် ပညာရှိနည်းနဲ့ တမင်များ လုပ်နေသလား မပြောတတ်ပါဘူး"

ပေ့လျှံလည်း ထင်မြင်ချက် မပေးနိုင်၍ ငြိမ်နေလိုက်သည်။ အတော်လေးကြာသောအခါ ဝူးယို့ကျောင်းက တစ်စုံတစ်ခုကို သတိရသွားကာ. . .

"ဒါမှမဟုတ် သူ့ကို ကြိုးကိုင်နေတဲ့ သခင်လေးဆိုတဲ့လူက ဒီလိုလုပ်ဖို့ တာဝန်ပေးနေတာလဲ ဖြစ်ချင်ဖြစ်နိုင်တာပဲ"

ဟု ရေရွတ်လိုက်သည်။

ထိုစကားကြားလျှင် ပေ့လျှံ အံ့ဩသွားသည်။

ဝူးယို့ကျောင်းအား ကြည့်ကာ. . .

"ဘယ်လို. . . သူ့ကို ကြိုးကိုင်နေတဲ့ သခင်လေး ရှိတယ် ဟုတ်လား"

ဟု မေးလိုက်သည်။

"ဟုတ်ပါတယ်"

ဝူးယို့ကျောင်း ခေါင်းညိတ်ပြလိုက်လေတော့သည်။

❄ ❄ ❄

www.burmeseclassic.com

www.burmeseclassic.com



## လှို့ဝှက်တဲ့လူ

ဝူးယိုကျောင်း ယခု ပြောသည့် စကားကို ပေ့လျှံ အလွန်ပင် စိတ်ဝင်စားသွားမိသည်။ သူမက အလောတကြီးဖြင့်. . .

"အဲဒီ သခင်လေးက ဘယ်မှာ နေတာလဲ ညီမဖြင့် တစ်ခါမှ မတွေ့ဖူးဘူး။ မဟုတ်မှလွဲရော ကျောက်ဂူထဲမှာ နေတာလား"

ဟု မေးလိုက်သည်။

ဝူးယိုကျောင်း ခေါင်းယမ်းလိုက်သည်။

"မဟုတ်ဘူး"

ပေ့လျှံ မျက်မှောင်ကုပ်ကာ. . .

"ဒါဖြင့် ဘယ်မှာ နေတာလဲ"

ဝူးယိုကျောင်းက. . .

"အဲဒီ သခင်လေး ဘယ်မှာ နေတယ်ဆိုတာ အစ်ကိုလဲ မသိဘူး"

ဟု ပြောလိုက်သည်။

ထိုစကားကြောင့် ပေ့လျှံ ပို၍ အံ့ဩသွားသည်။

"အစ်ကိုတောင် မသိဘူးဆိုတော့ အတော်လေး အံ့ဩစရာပဲ"



သူမက ဝူးယိုကျောင်းအား အကဲခတ်ကြည့်ကာ ဆက်လက်မေးမြန်းလိုက်သည်။

"ဒါထက် သူက ကြိုးကိုင်နေတယ်ဆိုတာကော ဘယ်လိုလုပ်သိတာလဲ"

ဝူးယိုကျောင်း ပင့်သက်ရှိုက်လိုက်သည်။

"ဒါကတော့ မမျှော်လင့်ဘဲ သိခဲ့ရတာပါ"

ပေ့လျှံက. . .

"ဒါဟာ မုတ်ဆိတ်ဖြူအဘိုးအိုကို ပြောင်ကျကျ ဖွင့်မေးရမယ့် ကိစ္စပဲ"

ဝူးယိုကျောင်း ခေါင်းယမ်းလိုက်သည်။

"မဖြစ်ဘူး၊ အဲဒီလို မေးလိုက်ရင် ဆရာဘိုးဘိုးက တစ်ခါတည်း နှုတ်ပိတ်ပစ်မှာပေါ့"

ပေ့လျှံ အားမလိုအားမရ ဖြစ်သွားသည်။

"သူက တစ်ယောက်ထဲပဲဟာ၊ ဒီလောက်လဲ ကြောက်စရာ မလိုပါဘူး"

သူမက ခပ်ပေါ့ပေါ့ ပြောလိုက်သည်။

ထို့ကြောင့် ဝူးယိုကျောင်း ခပ်ယဲ့ယဲ့ပြုံးကာ. . .

"သူက တစ်ယောက်တည်းပေမယ့် သိုင်းပညာ အတော်အဆင့်မြင့်တယ်၊ အစ်ကိုတို့ ငါးယောက်ပေါင်းပြီး တိုက်ခိုက်ရင်တောင် သူ့ကိုနိုင်ဖို့ မလွယ်ဘူး၊ နောက်ပြီး. . ."

သူက စကားကို ရပ်လိုက်၍ ပေ့လျှံက ကြားဖြတ်မေးလာ၏။

www.burmeseclassic.com

www.burmeseclassic.com



"နောက်ပြီး. . . ဘာဖြစ်သလဲ"

"သခင်လေးဆိုတာကလဲ ရှိသေးတယ်၊ ဆရာဘိုးဘိုးကို တောင် ကြိုးကိုင်နိုင်ပုံထောက်ရင် အဲဒီ သခင်လေးရဲ့ သိုင်းပညာ ဟာ ဆရာဘိုးဘိုးထက်တောင် ပိုပြီး အဆင့်မြင့်နိုင်သေးတယ်"

ဟု ရှင်းပြလိုက်သည်။

ထိုအခါမှ ပေ့လျှံတစ်ယောက် နားလည်သဘော ပေါက်သွားပုံရသည်။ ခေါင်းကို တဆတ်ဆတ်ညိတ်လျက်. . .

"အစ်ကိုပြောတာလဲ မှန်တာပါပဲ၊ အင်း. . . ဒါဆို သူ့ ကို ညီမ ဘယ်လိုလက်တုန့်ပြန်ရမှန်းတောင် မသိတော့ပါဘူး"

စိတ်ပျက်သော ဟန်မူရာဖြင့် ပြောလာသည်။

ပေ့လျှံ၏စကားကြောင့် ဝူးယိုကျောင်း ဇဝေဇဝါ ဖြစ် သွားရလေသည်။ ပေ့လျှံကို အူကြောင်ကြောင်ဖြင့် ကြည့်ကာ. .

"ဘယ်လို ညီမ၊ မင်းက ဆရာဘိုးဘိုးကို လက်တုန့်ပြန် မယ် ဟုတ်လား၊ ဘာအတွက်လဲ. . ."

ဟု မေးလိုက်သည်။ ပေ့လျှံ၏မျက်နှာ တည်ကြည်လေး နက်သွားသည်။ ပြီးမှ ဝူးယိုကျောင်းကို စေ့စေ့ကြည့်ကာ. . .

"အစ်ကို့ကို ဒီအခြေအနေ ရောက်မှတော့ ညီမ မညာ ချင်တော့ပါဘူး၊ အမှန်အတိုင်းပဲ ပြောပါတော့မယ်"

ပေ့လျှံသည် လျှို့ဝှက်သူတစ်ယောက် ဖြစ်ကြောင်း ဝူးယိုကျောင်း ဆင်ခြင်လာမိသည်။

ထို့ကြောင့် အသာအယာ နားစွင့်လိုက်၏။ ပေ့လျှံက

"ညီမ အဖြစ်မှန် ပြောပြပါ့မယ်၊ တကယ်တော့ ညီမဟာ



သိုင်းပညာမတတ်တဲ့ အရပ်သူမိန်းကလေးတစ်ယောက် မဟုတ် ပါဘူး၊ နောက်ပြီး မိုးယံတောင်ကို ရောက်လာတာကလဲ မျက်စိ လည် လမ်းမှားပြီး ရောက်လာတာ မဟုတ်ပါဘူး"

ဝူးယိုကျောင်း ဆတ်ခနဲ ဖြစ်သွားသည်။

"ဟင်. . . ဒါဆို"

ပေ့လျှံက. . .

"ဟုတ်ပါတယ်၊ ပြောမယ်ဆိုရင် မုတ်ဆိတ်ဖြူအဘိုးအို ကျိုင်ဝင်းရီကို လက်တုန့်ပြန်ချင်တဲ့ ရည်ရွယ်ချက်နဲ့ ရောက်လာ ခဲ့တာပါ"

ဟု ပြောလိုက်သည်။ ကြားလိုက်ရသော စကားက အံ့ သြစရာကောင်းလွန်း နေသဖြင့် ဝူးယိုကျောင်းမှာ သူ့နားကိုပင် သူမယုံနိုင်အောင် ဖြစ်သွားရသည်။

အဖြစ်အပျက်များက မယုံကြည်နိုင်ဖွယ်ကောင်းအောင် ပြောင်းလဲနေခဲ့သည် မဟုတ်ပါလား။

ပေ့လျှံသည် မုတ်ဆိတ်ဖြူကျိုင်ဝင်းရီအား လက်တုန့်ပြန် ရန်အတွက် မိုးယံတောင်သို့ ရောက်ရှိခဲ့ခြင်း ဖြစ်ပေတော့သည်။

အံ့သြစရာဟု ဆိုရပေတော့မည်။

ဝူးယိုကျောင်းက ပေ့လျှံအား ငေးကြည့်ရင်း. . .

"မယုံနိုင်လောက်အောင်ပါပဲ ညီမရယ်၊ ဒါဆို အစ်ကို့ ကို ပြောပြခဲ့တာတွေက မုသားစကားတွေချည်းပဲပေါ့"

ပေ့လျှံ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ် အစ်ကို၊ အမှန်အတိုင်း ပြောလိုက်ရင်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မဒုက္ခတွေ့သွားမှာပေါ့၊ ဒါကြောင့် သနားပြီး လက်ခံချင်သွားအောင် ကြံဖန်ပြောခဲ့ရတာပေါ့"

ဝူးယို့ကျောင်း မချိုပြုံးပြုံးလိုက်သည်။

"ဖြစ်မှဖြစ်ရလေ ညီမရယ်၊ ဒါဖြင့် ညီမက သိုင်းပညာတတ်ထားတဲ့ မိန်းကလေးတစ်ယောက်ပေါ့"

"ဟုတ်ပါတယ်၊ ပေ့လျှံဆိုတာကလဲ ကျွန်မနာမည်ရင်းမဟုတ်ပါဘူး၊ ကျွန်မနာမည်ရင်းက ယိလန်းပါ"

"ယိလန်း"

ဝူးယို့ကျောင်းက အယောင်ယောင်အမှားမှားဖြင့် နှုတ်မှလိုက်လံရေရွတ်ကြည့်လိုက်မိသည်။ ပေ့လျှံ(ဝါ)ယိလန်းက. . .

"ဟုတ်ပါတယ်၊ ကျွန်မရဲ့နာမည်မှန်က ယိလန်းပါ၊ ကျွန်မဖေဖေကတော့ ယိလွေ့ပါ"

ဟု ပြောလာသည်။ ဝူးယို့ကျောင်းက. . .

"ဒါထက် ဆရာဘိုးဘိုးကို လက်တုန့်ပြန်ချင်တာက"

"သူက ကျွန်မရဲ့ဖေဖေကို လုပ်ကြံသတ်ဖြတ်သွားခဲ့ဖူးလို့ပါ"

"သေချာရဲ့လား ညီမ"

ယိလန်း ခေါင်းညိတ်လိုက်သည်။

"သေချာပါတယ် အစ်ကို၊ လွန်ခဲ့တဲ့ ရှစ်နှစ်ဝန်းကျင်လောက်ကပေါ့၊ အဲဒီတုန်းက ကျွန်မက ဆယ်နှစ်ဝန်းကျင်လောက်ပဲ ရှိပါသေးတယ်"

ပြောပြီး ယိလန်းက စကားကို ခဏရပ်သည်။ ပြီးမှ



သူ့မျက်နှာကို တစ်ချက်ကြည့်ပြီး စကားဆက်လိုက်သည်။

"ဆွေမျိုးနီးစပ်တစ်ယောက်ရဲ့ အလှူကို ကျွန်မက ညအိပ်ဖို့ လိုက်သွားတဲ့ညမှာပဲ ဖေဖေလုပ်ကြံခံလိုက်ရတယ်"

ဝူးယို့ကျောင်း မျက်မှောင်ကုပ်သွားသည်။

"ညီမရဲ့မိခင်ရော"

ပေ့လျှံ မျက်နှာ မသာမယာ ဖြစ်သွား၏။

"မေမေကတော့ ကျွန်မကိုမွေးပြီး တစ်နှစ်လောက်အကြာမှာပဲ သေဆုံးသွားခဲ့ပါတယ်၊ ဒါကြောင့် ဖေဖေဟာ ကျွန်မဘဝမှာ တစ်ယောက်တည်းသော ကွယ်တာစရာ၊ အားကိုးစရာလူတစ်ယောက် ဖြစ်ခဲ့တယ်ဆိုရင် မမှားပါဘူး၊ ဒါကို ရက်ရက်စက်စက် လုပ်ကြံလိုက်တော့ ကျွန်မ ဘယ်လိုခံစားရမလဲရှင်"

ပြောရင်းမှာပင် ယိလန်းမှာ သူမဖခင်ကို သတိရသွားဟန်တူသည်။ မျက်ရည်များ ရစ်ဝဲလို့လာသည်။

ဝူးယို့ကျောင်းပင် ရင်ထဲ၌ ထိခိုက်နာကျင်သွားမိလေသည်။ ပင့်သက်တစ်ချက်ရှိုက်ကာ. . .

"ညီမရဲ့အဖေကို လုပ်ကြံသွားတာ မုတ်ဆိတ်ဖြူကျိုင်ဝင်းရီ သေချာလား"

ဟု မေးလိုက်သည်။ ယိလန်း ခေါင်းညိတ်လိုက်သည်။

"သေချာပါတယ် အစ်ကို၊ ဖေဖေ့ကို သူက မနက် ဆဲလီဝေလင်း အချိန်လောက်မှာ လာပြီး စိန်ခေါ်တိုက်ခိုက်သတ်ဖြတ်သွားခဲ့တာပါပဲ"

"နေစမ်းပါဦး၊ မုတ်ဆိတ်ဖြူကျိုင်ဝင်းရီပါလို့ ဘယ်လို

www.burmeseclassic.com

www.burmeseclassic.com



လုပ်ပြီး တိတိကျကျ ပြောနိုင်တာလဲ"

"ပြောနိုင်တာပေါ့ရှင်၊ ဖေဖေက ဒဏ်ရာတွေရပြီး လဲနေပေမယ့် ချက်ချင်းမသေခဲ့ဖူးလေ၊ ဒါကြောင့် ဘေးအိမ်က လူတွေ ရောက်အသွားမှာ ဖေဖေက နောက်ဆုံးစကား ပြောပြသွားနိုင်ခဲ့တာပေါ့၊ နောက်ပြီး ဖေဖေက ပြောသွားသေးတယ်တဲ့"

"ဘယ်လိုပြောသွားသေးတာလဲ"

ဝူးယို့ကျောင်းက ပျာပျာသလဲ မေးလိုက်၏။

ယီလန်း အံတစ်ချက်ကြိတ်လိုက်သည်။ ပြီးမှ. . .

"သူ့သမီးဖြစ်တဲ့ကျွန်မ ကြီးလာရင် သူ့ကိုယ်စား လက်တုန့်ပြန်ပေးပါလို့ မှာသွားတာပါ"

ဟု ပြောလိုက်သည်။

ဝူးယို့ကျောင်း သဘောပေါက်သွားသည်။

"ဪ. . . ညီမဖခင်က ဒီလို မှာသွားခဲ့တာကိုး"

"ဟုတ်ပါတယ် အစ်ကို၊ ဆယ်နှစ်သမီးဆိုတာ ကလေးပေါက်စလေး မဟုတ်ပေမယ့် လူကြီးဖြစ်ဖို့လဲ အများကြီး လိုသေးတဲ့ အရွယ်ပါ၊ ဒါပေမယ့် ဖေဖေ့အလောင်းကို ကြည့်ပြီး ဖေဖေ မှာတဲ့အတိုင်း မဖြစ်မနေ လက်တုန့်ပြန်ဖို့ ဆုံးဖြတ်ချက်ချနိုင်ခဲ့ပါတယ်"

ဝူးယို့ကျောင်း အသာအယာ ခေါင်းညိတ်လိုက်သည်။

"မင်းရဲ့ဆုံးဖြတ်ချက်က မှန်ကန်ပါတယ် ညီမ၊ ဖခင်အတွက် ပြန်ပြီး လက်တုန့်ပြန်သင့်ပါတယ်၊ ဒါမှလည်း တာဝန်ကျေတဲ့ သမီးလိမ္မာတစ်ယောက် ဖြစ်တော့မှာပေါ့"



"ဟုတ်ပါတယ် အစ်ကို၊ ဒါကြောင့် ဒီရှစ်နှစ်ဆိုတဲ့ အချိန်ကာလ အတောအတွင်းမှာ အဒေါ်ဝမ်းကွဲဆီမှာနေပြီး သိုင်းပညာထက်မြက်အောင် အစွမ်းကုန်ကြိုးစားခဲ့ပါတယ်၊ အခုအချိန်မှာ ထက်မြက်သင့်သလောက်လဲ ထက်မြက်နေပါပြီ"

ထိုနေရာအရောက်တွင် ယီလန်းက စကားကို ရပ်ကာ သက်ပြင်းလေးကို ချသည်။ ပြီးမှ. . .

"အစ်ကိုပြောပုံအတိုင်းဆိုရင် မုတ်ဆိတ်ဖြူကျိုင်ဝင်းရှိရဲ့ သိုင်းပညာက သိပ်ကို မြင့်မားလွန်းနေတယ်၊ ကျွန်မ စိန်ခေါ်တိုက်ခိုက်ဖို့ ဘယ်လိုမှ မဖြစ်နိုင်သေးဘူး"

ဟု ပြောလာသည်။

ထိုစကားကို ဝူးယို့ကျောင်း ထောက်ခံလိုက်သည်။

"ဒါကတော့ သိပ်ကို သေချာတယ်၊ အစ်ကိုပြောခဲ့ပြီးပြီပဲ၊ အစ်ကိုတို့ မောင်နှစ်မ ငါးယောက်ပေါင်းပြီး တိုက်ခိုက်တာတောင်မှ သူနဲ့တန်းတူလောက်ပဲ ရှိဦးမှာ၊ ဒါပေမယ့် စိတ်မပျက်ပါနဲ့လေ၊ ညီမလက်တုန့်ပြန်နိုင်ဖို့ အစ်ကိုအစွမ်းကုန်ကူညီပါ့မယ်"

ဝူးယို့ကျောင်းက ထိုသို့ ကတိပေးလိုက်ရာ ယီလန်း အံ့ဩသွားပုံရသည်။ ဝူးယို့ကျောင်းအား ဖျတ်ခနဲကြည့်ကာ. . .

"ဘယ်လို အစ်ကိုကပါ ကူညီမယ် ဟုတ်လား"

ဟု မေးလာသည်။ ဝူးယို့ကျောင်း ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်"

ယီလန်းက နားမလည်နိုင်ဟန်ဖြင့်. . .

"မုတ်ဆိတ်ဖြူကျိုင်ဝင်းရှိဟာ အစ်ကို့အနားပဲ မဟုတ်

www.burmeseclassic.com

www.burmeseclassic.com



လား၊ အစ်ကိုက ပြန်ဆန့်ကျင်တော့ မလို့လား"

"ဟုတ်တယ် ညီမ၊ မတရားတာ လုပ်ရင်တော့ ဆရာပဲ ဖြစ်စေ ပြန်ဆန့်ကျင်ရမှာပဲ၊ နောက်ပြီး သူက အခုဆိုရင် အစ်ကိုတို့ကိုတွေ့တာနဲ့ သတ်ဖို့ ဆုံးဖြတ်ထားလောက်ပြီ၊ ဒါကြောင့် မထူးတော့ဘူး၊ သူ့ကို ပြန်ရင်ဆိုင်ဖို့ ဆုံးဖြတ်ပြီးပြီ"

ဝူးယို့ကျောင်းက အခိုင်အမာ ပြောလိုက်ခြင်း ဖြစ်သည်။

ထိုစကားကြောင့် ယိလန်း အားတက်သွား၏။

"ဒီစကားမျိုး ကြားလိုက်ရလို့ ကျွန်မ အများကြီး ဝမ်းသာပါတယ်၊ တကယ်တော့ မုတ်ဆိတ်ဖြူကျိုင်ဝင်းရီဟာ ဆရာတင်ထိုက်သူတစ်ယောက် မဟုတ်ပါဘူး၊ အစ်ကိုပဲ စဉ်းစားကြည့်ပါ၊ သူလုပ်ကြံသတ်ဖြတ်ဖို့ ကြိုးစားအားထုတ်တဲ့ သူတွေဟာ များသောအားဖြင့် အဖြူရောင်သိုင်းပညာရှင်တွေချည်း ဖြစ်နေတယ်"

"ဒါတော့ ဟုတ်တယ်၊ ဒါပေမယ့် ဆရာဘိုးဘိုးဟာ သခင်လေးဆိုသူကို လွန်ဆန်နိုင်ပုံ မပေါ်ဘူး၊ အဲဒီလူ ခိုင်းသမျှ တစ်သဝေမတိမ်း လိုက်လုပ်ပေးနေရတယ်၊ ညီမဖေဖေကို လုပ်ကြံခဲ့တာလဲ အဲဒီ သခင်လေးရဲ့ ညွှန်ကြားမှုပါနိုင်တယ်"

"အစ်ကိုပြောတာ မှန်ပါတယ်၊ ဒါပေမယ့် ဘယ်သူ့ဘယ်ဝါက စေခိုင်းသည်ဖြစ်စေ ကာယကံရှင်မှာလဲ အပြစ်ရှိတာပါပဲ၊ နောက်ပြီး ကျွန်မဖေဖေကို သတ်သွားတာက သခင်လေး မဟုတ်ဘူးလေ၊ ဒါကြောင့် မုတ်ဆိတ်ဖြူကျိုင်ဝင်းရီကို သွေးကြွေးပြန်မဆပ်ရမချင်း ကျွန်မနေလို့ရမှာ မဟုတ်ဘူး"



ဝူးယို့ကျောင်း သက်ပြင်းချလိုက်သည်။

"မုတ်ဆိတ်ဖြူကျိုင်ဝင်းရီအပြင် အဓိကကျတဲ့ ရန်သူတစ်ယောက် ရှိသေးတယ်ဆိုတာ ညီမသိအောင် ပြောပြနေတာပါ"

ယိလန်း ခေါင်းညိတ်လိုက်သည်။

"ကျွန်မသိပါပြီ အစ်ကို၊ သူ့ကိုလဲ မေ့ထားလို့ ဘယ်ဖြစ်ပါ့မလဲ၊ မုတ်ဆိတ်ဖြူကျိုင်ဝင်းရီကို ရှင်းပြီးရင် သူ့ကိုပါ ရှင်းပစ်ဖို့စဉ်းစားရမှာပေါ့၊ အဲဒီ သခင်လေးဆိုတဲ့လူရဲ့ မျက်နှာကို အစ်ကို မမြင်လိုက်ဘူးပေါ့ ဟုတ်လား"

ဝူးယို့ကျောင်းက. . .

"ဟုတ်တယ် ညီမ၊ သူက သစ်ပင်ရိပ်မှာ ရပ်နေတာ ဖြစ်နေတဲ့အပြင် ညဘက်လဲ ဖြစ်နေတော့ ဘယ်လိုမှကို မမြင်ရဘူး၊ နောက်တော့ မမြင်မြင်အောင် ကြည့်မယ်လို့ စိတ်ကူးနေတုန်းမှာပဲ သူက ချာခနဲလှည့်ပြီး တောင်ပေါ်က ဆင်းပြေးသွားတယ်၊ သူ့ရဲ့အတွင်းအားနဲ့ သိုင်းပညာကို အသာထား၊ ကိုယ်ဖော့ပညာတင် ထိပ်တန်းအဆင့် ရှိနေပြီ၊ ကြည့်နေရင်း မြင်ကွင်းထဲက ချက်ချင်း ပျောက်သွားတာ"

ယိလန်းက. . .

"ကိုယ်ဖော့ပညာတောင် ဒီလောက် ကောင်းနေမှတော့ သိုင်းပညာနဲ့ အတွင်းအားလဲ မြင့်မားမှာ သေချာတယ်၊ ဒါကြောင့် သာ မုတ်ဆိတ်ဖြူကျိုင်ဝင်းရီလို လူစားမျိုးကတောင် သူ့ကို မလွန်ဆန်နိုင်ရဲတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



သူမက ထင်ကြေးဖြင့် တွက်ဆပြသည်။

ထိုခန့်မှန်းချက်မှာ သဘောဝကျပြီး ဖြစ်နိုင်ချေလည်း ရှိပေသည်။ ထို့ကြောင့် ပူးယို့ကျောင်းက. . .

"အင်း. . . ဒါဆိုရင်တော့ သူတို့နှစ်ယောက်ကို ရင်ဆိုင်ဖို့က အစ်ကိုတို့ နှစ်ယောက်တည်းနဲ့တော့ ဖြစ်မှာ မဟုတ်ဘူး ညီမ၊ အစ်ကိုရဲ့အစ်ကိုတွေ ညီမတွေ အားလုံးကူညီမှ ဖြစ်လိမ့်မယ်"

"သူတို့ပါ ပါရင်တော့ ကောင်းတာပေါ့၊ ဒါပေမယ့်. . ."

ပူးယို့ကျောင်း မျက်မှောင်ကုပ်ကာ. . .

"ဒါပေမယ့် ဘာဖြစ်လဲ"

ဟု မေးလိုက်သည်။ ယိလန်းက တွေးတွေးဆဆဖြင့်

"ကျွန်မကတော့ သိပ်မထင်ဘူး၊ သူတို့က ကျိုင်ဝင်းရှိကိုလွှန်ဆန်ရဲကြပါ့မလား"

ပူးယို့ကျောင်း ပခုံးတွန့်လိုက်သည်။

"ဒါတော့ အစ်ကိုလဲ မပြောတတ်ဘူး"

သူ၏မရေမရာ အဖြေစကားကြောင့် ယိလန်းက မချိုပြုံးလေး ပြုံးလိုက်သည်။ ပြီးမှ. . .

"နောက်ပြီး ပြောမယ်ဆိုရင် အားလုံးကလဲ တကွဲတပြားစီ ဖြစ်နေကြပြီ၊ အစ်ကိုကြီးကျန်းကျက်က မျက်နှာဖုံးရှင်သိုင်းသမားနဲ့ တွေ့ပြီး ဘာဖြစ်မယ် မပြောနိုင်သလို၊ လီပင်းပင်းကလဲ အခြေအနေ ကောင်းမကောင်း မပြောနိုင်သေးဘူး၊ နောက်ပြီး မိန်ယွင်က ဒုက္ခိတ ဖြစ်နေတယ်၊ ပြီးတော့ အစ်ကိုလတ်ချောင်



ဟွာကျတော့လဲ ကျွန်မတို့ကို လွှတ်ပေးထားတဲ့ ဖြစ်မှုကြောင့် သူ့ကို ကျိုင်ဝင်းရှိက သတ်ပစ်လိုက်ပြီလား မသိနိုင်ဘူး"

သူမ၏စကားများကြောင့် ပူးယို့ကျောင်း၏ရင်ထဲ လေးလံသွားလေသည်။ ထိုစကားများမှာ အဓိပ္ပါယ်မရှိသော စကားများလည်း မဟုတ်ပါ။

သူ၏ဆရာတူ အစ်ကိုများ၊ ညီနှင့် ညီမတို့၏ အနေအထားက ထိုသို့သော အနေအထား အတိုင်းပင် ရှိနေသည်။

ယခုအချိန်ဆိုလျှင် ဘယ်နှစ်ယောက် ကျဆုံးသွားပြီလဲပင် မပြောတတ်ချေ။ ပူးယို့ကျောင်း ခေါင်းယမ်းလိုက်၏။

"မင်းပြောမှပဲ စိတ်ဓာတ်ကျသွားပြီ"

"ကျွန်မက တမင်တကာ စိတ်ဓာတ်ကျအောင် ပြောတာမဟုတ်ပါဘူး၊ စဉ်းစားပြီး အဖြစ်နိုင်ဆုံးကို ရည်ညွှန်းတာပါ"

"ညီမပြောတာတွေ မှန်ပါတယ်၊ ဘာပဲဖြစ်ဖြစ် သူတို့အားလုံးလဲ အခြေအနေကောင်းပြီး အစ်ကိုတို့နဲ့လာပြီး ပူးပေါင်းနိုင်ပါစေလို့ပဲ ဆုတောင်းရတော့မှာပေါ့"

"အဲဒီလို ဖြစ်ခဲ့ရင်တော့ အကောင်းဆုံးပဲပေါ့ရှင်"

နောက်တော့ သူတို့နှစ်ယောက်မှာ ပြောစရာ စကားများ မရှိတော့သလို ငြိမ်သက်သွားမိကြသည်။ သို့သော်. . .

အကြောင်းမဲ့ငြိမ်သက်နေသည်တော့ မဟုတ်ကြပါ။

အတွေးကိုယ်စီဖြင့် ငြိမ်သက်သွားကြခြင်းသာ ဖြစ်ပေသည်။ အပြင်ဘက်တွင် မှောင်ရိပ်ပင်ပျိုးခဲ့ပြီ ဖြစ်တော့သည်။

❄ ❄ ❄

www.burmeseclassic.com

www.burmeseclassic.com



## သုံးယောက်

နောက်ဆုံး လီပင်းပင်းနှင့် ချောင်ဟွာတို့ နှစ်ယောက်မှာ မိုးယံတောင်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ပြန်လည်ရောက်ရှိလာခဲ့ကြလေသည်။

တောင်တက်လမ်းတစ်လျှောက်တွင်လည်း နှစ်ယောက်သား စကားတပြောပြောနှင့် တက်လာခဲ့ကြသည် ဖြစ်ရာ တောင်ပေါ်သို့ ရောက်မှန်းမသိ ရောက်လာခဲ့ကြသည်။

တောင်ထိပ်သို့ ရောက်ရန် လေးပုံတစ်ပုံခန့်မျှသာ လိုသော တောင်ပတ်လမ်းတစ်နေရာသို့ အရောက်မှာတော့ မမျှော်လင့်သော လူတစ်ယောက်နှင့် တွေ့ဆုံမိကြသည်။

ထိုလူကို မြင်လျှင်. . .

"ဟင်"

"အစ်ကိုကြီး"

ချောင်ဟွာနှင့် လီပင်းပင်းတို့ တအံ့တသြနှင့် ဝမ်းသာအားရ ခေါ်လိုက်မိကြသည်။



မှန်ပေသည်။

ထိုသူကား ကျွန်းကျက်ပင် ဖြစ်သည်။

"ဟာ. . . ညီလေးနဲ့ ညီမလေးတို့ပါလား။ မင်းတို့ ဘယ်မှာ ဆုံလာကြတာလဲ"

"ကျွန်မတို့လမ်းမှာ ဆုံလာတာပါ အစ်ကိုကြီး၊ ဒါနဲ့ အစ်ကိုကြီး မသေဘူးနော်"

လီပင်းပင်း၏ အရင်းမရှိ အဖျားမရှိသော စကားကြောင့် ကျွန်းကျက် မျက်လုံးပြူးသွားရသည်။

"ဟေ့. . . ဘယ်လိုကြီးမေးတာတုံး။ ငါက ဘာကြောင့်သေရမှာလဲ"

"အစ်ကိုကြီး သေပြီလို့ ပြောလိုက်လို့ပါ"

ကျွန်းကျက် မျက်မှောင်ကုပ်ကာ. . .

"ဘယ်သူက ပြောတာလဲ"

"မျက်နှာဖုံးရှင်သိုင်းသမားက ပြောလိုက်တာပါ အစ်ကိုကြီး"

ထိုစကားကို ဝင်ပြောလိုက်သူက ချောင်ဟွာပင် ဖြစ်၏။

မျက်နှာဖုံးရှင်သိုင်းသမားဟူသော အမည်နာမကြောင့် ကျွန်းကျက် တစ်ချက်တွန့်သွားသည်။

"မျက်နှာဖုံးရှင်သိုင်းသမား ဟုတ်လား"

"ဟုတ်ပါတယ် အစ်ကိုကြီး သူ့ကို ခြေရာခံလိုက်နေတာ အစ်ကိုကြီး သူနဲ့တွေ့ခဲ့သေးလား"

ကျွန်းကျက် ခေါင်းညိတ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"အေး. . . တွေ့ခဲ့တယ်ကွ"

"ဒါဖြင့်. . ."

"တိုက်ခိုက်ကြတာပေါ့၊ ဒါပေမယ့် ငါက သူ့ကို မယှဉ်နိုင်ဘူး"

ထိုသို့ မျှော်လင့်ထားပြီး ဖြစ်၍ လီပင်းပင်းနှင့် ချောင်ဟွာတို့မှာ ထူးထူးခြားခြား မအံ့သြမိကြချေ။ လီပင်းပင်းက. . .

"ဒါနဲ့ အစ်ကိုကြီးက ထွက်ပြေးခဲ့တာလား"

"မဟုတ်ဘူး ညီမလေးရ၊ သူ့ရဲ့ခြေကန်ချက်ထိပြီး လဲအကျမှာ သူက နေရာက ထွက်သွားတာ၊ မသွားခင် ပြောသွားသေးတယ်"

"ဘာပြောသွားတာလဲ"

"နောက်တစ်ခါဆိုရင်တော့ အခုလိုမျိုး မညှာနိုင်တော့ဘူးတဲ့"

"ကံကောင်းလို့ပါလား အစ်ကိုကြီးရယ်၊ ကျွန်တော့်အဖြစ်ကလဲ ဒီလိုပဲ"

"ဟင်. . . ဟုတ်လား"

"ဟုတ်တယ် အစ်ကိုကြီး၊ ညီမလေးကသာ ဝင်မကယ်ရင် ကျွန်တော်လဲ သေမှာပဲ"

ချောင်ဟွာက သူမကို မေးငေါ့လျက် ပြောလိုက်ရာ ကျန်းကျက်၏အကြည့်က သူမဆီသို့ ကျရောက်လာသည်။

"ညီမလေး ဝင်ကယ်လိုက်တာပေါ့"

"ဟုတ်ပါတယ်၊ ကျွန်မ မေတ္တာရပ်ခံလိုက်လို့လဲ သူက ထွက်သွားတာပါ"



"နေပါဦး၊ အဲဒီ မျက်နှာဖုံးရှင်သိုင်းသမားနဲ့ ညီမလေးက မိတ်ဆွေတွေလား"

"ဘယ်လိုပြောရမှန်းတောင် မသိတော့ပါဘူး အစ်ကိုကြီးရယ်၊ သူက ကျွန်မကို ဆေးပန်းပင်ရအောင် ဝင်ကူခဲ့တာ အမှန်ပဲ"

"ဘာ. . . ဆေးပန်းပင်ကို ညီမလေးရခဲ့ပြီပေါ့"

ကျန်းကျက် မယုံကြည်နိုင်ဟန်ဖြင့် မေးလိုက်၏။

လီပင်းပင်း ခေါင်းညိတ်ပြကာ ဖြစ်ပျက်ခဲ့သည်များကို ပြန်ပြောင်းပြောပြလိုက်သည်။

သူမ၏စကားအဆုံးတွင် ကျန်းကျက် လေပူတစ်ချက် မှုတ်ထုတ်လိုက်မိသည်။

"ညီမလေး ပြောစကားအရဆိုရင်တော့ သူက ညီမလေး အသက်ကို ကယ်ခဲ့တဲ့အပြင် ဆေးပန်းပင်ရအောင်ပါ ကူညီပေးခဲ့တဲ့ ကျေးဇူးရှင်ပဲ၊ ဒါပေမယ့် ဒီလူဟာ မိတ်ဆွေဖွဲ့သင့်တဲ့ လူကောင်းတစ်ယောက် မဟုတ်ဘူးဆိုတာကိုတော့ ညီမလေး စိတ်ထဲ မှတ်ထားရမယ်"

"ဟုတ်ကဲ့၊ ကျွန်မလဲ ဒီလိုပဲ နားလည်သဘောပေါက်ထားပါတယ်၊ ဒါကြောင့်လဲ ပြည်မကို အတူတူ ပြန်လာတာ မှန်ပေမယ့် တရင်းတနှီး မဆက်ဆံခဲ့ပါဘူး၊ သူက ကျေးဇူးရှိထားတော့ အလိုက်အထိုက်တော့ ပြောဆိုဆက်ဆံရတာပေါ့"

"မှန်တယ်၊ ဒီလိုပဲ လုပ်သင့်တယ်၊ ဒါနဲ့ ချောင်ဟွာ"

www.burmeseclassic.com

www.burmeseclassic.com



"ပြောပါ အစ်ကိုကြီး"

"မင်းကို ဆရာဘိုးဘိုးက အဆိပ်ဆေးလုံး တိုက်ထားတယ်ဆို"

ချောင်ဟွာ မချိပြုံးပြုံး၍ ခေါင်းညိတ်ပြသည်။

ကျန်းကျက် စိတ်မကောင်းဟန်ဖြင့်. . .

"အေးကွာ၊ ဝူးယို့ကျောင်းကို လွှတ်ပေးလိုက်တဲ့ မင်းရဲ့ လုပ်ရပ်ဟာ မှန်ပါတယ်၊ ဒါပေမယ့် အဲဒီအတွက် အခုလို အပြစ်ပေးခံရတာတော့ စိတ်မကောင်းစရာပဲ"

"ထားလိုက်ပါ အစ်ကိုကြီးရာ၊ ကျွန်တော့်အတွက် ဘာမှ စိတ်မကောင်း မဖြစ်ပါနဲ့. ကျွန်တော်က သိပ်ကို အလေးမထားပါဘူး"

"ဒီကိစ္စ ခပ်ပေါ့ပေါ့ထားလို့ မရဘူး ချောင်ဟွာ၊ ဒါထက် ဝူးယို့ကျောင်းတို့ကို မင်းရှာတွေ့သလား"

"မတွေ့ဘူး အစ်ကိုကြီး။ ဒီနှစ်ယောက် တော်တော်အရှောင်တိမ်းကောင်းနေပုံရတယ်၊ ပြောမယ့်သာ ပြောတာပါ၊ သူတို့ကို တွေ့လဲ ကျွန်တော် ဘာမှမလုပ်ပါဘူး၊ ဆရာဘိုးဘိုးကို သတိထားနေဖို့လောက်ပဲ ပြောမှာပါ"

"အေးကွာ. . . မင်းကို အသက်ရှင်စေချင်ပေမယ့် ညီလေးဝူးယို့ကျောင်းရဲ့ အသက်နဲ့ ဖြေဆေး လဲယူဖို့ကျပြန်တော့လဲ ငါအားမပေးချင်ပြန်ဘူး"

ကျန်းကျက်က အလွန်ပင် စိတ်ရှုပ်ထွေးနေသော မျက်နှာမျိုးဖြင့် ညည်းညူပြောဆိုလိုက်၏။ လီပင်းပင်က ဝင်ရောက်၍



"ကျွန်မလဲ ဒီသဘောအတိုင်းပဲ ရှိပါတယ် အစ်ကိုကြီး၊ အစ်ကိုလေးကို မသေစေချင်သလို အစ်ကိုလတ် သေဆုံးရမှာကိုလဲ မလိုလားပါဘူး။ ဒါကြောင့် အစ်ကိုလတ်ကို ပြန်ခေါ်လာတာပါ"

"ညီမလေး ရည်ရွယ်ချက်က. . ."

"ဆရာဘိုးဘိုးကို မေတ္တာရပ်ခံပြီး ဖြေဆေးလုံးတောင်းကြည့်မယ်လေ"

"ရပါ့မလား ညီမရယ်"

"ဒါကတော့ ကြိုးစားကြည့်ရမှာပေါ့၊ အစ်ကိုကြီးပါ ရှိနေတော့ ပိုအဆင်ပြေတာပေါ့။ နှစ်ယောက် သုံးယောက် ဝိုင်းပြောလိုက်ရင် ဆရာဘိုးဘိုး သဘောထားပြောင်းချင်ပြောင်းသွားမှာ"

လီပင်းပင်းက ကိုယ့်တွက်ကိန်းနှင့်ကိုယ် ကျေနပ်စွာဖြင့် အားတက်သရောပင် ပြောလိုက်သည်။

ကျန်းကျက်က အသာခေါင်းညိတ်၍. . .

"အေးလေး ငါတို့ကြိုးစားကြည့်ကြတာပေါ့၊ ဘာပဲဖြစ်ဖြစ် ဆေးပန်းပင်ရအောင် ယူလာနိုင်တာကတော့ ဝမ်းသာစရာပဲ"

"ဒါနဲ့ အစ်ကိုထွေးမိန်ယွင် တောင်ပေါ်မှာ ရှိတယ် မဟုတ်လား"

"ရှိပါတယ်"

"သူနေလို့ရော ကောင်းတယ် မဟုတ်လား"

"ကောင်းပါတယ်၊ သူမျက်စိမမြင်တာကလွဲပြီး ကျန်တာ

www.burmeseclassic.com

www.burmeseclassic.com



ကတော့ လူကောင်းအတိုင်းပါပဲ"

ထိုစကားကြောင့် လီပင်းပင်း ဝမ်းသာသွားသည်။

"ဒါနဲ့ အစ်ကိုကြီးက ဘာဆင်းလာလုပ်တာလဲ"

"ထင်းဆင်းခုတ်တာ"

"ဒါဆိုလဲ နောက်မှ ခုတ်ပါတော့၊ အခုလောလောဆယ် ကျွန်မတို့နဲ့အတူ တောင်ပေါ်ကို ပြန်လိုက်ခဲ့ပါ"

ကျန်းကျက် တစ်ချက်စဉ်းစားပြီးမှ ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်၊ ငါပါ တောင်ပေါ်ပြန်တက်ခဲ့မယ်၊ ဒါမှ ပြောအားရှိမှာ"

"ကဲ... ဒါဖြင့် တောင်ပေါ်ကို တက်ကြစို့"

ထို့နောက်မှာတော့ လီပင်းပင်း၊ ချောင်ဟွာနှင့် ကျန်းကျက်တို့သုံးယောက်မှာ တောင်ပေါ်သို့ ခပ်သွက်သွက်ပင် တက်လာခဲ့ကြသည်။

အားလုံး၏ရင်ထဲ မျှော်လင့်ချက်ကိုယ်စီ ရှိနေကြလေတော့သည်။

သုံးယောက်သား တောင်ထိပ်သို့ ရောက်သွားသည်တွင် မုတ်ဆိတ်ဖြူကျိုင်ဝင်းရီကို မတွေ့ရချေ။

မြေကွက်လပ်တွင် တစ်ယောက်တည်း သိုင်းလေ့ကျင့်နေသော မိန်ယွှင်ကိုသာ ဦးစွာ မြင်ရသည်။

မိန်ယွှင်မှာ မျက်စိမမြင်သော်လည်း အလကား မနေဘဲ သိုင်းလေ့ကျင့်နေသည်ကို မြင်လိုက်ရ၍ လီပင်းပင်းတို့အားလုံး ကျေနပ်သွားကြသည်။



ထို့နောက် လီပင်းပင်းက အသာနေဟူသော သဘောမျိုးဖြင့် လက်ကာပြလျက် မိန်ယွှင် သိုင်းလေ့ကျင့်နေသည်ကို ဆက်၍ ကြည့်နေလိုက်သည်။

သို့သော် မိန်ယွှင်သည် ချက်ချင်းရပ်တန့်ကာ...

"ဘယ်သူတွေလဲ"

ဟု လှမ်းမေးလာသည်။

လီပင်းပင်း မနေသာတော့ဘဲ...

"ကျွန်မပါ အစ်ကိုထွေး"

"ဟင်... ညီမလေး လီပင်းပင်းလား"

"ဟုတ်ပါတယ်၊ ကျွန်မတို့ ပြန်လာတာပါ"

"ဆေးပန်းပင်ကော ရလာခဲ့လား ညီမလေး"

"ရလာခဲ့ပါတယ်"

"ဟာ... ဝမ်းသာလိုက်တာ"

မိန်ယွှင်က ဝမ်းသာမှုကို ဖုံးဖိမရသောလေသံမျိုးဖြင့် ပြောလာသည်။

လီပင်းပင်းတို့ သူ၏အနီးသို့ လျှောက်သွားကြကာ...

"ဒါကိုထားပါ၊ အစ်ကိုထွေးက ကျွန်မတို့ တောင်ပေါ် ရောက်လာတာ ဘယ်လိုလုပ်ပြီး သိနေတာလဲ"

"အနံ့ကြောင့်ပေါ့"

"အနံ့ကြောင့်"

"ဟုတ်တယ်၊ နင်က လေတင်ဘက်မှာရှိနေတာဆိုတော့ အမွှေးနံ့သာတွေက ငါ့နှာခေါင်းထဲကို တိုးဝင်လာတယ်

www.burmeseclassic.com

www.burmeseclassic.com



လေ"

"တယ်ဟုတ်ပါလား၊ ဒါထက် အစ်ကိုထွေးက မျက်စိမမြင်ဘဲတောင် အတော်လှုပ်ရှားနိုင်ပြီပဲ"

"အလေ့အကျင့်ဆိုပါတော့ ညီမလေးရာ၊ ဗီအတိုင်းထိုင်နေရတာ ပျင်းလို့ ငါလည်း သိုင်းကွက်တွေပြန်လေ့ကျင့်နေတာ၊ ဒါထက် နင်တစ်ယောက်တည်း မဟုတ်ဘူးထင်တယ်"

"ဟုတ်တယ်၊ အစ်ကိုကြီးရော အစ်ကိုလတ်ရော ရှိနေတယ်"

"အစ်ကိုလတ်လည်း ပြန်ရောက်လာပြီ ဟုတ်လား"

"ဟုတ်တယ်"

"ဒါ. . . ဒါဆို အစ်ကိုဝူးယို့ကျောင်း"

မိန်ယွင်၏စကားက တစ်ဝက်တစ်ပျက်နှင့် ရပ်တန့်သွားကတည်းက သူ့ကို တစ်မျိုးထင်တော့မည်ဟု ချောင်ဟွာ တွက်ဆမိဟန်တူလေသည်။

ထို့ကြောင့် ချောင်ဟွာ ဟျာဟျာသလဲ ရှင်းပြလိုက်သည်။

"မဟုတ်ဘူး ညီလေးမိန်ယွင်၊ မင်းထင်သလို ဝူးယို့ကျောင်းကို ရှင်းပြီးပြန်လာတာ မဟုတ်ဘူး ညီမလေးနဲ့တွေ့ပြီး သူက ခေါ်လာတာနဲ့ ပြန်ပါလာတာပါ"

"ဒါဆိုရင်တော့ တော်သေးတာပေါ့၊ ကျွန်တော်ဖြင့် ရင်ထိတ်သွားတာ၊ ဒါနဲ့ အစ်ကိုလေးကို ရှာမတွေ့ဘူးလား"

"မတွေ့ပါဘူးကွာ၊ တကယ်လို့ ရှာတွေ့လည်း ငါက မသတ်ပါဘူး၊ သတိပေးစကားပဲ ပြောမှာပါ"



"အစ်ကိုလတ်ဆိုက ဒီလိုစကားမျိုး ကြားရလို့ ဝမ်းသာပါတယ်၊ ဘာအပြောင်းအလဲဖြစ်ဖြစ် ကိုယ့်အချင်းချင်း ပြန်သတ်ဖြတ်တဲ့ အနေအထားမျိုးကိုတော့ မရောက်စေချင်ဘူး"

"ဟုတ်ပါတယ်ကွာ၊ ငါလည်း ဘိုးဘိုးက တာဝန်ပေးလို့သာ နဂိုကတည်းက ဒီစိတ်ဓာတ်မျိုး ရှိကိုမရှိပါဘူး"

"ဝမ်းသာပါတယ် အစ်ကိုလတ်၊ အဆိပ်ဖြေဆေးကိစ္စကိုတော့ ကျွန်တော်တို့ တစ်မျိုး လှည့်စဉ်းစားကြသေးတာပေါ့"

"ဟုတ်တယ်၊ အစ်ကိုထွေး၊ ကျွန်မလည်း ဘိုးဘိုးတို့ အသနားခံပြီး အဆိပ်ဖြေဆေးရအောင် တောင်းမယ်လို့ စိတ်ကူးထားတယ်၊ ဒါကြောင့်လည်း အစ်ကိုလတ်ကို ပြန်ခေါ်လာတာပေါ့"

"မင်းတို့ ကြိုးစားချင် ကြိုးစားကြည့်ကြလေ၊ ငါကတော့ သိပ်မထင်ဘူး"

ချောင်ဟွာက အားမပါလှသော လေသံပျော့နှင့်ဆိုသည်။

"ဒါနဲ့ ဆရာဘိုးဘိုးရှိလား အစ်ကိုလတ်"

"ကျောက်ဂူထဲမှာ ရှိပါလိမ့်မယ်"

"ဒါဆို သွားကြမယ်၊ ဘယ်သူလိုက်ဦးမလဲ"

လီပင်းပင်းက အားလုံးကို ဝေ့ဝဲကြည့်ကာ မေးလိုက်သော်လည်း မည်သူကမျှ တက်တက်ကြွကြွမရှိကြပေချေ။ ထို့နောက် ကျန်းကျူက်က သူမကို ကြည့်၍ပြန်ပြောလာသည်။

"နင် တစ်ယောက်တည်းပဲသွားပါ ညီမလေးရာ၊ ငါတို့

www.burmeseclassic.com

www.burmeseclassic.com



ဝင်လိုက်သွားရင် သူက စိတ်ဆိုးချင်ဆိုးဦးမှာ၊ အကယ်၍ လိုအပ်မှထွက်ပေါ်လိုက်ပေါ့၊ ငါတို့သုံးယောက်စလုံး ဒီမှာပဲရှိနေမှာပါ"

"ဟုတ်တယ် ညီမလေး၊ အစ်ကိုကြီးပြောတာ မှန်တယ်၊ ငါဆို ပိုပြီးတောင်လိုက်လို့ မဖြစ်သေးတယ်"

"ကောင်းပြီ၊ ဒါဆို ကျွန်မပဲသွားမယ်"

ထို့နောက် လီပင်းပင်းက ကျောက်ဂူကြီးရှိရာသို့ ခြေလှမ်းမှန်မှန်ဖြင့်ပင် တစ်လှမ်းချင်းလျှောက်သွားလိုက်သည်။

ကျောက်ဂူထဲကို ဝင်လာသည့်အခါ သစ်ဥသစ်မြစ်များကို ဆေးကြောနေသော ကျိုင်ဝင်းရီကို တွေ့မြင်လိုက်ရသည်။

"ဆရာဘိုးဘိုး"

"ဟင်. . . လီပင်းပင်း၊ မင်းတောင် ပြန်ရောက်လာပြီကိုး"

"ဟုတ်ပါတယ် ဘိုးဘိုး"

"ဘယ့်နှယ်လဲ၊ ဆေးပန်းပင်ရော ပါလာရဲ့လား"

"ပါလာပါတယ်"

လီပင်းပင်းက ပြောပြီး သူမယူဆောင်လာသော ဆေးပန်းပင်ကို ကမ်းပေးလိုက်သည်။ ကျိုင်ဝင်းရီက ဆေးပန်းပင်ကို လှမ်းယူပြီး စေ့စေ့စပ်စပ်ပင် ကြည့်သည်။

ပြီးမှ သူမအား ပြန်ကြည့်ကာ. . .

"ရန်သူနဲ့ရော မတွေ့ဘူးလား"

"တွေ့ပါတယ်၊ ဒါပေမယ့် ကျွန်မ ကံကောင်းခဲ့တယ်"

"ဘယ်လို ကံကောင်းတာလဲ"



"ဒီလိုပါ"

လီပင်းပင်းက တွေ့ကြုံခဲ့သည်များကို မချွင်းမချန် ပြောပြလိုက်သည်။

"ဩော်. . . ဒါဆို ဆေးပန်းပင်ရလာတာ မျက်နှာဖုံးရှင်ရဲ့ကျေးဇူးမကင်းဘူးပေါ့"

"ဟုတ်ပါတယ် ဘိုးဘိုး"

ကျိုင်ဝင်းရီ ခေါင်းတစ်ချက်ညိတ်ကာ. . .

"ဒါပေမယ့် သူ့ကိုတော့ လွှတ်ပေးထားလို့ မရဘူး"

"ကျွန်မ သဘောပေါက်ပါတယ်၊ ဒါပေမယ့် လောလောဆယ်မှာ သူ့ကိုယှဉ်ဖို့က မလွယ်လှဘူး ဘိုးဘိုး၊ အစ်ကိုကြီးကျန်းကျက် မယှဉ်နိုင်သလို အစ်ကိုချောင်ဟွာလည်း မယှဉ်နိုင်ပါဘူး"

"ဒါဆို ချောင်ဟွာက အခု ဒီကိုပြန်ပါလာတယ်ပေါ့"

"ဟုတ်ပါတယ်"

လီပင်းပင်းက မရဲတရဲဖြင့် ခေါင်းညိတ်ဝန်ခံလိုက်၏။

ကျိုင်ဝင်းရီ မျက်မှောင်ကုပ်ကာ. . .

"သူ့ကို ငါတာဝန်ပေးတာကော ဆောင်ရွက်ပြီးပြီလား"

ဝူးယို့ကျောင်းကိစ္စအား ရည်ရွယ်၍ ပြောခြင်းဖြစ်ကြောင်း လီပင်းပင်း ရိပ်စားမိလိုက်သည်။

"ဟုတ်ကဲ့ အစ်ကိုလေးချောင်ဟွာက ရှာမတွေ့သေးဘူးလို့ ပြောပါတယ်"

"ရှာမတွေ့တာလား၊ တမင်မရှာဘဲ လျှောက်သွားနေတာလား"

www.burmeseclassic.com

www.burmeseclassic.com



"ရှာမတွေ့တာပါ"

"အေးလေ၊ သူ့အသက်ကိုမှ မနှမြောဘူးဆို လုပ်ပေါ့"

သူ၏အေးစက်သော အမူအရာကြောင့် ဖျောင်းဖျစကားဆိုရန် ခက်ခဲမည်ဟု လီပင်းပင် တွက်ဆမိလိုက်သည်။

ကျိုင်ဝင်းရီက. . .

"ကဲ. . . မင်းသွားတော့၊ မင်းယူလာတဲ့ ဆေးပန်းပင်ကို ဖြေဆေးဖော်ဖို့ လုပ်လိုက်ဦးမယ်"

"အစ်ကိုမိန်ယွင်ကို လွှတ်လိုက်ရမလား"

ကျိုင်ဝင်းရီ ခေါင်းယမ်းလိုက်သည်။

"မလိုဘူး၊ ဆေးက ဒီနေ့ဖော်ပြီး မနက်ဖြန်လောက်ကျမှ တိုက်လို့ရမှာ၊ ကဲ မင်းလည်း ပင်ပန်းနေပြီ၊ အေးအေးဆေးဆေး အနားယူလိုက်ဦး"

"ဟုတ်ကဲ့ ဘိုးဘိုး"

လီပင်းပင်းက ကျိုင်ဝင်းရီအား ဂါရဝပြုကာ ကျောက်ဂူထဲမှ ပြန်ထွက်လာခဲ့သည်။

ကျောက်ဂူအပြင်တွင် စောင့်ဆိုင်း နေသော ကျန်းကျက်တို့သုံးယောက် လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။

"ဘယ်လိုလဲ ညီမလေး၊ ဘာပြောလိုက်လဲ"

လီပင်းပင်း သက်ပြင်းချကာ. . .

"အစ်ကိုချောင်ဟွာ ပြန်ပါလာတာ ပြောပြလိုက်တယ်"

"ဒီတော့ ဘာပြောသလဲ"

"သူက သိပ်တော့ ဘဝင်ကျပုံမရဘူး၊ ဒါကြောင့် အစ်ကို



လေးဝူးယို့ကျောင်းတို့ကို ရှာမတွေ့သေးပါဘူးလို့ ကြည့်ကောင်းအောင် ပြောလိုက်ရတယ်"

"အဆိပ်ဖြေဆေးလုံးကိစ္စရော"

ကျန်းကျက်က သိချင်သယို့ ဝင်မေးသည်။ လီပင်းပင်းက

"အဆိပ်ဖြေဆေးလုံးပေးဖို့ ကိစ္စကိုတော့ ကျွန်မ မပြောရသေးဘူး"

"ဒါဖြင့် ဘယ်လိုလုပ်မလဲ"

"ဒါတော့ အခြေအနေကြည့်ပြီး ပြောရမှာပဲ၊ အခုလောလောဆယ်တော့ သူ စိတ်မကြည်လင်ဘူး"

"အေးလေ၊ နောက်နေ့မှ ပြောကြည့်တာပေါ့"

ကျန်းကျက်က အလိုက်သင့်ပင် သူမကို ပြန်ပြောသည်။

ထိုစဉ် မိန်ယွင်က ဝင်မေးလာသည်။

"ဆေးပန်းပင်ကိစ္စကိုရော ဘိုးဘိုးက ဘာပြောသလဲ ညီမလေး"

"ကျွန်မကိုတော့ တော်တယ်လို့ ချီးကျူးပါတယ်၊ ဒါပေမယ့် ကျွန်မကလည်း မျက်နှာဖုံးရှင်သိုင်းသမားရဲ့ အကူအညီနဲ့ ရခဲ့တာလို့ အမှန်အတိုင်းပဲ ပြောပြလိုက်တယ်၊ သူက မျက်နှာဖုံးရှင် သိုင်းသမားကို ကျေးဇူးတင်ဖို့တော့ရှိတယ်၊ ဒါပေမယ့် သူ့ကိုလွှတ်ပေးထားလို့ မရဘူး ပြောပါတယ်"

"ဒီလိုပဲ ပြောမယ်လို့ မျှော်လင့်ထားပြီးသားပါ"

ကျန်းကျက်က မထူးခြားသလိုဆိုသည်။

လီပင်းပင်းက မိန်ယွင်ကိုကြည့်၍ ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဆရာဘိုးဘိုးက ဒီနေ့ပဲ ဆေးဖော်ပြီး မနက်ဖြန်ကျရင် အစ်ကိုထွေးကို တိုက်မယ်လို့ ပြောပါတယ်"

မိန်ယွင် သက်ပြင်းချလိုက်၏။

ထို့နောက် စိတ်လှုပ်ရှားစွာဖြင့် ပြောလိုက်၏။

"အေးလေ၊ ဒီဆေးက အစွမ်းထက်ပါစေလို့ပဲ ဆုတောင်းရတော့မှာပဲ၊ မဟုတ်ရင် ညီမလေး စွန့်စားခဲ့တာ အလကားဖြစ်သွားလိမ့်မယ်"

"ကျွန်မကတော့ အစွမ်းထက်လိမ့်မယ်လို့ ထင်ထားတယ်"

လီပင်းပင်းက လေးနက်သောလေသံဖြင့် ပြောလာ၏။

ကာယကံရှင် မိန်ယွင်အဖို့မှာတော့ စိတ်လှုပ်ရှားနေမည်မှာ အသေအချာပင် ဖြစ်ပါတော့သည်။

ပထမပိုင်းပြီး၏။

ဒု-ဇာတ်သိမ်းပိုင်းဆက်လက်ဖတ်ရှုပါရန်။

ဒ်"

ဝ်ကို

www.burmeseclassic.com

www.burmeseclassic.com

# မိုးကျော်သူ

# ပဥ္စမငရဲသား

(ဒုတိယပိုင်း-ဇာတ်သိမ်း)

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၄ ခုနှစ်
ပထမအကြိမ်၊ အုပ်ရေ-၂၅၀
တန်ဖိုး ၁၀၀/-ကျပ်

**ထုတ်ဝေသူ**
ဒေါ်ခင်မာရှို၊ (ပန်းဝေဝေ စာပေ)
အမှတ် (၃၆၀)၊ ဗိုလ်အောင်ကျော်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

**အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်**
ဦးဝင်းကျော်ထွန်း (မုံရွေး ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅- လမ်း၊
ဗိုလ်တစ်ထောင်မြို့နယ်၊ရန်ကုန်မြို့။



# သူ့ဘက်ကိုယ့်ဘက်

လီပင်းပင်းတို့အားလုံး ဆုတောင်းပြည့်သည်ဟုပင် ဆိုရပေတော့မည်။

နောက်တစ်နေ့တွင် မုတ်ဆိတ်ဖြူအဘိုးအိုကျိုင်ဝင်းရှိ ကဆေးပန်းပင်ဖြင့် ဖော်စပ်ထားသော ဖြေဆေးတိုက်လိုက်သည်တွင် မိန်ယွင်မှာ အဆိပ်များ ပျက်ပြယ်ပြီး မျက်စိနှစ်ကွင်း အလင်းပြန်ရသွားလေသည်။

သူမ၏ကြိုးပမ်းမှုက အချည်းအနှီး မဖြစ်သဖြင့် လီပင်းပင်း ရင်ထဲကျေနပ်သွားသည်။

ထို့အတူ. . .

ကာယကံရှင်မိန်ယွင်နှင့်တကွ ကျန်းကျက်နှင့် ချောင်ဟွာတို့လည်း ပျော်ရွှင်သွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ပထမတစ်ဆင့် အောင်မြင်သွားပြီ ဖြစ်၍ လီပင်းပင်းမှာ အစ်ကိုလတ်ချောင်ဟွာအတွက် ဖြေဆေးတောင်းရန် စဉ်းစားရ မြန်တော့သည်။

"ဆရာဘိုးဘိုး"

"ပြော. . ."

လီပင်းပင်းက မပြောခင် ဘေးဘီဝဲယာကို တစ်ချက် ကြည့်လိုက်မိသည်။

သူမ၏အစ်ကိုသုံးယောက်စလုံးကို စုံစုံညီညီ မြင်တွေ့ လိုက်ရ၍ လီပင်းပင်း အနည်းငယ် အားတက်သွားမိသည်။

ကျန်းကျက်ကလည်း ပြောလိုက်လေဟူသော အဓိပ္ပါယ် မျိုးဖြင့် မျက်ရိပ်ပြလိုက်သည်။

လီပင်းပင်းက မုတ်ဆိတ်ဖြူအဘိုးအိုကျိုင်ဝင်းရှီဘက် မြန်လှည့်လိုက်ကာ. . .

"ဘိုးဘိုးကို ကျွန်မတောင်းပန်စရာ ရှိလို့ပါ"

ကျိုင်ဝင်းရှီ မျက်မှောင်ကုပ်ကာ. . .

"တောင်းပန်စရာ ဟုတ်လား"

လီပင်းပင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ် ဘိုးဘိုး။ တောင်းပန်စရာဆိုပေမယ့် ကျွန်မက အပြစ်ပြုထားတာကြောင့် မဟုတ်ပါဘူး။ ဘိုးဘိုးကို ကြားထဲက မေတ္တာရပ်ခံချင်လို့ပါ"

"ပြောပါဦး။ မင်းက ဘာကို မေတ္တာရပ်ခံချင်ရတာလဲ"



မုတ်ဆိတ်ဖြူအဘိုးအိုကျိုင်ဝင်းရှီက သူမကို ခပ်တည် တည်ကြည့်ပြီး မေးလာသည်။

ထိုအကြည့်ကြောင့် လီပင်းပင်း၏ရင်ထဲ ထိတ်ခနဲ ဖြစ် သွားမိသည်။

သို့သော်. . .

စကား စ,ထားမိပြီမို့ မပြော၍လည်း မဖြစ်တော့ပါ။

ထို့ကြောင့် စိတ်ကို တည်ငြိမ်အောင် ပြန်ကြိုးစားထိန်း လိုက်ပြီး. . .

"အစ်ကိုလတ်ကို အဆိပ်ဖြေဆေးလုံး တိုက်ပေးဖို့ မေတ္တာရပ်ခံချင်လို့ပါ"

"ဘာ. . ."

ကျိုင်ဝင်းရှီ၏အသံ ဟိန်းထွက်လာ၏။

လီပင်းပင်း မဆိုထားနှင့် ကျန်းကျက်တို့ သုံးယောက်ပင် လျှင် တုန်ယင်သွားသလို ခံစားလိုက်ကြရသည်။

ထို့နောက် ကျိုင်ဝင်းရှီက သူမအား စေ့စေ့ကြည့်ကာ မေးလာသည်။

"ချောင်ဟွာကို ငါက အဆိပ်ဖြေဆေးလုံးပေးရမယ် ဟုတ်လား"

"ဟုတ်. . . ဟုတ်ပါတယ်"

ကျိုင်ဝင်းရှီ၏မျက်နှာ ခက်ထန်သွားသည်။

"အဓိပ္ပါယ် မရှိတဲ့ စကားပဲ လီပင်းပင်း။ သူ့ကို ငါပြောခဲ့

www.burmeseclassic.com

www.burmeseclassic.com



ပြီးပြီပဲ၊ ဝူးယို့ကျောင်းကို ရှင်းနိုင်မှ အဆိပ်ဖြေဆေးလုံး ပေးပါ့မယ်လို့၊ သူ့အဆိပ်ဖြေဆေးလုံး လိုချင်ရင် ငါခိုင်းသလို ဝူးယို့ကျောင်းကို ရအောင် ရှင်းပစ်ပေါ့"

"ဒီကိစ္စက လွယ်မယောင်နဲ့ခက် တိမ်မယောင်နဲ့နက်ပါတယ် ဘိုးဘိုး၊ ပြည်မဆိုတာ အကျယ်ကြီးပါ၊ ရွာတွေက အများကြီးပါ၊ ဒါကြောင့် မတွေ့အောင် ရှောင်ပုန်းနေတဲ့ လူနှစ်ယောက်ကို တွေ့အောင် လိုက်ရှာဖို့ဆိုတာ ပြောသလောက် မလွယ်လှပါဘူး"

လီပင်းပင်းက ခပ်ရဲရဲပင် ချေပစကား ပြန်ပြောလိုက်၏။

သူမကိုယ်သူမပင် ဤမျှ နှုတ်ရဲမည်ဟု ထင်မထားမိခဲ့ချေ။

တကယ်ပြောမှ စိတ်ပါပြီး ပြောရဲဆိုရဲ ရှိသွားသောကြောင့် လီပင်းပင်းမှာ ကိုယ့်ကိုယ်ပင် အံ့သြနေမိသည်။

ထိုအချင်းအရာကို ကျိုင်ဝင်းရှီကိုယ်တိုင်ကလည်း သတိပြုမိပုံရသွားသည်။

ခပ်မဲ့မဲ့ တစ်ချက်ပြုံးကာ ပြောလိုက်သည်။

"မင်းက ပြောရဲဆိုရဲနေပါလား လီပင်းပင်း၊ မင်းက အငယ်ဆုံး ဖြစ်ပြီး ဒီလောက် ရဲတင်းနေပုံထောက်ရင် မဟုတ်မှလွဲရော၊ ဟိုကောင်တွေက မြှောက်ပင့်ပေးထားပြီနဲ့တူတယ်"

ထိုစကားကြောင့် ချောင်ဟွာမှာ မခံချင် ဖြစ်သွားရ၏။

"သူ့ကို ဘယ်သူကမှ မြှောက်ပင့်မထားပါဘူး ဘိုးဘိုး၊



သူ့ကိုက မေတ္တာရပ်ခံချင်တယ် ပြောလို့ပါ"

"ဘာပဲဖြစ်ဖြစ် မင်းကို ငါစကားကုန်ပြောထားပြီးပြီပဲ၊ ဝူးယို့ကျောင်းကို သတ်နိုင်ရင် အဆိပ်ဖြေဆေးလုံးရမယ်၊ မင်းအတွက် အချိန်ရပါသေးတယ်၊ သုံးလမှ မပြည့်သေးတာ၊ ဒီကြားထဲ မင်း ကြိုးစားကြည့်သင့်တာပေါ့"

မှတ်ဆိတ်ဖြူအဘိုးအို ကျိုင်ဝင်းရှီ၏ စကားကြောင့် ချောင်ဟွာက မဲ့ပြုံးပြုံးလိုက်သည်။

ထိုစဉ်...

ကျန်းကျက်က မနေသာတော့ဘဲ ဝင်ပြောလိုက်၏။

"ဒီလိုလုပ်ပါလား ဘိုးဘိုး"

"ဘယ်လိုလုပ်ရမှာလဲ"

"ညီလေးချောင်ဟွာကို ဖြေဆေးတိုက်လိုက်ပါ"

"ပြီးတော့ရော..."

"ဝူးယို့ကျောင်းကို သူ့ဘာသာ လိုက်ရှာပြီး ရှင်းပစ်ပါလိမ့်မယ်၊ ဝူးယို့ကျောင်းကို တွေ့အောင် ရှာဖို့က ဘယ်လောက်ထိကြာမယ်မှန်း မပြောနိုင်ဘူးလေ၊ အဆိပ်ဖြေဆေးသောက်ထားရင် သူလဲ စိတ်ပေါ့ပါးသွားတာပေါ့"

ကျန်းကျက်က လောလောဆယ် ဖြေဆေးတိုက်ပြီးလျှင် ပြီးရောဟု သဘောထားကာ အလိမ္မာသုံးလျက် အကြံပေးလိုက်သည်။

သို့သော်...

www.burmeseclassic.com

www.burmeseclassic.com



အဘိုးအိုကျိုင်ဝင်းရီကား သူတို့မျှော်လင့်ထားသည် ထက်ပင် များစွာပို၍ ပါးနပ်နေပေသေးသည်။

အေးစက်စွာ ပြုံးလျက် ခေါင်းကိုခါသည်။

ပြီးမှ. . .

"မင်းပြောတာ မဖြစ်နိုင်ဘူး ကျန်းကျက်၊ အခုလို ဖြေဆေး မသောက်ရသေးဘဲနဲ့တောင် မင်းညီက စိတ်မပါဘဲ ဖြစ်နေတာ၊ အဆိပ်ဖြေဆေးသောက်ပြီးလို့ကတော့ ဖမ်းလို့တောင် မိမှာ မဟုတ်ဘူး"

ပြန်ပြောလာသည့် ထိုစကားမှာ မှန်သင့်သလောက် မှန်နေ၍ ကျန်းကျက်မှာ ဘာပြန်ပြောရမှန်း မသိအောင်ပင် ဖြစ်သွားသည်။

ယခုတစ်ကြိမ်တွင် အရဲစွန့်ပြီး ဝင်ပြောလိုက်သူကား မျက်စိပြန်ကောင်းလာစ မိန်ယွင်ပင် ဖြစ်သည်။

"ကျွန်တော့်ကို စကားနည်းနည်းလောက် ပြောခွင့်ပြုပါ ဘိုးဘိုး"

"လာပြန်ပြီ တစ်ယောက်၊ မင်းတို့က အလှည့်ကျပုံစံနဲ့ကို လာပြီး ဖိအားပေးနေကြတာကိုးကွ"

မိန်ယွင် ခေါင်းယမ်းလိုက်သည်။

"ဒီသဘောမျိုး မဟုတ်ပါဘူး ဘိုးဘိုး၊ ကျွန်တော်ကလဲ မေတ္တာရပ်ခံချင်တာပါ"

"ကဲ. . . ဆိုပါဦး"



"အစ်ကိုလေးဝူးယို့ကျောင်းကို ခွင့်လွှတ်လိုက်ပါလား"

"ဘာ. . . ဝူးယို့ကျောင်းကို ခွင့်လွှတ်ရမယ် ဟုတ်လား"

ကြားလိုက်ရသော စကားကို မယုံကြည်သလိုဖြင့် ကျိုင်ဝင်းရီက ပြန်မေးသည်။

"ဟုတ်. . . ဟုတ်ပါတယ် ဘိုးဘိုး၊ အစ်ကိုလေးကို သူ့ဟာသူ လွှတ်ပေးထားလိုက်ပါ၊ သူချစ်တဲ့သူနဲ့ ဘဝတစ်ခု ထူထောင်ချင်လဲ ထူထောင်ပါစေတော့. . ."

"တော်စမ်း မိန်ယွင်၊ မင်းပါးစပ်ကို ပိတ်တော့၊ မင်းပြောတာက ပိုဆိုးသေးတယ်၊ ငါ့ကို အာခံတဲ့လူကို ငါက လုံးဝခွင့်မလွှတ်နိုင်ဘူး၊ ဒါကြောင့် ရှင်းရှင်းပဲ ပြောမယ်၊ မင်းတို့လေးယောက် မနက်ဖြန်ပဲ တောင်ပေါ်က ဆင်းပြီးတော့ ဝူးယို့ကျောင်းကို မတွေ့တွေ့အောင် ရှာပြီး ရှင်းပစ်ရမယ်၊ ဒါဟာ ငါ့ရဲ့အမိန့်ပဲ"

မုတ်ဆိတ်ဖြူကျိုင်ဝင်းရီက သူတို့လေးယောက်ကို ကြည့်ပြီး ပြတ်သားသော လေသံဖြင့် အမိန့်ထပ်ပေးလာလေသည်။

မေတ္တာရပ်ခံမိကာမှ တစ်ချက်မျှ မလိုက်လျောသည့်အပြင် သူတို့လေးယောက်ကိုပင် အမိန့်ထပ်ပေးလာ၍ လီပင်းပင်းတို့ လေးယောက် ကသိကအောက် ဖြစ်သွားမိသည်။

"ငါပြောတာ ကြားကြတယ် မဟုတ်လား"

ငြိမ်သက်နေသော သူတို့လေးယောက်ကို ကြည့်ပြီး ကျိုင်ဝင်းရီက အားမရသလို ထပ်မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ. . .

လီပင်းပင်းက မနေနိုင်တော့ဘဲ ဦးစွာ တုံ့ပြန်လိုက်လေသည်။

"ဒါတော့ မဖြစ်နိုင်ပါဘူး ဘိုးဘိုး"

ကျိုင်ဝင်းရီ မျက်လုံးကြီး ပြူးသွားသည်။

"ဘာ. . . မဖြစ်နိုင်ဘူး ဟုတ်လား"

လီပင်းပင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်၊ အစ်ကိုလေးဝူးယို့ကျောင်းက ဘာမှ အပြစ်ကြီးကြီးမားမား ကျူးလွန်တာမှ မဟုတ်ဘဲ၊ အစ်ကိုလေးမိန်ယွင် ပြောသလို ခွင့်လွှတ်လိုက်ရင်လဲ ရပါတယ်၊ သူချစ်တဲ့သူနဲ့ ဘဝတစ်ခု ထူထောင်ပါစေတော့"

ကျိုင်ဝင်းရီ ဒေါပွသွားသည်။

"အံမာ. . . မင်းတို့က ငါ့ကိုများ ပြန်ပြီး စောဒက တက်နေရသေးတယ်၊ ဟိုတစ်ယောက် အာခံသွားတာကို ကြည့်ပြီး မင်းတို့ကပါ အတုခိုးချင်ကြလို့လား"

"ဘာမှ အတုခိုးစရာ မလိုပါဘူး ဘိုးဘိုး၊ ကျွန်မ ဖြစ်သင့်တာကို ပြောတာပါ၊ ဝူးယို့ကျောင်းဟာ ကျွန်မတို့နဲ့ မောင်နှမ ရင်းချာလို သံယောဇဉ်ကြီးကြတဲ့ လူတစ်ယောက်ပါ၊ သူ့ကို ကျွန်မတို့က ဘယ်လိုလုပ်ပြီး ရက်စက်နိုင်ပါ့မလဲ၊ ကျွန်မ သူ့ကို ဒုက္ခမပေးချင်ပါဘူး"

"မလိုဘူး၊ ဘာမှ စဉ်းစားစရာ မလိုဘူး လီပင်းပင်း၊ ငါ



ပြောတဲ့စကား နားထောင်တာပဲ လိုချင်တယ်၊ မင်းတို့ ငါ့အမိန့်ကို နာခံမှာလား၊ ဆန့်ကျင်မှာလား၊ ဒါပဲပြော. . ."

ကျိုင်ဝင်းရီ၏ လေသံရော မျက်နှာထားပါ သိသိသာသာ တင်းမာ၍ လာသည်။

သို့သော်. . .

လီပင်းပင်းက ဂရုမစိုက်ချေ။

သူမက ပြတ်သားစွာ ဆုံးဖြတ်ထားပြီးပြီမို့ ကျိုင်ဝင်းရီကို ရဲရဲဝံ့ဝံ့စွာ ပြန်ကြည့်ကာ. . .

"ဝမ်းနည်းပါတယ် ဘိုးဘိုး၊ အရင်တုန်းက ဘိုးဘိုးပြောသမျှကို နားထောင်ခဲ့တာ မှန်ပါတယ်၊ ဒါပေမယ့် ဒီတစ်ကြိမ်မှာတော့ ကျွန်မ မလိုက်နာနိုင်ပါဘူး"

"တောက်. . . မင်းကများ လူ့ပါးဝလို့၊ ကျန်းကျက် သူ့ကို ဖမ်းလိုက်စမ်း"

ကျိုင်ဝင်းရီက ကျန်းကျက်ကို လှမ်းပြောသည်။

သို့သော်. . .

ကျန်းကျက်က တုတ်တုတ်မျှ မလှုပ်ချေ။

"ဟေ့ကောင် ကျန်းကျက်၊ ငါ့အမိန့်ပေးနေတယ်လေ မကြားဘူးလား"

ကျိုင်ဝင်းရီက ဒေါသသံဖြင့် ပြောလာသည်။

ထိုအခါမှ ကျန်းကျက်က တည်ငြိမ်စွာဖြင့်. . .

"ဝမ်းနည်းပါတယ် ဘိုးဘိုး၊ ညီမလေးလီပင်းပင်းတို့

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် မဖမ်းနိုင်ပါဘူး"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်ကိုယ်တိုင်လဲ သူနဲ့ တသဘောထဲ ရှိနေလို့ပါ"

ကျိုင်ဝင်းရီ မျက်မှောင်ကုပ်ကာ. . .

"ဝူးယို့ကျောင်းကို ရှင်းမပစ်နိုင်ဘူးလို့ ဆိုလိုတာလား" ဟု မေးလိုက်သည်။

ကျန်းကျက် ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ် ဘိုးဘိုး၊ ဝူးယို့ကောင်းဟာ ကျွန်တော်တို့ ရှင်းပစ်ဖို့ဆိုတာ လုံးဝမဖြစ်နိုင်တဲ့ ကိစ္စပါ"

"တောက်. . . မင်းတို့အားလုံး တိုင်ပင်ပြီးမှ ငါ့ကို ပြိုင်တူ အာခံကြတာပေါ့ ဟုတ်လား"

ကျိုင်ဝင်းရီက ပြောလည်းပြော ဒေါသတကြီးဖြင့်လည်း ဝုန်းခနဲ ထရပ်လိုက်သည်။

❄ ❄ ❄



## တုန့်ပြန်ခြင်း

အခြေအနေ တင်းမာလာပြီဟု ရိပ်စားမိလိုက်သော လီပင်းပင်းတို့ လေးယောက်ကလည်း နေရာမှ အသီးသီး ထရပ်လိုက်ကြသည်။

နေရာကား တောင်ထိပ်ရှိ မြေညီကွက်လပ်တွင် ဖြစ်သည်။

လေက ခပ်ကြမ်းကြမ်းလေး တိုက်ခတ်နေသောကြောင့် သူတို့ငါးယောက်စလုံး၏ အင်္ကျီအဝတ်အစားများမှာ လေတွင် တဖျပ်ဖျပ် လှုပ်ခတ်၍ နေလေသည်။

လိုအပ်ပါက အချိန်မရွေး တိုက်ခိုက်နိုင်ရန် လီပင်းပင်းတို့ လေးယောက်တ ဓားများကို ဘယ်ဘက်တွင် ခပ်ဆဆ ကိုင်ဆောင်ထားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



မုတ်ဆိတ်ဖြူအဘိုးအိုကျိုင်ဝင်းရှိမှာ တစ်သက်လုံး သူ့ကို မော့မကြည့်ဝံ့သူများက ပြောင်ပြောင်တင်းတင်း ဆန့်ကျင်လာသည့်အတွက် မခံချိမခံသာဖြင့် အတော်လေး ဒေါသထွက်နေပုံရသည်။

"မင်းတို့က ငါ့ကိုများ တိုက်ခိုက်ကြဦးမလို့လားကွ"

"ဒါကတော့ ဘိုးဘိုးအပေါ်မှာ မူတည်ပါတယ်၊ ဘိုးဘိုးက ကျွန်တော်တို့ဆန္ဒကို မလိုက်လျောဘူးဆိုရင်တော့ တိုက်ခိုက်သင့်ရင်လဲ တိုက်ခိုက်ရပါလိမ့်မယ်"

"ဩော်. . . ဆရာဖြစ်တဲ့ ငါ့ကျေးဇူးကို ပြန်ဆပ်ဖို့ ကြိုးစားကြတာပေါ့ ဟုတ်လား"

"စိတ်မကောင်းပါဘူး ဘိုးဘိုး၊ ကျေးဇူးရှိတာက ရှိတာပါပဲ၊ ဒါပေမယ့် ရပ်တည်မှု မမှန်ကန်ရင်တော့ ကျွန်တော်တို့ ဆန့်ကျင်သင့်ရင် ဆန့်ကျင်ရပါလိမ့်မယ်၊ ပိုဆိုးတာက ဘိုးဘိုးဟာ တခြားသူတစ်ယောက်ရဲ့ ညွှန်ကြားချက်နဲ့ ကျွန်တော်တို့ကို စေခိုင်းနေတဲ့ အချက်ကို သိထားလို့ပါပဲ"

"ဟင်. . ."

ထိုစကားက မုတ်ဆိတ်ဖြူကျိုင်ဝင်းရှိအား သိသိသာသာပင် မျက်နှာပျက်သွားစေခဲ့ပေသည်။

သူ၏လျှို့ဝှက်ချက်ကို သိသွားသောကြောင့် မယုံနိုင်အောင်လည်း အံ့ဩသွားဟန်တူသည်။

ကျန်းကျက်ကို မျက်လုံးများ ပြူးကြည့်လျက်. . .



"မင်း. . . မင်း ဘာပြောတာလဲ ကျန်းကျက်၊ မင်းစကားက ဘာစကားလဲ"

"အိပ်ချင်ယောင်ဆောင်နေတဲ့လူဟာ အနှိုးရခက်တယ်ဆိုတဲ့ စကားလိုပါပဲ၊ ဘိုးဘိုးက မသိချင်ယောင်ဆောင်နေတော့လဲ မလွှဲမရှောင်သာ ပြောပြရသေးတာပေါ့လေ"

ထို့နောက်. . .

ကျန်းကျက်က ဝူးယို့ကျောင်း ပြန်ပြောပြထားသည့်အတိုင်းပင် မုတ်ဆိတ်ဖြူကျိုင်ဝင်းရှိအား ပြန်ပြောပြလိုက်သည်။

ထိုအကြောင်းကို သိထားသော ချောင်ဟွာကတော့ ထူးပြီး မအံ့ဩချေ။

သိမထားသော လီပင်းပင်းနှင့် မိန်ယွင်တို့ကမူ အတော်လေး အံ့ဩသွားကြလေသည်။

"ဟင်. . . အစ်ကိုကြီး တကယ်ပြောတာလား၊ ဒီအကြောင်းတွေကို ညီမလေးတို့တောင် မသိရပါလား"

လီပင်းပင်းက လွှတ်ခနဲ ရေရွတ်လာသည်။

"မင်းတို့ကို ပြောပြမလို့ဘဲ၊ အခွင့်မကြုံသေးလို့ ပြောမပြရသေးတာပါ၊ တဲ. . . ဘာများ ပြောချင်ပါသေးသလဲ ဘိုးဘိုး"

ကျန်းကျက်က ကျိုင်ဝင်းရှိ၏မျက်နှာကို စေ့စေ့ကြည့်ကာ မေးလိုက်သည်။

ယခုအချိန်တွင် သူတို့လေးယောက်စလုံးမှာ သတ္တိသွေးများ တက်ကြွဆူဝေနေသောကြောင့် ဆရာဖြစ်သော ကျိုင်ဝင်းရှိ

www.burmeseclassic.com

www.burmeseclassic.com



အား အလျဉ်းပင် ဂရုမစိုက်ကြတော့ပါချေ။

နှုတ်ခမ်းတစ်ချက်မဲ့ကာ. . .

"အေးလေ. . . မင်းတို့က ဒီလို တွေ့မြင်ထားပြီးပြီဆိုမှ တော့ ငါက ဘာပြောစရာ လိုတော့မှာလဲ"

ဟု ပြောလာသည်။

ကျန်းကျက် သက်ပြင်းချလိုက်သည်။

"ဒါဖြင့် သခင်လေးဆိုတာက ဘယ်သူလဲ၊ ဘာကြောင့် ဘိုးဘိုးကို သူက အမိန့်ပေးပြီး စေခိုင်းနေရတာလဲ၊ ဒါကို ပြောမြပါ"

ကျိုင်ဝင်းရီ ရယ်မောလိုက်သည်။

"ဟား. . ဟား. . . ဟား"

သူ၏ရယ်မောသံ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

အတန်ကြာမှ ရယ်မောရာမှ ရပ်တန့်ကာ. . .

"မင်းတို့ အတော်ရယ်စရာကောင်းတဲ့ လူတွေပဲ၊ ငါမွေးတဲ့မျောက်က ငါ့ကိုများ ပြန်ခြောက်နေလိုက်သေးတယ်၊ အေး ငါကတော့ လေကုန်ခံပြီး ဘာမှ ရှင်းမပြနိုင်ဘူး။ တမလွန်ရောက်မှပဲ၊ မင်းတို့ဟာ မင်းတို့ရအောင် စုံစမ်းကြည့်ကြပေတော့"

ထိုစကားမှာ ကျိုင်ဝင်းရီ၏ နောက်ဆုံးစကားပင် ဖြစ်သည်။

အကြောင်းမှာ. . .



စကားဆုံးသည်နှင့် တစ်ပြိုင်နက် ကျိုင်ဝင်းရီက သူ၏ လက်စွဲတော် သံတောင်ဝှေးကြီးကို လေတွင် ဝှေ့ယမ်းလျက် စတင်တိုက်ခိုက်လာသောကြောင့်ပင် ဖြစ်သည်။

"ဝှီး. . . ဝှီး"

ကျိုင်ဝင်းရီ အတွင်းအားနက်ရှိုင်းသော အချက်ကား ယုံမှားသံသယ ရှိစရာ မလိုချေ။

သံတောင်ဝှေးကို ဝှေ့ယမ်းရာက ထွက်ပေါ်လာသော လေခွင်းသံမှာ ပိတုန်းများ အုပ်ဖွဲ့ ပျံသန်းလာသည့်အတိုင်းပင် တစ်သဝေမတိမ်း ဆင်တူလှပေသည်။

သို့ဖြစ်၍လည်း လီပင်းပင်းတို့ လေးယောက်စလုံးမှာ သွက်လက်စွာဖြင့် ဓားများကို ပြိုင်တူ ဆွဲထုတ်လိုက်ကြသည်။

ထိုစဉ်မှာပင်. . .

ကျိုင်ဝင်းရီ၏ သံတောင်ဝှေးရိုက်ချက်က အနီးဆုံး တွင်ရှိသော ကျန်းကျက်၏ခေါင်းပေါ်သို့ မိုး၍ ကျရောက်လာသည်။

"ဝှီး"

"ဟိတ်"

"ထန်း"

တောင်ဝှေးရိုက်ချက် ကျရောက်လာပုံမှာ မြန်ဆန်လှနိုးသဖြင့် ကျန်းကျက် ရှောင်ချိန်ပင် မရလိုက်ချေ။

သို့ဖြစ်၍. . .

www.burmeseclassic.com

www.burmeseclassic.com



ကျွန်းကျက်က ညာသံတစ်ချက်ပေးကာ ဓားကို ခေါင်းပေါ်တွင် ကန့်လန့်ကာလျက် ခံဆောင်ပေးလိုက်ရသည်။

အတွင်းအားအရာတွင် မုတ်ဆိတ်ဖြူကျိုင်ဝင်းရီက ပိုမိုသာလွန်သဖြင့် ကျွန်းကျက်၏ဓားကိုင်လက်မှာ ထုံကျင်လို့ သွားသည်။

မာန်တင်းလျက် တောင့်ခံပေးလိုက်သောကြောင့်သာလျှင် လက်မှ လွတ်ထွက်မသွားခြင်း ဖြစ်သည်။

ထိုအခြေအနေကို လီပင်းပင်းတို့လည်း သိသည်။

သို့ဖြစ်သောကြောင့် တုံ့ဆိုင်းမနေဘဲ ကျိုင်ဝင်းရီ၏ နောက်ကျောမှ ပြိုင်တူပင် ဝင်ရောက်တိုက်ခိုက်လိုက်ကြသည်။

“ကျား”

“ဟိတ်”

လီပင်းပင်းနှင့် ချောင်ဟွာတို့၏ဓားချက်များက ကျိုင်ဝင်းရီ၏ကျောပြင်ကို လျင်မြန်စွာပင် ကျရောက်သွားလေသည်။

သို့သော်. . .

ထင်တိုင်းမပေါက်ပါချေ။

မုတ်ဆိတ်ဖြူကျိုင်ဝင်းရီက လျင်လွန်းလှ၏။

ကိုယ်ကို ရှေ့လျားရင်းမှ သံတောင်ဝှေးကို ဝှေ့ယမ်းလိုက်လျှင်. . .

“ထန်း. . . ထန်း”

“ဟာ. . .”



လီပင်းပင်းနှင့် ချောင်ဟွာတို့၏ဓားချက်များ ပျက်ပြယ်သွားရုံမျှမက လူများပင် ယိမ်းယိုင်သွားကြလေသည်။

ရရှိသော အခွင့်အရေးကို မုတ်ဆိတ်ဖြူကျိုင်ဝင်းရီက လက်လွှတ်မခံပါချေ။

ချောင်ဟွာ၏လည်မျိုကို သံတောင်ဝှေးထိပ်ဖြင့် ဖမ်းထိုးလိုက်သည်။

“အိုး”

ချောင်ဟွာက တောင်ဝှေးချက်မှ လွတ်အောင် ကပျာကယာပင် မျက်နှာကိုလှန်၍ ရှောင်ပေးလိုက်သည်။

ထိုအခါ. . .

မုတ်ဆိတ်ဖြူကျိုင်ဝင်းရီက သံတောင်ဝှေးကို ပြန်ရုပ်ရင်း ဘယ်လက်ဝါးကို ဆန့်ထုတ်လိုက်သည်။

“ဗိုး”

သို့သော်. . .

ထိုလက်ဝါးချက်ကလည်း လိုရာသို့ မရောက်ချေ။

လမ်းခုလယ်မှာပင် မိန်းယွင်က ဓားဖြင့် ခုတ်ပိုင်းလာသောကြောင့် ကမန်းကတန်း ပြန်ရုပ်သိမ်းလိုက်ရသည်။

ကျိုင်ဝင်းရီ မခံချိ မခံသာ ဖြစ်သွားရသည်။

အေးတိအေးစက် လေသံဖြင့် ပြောလာသည်။

“မင်းတို့ တယ်လဲ တက်ညီလက်ညီ ရှိနေကြပါလားကွ”

“ဒါပေါ့လေ၊ ကျုပ်တို့က မောင်နှမ ရင်းချာတွေလို

www.burmeseclassic.com

www.burmeseclassic.com



ချစ်ကြတဲ့ လူတွေပဲ"

ကျန်းကျက်က တမင်တကာ ခပ်ရွဲ့ရွဲ့ ပြန်ပြောလိုက်သည်။

ကျိုင်ဝင်းရီ အံတစ်ချက်ကြိတ်လိုက်သည်။

"ကောင်းပြီ၊ မင်းတို့ ဘယ်လောက်ဆက်ပြီး တောင့်ခံနိုင်မလဲဆိုတာ ကြည့်ရသေးတာပေါ့"

သည်ကတည်းက သူတို့ကို သေသေကြေကြေ တိုက်ခိုက်တော့မည်ဟု ကျန်းကျက် သဘောပေါက်လိုက်သည်။

ထို့ကြောင့်. . .

အားလုံးကို အော်ဟစ်သတိပေးလိုက်သည်။

"သတိထားကြဟေ့"

ကျိုင်ဝင်းရီက လှောင်ပြောင်လိုက်သည်။

"ဟား. . .ဟား. . .ဟား၊ အခုမှ ကြောက်နေကြပြီလား"

ကျန်းကျက် မဲ့လိုက်သည်။

"သတိထားခိုင်းတာနဲ့ ကြောက်တာက တခြားစီပါလေ၊ ခင်ဗျား အစွမ်းရှိသလောက် တိုက်ခိုက်ကြည့်ပါဦး"

"စိတ်ချ၊ မတိုက်ခိုက်မှာကိုတော့ မပူနဲ့၊ မင်းတို့လေးယောက်စလုံးကို ငရဲပို့ပေးရမှာကို ငါက တွေနေပ်မှာ၊ ပြီးမှ ဟိုကောင် ဝူးယီ့ကျောင်းကိုပါ လိုက်ရှင်းရမယ်"

မှတ်ဆိတ်ဖြူကျိုင်ဝင်းရီက မာန်ပါပါ ကြိမ်းဝါးလိုက်



လေတော့သည်။

ပြီးနောက် အော်ဟစ်ရယ်မောပြန်သည်။

ကျိုင်ဝင်းရီ၏ ပုံပန်းသဏ္ဌာန်က တကယ့်ကို အရူးကြီးတစ်ယောက်နှင့် ဘာမျှ မခြားတော့ပေ။

ထို့နောက်. . .

"ကျွား"

သူတို့လေးယောက် သတိထားစောင့်ကြည့်နေဆဲမှာပင် ကျိုင်ဝင်းရီက ဒုတိယအကြိမ်မြောက် ထပ်မံတိုက်ခိုက်လာပြန်သည်။

ယခုတစ်ကြိမ် တိုက်ခိုက်မှုက စောစောကထက် ပိုမိုပြင်းထန်ပြီး ကြောက်မက်ဖွယ်လည်း ကောင်းလှသည်။

ကျန်းကျက်တို့မှာ လေးယောက်နှင့် တစ်ယောက် ဖြစ်နေ၍သာ တော်တော့သည်။

ထိုသို့ မဟုတ်ဘဲ တစ်ဦးချင်းသာ ရင်ဆိုင်ရမည်ဆိုလျှင်တော့ ကျိုင်ဝင်းရီ၏ ပြင်းထန်သော သံတောင်ဝှေးရိုက်ချက်အောက်တွင် အသက်ပျောက်သွားရမည်မှာ မလွဲပါတော့ချေ။

ယခုမူ တစ်ဦးကို တိုက်မည်ကြံလျှင် ကျန်သုံးယောက်က ဝင်ရောက်တိုက်ခိုက်နေသောကြောင့် ကျိုင်ဝင်းရီမှာ စိတ်ရှိလက်ရှိ မတိုက်ခိုက်နိုင်ဘဲ ရှိနေခဲ့သည်။

မည်သို့ပင်ဖြစ်စေ ကျိုင်ဝင်းရီ၏သံတောင်ဝှေး ရိုက်ချက်များကိုတော့ သူတို့ မည်သူမျှ လျှော့မတွက်ရဲကြပါချေ။

www.burmeseclassic.com

www.burmeseclassic.com



တစ်ချက်ကလေး မှားသွားသည်နှင့် ဤတောင်ပေါ်တွင်ပင် ဇာတ်သိမ်းရတော့မည်ဟု ကောင်းစွာ နားလည်ထားကြပေသည်။

"ကျား"

"ယား"

"ဟိတ်"

ကျန်းကျက်တို့ လေးယောက်က ကျယ်လောင်စွာ မာန်သွင်းသံပြုလျက် ကျိုင်ဝင်းရှီ၏ခေါင်းပေါ် မိုးကာ တိုက်ခိုက်လိုက်ကြသည်။

သို့သော်. . . မရပါချေ။

ကျိုင်ဝင်းရှီက သံတောင်ဝှေးကြီးကို ခေါင်းပေါ်တွင် ဇွေယမ်းကာ ကာကွယ်ပေးလိုက်သည်နှင့် ဓားချက်များအားလုံး ပျက်ပြယ်သွားခဲ့ရသည်။

"ထန်း. . . ထန်း. . . ထန်း"

ပြီးလျှင် အားလုံး နောက်သို့ ခုန်ဆုတ်ပေးလိုက်သည်နှင့် ကျိုင်ဝင်းရှီက ညာဘက်ရှိ ချောင်ဟွာ ရှိရာကို ခုန်ဝင်တိုက်ခိုက်လိုက်သည်။

"ဟိတ်"

သံတောင်ဝှေးရိုက်ချက်က ချောင်ဟွာ၏ညာပခုံးစွန်းကို တည့်တည့်မတ်မတ်ပင် ကျရောက်လို့ သွားလေသည်။

❄ ❄ ❄



# အခွင့်အရေး

ထိုသံတောင်ဝှေးရိုက်ချက်ကို ဓားဖြင့် ခံဆောင်ပေး၍ မဖြစ်ပါချေ။

အတွင်းအားချင်း ကွာခြားမှုကြောင့် လက်ထဲမှ ဓားပင် လွတ်ကျသွားနိုင်ပေသည်။

ထိုသို့ တွက်ဆမိ၍ ချောင်ဟွာက ဘယ်ဘက်ကို ခုန်ရှောင်ပေးလိုက်သည်။

ထိုအခါ. . .

သံတောင်ဝှေးရိုက်ချက်က တစ်ထွာမျှ ကပ်ကာ လွဲချော်ထွက်သွားသည်။

ကျိုင်ဝင်းရှီက သံတောင်ဝှေးကို ပြန်ဆွဲယူကာ ကိုယ်ကိုတစ်ပတ်လှည့်၍ လည်မျိုကို အမှတ်မထင် ဖမ်းရိုက်လာပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟင်..."

မမျှော်လင့်သော တိုက်ခိုက်မှုကြောင့် ချောင်ဟွာ မျက်လုံးပြူးသွားသည်။

နောက်တော့မှ လွတ်လမ်းကို စဉ်းစားမိပြီး ကမန်းကတန်းပင် ပေါင်နှစ်ချောင်းကို ခွဲချလိုက်သည်။

ဤတွင်မှ သံတောင်ဝှေးရိုက်ချက်က ခေါင်းပေါ်မှ တစ်တောင်ခန့်ကပ်ကာ ကျော်ထွက်သွားသည်။

"ဝှီး"

ထိုမှ ထွက်ပေါ်လာသော လေခွင်းသံကား ကြောက်ခမန်းလိလိပင် ဖြစ်သည်။

မတော်တဆများ အထိခံလိုက်ရလျှင် တစ်ချီတည်းနှင့်ကို ဇာတ်သိမ်းသွားနိုင်လောက်ပေသည်။

သံတောင်ဝှေးရိုက်ချက် လွဲချော်သွားသည့်အခါကျမှ ချောင်ဟွာက မြေပြင်တွင် သုံးလေးပတ် လှိမ့်ထွက်ကာ ခပ်လှမ်းလှမ်းတွင် ဖျတ်ခနဲ ပြန်ထရပ်လိုက်သည်။

"မင်းကလဲ ဘယ်ဆိုးလို့လဲကွ"

မုတ်ဆိတ်ဖြူကျိုင်ဝင်းရီက ပြုံးလျက် လှမ်းပြောသည်။

ထိုစကားကြောင့် ချောင်ဟွာ ဝမ်းမသာနိုင်ချေ။

ထိုစကားမှာ ကျေနပ်စွာ ချီးကျူးသော စကားမျိုး မဟုတ်ဘဲ အသေမသတ်နိုင်လိုက်၍ မချင့်မရဲ ပြောသော စကားဟု ချောင်ဟွာ သိနေသောကြောင့်ပင်ဖြစ်၏။



ထို့အပြင်...

အေးစက်သော အပြုံးကလည်း မင်း နောက်တစ်ကြိမ်တော့ ကံကောင်းတော့မှာ မဟုတ်ဘူးဟူသည့် အဓိပ္ပါယ်မျိုးကိုဆောင်နေပေသည်။

ထိုစဉ်မှာပင်...

မိန်ယွှင်က အလစ်အငိုက်ဖမ်း၍ ကျိုင်ဝင်းရီ၏ နောက်ကျောကို ဝင်ရောက်တိုက်ခိုက်လိုက်လေသည်။

တစ်ဖက်တွင် အာရုံရောက်နေ၍ သတိလက်လွတ် ဖြစ်နေလိမ့်မည်ဟု ထင်မှတ်မိခြင်းကား မိန်ယွှင်၏အမှားပင် ဖြစ်သည်။

ကျိုင်ဝင်းရီမှာ ထိပ်တန်းသိုင်းပညာရှင်ကြီးတစ်ဦးပီပီ နားမျက်စိများက အမြဲနိုးကြားလျက် ရှိနေသည်သာဖြစ်၏။

သို့ဖြစ်၍...

မိန်ယွှင်က ဝင်ရောက်တိုက်ခိုက်လိုက်သည်တွင် ကျိုင်ဝင်းရီက လှည့်၍ပင် မကြည့်ဘဲ သံတောင်ဝှေးဖြင့် နောက်ပြန်ထိုးသွင်းလိုက်သည်။

"ဒုတ်"

"အွန့်"

ထိုသို့ တုန့်ပြန်တိုက်ခိုက်လာလိမ့်မည်ဟု မျှော်လင့်မထားသော မိန်ယွှင်မှာ လျှပ်တစ်ပြက် ဝင်ရောက်လာသော သံတောင်ဝှေးကို မည်သို့မျှ မရှောင်တိမ်းနိုင်တော့ချေ။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်. . .

သံတောင်ဝေ့ထိပ်က သူ၏ရင်ဝကို အရှိန်ပြင်းစွာဖြင့် ထိသွားတော့သည်။

သံတောင်ဝေ့ထိပ်များမှာ အချွန်မဟုတ်၍ စိုက်ဝင်သွားခြင်းတော့ မရှိပါ။

သို့သော်. . .

အားပါသော သံတောင်ဝေ့ထိပ်များဖြင့် အထိုးခံလိုက်ရသဖြင့် မိန်ယွင်မှာ မချိမဆန့် ခံစားသွားရလေသည်။

ဦးစွာ ပါးစပ်မှ သွေးများ စီးကျလာသည်။

နောက်တော့ ရှုံ့မဲ့လျက် နေရာတွင်ပင် လဲကျသွား၏။

"ဟင်"

"ဟာ"

"ညီလေးမိန်ယွင်"

မိန်ယွင်၏အဖြစ်ကို မြင်တွေ့လိုက်ရသော ကျန်းကျက်တို့သုံးယောက်မှာ ကျိုင်ဝင်းရီကို ဆက်လက်တိုက်ခိုက်ဖို့ မကြိုးစားနိုင်ကြတော့ပါ။

မိန်ယွင်၏ဘေးသို့ အပြေးအလွှား ရောက်လာကာ မိန်ယွင်ကို ပွေ့ထူလိုက်ကြသည်။

"ညီလေး"

ကျန်းကျက်က စိုးရိမ်တကြီး ခေါ်လိုက်သည်တွင် မိန်ယွင်က သူ့ကို မော့ကြည့်လာ၏။



"အစ်ကိုကြီး"

"ပြောလေ ညီလေး"

"အစ်ကိုကြီးတို့ တောင်ပေါ်က အမြန်ဆုံး ဆင်းသွားကြပါ"

"ဘာကြောင့် ဆင်းရမှာလဲ ညီလေးရာ"

ကျန်းကျက်က ဘဝင်မကျသလို ပြန်မေးလိုက်လေသည်။

မိန်ယွင်က တိုးညင်းသော လေသံဖြင့် ပြောလာသည်။

"အစ်ကိုကြီးတို့ သုံးယောက် ဆက်တိုက်လဲ သူ့ကို နိုင်မှာ မဟုတ်ဘူး။ ဒါတော့ သေချာတယ်၊ ဒါကြောင့် အကြောင်းမဲ့ အသေမခံကြပါနဲ့၊ အစ်ကိုကြီးတို့ လွတ်မြောက်ရင် လက်တုံ့ပြန်နိုင်တာပဲ ကျွန်တော်ပြောတာကို နားထောင်ပေးကြပါ"

မိန်ယွင်၏ တောင်းပန်တိုးလျှိုးသလို ပြောလာသော စကားကြောင့် ကျန်းကျက် ရင်ထဲ ကြေကွဲသွားမိသည်။

ထိုစကားများမှာလည်း မှန်နေ၍ ကျန်းကျက်တို့ ဘာပြန်ပြောရမှန်းပင် မသိတော့ချေ။

"ဒါဆိုလဲ မင်းကို ခေါ်ပြီး ငါတို့ဆင်းမယ်"

ချောင်ဟွာတ ပြောလိုက်သည်။

သို့သော်. . .

မိန်ယွင်က လက်မခံပါချေ။

ဖျော့တော့စွာ ပြုံးလျက် ခေါင်းခါသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ. . .

"ကျွန်တော့်ကို အပင်ပန်းခံပြီး သယ်မနေကြပါနဲ့တော့ဗျာ၊ ကိုယ့်အခြေအနေ ကိုယ်သိပါတယ်၊ ကျွန်တော်အသက်မရှင်နိုင်တော့ပါဘူး။ ဒါကြောင့် အစ်ကိုကြီးတို့ပဲ ဆင်းကြပါ"

ချောင်ဟွာက ကျန်းကျက်ကို ကြည့်လိုက်သည်။

ကျန်းကျက် လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

မိန်ယွင်အား စေ့စေ့ကြည့်ကာ. . .

"မဟုတ်တာဘဲ ညီလေးရာ၊ မင်း မပါဘဲ ငါတို့ မဆင်းဘူး၊ မင်းကို ဒီကနေ ရအောင် ငါတို့ခေါ်ထုတ်သွားမယ်"

ကျန်းကျက်က ယတိပြတ် ပြောလိုက်သည်။

ထို့နောက်. . .

မိန်ယွင်ကို ပခုံးပေါ်ထမ်းကာ ထိုင်ရာမှ ထလိုက်လေသည်။

လီပင်းပင်းနှင့် ချောင်ဟွာတို့ ဆတ်ခနဲ ထရပ်ကာ လက်နက်များ ပြင်ဆင်လိုက်၏။

မှတ်ဆိတ်ဖြူကျိုင်ဝင်းရှိ ရုတ်တရက် ဝင်ရောက်တိုက်ခိုက်လာလျှင် တုန့်ပြန်တိုက်ခိုက်ရန် ပြင်ဆင်ထားလိုက်ခြင်းပင်ဖြစ်သည်။

သို့သော်. . .

မှတ်ဆိတ်ဖြူကျိုင်ဝင်းရှိက သူတို့ကို ဝင်ရောက်တိုက်ခိုက်ခြင်း မပြုပါချေ။



သံတောင်ဝှေးကို မြေတွင် အသာထောက်လျက်. . .

"မင်းတို့ တောင်ပေါ်က ဆင်းပြေးကြတော့မယ်ပေါ့ ဟုတ်လား"

ဟု မေးလာသည်။

ကျန်းကျက်က သူ့အား မျက်နှာမူကာ. . .

"ဟုတ်တယ်၊ ခင်ဗျားကို ကြောက်လွန်းလို့ မဟုတ်ဘူး လောလောဆယ် ယှဉ်နိုင်စွမ်း မရှိသေးလို့ စိတ်ကို လျှော့လိုက်တာ၊ မကြာခင်မှာ ကျုပ်တို့ ပြန်တွေ့တာပေါ့"

ဟု စိန်ခေါ်လိုက်သည်။

ထိုစကားကြားလျှင်. . .

"ဟား. . . ဟား. . . ဟား"

ကျိုင်ဝင်းရှိ သဘောကျစွာ ရယ်မောလိုက်လေသည်။

သူ၏ရယ်မောသံ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

အတန်ကြာသည်အထိ ရယ်မောပြီးမှ. . .

"အေးလေ၊ မင်းတို့သုံးယောက်ကို ငါအခုနေ ဝင်တိုက်ရင် ရပေမယ့် မတိုက်တော့ပါဘူး မင်းတို့က ငါ့တပည့်တွေ ဖြစ်ခဲ့ဖူးခဲ့တဲ့အတွက် ပထမဆုံးအကြိမ်နဲ့ နောက်ဆုံးအကြိမ်အဖြစ် ခွင့်လွှတ်လိုက်မယ်"

ကျန်းကျက် အော်လိုက်၏။

"ခင်ဗျားကို ကျုပ်တို့ မယုံဘူး"

www.burmeseclassic.com

www.burmeseclassic.com



ကျိုင်ဝင်းရှိက. . .

"မင်းတို့ကို လွှတ်ပေးလိုက်တာဟာ အကြောင်းမဲ့ မဟုတ်ဘူး၊ အခွင့်အရေးပေးလိုက်တာပဲ၊ မကြာခင် ငါ တောင်ပေါ်က ဆင်းလာခဲ့မယ်၊ ပြီးရင် မင်းတို့ကို မတွေ့တွေ့အောင် ရှာပြီး သုတ်သင်ပစ်မယ်၊ အေး. . . တစ်ယောက်ချင်းပဲ ခွဲပြီး ပုန်းချင်ပုန်း၊ လူစုလိုက်ပဲပုန်းပုန်း ငါကတော့ ဂရုမစိုက်ဘူး၊ အားလုံးကို ရှင်းပစ်မယ်၊ အေး. . . ဒီကြားထဲမှာ မင်းတို့ သိုင်းပညာတိုးတက်လာအောင် အစွမ်းကုန် ကြိုးစားကြပေတော့. ."

စကားဆုံးလျှင် ကျောခိုင်းလိုက်၏။

ကျိုင်ဝင်းရှိ စကားကြောင့် ကျန်းကျက်တို့သုံးယောက် စလုံး အနည်းငယ်တော့ စိတ်အေးသွားမိသည်။

ထို့ကြောင့်. . .

ကျန်းကျက်က ပြုံးလိုက်ပြီး. . .

"အခုလို အခွင့်အရေးပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ စိတ်ချပါ၊ ကျုပ်တို့ညီလေး မိန်ယွင်အတွက် တစ်နေ့မှာ ခင်ဗျားကို လက်တုန့်ပြန်မှာပါ၊ ကဲ. . . ကျုပ်တို့သွားမယ်"

ထိုသို့ ပြောပြီးသည်နှင့် ကျန်းကျက်က မိန်ယွင်အား ထမ်းလျက်သားဖြင့် တောင်ပေါ်မှ လျင်မြန်စွာ ပြေးဆင်းလာခဲ့သည်။

သူ၏နောက်မှ လီပင်းပင်းနှင့် ချောင်ဟွာတို့က ခပ်ခွာခွာချန်ကာ ဆင်းလာခဲ့ကြသည်။



ခပ်ခွာခွာဆင်းရခြင်းမှာ အကယ်၍ ကျိုင်ဝင်းရှိ လိုက်လာလျှင် ဟန့်တားတိုက်ခိုက်နိုင်အောင် ဖြစ်ပေသည်။

သို့သော်. . .

ကျိုင်ဝင်းရှိက ကတိတော့ တည်ပါသည်။

သူတို့ နောက်ကို လုံးဝလိုက်မလာပါချေ။

တောင်ပေါ်၌ ဟားတိုက်ရယ်မောရင်း ကျန်ရစ်ခဲ့ပေသည်။

သို့ဖြင့်. . .

ကျန်းကျက်တို့သုံးယောက် ဆင်းသက်လာရင်း အတော်ဝေးဝေးသို့ ရောက်လာကြသည်။

"အစ်ကိုကြီး ခဏနားကြရအောင်"

ချောင်ဟွာက လှမ်းပြောလာသည်။

ကျန်းကျက်က လှည့်မကြည့်ဘဲ ပြန်မေးလိုက်၏။

"ဘာလဲ. . . မင်းက မောနေပြီလား"

ချောင်ဟွာ ခေါင်းယမ်းလိုက်သည်။

"ကျွန်တော် မမောပါဘူး၊ ညီလေးမိန်ယွင်ကို သယ်လာတဲ့ အစ်ကိုကြီးကို နားစေချင်လို့ပါ"

"ဟုတ်သားပဲ အစ်ကိုကြီးရဲ့၊ ကျိုင်ဝင်းရှိလဲ လိုက်လာတာ မဟုတ်ဘဲနဲ့ ကျွန်မတို့ ဒီလောက်ကြီး လောဖို့ မလိုပါဘူး"

လီပင်းပင်းကပါ ဝင်ပြောသည်။

ကျန်းကျက် သက်ပြင်းချရင်းမှ. . .

www.burmeseclassic.com

www.burmeseclassic.com



"ဒီအဘိုးကြီး စကားက ယုံရပါ့မလား"

ဟု မေးလာသည်။

လီပင်းပင်းက. . .

"အခုလတ်တလော ယုံကြည်လို့ ရပါတယ်၊ သူက လူကောင်းတစ်ယောက် မဟုတ်တာတော့ မှန်ပါတယ်၊ ဒါပေမယ့် အခု စကားကတော့ ညာပြောတာ မဟုတ်နိုင်ပါဘူး၊ သူပြောတာက ရှင်းရှင်းလေးပဲ မဟုတ်လား၊ အခု လွှတ်ပေးလိုက်ပေမယ့် မကြာခင်မှာ သူ့ တောင်ပေါ်က ဆင်းလာပြီး အားလုံးကို သုတ်သင်ပစ်မယ်တဲ့"

"အေးလေ. . . ဒါဆိုလဲ ဒီနားမှာ ခရီးတစ်ထောက် နားကြတာပေါ့၊ ခရီးကလဲ တစ်ဝက်ကျိုးနေလောက်ပါပြီ"

လီပင်းပင်းနှင့် ချောင်ဟွာတို့ ပြောသည်ကို သဘောတူပြီး ကျန်းကျက်က ခရီးတစ်ထောက်နားရန် ဆုံးဖြတ်လိုက်လေသည်။

မိန်ယွင်ကား သိပ်မလှုပ်ရှားတော့ချေ။

လီပင်းက သတိပေးလိုက်၏။

"အစ်ကိုထွေးကို စမ်းသပ်ကြည့်ပါဦး အစ်ကိုကြီး၊ အသက်မှ ရှိသေးရဲ့လား မသိဘူး"

"အေး. . . ငါစမ်းကြည့်လိုက်ပါ့မယ်"

ကျန်းကျက်က ခေါင်းညိတ်လိုက်၏။

ထို့နောက်. . .



မိန်ယွင်၏နှလုံးခုန်နှုန်းနှင့် လက်ကောက်ဝတ်မှ သွေးတိုးနှုန်းတို့ကို ဂရုတစိုက်ပင် စမ်းသပ်စစ်ဆေးကြည့်လိုက်လေသည်။

ထိုအခါ. . .

အသက်ငွေ့ငွေ့ ကျန်နေသေးသည်ကို ကျန်းကျက်က စမ်းသပ်၍ ရသွားသည်။

သို့သော်. . .

အခြေအနေက အားရစရာ မရှိသည်ကား အမှန်ပင်ဖြစ်သည်။

လီပင်းပင်းက. . .

"ဘယ်လိုလဲ အစ်ကိုကြီး"

ဟု စိုးရိမ်သံဖြင့် မေးလာသည်။

ကျန်းကျက်က. . .

"အသက်တော့ ရှိသေးတယ်၊ ဒါပေမယ့်. . ."

"ဒါပေမယ့် ဘာဖြစ်သလဲ"

"သိပ်အားရစရာတော့ မကောင်းဘူး"

သူ၏စကားကြောင့် ချောင်ဟွာ မျက်နှာပျက်သွားသည်။

လီပင်းပင်း၏ မျက်နှာလေးမှာလည်း ရုတ်ခြည်းပင် ညိုးကျသွားသည်။

"ဒါဆို ကျွန်တော်တို့ အတွင်းအားနဲ့ ကူကြည့်ရင်ကော"

www.burmeseclassic.com

www.burmeseclassic.com



ချောင်ဟွာက မျှော်လင့်တကြီး မေးလာသည်။

ကျန်းကျက်က ခေါင်းကိုသာ ဖြည်းညင်းစွာ ခါယမ်းပြလိုက်မိသည်။

အလွန်ပြင်းထန်သော အတွင်းဒဏ်ကို အတွင်းအားဖြင့် မြန်ကု၍ ရနိုင်ပါသည်။

သို့သော်. . .

ထိုသို့ ကုသပေးမည့် သိုင်းပညာရှင်မှာ လွန်စွာ မြင့်မားနက်ရှိုင်းသော အတွင်းအားကို ပိုင်ဆိုင်ဖို့တော့ လိုပေသည်။

သူတို့ အတွင်းအားအဆင့်နှင့်ဆိုလျှင် ထူးခြားမှု ရှိမည် မဟုတ်သလို အရာလည်း ရောက်မည် မဟုတ်တာ သေချာသည်။

ကျန်းကျက်က. . .

"မဖြစ်နိုင်ဘူး ချောင်ဟွာ၊ ဒီလို ကုသပေးဖို့ဆိုတာက အတွင်းအားသိပ်ကို မြင့်မားနက်ရှိုင်းမှ ဖြစ်မှာ၊ ငါတို့သုံးယောက်စလုံးက ဒီလို အတွင်းအားမျိုးပိုင်တာမှ မဟုတ်ဘဲ"

ဟု ရှင်းပြလာသည်။

ချောင်ဟွာ သက်ပြင်းချလိုက်သည်။

"အင်း. . . အစ်ကိုကြီး ပြောတာလဲ ဟုတ်တာပဲ၊ ဒါဆို ကျွန်တော်တို့ ဘာဆက်လုပ်ကြမလဲ"

အကြံတောင်းသလို မေးလာသည်။

ကျန်းကျက်က. . .



"ဘာမှကို မတတ်နိုင်ဘူး ချောင်ဟွာ၊ သူ့ကို တောင်အောက်အထိ သယ်သွားဖို့ပဲ ရှိတယ်၊ အဲ. . . သူက ကံကောင်းပြီး သေနေ့မစေ့သေးလို့ ထိပ်တန်းသိုင်းပညာရှင်ကြီးတစ်ယောက်နဲ့ တွေ့ရင်တော့ ကုသိုလ်ကံပေါ့ကွာ"

ကျန်းကျက်က အားတက်သရောဖြင့် ပြောလိုက်သည့်တိုင် လီပင်းပင်းနှင့် ချောင်ဟွာတို့မှာ အားတက်ခြင်း မရှိကြပါချေ။

သူပြောပြသည်မှာ ဖြစ်နိုင်ချေ အလွန်နည်းပါးကြောင်း စဉ်းစားမိနေသောကြောင့်ပင် ဖြစ်ပေလိမ့်မည်။

မှန်ပေသည်။

တကယ်တော့ ကျန်းကျက်ကိုယ်တိုင်လည်း ညီနှင့် ညီမကို အားတက်လို အားတက်ငြား ဟူသော ရည်ရွယ်ချက်ဖြင့် ကြံဖန်အားပေးလိုက်ခြင်းသာ ဖြစ်သည်။

သူကိုယ်တိုင်ကလည်း မဖြစ်နိုင်သော ကိစ္စရပ်ဟု ခံယူထားပြီး ဖြစ်သည်။

သိုင်းလောကတွင် ထိပ်ဆုံးအဆင့် သိုင်းပညာရှင်ဆိုသည်က များများစားစား ရှိသည် မဟုတ်ပါချေ။

အကယ်၍ ရှိသည်ပဲထားဦး. . . ထိုထဲမှ တစ်ဦးဦးက ဤတောင်ခြေကို ရောက်ရှိနေဖို့ ဆိုသည်မှာ အလွန်ပင် ဖြစ်နိုင်ရန် ခက်ခဲသော ကိစ္စတစ်ရပ်ပင် ဖြစ်ပါသည်။

ဤသည်ကို စဉ်းစားမိ၍လည်း လီပင်းပင်းနှင့် ချောင်

www.burmeseclassic.com

www.burmeseclassic.com



ဟွာတို့ ရှင်လန်းမသွားကြခြင်းပင် ဖြစ်သည်။

ထို့နောက်. . .

သူတို့နှစ်ယောက် စကားမပြော ဖြစ်တော့ဘဲ တိတ်ဆိတ် ငြိမ်သက်သွားလေသည်။

နှစ်ယောက်သား အတွေးကိုယ်စီဖြင့် အတော်ကလေး ကြာအောင် ငြိမ်သက်နေပြီးမှ ကျန်းကျက် သက်ပြင်းချကာ စကားစလိုက်လေသည်။

"ကဲ. . . ကျုပ်တို့ တောင်အောက်ကို ဆင်းကြပါစို့"

ချောင်ဟွာက. . .

"ကောင်းပါပြီ၊ သည်တခါတော့ ညီလေးမိန်ယွင်ကို ကျွန်တော်တစ်လှည့် သယ်သွားပါရစေ"

ကျန်းကျက်က. . .

"မင်းဖြစ်ရဲ့လား"

"ဖြစ်ပါတယ် အစ်ကိုကြီး"

"ဒါဖြင့်. . . မင်းသဘောပဲ"

ကျန်းကျက်က ခွင့်ပြုလိုက်သည်။

ချောင်ဟွာက မိန်ယွင်ကို တစ်လှည့် သယ်ဆောင်သွား လေသည်။

ဤသို့ဖြင့်. . .

အောက်ဘက်သို့ ဆင်းရင်းဆင်းရင်း နောက်ဆုံး တောင်အောက်သို့ ရောက်ရှိသွားကြလေတော့သည်။



သို့သော်. . .

ဝမ်းနည်းစရာကောင်းသည်ကား တောင်အောက်သို့ ရောက်သွားချိန်၌ မိန်ယွင် လုံးဝလှုပ်ရှားခြင်း မရှိတော့ခြင်း ဖြစ် လေသည်။

မိန်ယွင်ကား သေဆုံးသွားခဲ့ပြီ ဖြစ်လေသည်။

ကျန်းကျက်တို့ ဖြေမဆည်နိုင်အောင် ဖြစ်သွားကြလေ သည်။

ချောင်ဟွာက မိန်ယွင်၏အလောင်းကို ကြည့်ရင်း. . .

"ညီလေးရယ်၊ မင်းအသက်ကို မကယ်နိုင်တော့တဲ့ အတွက် ကျုပ်တို့ကို ခွင့်လွှတ်ပါတော့"

ကြေကွဲစွာ ရေရွတ်ရင်း တောင်းပန်လိုက်လေတော့ သည်။

လီပင်းပင်း၏မျက်ဝန်းအစုံ၌လည်း မျက်ရည်များ စို့၍ နေ၏။

သူမသည် မိန်ယွင်ကို ကယ်တင်ရန် အစွမ်းကုန် ကြိုး စားခဲ့ပါသည်။

ကံကောင်းထောက်မပြီး ဆေးပန်းကို ရခဲ့သော်လည်း မိန်ယွင်၏အသက်ကို ကယ်တင်နိုင်ခြင်း မရှိခဲ့သည်မှာ ကြေကွဲ စရာကောင်းလှသည် မဟုတ်ပါလား။

"ကွန်မကြိုးစားခဲ့သမျှ ခုတော့ အလကား ဖြစ်သွားပြီ ပေါ့၊ မျက်စိပြန်မြင်ရလို့ ဝမ်းသာမယ် မကြံသေးဘူး မှတော့. ."

www.burmeseclassic.com

www.burmeseclassic.com



သူမ၏အသံ တဖြည်းဖြည်း တိမ်ဝင်သွားပြီး ရှိုက်သံသဲ့သဲ့ ထွက်ပေါ်လာလေသည်။

ချောင်ဟွာ အံကြိတ်လိုက်သည်။

မိန်ယွင်အတွက် ခံပြင်းဒေါသစိတ်များ ဖြစ်ပေါ်လာပြီး တက်တစ်ချက်ခေါက်လိုက်လေသည်။

"တောက်. . . သည်ကိစ္စကို ကျုပ်လုံးဝမကျေနပ်ဘူး"

သူ၏စကားကြောင့် ကျန်းကျက်တို့ လှမ်းကြည့်လိုက်ကြလေသည်။

ချောင်ဟွာကား စိတ်မထိန်းနိုင်တော့ပါ။

"အစ်ကိုကြီး သည်အတိုင်းပဲ လက်ပိုက်ကြည့်နေတော့မှာလားဗျ"

ကျန်းကျက်က. . .

"အင်း. . . ညီလေးမိန်ယွင်အတွက် ကျုပ်လည်း ကြေကွဲမဆုံး ဖြစ်ရတာပါပဲလေ"

"ကျုပ်ပြောတာက ဝမ်းနည်းကြေကွဲနေရုံနဲ့ ပြီးလိုက်ရမှာလားဆိုတာဗျ"

"ညီလေးက သည်ကိစ္စကို မကျေနပ်ဘူးပေါ့"

ချောင်ဟွာက. . .

"ညီမလေး၊ မင်းကော ကျေနပ်သလား"

လီပင်းပင်းကို လှမ်းမေးလိုက်လေသည်။

လီပင်းပင်းမှာ ငယ်ရွယ်သည့် မိန်းကလေးပီပီ ခေါင်းခါ



ယမ်းပြီး သူမ၏သဘောထားကို ပွင့်ပွင့်လင်းလင်းပင် ပြောလေသည်။

"ဟင့်အင်း မကျေနပ်ဘူး"

ချောင်ဟွာက ကျန်းကျက်ဘက်သို့ ပြန်လှည့်လိုက်သည်။

"အစ်ကိုကြီး ကြားတဲ့အတိုင်းပဲဗျ"

ကျန်းကျက် ခေါင်းညိတ်လိုက်သည်။

"ကျုပ်လည်း မကျေနပ်ပါဘူး"

ချောင်ဟွာက. . .

"ကျုပ်ကတော့ ဆရာကျိုင်ဝင်းရီကို ဘယ်နည်းနဲ့မှ လက်မခံနိုင်တော့ဘူး"

"ညီလေးက. . ."

"ကျုပ်ရဲ့အသက် သေချင်သေပါစေ လက်စားချေရတော့မှာပဲ၊ သွေးကြွေးဆပ်ရမှာပဲ"

ချောင်ဟွာက မိန်ယွင်၏အလောင်းရှေ့၌ ဒူးထောက်ချလိုက်ပြီး. . .

"ညီလေး၊ ကျုပ်က ဆရာကျိုင်ဝင်းရီနဲ့ သူသေကိုယ်သေရင်ဆိုင်ဖို့ ဆုံးဖြတ်လိုက်ပါပြီ၊ ညီလေးကျေနပ်ပေတော့"

ကျန်းကျက်၏ရင်ထဲ ဖော်မပြနိုင်သော ခံစားချက်များ ဖြစ်ပေါ်လာလေတော့သည်။

စိတ်လှုပ်ရှားမှုကို တိန်းချုပ်ရင်း. . .

www.burmeseclassic.com

www.burmeseclassic.com



"ကဲ. . .ညီလေးမိန်ယွင်ရဲ့ အလောင်းကို မြေမြှုပ်သင်္ဂြိုလ်လိုက်ကြတာပေါ့"

ဟု ပြောလိုက်သည်။

အားလုံး သဘောတူလိုက်ကြလေသည်။

ထို့နောက် အလောင်းမြှုပ်ဖို့ နေရာရှာလိုက်ကြပြီး အရိပ်ကောင်းပြီး အေးမြနေသော သစ်ပင်ကြီးတစ်ပင်အောက်၌ မြှုပ်နှံဖို့ ရွေးချယ်လိုက်ကြလေသည်။

ချောင်ဟွာက ဓားဖြင့် မြေကြွင်းတစ်ခု တူးလိုက်၏။

ကျိုင်ဝင်းရီကို မကျေနပ်သော ဒေါသစိတ်များက ခွန်အား ဖြစ်လာပြီး တခဏအတွင်းမှာပင် သင့်တော်သော မြေကြွင်းတစ်ခု ဖြစ်သွားလေတော့သည်။

ထိုမြေကြွင်း၌ပင် မိန်ယွင်၏အလောင်းကို ကောင်းမွန်စွာ မြှုပ်နှံသင်္ဂြိုလ်လိုက်ကြလေသည်။

ချောင်ဟွာက. . .

"ညီလေး. . .ကျုပ်က ဆရာကျိုင်ဝင်းရီကို ရင်ဆိုင်ချေမှုန်းမယ်လို့ သစ္စာပြုပါတယ်"

ဟု သစ္စာပြုလိုက်လေသည်။

ကျန်းကျက်လည်း မနေနိုင်တော့ပါ။

"ကျုပ်လည်း သစ္စာပြုပါတယ်"

ဟု မြေပုံရှေ့၌ ဒူးထောက်ကာ သစ္စာပြုလိုက်လေသည်။

လီပင်းပင်း ဝမ်းသာသွား၏။



ကျန်းကျက်သည် ကျိုင်ဝင်းရီကို မကျေမနပ် ဖြစ်နေသော်လည်း ထိပ်တိုက်ရင်ဆိုင်ရန် ဆုံးဖြတ်ဖို့ မပြတ်မသား ဖြစ်နေပါသည်။

ယခုတော့. . .

ချောင်ဟွာက ဒေါသပေါက်ကွဲသွားသောအခါ ကျန်းကျက်ကို လှုံ့ဆော်လိုက်သကဲ့သို့ ဖြစ်သွားတော့သည်။

လီပင်းပင်းက ကျန်းကျက် နံဘေး၌ ဒူးထောက်ချလိုက်လေသည်။

"အစ်ကိုမိန်ယွင် စိတ်ချလက်ချသာ သွားပါ။ ဆရာကျိုင်ဝင်းရီအတွက် ကျွန်မတို့ တာဝန်ယူလိုက်ပါ့မယ်"

ရဲဝံ့ပြတ်သားစွာ ပြောလိုက်လေသည်။

မိန်ယွင် သေဆုံးသွားခြင်းက သူတို့ကို ခွန်အားပေးလိုက်သကဲ့သို့ ဖြစ်သွား၏။

တစ်သက်လုံး ကြောက်ရွံ့ ထိတ်လန့်ခဲ့ရသည့် ကျိုင်ဝင်းရီအား ရင်ဆိုင်ရန် ဆုံးဖြတ်လိုက်ကြပြီ ဖြစ်သည်။

သူတို့ တကယ်တမ်း ရင်ဆိုင်နိုင်ကြပါမည်လော။

ကျိုင်ဝင်းရီကကော သူတို့အား ချမ်းသာပေးပါမည်လော။ အခြေအနေမှာ ကြောက်မက်ဖွယ်ကောင်းအောင် တင်းမာသွားပြီ ဖြစ်လေသည်။

❄ ❄ ❄

www.burmeseclassic.com

www.burmeseclassic.com



## သေမိန့်

အချိန်ကား ခုနစ်စဉ်ကြယ်ပြောင် အမြီးထောင်သည့် ဥာဥ္စသန်းခေါင်အချိန် ဖြစ်သည်။

မိုးယံတောင်ကား ကြည်လင်သော လရောင်အောက်တွင် ငြိမ်သက်စွာပင် အိပ်မောကျ၍ နေလေသည်။

သို့သော်. . .

အိပ်မော မကျနိုင်သူ တစ်ယောက်ကတော့ ရှိနေပေသေးသည်။

ထိုသူကတော့ တခြား မဟုတ်ပါ။

မိုးယံတောင်ပေါ်တွင် တစ်ဦးတည်းသာ ကျန်ရှိတော့သည့် သက်ရှိလူသား ဖြစ်သော မုတ်ဆိတ်ဖြူအဘိုးအိုကျိုင်ဝင်းရီပင် ဖြစ်သည်။



မှန်ပေသည်။

ယခုဆိုလျှင် သူ့တပည့်များ သူအမိန့်ပေးသည်ကို မနာခံဘဲ ဆန့်ကျင်ပြီး ဆင်းသွားသည်မှာ သုံးရက်ခန့်ပင် ရှိသွားခဲ့ပြီ ဖြစ်သည်။

သို့သော် သူကတော့ တောင်ပေါ်က ဆင်းလိုက်မသွားနိုင်သေးချေ။

ယင်းသို့ ဆင်းလိုက်မသွားနိုင်ခြင်းမှာ သူ့ကို ဆင်းသွားရန် သခင်လေးက အမိန့်မပေးသေးသောကြောင့်ပင် ဖြစ်သည်။

သခင်လေး၏ အမိန့်မရဘဲ သူ့စိတ်ကူးနှင့်သူ လျှောက်လုပ်၍ မရပေ။

သို့ဖြစ်၍ သခင်လေး ရောက်လာလို ရောက်လာငြား ဟူသော မျှော်လင့်ချက်ဖြင့် ကျိုင်ဝင်းရီမှာ ညဥ့်ကြီးသန်းခေါင် တောင်ထိပ်ပေါ်၌ လမ်းထွက်လျှောက်နေခြင်းပင်. . .။

သူတွက်ဆထားသည်မှာ မမှားချေ။

သန်းခေါင်ကျော်အချိန် ကျော်ကျော်လောက်မှာပင် တောင်ထိပ်ကို အနက်ရောင်ဝတ်စုံဝတ်ထားသော လူရွယ်တစ်ယောက် ရောက်ရှိလာလေသည်။

"ဟင်. . . သခင်လေး"

"ဟုတ်တယ်၊ မုတ်ဆိတ်ဖြူဘိုးဘိုး၊ ဘာလဲ ခင်ဗျားက ကျုပ်ရောက်လာမယ်ဆိုတာ ကြိုသိနေလို့ ခုလို ထွက်လျှောက်နေတာလား"

www.burmeseclassic.com

www.burmeseclassic.com



"အဲသည်လို ပြောရင်လဲ မမှားပါဘူး သခင်လေး။ သည်လိုညမျိုးမှာ သခင်လေး ရောက်လာတတ်လို့ ကျုပ်ထွက်စောင့်နေတာပါ။ နောက်ပြီး အိပ်မပျော်တာလဲ ပါတာပေါ့လေ"

မုတ်ဆိတ်ဖြူအဘိုးအိုက ပြန်ပြောလိုက်ရာ သခင်လေး သဘောကျသလို ပြုံးသည်။ ပြီးမှ. . .

"နေပါဦး၊ ခင်ဗျားက အိပ်မပျော်ဘူးဆိုတော့ စိတ်လှုပ်ရှားစရာတွေများ ကြုံတွေ့နေရလို့လား"

"မှန်ပါတယ် သခင်လေး"

"ပြောပါဦး"

"သူတို့အားလုံး ကျုပ်အမိန့်ပေးတာကို မနာခံကြတော့ဘူး"

"သူတို့ဆိုတာက ကျန်းကျက်တို့ကို ပြောတာလား"

"လေးယောက်စလုံးပါပဲ သခင်လေး။ ကျုပ်က သူတို့လေးယောက်ကို ဝူးယို့ကျောင်းကို လိုက်ရှာသတ်ဖို့ တာဝန်ပေးပါတယ်၊ ဒါကို သူတို့က နားမထောင်တဲ့ပြင် ကျုပ်ကိုတောင် တုံ့ပြန်တိုက်ခိုက်လာကြတယ်"

ကျိုင်ဝင်းရှီ၏စကားအဆုံးတွင် သခင်လေးက ခေါင်းကိုညိတ်လိုက်သည်။

နောက်တော့မှ ခပ်အေးအေးပင် ပြန်ပြောသည်။

"အဲသည် တိုက်ပွဲမှာ မိန်ယွင် သေဆုံးသွားတယ် မဟုတ်လား"



"ဟုတ်. . . ဟုတ်ပါတယ် သခင်လေး၊ နေပါဦး. . . သခင်လေးက ဘယ်လိုလုပ်ပြီး ကြိုသိနေတာလဲ"

"ကျုပ် တောင်ခြေမှာ သူ့မြေပုံလေးကို တွေ့ခဲ့ရလို့ပါ"

"ကျုပ်လုပ်တာ မမှားဘူးလို့ ထင်ပါတယ်"

ကျိုင်ဝင်းရှီက ပြောပြီး သခင်လေး၏မျက်နှာကို မသိမသာ အကဲခတ်လိုက်သည်။

သခင်လေး၏မျက်နှာက ထူးထူးခြားခြား ပြောင်းလဲမှု မရှိချေ။

နောက်တော့မှ ခပ်လေးလေး ပြန်ပြောသည်။

"ခင်ဗျား မမှားပါဘူး၊ ကိုယ်က ဆရာပဲဟာ၊ အမိန့်ပေးတာကို မနာခံရင် ခုလိုပဲ ဆုံးမရမှာပေါ့"

"ဟုတ်တယ်၊ ကျုပ်လဲ တော်တော်လေးကို ဇုံခြမိတယ်"

"ဘာကိုလဲ"

"သူတို့အားလုံးရဲ့စိတ်တွေ ပြောင်းလဲပြီး သတ္တိတွေရှိလာကြတာကိုလေ၊ တကယ်တော့ သူတို့ဟာ အရင်ကလိုဆိုရင် ကျုပ်ကို ဟုတ်တိပတ်တိတောင် မော့ကြည့်ရဲကြတာ မဟုတ်ဘူး"

"ဒါက သိပ်အံ့ဩစရာတော့ မဟုတ်ပါဘူးလေ၊ သူတို့တအရွယ်လဲ ရောက်လာ၊ သိုင်းပညာလေးလဲ အတန်အသင့် ထက်မြက်လာကြပြီကိုး၊ နောက်ပြီး ဝူးယို့ကျောင်းကို မသတ်ရက်ကြ

www.burmeseclassic.com

www.burmeseclassic.com



တာလဲ၊ ပါကောင်းပါ ပါလိမ့်မယ်"

သခင်လေးက တွေးတွေးဆဆဖြင့် သူ့ကို ရှင်းပြလိုက်လေသည်။

ထိုစကားများမှာ ဖြစ်နိုင်ချေ ရှိသော စကားများသာ ဖြစ်၍ မှတ်ဆိတ်ဖြူအဘိုးအို ကျိုင်ဝင်းရီက ခေါင်းကို မဆိုင်းမတွပင်ညိတ်ကာ ထောက်ခံလိုက်မိသည်။

"ဟုတ်တယ်. . . သခင်လေးပြောတဲ့ အကြောင်းတွေကြောင့်ပဲ ဖြစ်နိုင်တယ်"

"ထားပါလေ၊ ဒါက သူတို့စိတ်ထဲ ရှိတာဆိုတော့ ကိုယ်က တိတိကျကျ ခန့်မှန်းဖို့ ခက်ပါတယ်၊ ဒါနဲ့ ခု သုံးယောက်ထွက်ပြေးသွားတာပေါ့"

"ဟုတ်ပါတယ် သခင်လေး၊ ကျန်းကျက်ရယ်၊ ချောင်ဟွာရယ်၊ ပြီးတော့ လီပင်းပင်းရယ်၊ ဒါပေမယ့် သူတို့တွေကို လိုက်သုတ်သင်ဖို့ စဉ်းစားထားပြီးပါပြီ၊ သခင်လေးကို ပြောမပြရသေးဘဲ မသွားချင်တာကြောင့် ခုလိုမျိုး ကြန့်ကြာနေတာပါ"

"သူတို့ကို လိုက်ရှာဖို့က လွယ်ပါ့မလား"

ကျိုင်ဝင်းရီက ကိုယ့်ကိုယ်ကို ယုံကြည်မှု အပြည့်အဝရှိသော အပြုံးမျိုး ပြုံးလိုက်သည်။

ပြီးမှ ပြုံး၍. . .

"ကျုပ်က ခြေရာခံကောင်းပါတယ်၊ နောက်ပြီး သူတို့ထဲမှာ ချောင်ဟွာကလဲ ထည့်တွက်စရာ မလိုပါဘူး၊ သူက ကျုပ်



မသတ်လဲ အချိန်တန်ရင် သေမှာပဲ"

"အဆိပ်ဆေးလုံး တိုက်ထားလို့လား"

"ဟုတ်တယ်၊ ခုဆို သေဆုံးရဖို့က တဖြည်းဖြည်း ပိုနီးလာပြီလေ၊ ဆေးက သောက်ပြီး ဟစ်လကြာရင် စပြီး အစွမ်းပြလိမ့်မယ်"

"သုံးလမှ သေမယ်ဆို"

သခင်လေးက နားမလည်သလို ပြန်မေးသည်။

သည်တော့မှ ကျိုင်ဝင်းရီက. . .

"သုံးလကြာမှ သေမှာတော့ မှန်ပါတယ်၊ ဒါပေမယ့် တစ်လပြည့်ရင် အတွင်းအားတွေ စပြီး ပျက်ပြယ်သွားလိမ့်မယ်၊ နောက်ပြီး တစ်ပတ်ကို တစ်ကြိမ်လောက် ဝေဒနာတစ်မျိုးစီ ခံစားရလိမ့်မယ်၊ ဒါပေမယ့် သေဦးမှာ မဟုတ်ဘူး၊ သုံးလမပြည့်မချင်း ဒုက္ခကြီးစွာ သူခံစားရလိမ့်မယ်"

"ခင်ဗျားဆေးက တယ်စွမ်းတာပဲ"

သခင်လေး၏ ရှားရှားပါးပါး ချီးကျူးစကားကြောင့် ကျိုင်ဝင်းရီ ကျေနပ်သွားမိသည်။

ထိုစဉ်မှာပင်. . .

သခင်လေးက ဆက်ပြောလာသည်။

"ကျုပ် ခင်ဗျားကို ပြောမယ်"

"ပြောပါ သခင်လေး"

"ချောင်ဟွာက သေလူ ဖြစ်တဲ့အတွက် သူ့ကို ခင်ဗျား

www.burmeseclassic.com

www.burmeseclassic.com



ထည့်စဉ်းစားစရာ မလိုဘူး၊ နောက်ပြီး လီပင်းပင်းကိုလဲ ဖယ်ထားလိုက်ပါ"

"ဘာ. . . ဘာဖြစ်လို့လဲ သခင်လေး"

"သူက မိန်းကလေး ဖြစ်နေတယ်လေ၊ နောက်ပြီး အားလုံးထဲမှာ သိုင်းပညာနဲ့ အတွင်းအားကလဲ အနိမ့်ကျဆုံးဆိုတော့ သူ့ကို မှုစရာမလိုဘူး"

"ကောင်းပါပြီ. . . သခင်လေးက ဖယ်ထားဆိုလဲ ထားပါ့မယ်"

မုတ်ဆိတ်ဖြူအဘိုးအိုကျိုင်ဝင်းရီက သခင်လေးကို မလွန်ဆန်ရဲသူပီပီ ဘဝင်မကျသော်လည်း အလိုက်သင့် ပြန်ပြောလိုက်ရသည်။

သူက လီပင်းပင်းကိုလဲ သိပ်ခွင့်လွှတ်လိုသည် မဟုတ်ချေ။

"ဟုတ်ပြီ. . . ဒါဆို ခင်ဗျား အဓိကထားပြီး ရှင်းပစ်ရမယ့် သူက နှစ်ယောက်ပဲ ကျန်တော့တယ်"

"နှစ်ယောက်"

"ဟုတ်တယ်၊ ကျန်းကျုက်နဲ့ ဝူးယို့ကျောင်းပေါ့"

"သူတို့နှစ်ယောက်ကိုပဲ ရှင်းရမှာလား"

"ဟုတ်တယ်၊ ခင်ဗျား မနက်ဖြန်ပဲ သည်တောင်ပေါ်က ဆင်းပါ"

"ကောင်းပါပြီ သခင်လေး"



"ဒါဆို ကျုပ်သွားမယ်"

"ကောင်းပါပြီ"

သခင်လေးမှာ စကားကို အပိုပြောလေ့ရှိသူ တစ်ယောက် မဟုတ်ချေ။

သူမှာကြားလိုသည်များကို မှာကြားပြီးသည်နှင့် မိုးယံတောင်ပေါ်မှ ပြန်လည် ဆင်းသက်သွားတော့သည်။

သည်တော့မှ မုတ်ဆိတ်ဖြူအဘိုးအို ကျိုင်ဝင်းရီက သက်ပြင်းတစ်ချက် ချလိုက်သည်။

သူ့ကို သခင်လေးကတော့ လိုက်လံသုတ်သင်ရန် တာဝန်ပေးသွားခဲ့ချေပြီ။

မနက်ဖြန် မနက်ကျလျှင်တော့ ဤမိုးယံတောင်ကို သူ ခေတ္တမျှ စွန့်ခွာသွားရပေဦးမည်။

မည်မျှထိ ကြာမြင့်ပြီးမှ ပြန်ရောက်လာနိုင်မည်ဆိုသည်ကိုတော့ သူကိုယ်တိုင်လဲ ကြိုတင်မမှန်းဆနိုင်ပါချေ။

❄ ❄ ❄

www.burmeseclassic.com

www.burmeseclassic.com



# အငြိုးခံများ

ဝူးယို့ကျောင်းနှင့် ပေ့လျှံတို့ နှစ်ဦးသည် စီချွမ်းမြို့ကို ရောက်နေခဲ့သည်မှာ နှစ်ပတ်ကျော်ကျော်ခန့်ပင် ကြာမြင့်သွားခဲ့ပြီ ဖြစ်သည်။

စီချွမ်းမြို့လေးမှာ နေထိုင်ကောင်းသော မြို့လေးတစ်မြို့ ဖြစ်သည်ကတစ်ကြောင်း၊ မိုးယံတောင်နှင့် အနည်းငယ် အလှမ်းကွာဝေးကာ အတန်အသင့် လုံခြုံမှု ရှိသည်က တစ်ကြောင်းမို့ ဝူးယို့ကျောင်းတို့မှာ စီချွမ်းတွင် သောင်တင်နေကြခြင်း ဖြစ်လေသည်။

ယခုဆိုလျှင် ဝူးယို့ကျောင်းနှင့် ပေ့လျှံခေါ် ယီလန်းတို့ နှစ်ဦးမှာ ချစ်သူများ ဘဝကိုပင် ရောက်ရှိနေကြချေပြီ။

သို့သော်. . .



သူတို့နှစ်ဦးစလုံးမှာ လက်ရှိ အနေအထားတွင် မပျော်ပိုက်နိုင်ဘဲ ရှိနေကြသည်။

မှန်ပေသည်။

ရန်သူ ဖြစ်သော မုတ်ဆိတ်ဖြူအဘိုးအိုကျိုင်ဝင်းရီကို ကလဲ့စား ပြန်မချေနိုင်သည့်အပြင် ခပ်လျှိုလျှို ပုန်းအောင်း ရှောင်တိမ်းနေရသော အခြေအနေကို သူတို့ မလိုလားချေ။

သို့ဖြစ်၍ ယနေ့ မနက်ခင်းမှာတော့ ဝူးယို့ကျောင်းကပင် ထိုအကြောင်းကို စကားစလိုက်သည်။

"ယီလန်း"

"ဘာလဲ အစ်ကို"

"ကျုပ်တို့ ခုလိုအတိုင်း သွားရင်တော့ ဟန်မကျသေးဘူးထင်တယ်"

"ဘာကို ပြောတာလဲ"

"ပေါ်ပေါ်ထင်ထင် မသွားရဲဘဲ ခိုအောင်းနေရတဲ့ ဘဝကို ပြောတာပါ"

ဝူးယို့ကျောင်းက ထိုသို့ ပြောလိုက်သည့်အခါမှာတော့ ယီလန်းက သက်ပြင်းလေးကို ဦးစွာချသည်။

ပြီးမှ သူ့မျက်နှာကို ပြန်ကြည့်ကာ. . .

"ကျွန်မလဲ သည်လိုပါပဲ အစ်ကိုရယ်၊ အခုလို ဘဝကြီးကို ဘယ်လိုလုပ်ပြီး ပျော်ပိုက်နိုင်ပါ့မလဲ၊ လမ်းထွက်ပြီး ကျိုးကန်းတောင်းမျှောက် လိုက်ကြည့်နေရတာ၊ ဒါထက် ရန်သူကို

www.burmeseclassic.com

www.burmeseclassic.com



ကလဲ့စား မချေနိုင်သေးတာက ပိုလို့တောင် အခံရခက်သေး တယ်"

"ဒါဆို ကျုပ်တို့ ဘယ်လိုလုပ်ကြမလဲ ယိလန်း"

"ကျွန်မလဲ ဒါကိုပဲ အချိန်ရှိသ၍ စဉ်းစားနေတာပါ အစ်ကို၊ ဒါပေမယ့် ကျေနပ်လောက်တဲ့ အဖြေကတော့ ခုချိန်ထိ ထွက်မလာသေးဘူး"

"ဟုတ်တယ်၊ ကျုပ်တို့က မိုက်မိုက်မဲမဲနဲ့ မုတ်ဆိတ်ဖြူ အဘိုးအိုကို သွားစိန်ခေါ်ရင်တော့ ကျုပ်တို့ပဲ သေဆုံးရလိမ့်မယ်၊ သူ့ကို ကျုပ်တို့နှစ်ယောက်တည်းနဲ့ မယှဉ်နိုင်တာကတော့ အမှန်ပဲ၊ ပြီးတော့ သူ့နောက်မှာ သခင်လေးဆိုတဲ့လူက ရှိနေသေး တယ်"

ဝူးယို့ကျောင်းက ကြံရာမရသော ပုံစံမျိုးဖြင့် ခပ်ညည်း ညည်း ပြောလိုက်မိသည်။

ယိလန်းကလဲ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် အစ်ကို၊ ဒါကြောင့် ကျွန်မလဲ စိတ်ရှုပ်နေ တာပေါ့၊ အစ်ကို့ရဲ့ညီအစ်ကိုတွေကို အားကိုးဖို့ ကျပြန်တော့လဲ သူတို့ကို ဘယ်မှာ လိုက်ရှာရမှန်း မသိဘူး၊ နောက်ပြီး သူတို့က ကိုယ့်ဘက်ကိုလဲ ပါဦးမှ"

"သူတို့ကိုတော့ ကျုပ်ယုံကြည်ပါတယ် ယိလန်း၊ ကျုပ် အကူအညီတောင်းရင် ကျုပ်ဘက်က အားလုံးပါလာကြမှာပါ၊ ဒါပေမယ့် သူတို့နဲ့ ဆုံတွေ့ဖို့ ကိစ္စကတော့ အခက်အခဲ ရှိနေ



တယ်၊ သူတို့ကို တွေ့ဖို့ဆိုရင် မိုးယံတောင်ကို သွားရမလို ဖြစ်နေ တယ်"

"ဟာ. . . ဒါတော့ မဖြစ်ဘူး ထင်တယ်၊ အစ်ကို တော်ကြာ ရှင့်ညီအစ်ကိုတွေနဲ့ မတွေ့ဘဲ မုတ်ဆိတ်ဖြူအဘိုးအိုနဲ့ သွားဆုံရင် ကျားရှေ့ မှောက်ရက်လဲသလို ဖြစ်သွားလိမ့်မယ်"

ယိလန်းက စိုးရိမ်မကင်းသော လေသံဖြင့် ပြောလေ သည်။

မှန်ပေသည်။

မိုးယံတောင်ကို သွား၍ သူ့အစ်ကိုများနှင့် မတွေ့ဘဲ မုတ်ဆိတ်ဖြူအဘိုးအိုကျင်ဝင်းရီနှင့် တွေ့လျှင် ဒုက္ခရောက်သွား နိုင်စရာအကြောင်း ရှိပေသည်။

"ကဲပါလေ. . . သည်ကိစ္စကို ဖြည်းဖြည်းချင်း ဆက်ပြီး စဉ်းစားကြတာပေါ့၊ လောလောဆယ် ဗိုက်ဆာလာပြီ၊ မြို့ဈေး ဘက်ကို သွားကြရအောင်"

"ကျွန်မတို့ သည်မြို့မှာနေတာ ကြာလို့ ငြီးငွေ့နေပြီ အစ်ကို၊ အပြောင်းအလဲ ဖြစ်အောင် တခြားမြို့ရွာတစ်ခုကို သွား ကြရအောင်၊ ကံကောင်းရင် သွားရင်းလာရင်း ရှင့်အစ်ကိုတွေနဲ့ တွေ့ချင်လဲ တွေ့မှာပေါ့"

"တောင်းသားပဲ ယိလန်း၊ မင်းပြောတာ မဆိုးပါဘူး ဒါဆို မြို့ပြင်ကို ထွက်ကြရအောင်၊ စီချွမ်းကလွန်ရင် ဟိုဘက်မှာ မြို့တစ်မြို့တော့ ရှိမှာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို အခုပဲ သွားကြမယ်"

ထို့နောက်. . .

ဝူးယို့ကျောင်းနှင့် ယိလန်းတို့ နှစ်ဦးမှာ သူတို့နေသော အိမ်ပျက်ကြီးမှ ထွက်ကာ မြို့ပြင်ဘက်ကို လျှောက်ခဲ့ကြလေသည်။

အရေးကြုံလျှင် အသုံးပြုနိုင်ရန် ယိလန်းကလည်း ဓားတစ်လက်ကို ဆောင်ထားပြီး ဖြစ်သည်။

သူတို့နှစ်ယောက် မြို့ပြင်တောအုပ်ကို ရောက်လာခဲ့ပြီး တောလမ်းကလေးအတိုင်းပင် ဆက်လျှောက်ခဲ့ကြသည်။

တောအုပ်လေးကား တိတ်ဆိတ်၍ နေသည်။

ကျေးငှက်ကလေးများ မြူးထူးပျော်ပါး အော်မြည်နေကြသံက တစ်မျိုးပင် သာယာနာပျော်ဖွယ်ကောင်းနေပေသည်။

"သည်တောအုပ်လေးက မဆိုးဘူးနော်. . . သာယာသားပဲ"

"ဟုတ်တယ် ယိလန်း"

ဝူးယို့ကျောင်းက အလိုက်သင့် ထောက်ခံလိုက်လေသည်။

ထိုစဉ်. . .

သူတို့ နောက်နားဆီမှ ရယ်မောသံသဲ့သဲ့ ထွက်ပေါ်လာသည်။

"ဟား. . . ဟား. . . ဟား"



ရယ်သံကြောင့် နှစ်ယောက်သား ပြိုင်တူပင် လှည့်ကြည့်လိုက်ကြသည်။

ထိုအခါ သူတို့နှစ်ယောက်စလုံး ရင်ထိတ်သွားကြလေသည်။

အကြောင်းမူ အသံရှင်မှာ သူတို့၏အမိက ရန်သူ ဖြစ်သော မုတ်ဆိတ်ဖြူအဘိုးအို ကျိုင်ဝင်းရီ ဖြစ်နေသောကြောင့်ပင်။

"ဟင်. . . ဘိုးဘိုး"

ဝူးယို့ကျောင်းက လွှတ်ခနဲ အသံ ထွက်သွားသည်။

မုတ်ဆိတ်ဖြူအဘိုးအိုကျိုင်ဝင်းရီက ပြုံးရင်းမှ. . .

"ဟုတ်တယ် ဝူးယို့ကျောင်း။ မင်းအစ်ကိုတွေက အားကိုးမရလို့ မင်းကို ရှင်းပစ်ရအောင် ငါကိုယ်တိုင် တောင်ပေါ်က ဆင်းလာခဲ့တာပဲ"

"ကျွန်တော့်အစ်ကိုတွေကရော မရှိကြတော့ဘူးလား"

ဝူးယို့ကျောင်းက သိလိုစိတ်ဖြင့် မေးမြန်းလိုက်ရာ မုတ်ဆိတ်ဖြူအဘိုးအို ကျိုင်ဝင်းရီက. . .

"အေး. . . မင်းအစ်ကိုတွေနဲ့ ညီမက မင်းကို လိုက်သတ်နိုင်းတာ မလုပ်နိုင်ဘူးဆိုပြီး ငါ့ကို ဆန့်ကျင်ကြတယ်လေ ဒါကြောင့် ငါက တိုက်ခိုက်လွှတ်လိုက်တာ အားလုံး တောင်ပေါ်က ဆင်းပြေးသွားကြပြီ"

"သူတို့အားလုံး လွတ်မြောက်သွားကြသလား"

www.burmeseclassic.com

www.burmeseclassic.com



"ကျန်းကျက်ရယ်၊ ချောင်ဟွာရယ်၊ လီပင်းပင်းရယ်က တော့ လွတ်မြောက်သွားတယ်၊ အဲ. . . မိန်ယွင်တစ်ယောက်က တော့ ငါ့လက်ချက်နဲ့ ဇာတ်သိမ်းသွားပြီ"

"ဟင်"

မိန်ယွင် သေဆုံးသွားပြီဆိုသော သတင်းကြောင့် ဝူးယို့ ကျောင်း၏ရင်ထဲမှာ အလွန်ပင် ထိခိုက်နာကျင်စွာ ခံစားလိုက် ရ၏။

"ဘိုးဘိုး တကယ် ပြောတာလား"

"ဟုတ်တယ်"

"ဘိုးဘိုးက ရက်စက်လှချည်လားဗျာ၊ ညီလေးက မျက် စိမမြင်ရှာတဲ့ ဒုက္ခိတ တစ်ယောက်ပါဗျာ"

"မဟုတ်ဘူးကွ၊ လီပင်းပင်း ယူလာတဲ့ ဆေးကြောင့် မျက်စိပြန်မြင်သွားပြီ၊ ပြီးမှ ငါ့လက်ချက်နဲ့ ပြန်ဇာတ်သိမ်းတာ"

မျက်စိပြန်မြင်ပြီးခါမှ သေဆုံးသွားခြင်းဟု သိလိုက်ရပြန် တော့လည်း ဝူးယို့ကျောင်းမှာ ပိုလို့ပင် စိတ်မကောင်း ဖြစ်ရပြန် သည်။

"ဖြစ်မှဖြစ်ရလေ ညီလေးရာ၊ မျက်စိပြန်မြင်ပြီးပါမှ သေ ဆုံးရတယ်လို့"

"ဘာမှ စိတ်မကောင်း ဖြစ်မနေနဲ့ ဝူးယို့ကျောင်း၊ ငါ့ကို အာခံတဲ့လူ မှန်သမျှကို ငါကတော့ အရှင်မထားဘဲ ရှင်းပစ်မှာပဲ၊ အေး. . ကျန်းကျက်တို့သုံးယောက်ကိုလဲ ငါက လွှတ်ပေးလိုက်



တာ မဟုတ်ဘူး၊ ရှင်းပစ်မလို့ တောင်ပေါ်က ဆင်းလာတာ ဟန် ကျချင်တော့ ယုန်ထောင် ကြောင်မိဆိုသလို ဟိုကောင်တွေကို မတွေ့ဘဲ မင်းတို့နှစ်ယောက်ကို လာတွေ့နေရပြီ၊ ဘာပဲဖြစ် ဖြစ်ပါလေ၊ ယုန်ရော ကြောင်ရောဟာ မုဆိုးအတွက်တော့ သား ကောင်တွေချည်းပါပဲ"

မုတ်ဆိတ်ဖြူအဘိုး အိုကျိုင်ဝင်းရီက အားရကျေနပ် သော လေသံမျိုးဖြင့် ပြောလာသည်။

အခြေအနေကား ရှောင်လွှဲရနိုင်မည့် အခြေအနေမျိုး မဟုတ်ပါချေ။

မုတ်ဆိတ်ဖြူအဘိုးအို ကျိုင်ဝင်းရီမှာ ရက်စက်စရာရှိ လျှင် ကမ်းကုန်အောင် ရက်စက်လေ့ရှိသူတစ်ယောက်ပင် ဖြစ် သည်။

ထိုအချက်ကို မိန်ယွင်အား သတ်ဖြတ်လိုက်ပြီ ဟူသော စကားက ကောင်းစွာ သက်သေခံ၍ နေပေသည်။

အသနားခံလျှင်လည်း မရနိုင်မှန်း သိသည့်အတူတူ ဝူး ယို့ကျောင်းက လေကုန်ခံပြီး တောင်းပန်ဖို့ မကြိုးစားတော့ပါချေ။

ဓားအိမ်ထဲမှ ဓားကိုသာ ဆွဲထုတ်လိုက်လေတော့သည်။

သူ ဓားထုတ်တာ မြင်တော့ ယိလန်းကလည်း ဓားကို ထုတ်လိုက်သည်။

ဒါကို ကြည့်ပြီး မုတ်ဆိတ်ဖြူအဘိုးအိုကျိုင်ဝင်းရီက သရော်တော်တော်ပြုံးသည်။

www.burmeseclassic.com

www.burmeseclassic.com



“သြော်. . . ဟော်. . . မင်းတို့က ငါ့ကို ရင်ဆိုင်ကြတော့ မလို့လား”

“ဒါပေါ့ မှတ်ဆိတ်ဖြူအဘိုးအို ကျုပ်တို့ကသည်အတိုင်းတော့ လည်စင်းမပေးနိုင်ဘူးလေ၊ အစွမ်းရှိသလောက် ပြန်ပြီးခုခံရမှာပဲ”

“မဆိုးပါဘူး၊ မင်းတို့ သတ္တိလေးတွေက၊ ဒါနဲ့ မေ့လျှို့ကလည်း ဝူးယို့ကျောင်း သိုင်းပညာသင်ပေးထားလို့ အတော်လေးဟုတ်နေပြီ မှတ်တယ်”

ကျိုင်ဝင်းရီ၏အမေးစကားကြောင့် ယိလန်းက ခပ်မဲ့မဲ့ပြုံးလိုက်သည်။

ပြီးမှ သူ၏ကလဲ့စားချေမည့်အကြောင်းကို ရှင်းပြလိုက်သည်။

“ရှင်မှားနေပြီ ကျိုင်ဝင်းရီ၊ တကယ်တော့ ကျွန်မဟာ အစ်ကိုဝူးယို့ကျောင်း သင်ပေးမှတတ်တာ မဟုတ်ဘူး၊ မိုးယံတောင်ကို စရောက်ကတည်းက သိုင်းပညာ တတ်ပြီးသားပါ”

“ဟင်. . . ဒါဆို မင်းက ငါတို့ကိုလိမ်ညာပြီး ပြောခဲ့တာပေါ့ ဟုတ်လား”

“သိပ်မှန်တာပေါ့၊ ကျွန်မ မိုးယံတောင်ကို ရောက်လာတာက ဘုမသိဘမသိနဲ့ မျက်စိလည်လမ်းမှားပြီး ရောက်လာတာမဟုတ်ဘူး၊ ရည်ရွယ်ချက်နဲ့ ရောက်လာတာ”

“ရည်ရွယ်ချက်နဲ့ ဟုတ်လား၊ ပြောပါဦး၊ မင်းရဲ့ရည်ရွယ်



ချက်က ဘာများလဲ”

“ရှင့်ကို ကလဲ့စားချေ သွေးကြွေးဆပ်မယ်ဆိုတဲ့ ရည်ရွယ်ချက်ပေါ့”

ယိလန်းက ပြောလိုက်ရာ မှတ်ဆိတ်ဖြူအဘိုးအိုကျိုင်ဝင်းရီက နဝေတိမ်တောင်ပုံစံဖြင့် မျက်မှောင်ကြုတ်သွားလေသည်။

“ငါ့ကို ကလဲ့စားချေဖို့ ဟုတ်လား”

“ဟုတ်တယ်”

“နေပါဦး၊ မင်းနဲ့ငါက ရန်ငြိုးရှိထားဖူးလို့လား”

“သိပ်ရှိတာပေါ့ရှင်၊ ရှင်ကတော့ မေ့ကောင်းမေ့နေလိမ့်မယ်၊ ကျွန်မကတော့ မမေ့ဘူး၊ လွန်ခဲ့တဲ့ ရှစ်နှစ်ကျော်ကျော်လောက်က ယိလွေ့ဆိုတဲ့ လူတစ်ယောက်ကို ရှင်သတ်ဖြတ်ခဲ့ဖူးတယ်လေ၊ မှတ်မိရဲ့လား”

“ယိလွေ့”

ကျိုင်ဝင်းရီက သူမ၏ဖခင်အမည်ကို တီးတိုးရေရွတ်ကြည့်သည်။

ပြီးမှ သူမ၏မျက်နှာကိုကြည့်ကာ. . .

“ကျုပ် မှတ်မိပြီ၊ ဟုတ်တယ်၊ ယိလွေ့ကို ကျုပ်သတ်ခဲ့ဖူးတယ်၊ ဒါထက် မင်းက”

“ကျွန်မက ရှင်သတ်ခဲ့ဖူးတဲ့ ယိလွေ့ရဲ့တစ်ဦးတည်းသောသမီးယိလန်းပဲ”

www.burmeseclassic.com

www.burmeseclassic.com



"ယိလန်း . . . ဟုတ်လား၊ အဲသည်တုန်းက မင်းကို ငါမတွေ့ဖူးပါဘူး"

"ဘယ်တွေ့ပါ့မလဲ၊ ကျွန်မက ကျွန်မရဲ့အဒေါ်ဝမ်းကွဲတစ်ယောက်ဆီကိုရောက်နေခဲ့တယ်လေ၊ နောက်မှ အိမ်နီးနားချင်းတွေ ပြောစကားအရ လူသတ်သမားဟာ ရှင်လို့ သိခဲ့ရတာ၊ အဲသည်ကတည်းက ရှင့်ကို ကလဲ့စားချေနိုင်ဖို့ ကြိုးပမ်းခဲ့ရတာ၊ ခုဆို ရှစ်နှစ်တောင် ကျော်သွားပါပြီ"

"ဪ . . . မင်းက မိုးယံတောင်ပေါ်ကို တက်လာခဲ့တာကိုး"

ကျိုင်ဝင်းရီက ခပ်ပေါ့ပေါ့ပုံစံမျိုးဖြင့်ပင် ပြုံးရယ်လျှက် ပြောသည်။

သူမကို လုံးဝထည့်မတွက်ဘူးဆိုသည့် ပုံစံမျိုးဖြစ်၍ ယိလန်း မခံချင်ဖြစ်သွားသည်။

"ဟုတ်တယ်၊ သည်နေ့တော့ ကျွန်မအဖေအတွက် ရှင့်ကို သွေးကြွေးဆပ်နိုင်အောင် ကြိုးစားရတော့မယ်"

"စိတ်မကောင်းစရာပဲ မိန်းကလေးရယ်၊ သိပ်စိတ်ကူးမယဉ်ချင်ပါနဲ့လေ၊ ကျန်းကျုက်တို့လေးယောက်ပေါင်းပြီး တိုက်ခိုက်တာတောင် ငါ့ကိုမယှဉ်နိုင်တာ၊ မင်းတို့နှစ်ယောက်တည်းနဲ့ ငါ့ကို ဘယ်လိုလုပ်ပြီး အနိုင်ယူနိုင်မှာလဲ"

"ဒါကတော့ တိုက်ခိုက်ပြီးမှသိရမှာပါ၊ နောက်ဆုံး ကျွန်မ မယှဉ်နိုင်လို့ သေဆုံးသွားတယ်ပဲထား၊ ကျွန်မအဖေအတွက် သွေးကြွေးပြန်ဆပ်ဖို့ကြိုးစားရင်း သေဆုံးရတာမို့ ကျွန်မ ကျေနပ်ပါတယ်"



ဟု ယိလန်းက ခပ်ပြတ်ပြတ် ပြောလိုက်သည်။

ကျိုင်ဝင်းရီက ရယ်မောလိုက်သည်။

ပြီးမှ ခက်ထန်သောလေသံဖြင့် . . .

"ကောင်းပြီလေ၊ ဒါဆို မင်းတို့ရရင်လည်း ကြိုးပမ်းကြည့်ကြပေါ့၊ ငါကတော့ မင်းတို့နှစ်ယောက်စလုံးကို ငရဲပို့ပေးဖို့ ဆုံးဖြတ်ပြီးသား"

ဟု ပြောလိုက်၏။

ယိလန်းက . . .

"ဘယ်သူ ငရဲရောက်မလဲ၊ ကြည့်ကြသေးတာပေါ့"

ထိုသို့ဆိုပြီးသည်နှင့် တပြိုင်နက် ယိလန်းက မုတ်ဆိတ်ဖြူအဘိုးအို ကျိုင်ဝင်းရီကို လျှပ်တပြက်ပင် ဝင်ရောက်တိုက်ခိုက်လေတော့သည်။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



## ရွှေနဂါး

ယိလန်းက စတင်တိုက်ခိုက်လိုက်ပြီမို့ ဝူးယိုကျောင်းမှာ လည်းမနေသာတော့ချေ။

မုတ်ဆိတ်ဖြူအဘိုးအို ကျိုင်ဝင်းရှီအား ဝင်ရောက်တိုက်ခိုက်လိုက်ရလေသည်။

"ဟိတ်"

"ကျား"

မုတ်ဆိတ်ဖြူအဘိုးအို ကျိုင်ဝင်းရှီကား ထိပ်တန်းသိုင်းပညာရှင်ကြီးတစ်ယောက်ပီပီ တည်ငြိမ်မှုတော့ ရှိပေသည်။

ယိလန်း၏ဓားချက်ကို ခြေတစ်လှမ်းဆုတ်ပြီး ရှောင်သည်။

ပြီးလျှင် သူမ၏ပတ်ဆွဲဓားချက်ကိုမူ သံတောင်ဝှေး တန့်လန့်ကာ၍ ခံဆောင်ပေးလိုက်သည်။



"ထန်း"

"ဟာ"

သံတောင်ဝှေးနှင့် ဓားချက်ထိမိသည်တွင် ဝူးယိုကျောင်း၏ဓားကိုင်လက်မှာ တုန်ခါ၍သွားသည်။

ဝူးယိုကျောင်းမှာ ကျန်းကျက်နှင့်ချောင်ဖွာလောက်ပင် သိုင်းပညာနှင့် အတွင်းအားမြင့်မားသည် မဟုတ်ချေ။

သို့ဖြစ်၍ အတွင်းအားမြင့်မားသော မုတ်ဆိတ်ဖြူ ကျိုင်ဝင်းရှီ၏သံတောင်ဝှေးကို ထိပ်တိုက်ခံဆောင်ပေး၍မဖြစ်ဟု သဘောပေါက်သွားသည်။

ထိုစဉ်မှာပင် ယိလန်းက အောက်ခြေသိမ်းဓားချက်များဖြင့် မုတ်ဆိတ်ဖြူအဘိုးအို ကျိုင်ဝင်းရှီအား ဝင်ရောက်တိုက်ခိုက်လိုက်သည်။

"ဝှစ်...ဝှစ်...ဝှစ်"

ယိလန်း၏ တိုက်ခိုက်မှုမှာ တောရှင်းသည့်ပမာ မြေတွင်ရှပ်၍ တိုက်ခိုက်သောသိုင်းကွက်ဖြစ်ပေသည်။

ကျိုင်ဝင်းရှီကလည်း လျင်သည်။

မြေတွင် ခြေရှပ်လျှက် ဘယ်ညာခြေတစ်လှမ်းစီ ဆက်တိုက်ဆုတ်ကာ တိမ်းရှောင်ပေးသည်။

တိမ်းရှောင်မှု တစ်ချက်မှားသွားလျှင်တော့ ယိလန်း၏ဓားချက်က သူ့အသားကို ထိုးခွဲသွားမည်မှာ အသေအချာပင်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအနေအထားမျိုးတွင် အငိုက်ဖမ်းတိုက်ခိုက်နိုင်ပါက အကျိုးရှိနိုင်သည်ဟု ဝူးယို့ကျောင်းက တွက်ဆမိသည်။

ထို့ကြောင့်. . .

ဝူးယို့ကျောင်းက လေဝဲပျံလွှားသိုင်းကွက်ဖြင့် ဝင်ရောက်တိုက်ခိုက်ပစ်လိုက်သည်။

ထိုသိုင်းကွက်မှာ ထက်မြက်သော သိုင်းကွက်ဆန်းတစ်ခုပင်ဖြစ်သည်။

သို့သော်. . .

ခက်သည်က ထိုသိုင်းကွက်မှာ မုတ်ဆိတ်ဖြူအဘိုးအို ကျိုင်ဝင်းရီကပင် သူ့ကို သင်ကြားပေးထားသော သိုင်းကွက်ဖြစ်ပေသည်။

သို့ဖြစ်၍ ဝူးယို့ကျောင်းက ပျံလွှားငှက်တစ်ကောင်အလား လေတွင်ခုန်တက် တိုက်ခိုက်သော်လည်း သူ၏တိုက်ခိုက်မှု အရာမထင်ခဲ့ပါချေ။

မုတ်ဆိတ်ဖြူအဘိုးအို ကျိုင်ဝင်းရီက လှပစွာ တိမ်းရှောင်ပေးရင်းမှ သံတောင်ဝှေးနှင့် ရိုက်ချလိုက်၍ ဝူးယို့ကျောင်းမှာ ခက်ခက်ခဲခဲပင် ပြန်လည်တိမ်းရှောင်ပေးလိုက်ရလေသည်။

ထို့နောက်. . .

မြေပြင်ပေါ်သို့ ကျွမ်းဖြင့် ပြန်ကျလာသည်တွင် မုတ်ဆိတ်ဖြူအဘိုးအိုကျိုင်ဝင်းရီက ရယ်သွမ်းသွေးလျှက် လှမ်းပြောသည်။



"မင်းတို့ငါးယောက်စလုံး ပေါင်းတိုက်လည်း ငါ့ကို မယှဉ်နိုင်တာသေချာတယ် ဝူးယို့ကျောင်း၊ ဘာဖြစ်လို့လည်းဆိုတော့ မင်းတို့အသုံးပြုတဲ့ သိုင်းကွက်တွေက ငါသင်ပေးထားတဲ့ သိုင်းကွက်တွေပဲ ဖြစ်နေတယ်လေ၊ သည်တော့ ဘယ်လိုလုပ်ပြီး ငါ့ကို အသာစီးရနိုင်ပါတော့မလဲ"

ထိုစကားက မှန်ကန်လွန်းနေ၍ ဝူးယို့ကျောင်းမှာ ပြန်ပြောရန် စကားရှာမရသလို စိတ်လည်း ရှုပ်ထွေးသွားမိလေသည်။

"အပိုတွေ ပြောမနေနဲ့ မုတ်ဆိတ်ဖြူ ဟောသည်မှာလာပြီ၊ သတိထားပြီးရှောင်"

ဟု ပြောလိုက်သည်။

ထိုစဉ်. . .

ယိလန်းက မုတ်ဆိတ်ဖြူအဘိုးအို ကျိုင်ဝင်းရီတို့ အနားမပေးဘဲ ဝင်ရောက် တိုက်ခိုက်လိုက်ပြန်လေသည်။

သည်တစ်ကြိမ်မှာတော့ ယိယန်းက စောစောကလို အောက်ပိုင်းကို ဦးတည်မတိုက်ခိုက်ချေ။

အပေါ်ပိုင်းကို အဓိကထားကာ တိုက်ခိုက်လိုက်လေသည်။

သို့သော်. . .

ယိလန်း၏ကြိုးစားမှုကလည်း အချည်းနှီးသာ ဖြစ်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မုတ်ဆိတ်ဖြူအဘိုးအို ကျိုင်ဝင်းရီမှာ သူမထက် အတွင်းအားရော သိုင်းပညာတွင်ပါ မယှဉ်သာအောင် ကွာခြားနေပေသည်။

သို့ဖြစ်၍ မုတ်ဆိတ်ဖြူအဘိုးအို ကျိုင်ဝင်းရီက သံတောင်ဝှေးကို ကိုယ်ရှေ့တွင်ကာလျှက် မွှတ်ညက်စွာဝှေ့ယမ်းပေးလိုက်သည်နှင့် ယိလန်း၏ဓားချက်မှာ လုံးဝမတိုးသာတော့ဘဲ လွှဲချော်ထွက်ကုန်တော့သည်။

"ထန်း. . . ထန်း. . . ထန်း"

ထိုသို့ ယိလန်း ဟန်မပျက်နေစဉ်မှာပင် မုတ်ဆိတ်ဖြူအဘိုးအို ကျိုင်ဝင်းရီက ဝှေ့ယမ်းထားသော သံတောင်ဝှေးဖြင့် ယိလန်း၏ခေါင်းကို လျှပ်တပြက် ရိုက်ချလိုက်သည်။

"ရော့"

"ဟင်"

ဝူးယို့ကျောင်းမှာ ကြည့်မနေသာတော့ချေ။

ကပျာကယာပင် လက်ထဲမှဓားရှည်ဖြင့် ဝင်ရောက်ဟန့်တားကာကွယ်ပေးလိုက်ရသည်။

"ထန်း"

သူ၏ကာကွယ်လိုက်မှုကြောင့် ယိလန်း သက်သာရာရသွားလေသည်။

မည်သို့ပင်ဖြစ်စေ။

ဆက်လက်တိုက်ခိုက်နေခြင်းအားဖြင့် သိပ်မကြာခင်မှာ



ပင် သူတို့ ဇာတ်သိမ်းရတော့မည်ဟု ဝူးယို့ကျောင်း နားလည်လိုက်သည်။

ထို့ကြောင့်. . .

ဝူးယို့ကျောင်းက ကျိုင်ဝင်းရီက တစ်ချက်ကြောင်အသွားမှာပင် ယိလန်း၏လက်ကို ဆွဲကိုင်ပြီး တောအုပ်အတွင်းသို့ ပြေးဝင်လာခဲ့တော့သည်။

"လာ. . . ယိလန်း။ ပြေးကြစို့"

"ဟေ့ကောင်တွေ၊ မပြေးကြနဲ့"

မုတ်ဆိတ်ဖြူအဘိုးအို ကျိုင်ဝင်းရီက ချက်ချင်း သတိပြန်ဝင်လာပြီး သူတို့နောက်မှ ပြေးလိုက်လာသည်။

သို့သော်. . .

ဝူးယို့ကျောင်းတို့ ကံကောင်းသည်ဟု ဆိုရပေလိမ့်မည်။

တောအုပ်အတွင်းမှာပင် ခြေရှုပ်သောတောမျိုးဖြစ်၍ ကျိုင်ဝင်းရီမှာ ထင်တိုင်းပေါက်အောင် မလိုက်နိုင်ချေ။

အကယ်၍ ကွင်းပြင်လိုနေရာမျိုးဖြစ်မည်ဆိုလျှင်တော့ ကိုယ်ဖော့ပညာကောင်းသော မုတ်ဆိတ်ဖြူအဘိုးအို ကျိုင်ဝင်းရီက သူတို့ကို တခဏချင်းမိသွားမှာ အသေအချာပင် ဖြစ်လေသည်။

ယခုမူ သူတို့နှစ်ယောက်က သစ်ပင်များကို အကာအကွယ်ယူကာ ကွေ့ပတ်ပြေးနေသည်တွင် မုတ်ဆိတ်ဖြူအဘိုးအို ကျိုင်ဝင်းရီမှာ မျှတ်ခြည်မပြတ်အောင် လိုက်ကြည့်နေရ၍

www.burmeseclassic.com

www.burmeseclassic.com



မကြာခဏဆိုသလို ခလုတ်တိုက်ကာ ခရီးမတွင်ဘဲ ရှိနေလေသည်။

"အစ်ကို"

"ပြောပါ ညီမ"

"ကျွန်မတို့ သည်အတိုင်း လျှောက်ပြေးနေမယ့်အစား တစ်နေရာရာမှာ ဝင်ပုန်းနေရင်ကောင်းမယ် ထင်တယ်"

"သဘောပဲလေ၊ ချုံပုတ်ကြီးကြီးမြင်ရင် ဝင်ပုန်းကြတာပေါ့"

နှစ်ဦးသား တိုင်ပင်လိုက်ပြီးနောက် ချုံနွယ်သစ်ပင်ကြီး တစ်ခုကိုတွေ့သည်နှင့် ဝူးယို့ကျောင်းနှင့်ယိလန်းတို့မှာ တိုးဝင်လျှက်ပုန်းအောင်း နေလိုက်ကြသည်။

မှတ်ဆိတ်ဖြူအဘိုးအိုက လျှောက်ရှာရင်းသူတို့နားသို့ ရောက်လာသည်။

ဝူးယို့ကျောင်းတို့နှစ်ယောက်မှာ ချုံပုတ်ထဲတွင် အသက်ပြင်းပြင်းမရှူရဲကြချေ။

သို့သော်. . .

ကံဆိုးချင်တော့ သူတို့နှစ်ယောက် ပုန်းအောင်းနေသော ချုံပုတ်ထဲမှ ဖွတ်ကြီးတစ်ကောင်က ရုတ်တရက် ထွက်ပြေးသွားသည်။

"ဟင်"

ဤမှာပင် မှတ်ဆိတ်ဖြူအဘိုးအို ကျိုင်ဝင်းရီ၏အကြည့်



က သူတို့ပုန်းနေသော ချုံပုတ်ဆီသို့ ကျရောက်လာသည်။

ရင်ထိတ်သွားသည့်ကြားမှ သူတို့ကို မမြင်ပါစေနှင့်ဟု ဝူးယို့ကျောင်း ပျာပျာသလဲ ဆုတောင်းလိုက်မိသည်။

သို့သော်. . .

သည်တစ်ခါတော့ သူ့ဆုတောင်းက မပြည့်တော့ချေ။

မှတ်ဆိတ်ဖြူအဘိုးအိုကျိုင်ဝင်းရီက သူတို့နှစ်ယောက်ကိုမြင်သွားလေသည်။

"အြော်. . . လက်စသတ်တော့ မင်းတို့နှစ်ယောက်က သည်ချုံပုတ်ထဲမှာ ဝင်ပုန်းနေကြတာကိုး။မင်းတို့ ငါ့လက်ထဲက မလွတ်မြောက်နိုင်ပါဘူးလေ၊ ကဲ ချုံပုတ်ထဲက ခပ်ဖြေးဖြေးသာပြန်ထွက်လာကြပေတော့"

မှတ်ဆိတ်ဖြူအဘိုးအိုက သူတို့ကိုခေါ် ထုတ်လိုက်လေသည်။

ဝူးယို့ကျောင်းတို့ မတတ်သာတော့ချေ။

သေသေကြေကြေ ရင်ဆိုင်တိုက်ခိုက်ရန် ဆုံးဖြတ်ပြီး ဝူးယို့ကျောင်းနှင့်ယိလန်းတို့ ချုံပုတ်ထဲမှ ပြန်လည်တိုးထွက်လိုက်ကြသည်။

"ဟုတ်ပြီ၊ သည်လိုမှပေါ့၊ ကဲ သတိသာထားကြပေတော့"

ကျိုင်ဝင်းရီကပြောပြီး သံတောင်ဝှေးကို ဆန့်တန်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏မျက်နှာက အသေအကြေ တိုက်ခိုက်တော့မည့်ဟန်ဖြင့် အေးစက်နေသည်ကို တွေ့ရသည်။

ထိုစဉ်မှာပင်. . .

"ဖုတ်"

သူတို့နားသို့ သစ်ပင်ပေါ်မှ လူရိပ်သဏ္ဌာန်လေးခု ဝုန်းခနဲပြုတ်ကျလာသည်။

"ဟင်"

သစ်ပင်ပေါ်မှ ပြုတ်ကျလာသူများမှာ ဝတ်စုံနက်ဝတ်ဆင်ထားသော သူများဖြစ်ပြီး လေးယောက်စလုံး၏ လက်ထဲမှာ ဓားကိုယ်စီ ကိုင်ဆောင်ထားကြသည်။

ထိုဝတ်စုံနက်များ၏ ရင်ဘတ်နေရာတွင်မူ ရွှေရောင်နဂါးတစ်ကောင်၏ပုံကို ရေးထိုးထားလေသည်။

သူတို့ကို တိုက်ခိုက်ရန် ဟန်ပြင်နေသော ကျိုင်ဝင်းရှိမှာ မမျှော်လင့်ဘဲ သစ်ပင်ပေါ်မှ ပြုတ်ကျလာသည့် ဝတ်စုံနက်များကိုကြည့်ကာ ကြောင်အမ်းအမ်းဖြစ်သွားသည်။

ထို့နောက်. . .

လေသံမှန်မှန်ဖြင့်. . .

"မင်းတို့က ဘယ်သူတွေလဲ"

ဟု မေးလိုက်သည်။

"ကျုပ်တို့က ရွှေနဂါးဂိုဏ်းကပါ"

"ရွှေနဂါးဂိုဏ်း ဟုတ်လား၊ ကြားဖူးတာပေါ့၊ နာမည်



ကြီးသိုင်းဂိုဏ်းတစ်ခုပဲဟာ၊ကျုပ်ကိုလည်း မှတ်ထားပါ၊ ကျုပ်ကမိုးယံတောင်က သိုင်းရာဇာလို့လူသိများတဲ့ မုတ်ဆိတ်ဖြူအဘိုးအို ကျိုင်ဝင်းရှိပါ"

မုတ်ဆိတ်ဖြူအဘိုးအို ကျိုင်ဝင်းရှိက သူ့နာမည်ကိုကြားလျှင် ထိတ်လန့်သွားလေမည်လားဟူသော အတွေးဖြင့် ထုတ်ဖော် ပြောလိုက်ခြင်း ဖြစ်သည်။

သို့သော်. . .

မှန်းချက်နှင့်နှမ်းထွက် မကိုက်ပါချေ။

ရွှေနဂါးဂိုဏ်းသားများမှာ တစ်ခါမျှ မကြားဖူးသောနာမည်ကို ကြားလိုက်ရသလိုပင် ထူးထူးခြားခြား ဖြစ်မသွားချေ။

ထို့နောက်. . .

ရွှေနဂါးဂိုဏ်းသား လေးယောက်ထဲမှ အရပ်ခပ်မြင့်မြင့်လူက ပြန်ပြောလာသည်။

"ခင်ဗျား ဘယ်သူဘယ်ဝါဆိုတာကို ကျုပ်တို့ စိတ်မဝင်စားပါဘူး၊ အရေးကြီးတာက သည်တောအုပ်ထဲက ခင်ဗျားအမြန်ဆုံး ပြန်ထွက်သွားဖို့ပဲ"

သူ့လို ထိပ်တန်းသိုင်းပညာရှင်ကြီး တစ်ယောက်ကို ဘာမဟုတ်သော သာမန်ဂိုဏ်းသားတစ်ယောက်က နှင်ထုတ်သာသောကြောင့် မုတ်ဆိတ်ဖြူအဘိုးအို ကျိုင်ဝင်းရှိမှာ အံ့သည်းအံ့သြ မကျေမချမ်းလည်း ဖြစ်သွားသည်။

"မင်းတို့က ကျုပ်ကို နှင်ထုတ်နေတာလား"

www.burmeseclassic.com

www.burmeseclassic.com



"မမှားပါဘူး"

"စကားကို ဆင်ခြင်ပြောပါ၊ ပြည်မမှာ ကျုပ်ကိုယုံဉ်ဝံ့တဲ့လူက ခပ်ရှားရှားပဲ"

"ဒါတော့ ကျုပ်တို့မသိဘူး၊ ဒါပေမယ့် ကျုပ်တို့ကတော့ အမိန့်အတိုင်း ဆောင်ရွက်ရမှာပဲ၊ ကျုပ်တို့ကိုဂိုဏ်းချုပ်က အမိန့်ပေးထားတယ်၊ သူ့ပိုင်နက်ကို ဘယ်သူမှ မကျူးကျော်ရဘူးတဲ့၊ အခု ခင်ဗျားရောက်နေတာက ကျုပ်တို့ပိုင်နက်ဖြစ်နေတယ်"

"ဩော်. . . သည်နေရာက မင်းတို့ရဲ့ပိုင်နက်ကိုး ဒါဖြင့် သူတို့နှစ်ယောက်ကိုရော"

"သူတို့နှစ်ယောက်ကိုတော့ ပြီးရင်ဖမ်းမှာပဲ ခင်ဗျားကိုတော့ လူကြီးဖြစ်လို့ မဖမ်းချင်လို့ ခုလိုပြောနေတာ"

အရပ်မြင့်မြင့်လူက စိတ်ရှည်လက်ရှည် ရှင်းပြလိုက်သည်။

ဝူးယို့ကျောင်းက ယိလန်းကို စောင်းငဲ့ကြည့်ကာ အားပေးသလို ပြုံးပြလိုက်သည်။

သူက ရွှေနဂါးဂိုဏ်း၏ ဖမ်းဆီးခြင်းခံရမည်ကို လုံးဝမစိုးရိမ်ပေ။

သူတို့ ဖြေရှင်းပြလိုက်လျှင် ပြန်လွှတ်ပေးလိမ့်မည်ဟု ယုံကြည်ထားလေသည်။

လောလောဆယ် မုတ်ဆိတ်ဖြူအဘိုးအို ကျိုင်ဝင်းရီ၏



လက်မှလွတ်ဖို့က ပိုအရေးကြီးသည်။

အဘယ်ကြောင့်ဆိုသော် မုတ်ဆိတ်ဖြူအဘိုးအိုက သက်ညှာမည့်သူ မဟုတ်ချေ။

သူတို့နှစ်ယောက်စလုံးကို အမှန်ပင် သတ်မည့်သူဟု သိနေသောကြောင့်ပင် ဖြစ်သည်။

ထို့ကြောင့်. . .

ယိလန်းကို အားပေးသလို ပြုံးပြလိုက်ခြင်းပင် ဖြစ်ပေသည်။

"အေးလေ၊ ဒါဆိုလည်း ငါပြန်ထွက်သွားမယ်၊ သူတို့နှစ်ယောက်ကိုတော့ တိုက်ခိုက်ခွင့်ပြုရမယ်"

"ဝမ်းနည်းပါတယ်ဗျာ၊ ကျုပ်တို့ ဂိုဏ်းချုပ်က သူ့ပိုင်နက်နယ်မြေမှာ ဘယ်လိုသိုင်းပညာရှင်မှ လာရောက်တိုက်ခိုက်တာကို ခွင့်မပြုပါဘူး"

"မင်းတို့ဂိုဏ်းချုပ်က တယ်လည်း ကြီးကျယ်ပါလား"

"ဘာ. . . ခင်ဗျားက ကျုပ်တို့ ဂိုဏ်းချုပ်ကို စော်ကားတာလား"

"စော်ကားတယ်ဆိုရင် မင်းတို့ ဘာလုပ်မလဲ"

မုတ်ဆိတ်ဖြူအဘိုးအို ကျိုင်ဝင်းရီက ပမာမခန့် အပြုံးမျိုးပြုံးလျှက် ရွှေနဂါးဂိုဏ်းသားများကို ပြန်မေးလိုက်လေသည်။

❄ ❄ ❄

www.burmeseclassic.com

www.burmeseclassic.com



ထိုစကားက စိန်ခေါ်စကားပမာ သဘောသက်ရောက်သွားလေသလား၊ မပြောတတ်ချေ။

ရွှေနဂါးဂိုဏ်းသား လေးယောက်စလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။

နောက်တော့ ဝတ်စုံနက်လေးယောက်က ကျွမ်းကျင်မှုအပြည့်ဖြင့် လှုပ်ရှားနေရာ မုတ်ဆိတ်ဖြူအဘိုးအိုကို ရှေ့နောက်ဝဲယာမှညှပ်ကာ ဝိုင်းရံလာကြသည်။

သို့သော်. . .

မုတ်ဆိတ်ဖြူအဘိုးအို ကျိုင်ဝင်းရီက ဂရုမစိုက်ချေ။

ကျန်းကျက်တို့ လေးယောက်ပေါင်းပင် မယှဉ်နိုင်ခဲ့သော သူ့ကို ရွှေနဂါးဂိုဏ်းသားလေးယောက်မှာ မည်သည့်နည်းနှင့်မျှ ယှဉ်နိုင်မည်မဟုတ်ဟု ယုံကြည်နေသောကြောင့်ပင်။

ထိုစဉ်မှာပင် မမျှော်လင့်သောစကားသံ တစ်သံကို ကြားလိုက်ရသည်။

"ရပ်လိုက်ကြစမ်း"

အသံရှင်ကို ဝူးယိုကျောင်းတို့အားလုံး လှမ်းကြည့်လိုက်ကြသည်။

အသံရှင်မှာ ဝတ်စုံနက်ဝတ်ထားသော လူကြီးတစ်ယောက်ပင်ဖြစ်သည်။

အသက်ငါးဆယ်ကျော်ခန့် ရှိမည်ဖြစ်ပြီး ရုပ်ရည်ခန့်ညားသော ထိုလူကြီးမှာ အနီရောင်ဝတ်ရုံကြီးကိုလည်း လွှမ်းခြုံ



ထားလေသည်။

"ဂိုဏ်းချုပ်ကြီးကို ဂါရဝပြုပါတယ်"

မုတ်ဆိတ်ဖြူအဘိုးအဘိုးအိုကို ဝိုင်းရံထားသူလေးယောက်က အနီရောင်ဝတ်ရုံနှင့်လူကြီးကို ကပျာကယာ ဂါရဝပြုလိုက်ကြသည်။

မှန်ပေသည်။

ထိုလူကြီးမှာ ရွှေနဂါးဂိုဏ်းချုပ်ကြီးမှတပါး တခြားမဖြစ်နိုင်ပါ။

ပိုသေချာသည့်အချက်ကတော့ ထိုလူကြီး၏ရင်ဘတ်တွင် ရွှေရောင်နဂါးတစ်ကောင်ပုံ ရေးထိုးထားသောကြောင့်ပင်ဖြစ်သည်။

ထိုနဂါးမှာ စောစောက ဂိုဏ်းသားများ၏ ရင်ဘတ်မှ နဂါးပုံထက် များစွာပိုကြီးသည်။

လက်တစ်ဝါးစာခန့်မျှပင် ရှိပေသည်။

"ဩော်. . . ခင်ဗျားက ရွှေနဂါးဂိုဏ်းချုပ်ကိုး"

"ဟုတ်ပါတယ်၊ ကျုပ်က ရွှေနဂါးဂိုဏ်းချုပ်သံမဏိနဂါးလုံ့ လုံထင်းဟိုပါ"

"ကျုပ်က မိုးယံတောင်က သိုင်းရာဇာမုတ်ဆိတ်ဖြူအဘိုးအိုကျိုင်ဝင်းရီပါ"

သံမဏိနဂါးလုံ့ လုံထင်းဟိုက အသိအမှတ်ပြုသည့်ပုံမျိုး ခေါင်းညိတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



လုံထင်းဟို၏နောက်တွင် ရွှေနဂါးဂိုဏ်းသား နှစ်ယောက်လည်း ခြံရံ၍လိုက်ပါလာကြသည်။

ထိုလူနှစ်ယောက်မှာ သူ၏လက်ရုံးများဖြစ်ပုံရပြီး တစ်ယောက်၏လက်ထဲတွင် လှံရှည်တစ်လက် ကိုင်ဆောင်ထားပြီး ကျန်တစ်ယောက်၏လက်ထဲတွင်မူ ဓားတစ်လက်ကို ကိုင်ဆောင်ထားသည်။

ထို့နောက်. . .

လုံထင်းဟိုက သူတို့ကို တစ်ချက်လှမ်းကြည့်ကာ ပြောသည်။

"သူတို့နှစ်ယောက်ကို ခင်ဗျား လိုက်သတ်တာလား"

"ဟုတ်ပါတယ် လုံထင်းဟို၊ သူတို့က ကျုပ်ကို သစ္စာဖောက်သွားကြလို့ပါ"

"ဘာပဲဖြစ်ဖြစ် ကျုပ်ပိုင်နက်ထဲမှာ သတ်တာဖြတ်တာတွေကို ခွင့်မပြုနိုင်ဘူး၊ ဒါကြောင့် အခုချက်ချင်းပဲ ပြန်ထွက်သွားပါ၊ မသွားရင် ထွက်သွားအောင် ကျုပ်က လုပ်ရမယ်"

လုံထင်းဟိုက အေးတိအေးစက် ပြောသည်။

ကျိုင်ဝင်းရီ ခံရခက်သွားသည်။

"ဩော်. . . သည်လိုလား၊ ကောင်းပြီ ခင်ဗျား ဘယ်လောက်အစွမ်းထက်တယ်ဆိုတာ စမ်းသပ်ကြည့်ရသေးတာပေါ့"

"ကျုပ်ကလည်း အသင့်ပါပဲ မုတ်ဆိတ်ဖြူ"

စကားဆုံးသည်နှင့် ရွှေနဂါးဂိုဏ်းချုပ်လုံထင်းဟို



ကခါးကြားမှ လှံတိုနှစ်ချောင်းကို သွက်လက်စွာ ဆွဲထုတ်လိုက်သည်။

အလိုက်သိသော ရွှေနဂါးဂိုဏ်းသားများက နောက်ရွဲ ပေးကြသည်တွင် မြေကွက်လပ်၌ ကျိုင်ဝင်းရီနှင့် လုံထင်းဟို တို့နှစ်ဦးသာလျှင် ထင်းထင်းကြီး ကျန်ခဲ့သည်။

ပွဲကြီးပွဲကောင်းတစ်ခု ကြည့်ရတော့မည်ဟူသော အသိဖြင့် ဝူးယို့ကျောင်းနှင့်ယိလန်းတို့မှာ စိတ်ဝင်စားသွားကြလေသည်။

ထိုစဉ်မှာပင် ကျိုင်ဝင်းရီက သံတောင်ဝှေးကို ဝှေ့ယမ်းလျှက် စတင်တိုက်ခိုက်လိုက်သည်။

"ဝှီး"

သံတောင်ဝှေးက ပြင်းထန်သောလေခွင်းသံပေး၍ လုံထင်းဟိုထံ ကျရောက်သွားသည်။

လုံထင်းဟိုကလည်း မခေပါချေ။

ဘယ်ဘက်လက်မှ လှံဖြင့် ခံဆောင်ပေးလိုက်လေသည်။

"ထန်း"

ပြီးမှ ကိုယ်ကိုတစ်ပတ်လှည့်၍ နီးကပ်အောင် တိုးဝင်ကာ ကျိုင်ဝင်းရီ၏လည်မျိုကို ညာလက်မှလှံတိုဖြင့် လျှပ်တပြက် ထိုးသွင်းလိုက်သည်။

လုံထင်းဟိုမှာ ဤမျှ လျင်မြန်စွာ တိုက်ခိုက်နိုင်မည်ဟု

www.burmeseclassic.com

www.burmeseclassic.com



ကျင်ဝင်းရှိ မျှော်လင့်မထားချေ။

သို့ဖြစ်၍ ကပျာကယာပင် နောက်ကိုဆုတ်ကာ ရှောင်ပေးလိုက်ရသည်။

လုံထင်းဟိုက မခေပါချေ။

လိုက်ပါခုန်ဝင်ပြီး တိုက်ခိုက်လာသည်။

သည်မှာတင် ကျိုင်ဝင်းရှိက လုံထင်းဟို၏ညာလက်ကို တောင်ဓွေးဖြင့် ဖြတ်ရိုက်ချသည်။

သို့သော်. . .

လုံထင်းဟိုက သူမျှော်လင့်ထားသည်ထက် များစွာပို၍ ပါးနပ်နေ၏။

ညာလက်ကို ဆတ်ခနဲရုပ်ကာ ဘယ်လက်မှလှံတိုဖြင့် ဝမ်းဗိုက်ကို ထိုးသွင်းလိုက်သည်။

ထိုလှံချက်ကို ကျိုင်ဝင်းရှိက သတိထား၍ ရှောင်ပေးလိုက်သည်။

ထိုစဉ်မှာပင် မြောက်တက်လာသော ညာခြေစောင်းကန်ချက်က သူ၏ပခုံးကို တိကျစွာပင် ထိသွားတော့သည်။

"ဝုန်း"

"အင့်"

လုထင်းဟို၏ ခြေကန်ချက်က အတော်ပင် ပြင်းလေသည်။

ကျိုင်ဝင်းရှိမှာ အတွင်းအား လွန်စွာ မြင့်မားသူ ဖြစ်



သောကြောင့်သာ လဲကျမသွားခြင်း ဖြစ်သည်။

သို့တိုင် နောက်ကို သုံးလှမ်းခန့်မျှ ယိမ်းယိုင်သွားသည်။

သည်မှာပင် လုံထင်းဟိုအား သူနိုင်ဖို့ မလွယ်ဟု ကျိုင်ဝင်းရှိ ရိပ်စားမိသည်။

ယခုပင် ပခုံးစွန်းက နာကျင်သွားပြီ မဟုတ်ပါလား။

"ကျုပ်တို့နောက်မှ တွေ့ကြသေးတာပေါ့"

ကျိုင်ဝင်းရှိက ခပ်ပြတ်ပြတ်ပြောပြီးသည်နှင့် ထိုနေရာမှခပ်သွက်သွက် ထွက်ခွာသွား၏။

ရွှေနဂါးဂိုဏ်းချုပ်လုံထင်းဟိုက ဝူးယို့ကျောင်းတို့အနားသို့ လျှောက်လာသည်။

သူ့နောက်မှ ရွှေနဂါးဂိုဏ်းသားများကလည်း လိုက်ပါလာကြသည်။

"မင်းတို့ ဘယ်သူတွေလဲ"

လုံထင်းဟိုက သူတို့နှစ်ယောက်ကိုကြည့်၍ မေးလိုက်လေသည်။

ယိလန်းမှာ မိန်းမသားဖြစ်၍ ဝူးယို့ကျောင်းကပင် ဦးဆောင်ဖြေကြားဖို့ ဆုံးဖြတ်လိုက်သည်။

"ဟုတ်ကဲ့. . . ကျွန်တော်တို့က လူကောင်းတွေပါခင်ဗျာ"

"ဟုတ်ပါပြီ၊ မင်းက ဘယ်သူလဲ"

"ကျွန်တော်က မိုးယံတောင်သိုင်းမောင်နှစ်ပါးယောက်

www.burmeseclassic.com



ထဲက ဝူးယို့ကျောင်းပါ”

“ဒါဆို မုတ်ဆိတ်ဖြူကျိုင်ဝင်းရိက မင်းဆရာပေါ့”

“ဟုတ်ပါတယ်၊ သူက ကျွန်တော်တို့ကို လိုက်သတ်လို့ ထွက်ပြေးလာတာပါ”

မပြည့်စုံသောစကားကြောင့် လုံထင်းဟို မျက်မှောင်ကြုတ်သွားသည်။

“သူက အကြောင်းမဲ့တော့ သတ်မှာမဟုတ်ပါဘူး”

“ဟုတ်ကဲ့ အကြောင်းတော့ရှိပါတယ်၊ ဒါပေမယ့် အဲသည်အကြောင်းက ဘာမှတော့ အဓိပ္ပါယ်မရှိပါဘူး”

“အေးလေ ဘာပဲဖြစ်ဖြစ် ငါတို့နဲ့လိုက်ခဲ့ပါ၊ ဟိုရောက်မှ အေးအေးဆေးဆေး ပြောပြပေါ့ ဟုတ်လား”

“ဟုတ် . . . ဟုတ်ကဲ့ပါခင်ဗျာ”

ဝူးယို့ကျောင်းက ခေါင်းကို ခပ်သွက်သွက် ညိတ်ပြလိုက်လေသည်။

❋ ❋ ❋



# ဆွေမျိုးသားချင်း

ရွှေနဂါးစခန်းကား တောတွင်းတစ်နေရာတွင် ရှိပေသည်။

လှိုဏ်ကြီးတစ်ခုထဲတွင် ဌာနချုပ်ဖွင့်လှစ်ထားခြင်းဖြစ်ပြီး အဖွဲ့ဝင်အင်အားကလည်း မသေးလှချေ။

ပြောရမည်ဆိုလျှင် ရွှေနဂါးဂိုဏ်းမှာ အဖြူရောင်သိုင်းဂိုဏ်းများနှင့် မပူးပေါင်းလင့်ကစား အနက်ရောင်သိုင်းဂိုဏ်းတစ်ခုတော့ မဟုတ်ချေ။

သိုင်းလောက၏ ကောင်းရာကောင်းကြောင်းကို ထိုသို့နည်းကိုယ့်ဟန်ဖြင့် ဆောင်ရွက်နေသော သီးသန့်သိုင်းဂိုဏ်းတစ်ခုပင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြစ်၍ ရွှေနဂါးဂိုဏ်းက ဝူးယို့ကျောင်းနှင့် ယိလန်းတို့ နှစ်ဦးကို ကောင်းကောင်းမွန်မွန်ပင် ဧည့်ခံခဲ့ပေသည်။

"ကဲ. . . မောင်ရင်တို့နှစ်ယောက်ရဲ့ အကြောင်းကို ပြောပြစမ်းပါဦး"

"ဟုတ်ကဲ့၊ ကျွန်တော်တို့အဖြစ်က သည်လိုပါ"

ထိုသို့ အစချီပြီးနောက် ဝူးယို့ကျောင်းက သူနှင့် ယိလန်းတို့ ကြုံတွေ့ခဲ့ရသည်များကို ပွင့်ပွင့်လင်းလင်း ပြန်ပြောင်းပြောပြလိုက်သည်။

ဝူးယို့ကျောင်းမှာ စကားပြောကောင်းသော လူရွယ်တစ်ယောက် ဖြစ်၍ ရွှေနဂါးဂိုဏ်းချုပ် သံမဏိနဂါးလို့ လုံထင်းဟိုနှင့် သူ၏ကိုယ်ရံတော်နှစ်ယောက်မှာ ငြိမ်သက်စွာပင် နားထောင်နေခဲ့ကြလေသည်။

သူရှင်းပြသည်များ ပြီးဆုံးသွားတော့မှ လုံထင်းဟိုက. .

"ဪ ဒါဆို မင်းကို မုတ်ဆိတ်ဖြူအဘိုးအို လိုက်သတ်တာက သူ့ပြောစကားကို နားမထောင်လို့ပေါ့ ဟုတ်လား"

"ဟုတ်ပါတယ်၊ ဒါကလဲ ယိလန်းကို သိုင်းပညာသင်ပေးတဲ့ အပြစ်ပဲ ရှိတာပါ၊ ပြောမယ်ဆိုရင် သိုင်းတောင် မသင်ရသေးပါဘူး"

"ဘာပဲဖြစ်ဖြစ်ပေါ့လေ၊ သည်အပြစ်လောက်နဲ့ မင်းတို့ကို သတ်ဖို့ ကြိုးစားတယ်ဆိုတာကတော့ သူလွန်တာပေါ့"

လုံထင်းဟိုက သူတို့ဘက်မှ ထောက်ခံသလို ပြောလာ၍



ဝူးယို့ကျောင်းရော ယိလန်းပါ အားတက်သွားမိကြသည်။

"ဒါတင်မကသေးဘူး၊ မုတ်ဆိတ်ဖြူအဘိုးအိုဟာ အင်မတန်မှလဲ ရက်စက်ပါတယ်၊ ကျွန်တော့်ကို လိုက်သတ်ခိုင်းတာ နားမထောင်လို့ဆိုပြီး ကျွန်တော့်အစ်ကိုတွေ ညီတွေကိုလဲ တိုက်ခိုက်ခဲ့ပါသေးတယ်"

"အဲသည်တော့"

"ကျွန်တော့်ညီလေးမိန်ယွင် သေဆုံးသွားတယ်လို့ သိရပါတယ်"

"စိတ်မကောင်းစရာပါပဲ"

"ဟုတ်ပါတယ်ဦး၊ ပိုကြေကွဲဖို့ ကောင်းတာကတော့ သူ့ခမျာ မျက်စိမြင်တဲ့နေ့မှာပဲ သေဆုံးသွားရရှာတာပါ"

လုံထင်းဟိုက စိတ်မကောင်းသော ဟန်ပန်မျိုးဖြင့် ခေါင်းကို ဖြည်းလေးစွာခါသည်။

ပြီးမှ ယိလန်းကို ကြည့်၍. . .

"လွန်ခဲ့တဲ့ ရှစ်နှစ်လောက်တုန်းကလဲ မင်းအဖေကို သတ်ဖြတ်သွားသေးတယ်နော်"

"ဟုတ်ပါတယ်ဦး၊ ဒါကြောင့် ကျွန်မက သူ့ကို ကလဲ့စားချေဖို့ ကြိုးစားနေတာပါ၊ သိုင်းပညာစွမ်း ကွာခြားနေသေးတာကြောင့် မအောင်မြင်သေးပါဘူး"

"မင်းအဖေကလဲ အဖြူရောင်သိုင်းပညာရှင်တစ်ယောက်ပဲ မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် ယိုလွှပါ"

"ဒါဆို သည်အဘိုးကြီးရဲ့လုပ်ရပ်က တော်တော်လွန်နေပြီပဲ"

"သည်လိုပဲ ပြောလို့ ရပါတယ်ဦး။ ဒါပေမယ့်"

"ဒါပေမယ့် ဘာဖြစ်သလဲ"

လုံထင်းဟိုက ဖျတ်ခနဲ သူ့ကို ကြည့်၍မေးသည်။

သည်တော့မှ ဂူးယို့ကျောင်းက. . .

"သူ့ကို ကြိုးကိုင်နေတဲ့ လူတစ်ယောက်က ရှိနေပါသေးတယ်"

"သူ့ကို ကြိုးကိုင်နေတဲ့သူ"

"ဟုတ်ပါတယ်"

ဂူးယို့ကျောင်းက ပြောလက်စနှင့် မထူးတော့ပြီမို့ မိုးယံတောင်မှ သခင်လေး အကြောင်းကိုပါ ပြောပြလိုက်သည်။

"အင်း. . . မင်းပြောသလိုဆိုရင် အဲသည် သခင်လေးက မှတ်ဆိတ်ဖြူအဘိုးအိုထက်တောင် သိုင်းပညာထက်မြက်နိုင်တာပေါ့"

"သည်လိုပဲ ဖြစ်ဖို့ များပါတယ်၊ ဒါမှမဟုတ် သခင်လေးက နိုင်ကွက်တစ်ခု ရှိထားတာလဲ ဖြစ်ကောင်းဖြစ်နိုင်ပါတယ်"

"မင်းပြောတာ ဖြစ်နိုင်ပါတယ်"

ထိုသို့ စကားပြောနေရင်းမှ လုံထင်းဟိုက သူ့ကို သေသေချာချာ ကြည့်ပြီး မျက်မှောင်ကြုတ်သွားသည်။



ပြီးမှ ပျာပျာသလဲဖြင့်. . .

"ဂူးယို့ကျောင်း၊ မင်းလည်ပင်းက ဆွဲကြိုးကို ခဏချွတ်လိုက်စမ်း"

"ဟုတ်. . . ဟုတ်ကဲ့"

ဂူးယို့ကျောင်းက အူကြောင်ကြောင်ဖြင့် ချွတ်ပေးလိုက်လေသည်။

ထိုအခါ. . .

လုံထင်းဟိုက ကျောက်စိမ်းဆွဲပြားပါသော ဆွဲကြိုးလေးကို အသေအချာကြည့်သည်။

ပြီးမှ သူ့ကို ပြန်ကြည့်ကာ. . .

"အဲသည် ဆွဲကြိုးကို မင်း ဘယ်ကရသလဲ ဂူးယို့ကျောင်း"

"ကျွန်တော့်မေမေရဲ့ ဆွဲကြိုး ဖြစ်ပါလိမ့်မယ်၊ ကျွန်တော့်ကိုတွေ့ပြီး မွေးစားကတည်းက သည်ဆွဲကြိုး ပါလာတာလို့ မှတ်ဆိတ်ဖြူအဘိုးအိုက ပြောပါတယ်"

ဂူးယို့ကျောင်းက ပြန်ဖြေပြီးမှ နားမလည်သလို မေးခွန်းထုတ်လိုက်သည်။

"ဒါထက် ဦးက ဘာလို့ မေးတာလဲ"

"ဘာကြောင့် မေးတာလဲဆိုတော့ ငါ့မှာ အဲသည် ဆွဲကြိုးမျိုး ရှိနေလို့ပဲ"

"ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ဟောသည်မှာကြည့်"

ပြောရုံဖြင့် အားမရသေးဘဲ လုံထင်းဟိုက လည်ပင်းမှ သူ့ဆွဲကြိုးကို ချွတ်ပြသည်။

မှန်ပေသည်။

အုံ့ဩဖွယ် ကောင်းလောက်အောင်ပင် သူတို့နှစ်ယောက်၏ ဆွဲကြိုးမှ ကျောက်စိမ်းပြားက တစ်ထေရာတည်း တူညီနေသည်။

"ဒါ. . . ဒါဆို"

"ဟုတ်တယ်၊ မင်းအမေဟာ ငါ့ညီမပဲ ဖြစ်ရမယ်၊ မင်းအမေနာမည်က"

"လုံမေဝါးပါ"

"ဟာ. . . သိပ်သေချာတာပေါ့ကွာ၊ သူဟာ ငါ့ရဲ့တစ်ဦးတည်းသော ညီမလေးပဲ"

"ဒါဖြင့် ဦးလေးက. . ."

"ဟုတ်တယ်၊ ငါက မင်းရဲ့တစ်ဦးတည်းသော ဦးလေးအရင်းခေါက်ခေါက်ပဲ ဝူးယို့ကျောင်း"

ကြားလိုက်ရသော စကားများက ယုံချင်စရာပင် မကောင်းလှပါချေ။

လောကအလယ်တွင် ဆွေမျိုးသားချင်းတစ်ယောက်မျှ မရှိတော့ဟု ထင်မှတ်ထားရာမှ ယခုတော့ ဦးလေးအရင်းခေါက်ခေါက်ကို မမျှော်လင့်ဘဲ လာတွေ့နေရချေပြီ။



ပို၍ ဝမ်းသာစရာကောင်းသည်က သူ့ဦးလေးမှာ သူတို့ကို ကယ်တင်ခဲ့သော ထိပ်တန်းသိုင်းပညာရှင်ကြီးကိုယ်တိုင် ဖြစ်နေခြင်းပင်။

"ဟာ. . . ဝမ်းသာလိုက်တာ ဦးလေးရယ်"

ထို့နောက်. . .

နှစ်ကာလကြာမြင့်စွာ ကွဲကွာနေခဲ့ကြသော တူဝရီးနှစ်ယောက် ဝမ်းပန်းတသာဖြင့် တစ်ဦးကိုတစ်ဦး ပွေ့ဖက်နှုတ်ဆက်လိုက်မိကြသည်။

ယိလန်းနှင့် လုံထင်းဟို၏တပည့်နှစ်ဦးမှာလည်း သူတို့နှစ်ဦးကို ကြည့်ပြီး အံ့ဩဝမ်းသာ ဖြစ်နေကြလေသည်။

ဝူးယို့ကျောင်းနှင့် လုံထင်းဟိုတို့က ခဏနေတော့မှ လူချင်းခွာလိုက်ကာ. . .

"နေပါဦး. . . ဦးရဲ့၊ ကျွန်တော့်မေမေနဲ့ ဦးက ဘာကြောင့် သည်လောက်တောင် အဆက်အသွယ်ပြတ်နေတာလဲ"

"ဒါကတော့ နှစ်ယောက်စလုံးရဲ့ အပြစ်လို့ ပြောရမှာပဲ လူလေးရာ"

"ပြောပါဦး"

"ဦးလေးက မင်းအမေကို ဦးလေးရဲ့သူငယ်ချင်းတစ်ယောက်နဲ့ သဘောတူတယ်၊ ဒါကို မင်းအမေက သဘောမကျဘဲ မင်းအဖေနောက် လိုက်ပြေးသွားတယ်"

"နောက်တော့ရော"

www.burmeseclassic.com

www.burmeseclassic.com



လုံထင်းဟိုက နောင်တရသော မျက်နှာမျိုးဖြင့် သက်ပြင်းချလိုက်သည်။

ပြီးမှ. . .

"နောက်တော့ ဦးလေးက ဒေါ်သဖြစ်ပြီး သူတို့အကြောင်း နားမထောင်ဘူး။ သည်လိုပဲ မင်းအမေကလဲ ဦးလေးဒေါသကို ကြောက်တာကြောင့် တိတ်တိတ်လေး ဇာတ်မြှုပ်နေခဲ့တယ်၊ ဒါပေမယ့် သုံးလေးငါးနှစ်လောက်ကြာတော့ တစ်ဦးတည်းသော ညီမရဲ့ သံယောဇဉ် မပြတ်နိုင်ဘဲ လိုက်လံစုံစမ်းကြည့်မိတယ်၊ ဒါပေမယ့် မင်းမိဘတွေကပဲ အပုန်းကောင်းလို့လား၊ ဒါမှမဟုတ် ဦးလေးကိုယ်တိုင်ကပဲ အရှာညံ့လို့လား မပြောတတ်ဘူး။ ဘယ်လိုမှ စုံစမ်းမရခဲ့ဘူး"

ထိုနေရာအရောက်တွင် လုံထင်းဟိုက စကားကို ခေတ္တရပ်သည်။

ပြီးမှ သူ့ကို စေ့စေ့ကြည့်၍. . .

"ခုမှမမျှော်လင့်ဘဲ မင်းကို ပြန်တွေ့ရတာပဲ၊ ကဲပြောပါဦး၊ မင်းတို့အကြောင်းတွေကို"

ဟု သိချင်သလို ပြန်မေးလာသည်။

ထို့ကြောင့်. . .

ဝူးယို့ကျောင်းက ကိုယ်ဟန်ကို ပြင်လိုက်ရင်းမှ. . .

"ကျွန်တော်သိသလောက် ပြောပြရမယ်ဆိုရင်တော့ ကျွန်တော်တို့မိသားစုဟာ ချောင်ကျတဲ့ ရွာလေးတစ်ရွာမှာ ယာစိုက်ပြီး အသက်မွေးခဲ့ကြပါတယ်၊ ကျွန်တော်တို့ ဘဝဟာ သာသာယာယာ အေးအေးချမ်းချမ်း ရှိခဲ့ကြပါတယ်"



"ဟုတ်ပြီ၊ ဆက်ပြောပါဦး"

"ဒါပေမယ့် ကျွန်တော်တို့ ကံမကောင်းခဲ့ပါဘူး၊ ကျွန်တော် ဆယ်နှစ်သားအရွယ်လောက်မှာ ကျွန်တော်တို့ ခရီးထွက်ရင်း မမျှော်လင့်ဘဲ ဓားပြတစ်စုနဲ့တိုးပြီး အဖေရော အမေပါ ရက်ရက်စက်စက် အသတ်ခံလိုက်ရပါတယ်"

"တောက်. . . ဖြစ်မှဖြစ်ရလေကွာ"

သူ့ဦးလေးလုံထင်းဟိုက မချိတင်ကဲ လေသံဖြင့် ရေရွတ်လိုက်သည်။

ဝူးယို့ကျောင်းကိုယ်တိုင်မှာလည်း ထိုအကြောင်းကို ပြန်ပြောရသဖြင့် သူ့ရင်မှာ ကြေကြေကွဲကွဲ ခံစားနေရလေတော့သည်။

"ဒါနဲ့ မင်းကိုတော့ မသတ်ဘူးပေါ့"

"သူတို့ထဲက ခေါင်းဆောင်က ကျွန်တော့်ကို လွှတ်ပေးလို့ အသက်ချမ်းသာရခဲ့တာပါ၊ သည်လိုနဲ့ လောကအလယ်မှာ ဆွေမရှိ မျိုးမရှိ ယောင်ချာချာ ဖြစ်နေတုန်း မုတ်ဆိတ်ဖြူအဘိုးအိုနဲ့တွေ့ပြီး မိုးယံတောင်ကို ပါသွားတော့တာပါပဲ"

"ဒါဆို မင်း မိုးယံတောင်ကို ပါသွားတာ ကြာပြီပေါ့"

"ဟုတ်ပါတယ် ဦးလေး၊ ကျွန်တော် ဆယ်နှစ်သားလောက်ကတည်းက ရောက်သွားတာဆိုတော့ ဆယ့်နှစ်နှစ်

www.burmeseclassic.com

www.burmeseclassic.com



လောက်တောင် ရှိသွားပါပြီ၊ ခု ကျွန်တော့်အသက်က နှစ်ဆယ့်နှစ်နှစ် ရှိနေပြီလေ"

"အေးလေ ရှိရောပေါ့၊ မင်းအမေနဲ့ ငါ ပြန်မဆုံ ဖြစ်တော့တာ၊ အဲသည်လောက်တောင် ရှိသွားခဲ့ပြီပဲဟာ"

ခုလိုကျပြန်တော့လည်း သူ့ဦးလေးလုံထင်းဟိုကို မြင်ရသည်မှာ ကရုဏာသက်စရာကောင်းလို့ နေပြန်လေသည်။

"အေးလေ. . . ဘာပဲဖြစ်ဖြစ်၊ ငါ့တစ်သက်လုံး ပြန်မတွေ့ရတော့ဘူးလို့ မျှော်လင့်ထားတဲ့ ငါ့ညီမရဲ့မျိုးဆက် ဖြစ်တဲ့လူလေးကို ပြန်တွေ့ရလို့ ဦးအများကြီး ဝမ်းသာပါတယ်၊ မင်းအမေ မရှိတော့ဘူးဆိုတာကို သိလိုက်ရလို့ စိတ်မကောင်း ဖြစ်ရတာကတော့ တစ်ပိုင်းပေါ့လေ"

"ဟုတ်ကဲ့. . . ကျွန်တော်လဲ လောကအလယ်မှာ ဆွေမျိုးရင်းချာ မရှိတော့ဘူးလို့ ယူဆထားရာက မမျှော်လင့်ဘဲ ဦးလေးနဲ့ ပြန်ဆုံရလို့ ဖော်မပြနိုင်လောက်အောင်ကို ဝမ်းသာပါတယ်၊ နောက်ပြီး ဦးလေးက ထိပ်တန်းသိုင်းပညာရှင်ကြီးတစ်ယောက် ဖြစ်နေလို့ ပိုပြီး ဝမ်းသာမိတယ်"

"ကဲ. . . မင်းလဲ စကားပြောရတာ မောရောပေါ့၊ နားချင်နားဦး"

"ဟုတ်ကဲ့. . . ရပါတယ်ဦး"

"ဒါနဲ့ မုတ်ဆိတ်ဖြူအဘိုးအို ကျွေးမွေးထားတဲ့ ကျေးရူးတော့ ရှိနေတယ်နော်"



လုံထင်းဟိုက သူ့ကို ပြောလာရာ ရှုးယို့ကျောင်းက ပြုံးလိုက်ပြီး. . .

"ဒါက စေတနာ မေတ္တာထားပြီး ကျွေးမွေးပြုစုခဲ့တာ မဟုတ်ပါဘူး ဦးလေးရယ်၊ တစ်ချိန်မှာ သူ့ခိုင်းချင်တိုင်းခိုင်းဖို့ ရည်ရွယ်ပြီး ကျွေးမွေးထားတဲ့ သဘောပါ"

"အေး. . . ဟုတ်တယ်၊ သည်စကားကို ငါလဲ ထောက်ခံတယ်၊ သူက မင်းတို့ကို ခိုင်းချင်ရာခိုင်းဖို့ ကျွေးမွေးပြီး သိုင်းပညာသင်ပေးခဲ့တာပဲ ဖြစ်မယ်"

"သိပ်ကို သေချာတာပေါ့ ဦးလေးရယ်၊ သူက ကျွန်တော်တို့အပေါ် တပည့်ဆိုပြီး သံယောဇဉ် မရှိ၊ ညှာလဲမညှာပါဘူး ညီလေးမိန်ယွင်ကို သတ်ပစ်လိုက်တယ်ဆိုတာပဲကြည့်"

"ကျွန်မတို့ကိုလဲ သတ်မလို့လေ၊ အစ်ကိုလတ်ချောင်ဟွာက ကယ်လိုက်လို့သာပေါ့"

ယိလန်းကပါ မနေနိုင်တော့ဘဲ ဝင်ပြောသည်။

သည်တော့မှ လုံထင်းဟိုက မုတ်ဆိတ်ဖြူအဘိုးအိုကျိုင်ဝင်းရှီ၏စိတ်ထားမှန်ကို နားလည်သဘောပေါက်သွားပုံရလေသည်။

ခေါင်းတစ်ချက်ညိတ်ရင်းမှ. . .

"ဟုတ်တယ်၊ တကယ်တော့ မုတ်ဆိတ်ဖြူအဘိုးအိုဟာ ဆရာကောင်းတစ်ယောက် မဟုတ်ဘူး၊ မင်းတို့ကို သူ့အလိုကျ အသုံးချဖို့ပဲ မွေးထားခဲ့တာ၊ ဒါကြောင့် သူ့ကို မင်းတို့ပြန်ငဲ့ညှာဖို့

www.burmeseclassic.com

www.burmeseclassic.com



မလိုဘူး။ စောစောက ငါတွေးတာ လွဲသွားတယ်"

စကားကို ပြန်ပြင်ပြောလာသည်။

ပြီးမှ. . .

"ကဲ. . . မင်းတို့နားလိုက်ကြဦး။ ဦးလေးဆီ ရောက်နေပြီပဲ၊ ဘာမှ အားနာစရာ မလိုဘူး၊ လွတ်လွတ်လပ်လပ်သာ နေကြ ဟုတ်လား"

"ဟုတ်ကဲ့ပါ ဦး"

ထို့နောက်. . .

လုံထင်းဟိုက တဲအတွင်းမှ ထွက်ခွာသွားသည်။

လုံထင်းဟိုနှင့်အတူ သူ၏လက်ရုံးတပည့်နှစ်ယောက်လည်း လိုက်ပါသွားကြသည်။

အခုတော့ တဲထဲတွင် သူတို့နှစ်ဦးသာလျှင် ကျန်တော့သည်။

သည်တော့မှ ယိလန်းက ပြုံးရွှင်သော မျက်နှာလေးဖြင့် ပြောလိုက်သည်။

"ကျွန်မတို့ သိပ်ကံကောင်းတယ်နော် အစ်ကို"

"ဘာလဲ ယိလန်း၊ မုတ်ဆိတ်ဖြူအဘိုးအိုရဲ့လက်က လွတ်မြောက်လာလို့ သည်လို ပြောတာလား"

"ဒါလဲ ပါတာပေါ့လေ၊ နောက်ပြီး ရွှေနဂါးဂိုဏ်းချုပ်က ရှင့်ဦးလေးအရင်း ဖြစ်နေတာကလဲ အံ့ဩစရာကောင်းသလို ဝမ်းသာစရာလဲ ကောင်းတယ်လေ၊ မဟုတ်ရင် ကျွန်မတို့ ရှေ့ရေးက



သေချာလှတာ မဟုတ်ဘူး"

"ကျုပ်က သူ့တူ မဟုတ်ရင်လဲ သူတို့က သတ်တာတော့ မသတ်ပါဘူး ယိလန်း၊ ဘာလို့လဲဆိုတော့ သူတို့က အနက်ရောင်သိုင်းသမားတွေ မဟုတ်ကြဘူးလေ၊ ဒါပေမယ့် တူဝရီးတော်နေတော့ ပိုကောင်းသွားတာပေါ့၊ ကျုပ်တို့ကို ပိုဂရုစိုက်သလို ကျုပ်တို့ကလဲ ဘာမှအားနာစရာ မလိုတော့ဘူးပေါ့"

ဝူးယို့ကျောင်း၏စကားကို ထောက်ခံသလို ယိလန်းက ခေါင်းညိတ်သည်။

ပြီးမှ. . .

"အင်း. . . ကံကြမ္မာရဲ့ ဆန်းကျယ်ပုံကလဲ အတော့်ကို အံ့ဩစရာကောင်းတယ်နော်၊ နှစ်ပေါင်းများစွာ ကွဲကွာနေကြတဲ့ တူဝရီးနှစ်ယောက်ဟာ တွေ့မယ်တွေ့တော့လဲ တိုက်တိုက်ဆိုင်ဆိုင် လာတွေ့ကြတယ်"

"ဟုတ်တယ် ယိလန်း၊ ကျုပ်လဲ အံ့ဩမိတာ ပြောမပြနိုင်လောက်အောင်ပါပဲ၊ မေမေက ကျုပ်ကို ဦးလေးတစ်ယောက်ရှိတယ်လို့ သေသည်အထိ ပြောမသွားခဲ့ဘူး၊ ဒါကြောင့် ကျုပ်က လောကအလယ်မှာ တစ်ကောင်ကြွက်လို့ပဲ ထင်ထားခဲ့တာ"

"ဒါဖြင့် အစ်ကို"

"ပြောပါ ညီမ"

"ကျွန်မတို့ မုတ်ဆိတ်ဖြူအဘိုးအိုကျိုင်ဝင်းရီကို ဘယ်လဲ့ ဗားချေဖို့အတွက် ရှင့်ဦးလေးကို အကူအညီတောင်းရင်ကောင်း

www.burmeseclassic.com

www.burmeseclassic.com



မလား မသိဘူး"

ယိလန်း၏အကြံပြုချက်ကို ဝူးယို့ကောင်းက လေးနက်စွာ စဉ်းစားလိုက်သည်။

ပြီးမှ ခပ်ဆိုင်းဆိုင်း လေသံဖြင့်. . .

"ထိုက်သင့်တဲ့ အကူအညီတော့ တောင်းရမှာပဲ ယိလန်း။ ဒါပေမယ့်. . ."

"ဒါပေမယ့် ဘာဖြစ်သလဲ"

"ဦးလေးကို ကူတိုက်ပေးပါလို့တော့ ကျုပ် မတောင်းဆိုချင်ဘူး"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့လဲဆိုတော့ ကိုယ်စွမ်းကိုယ်စ မရှိသလို ဖြစ်သွားမှာ စိုးရတယ်၊ နောက်ပြီး ကျုပ်ညီ မိန်ယွင်အတွက် ကိုယ်တိုင်ပဲ ကလဲ့စားချေချင်တယ်"

"အင်း. . . ရှင်ပြောတာလဲ ဟုတ်တော့ ဟုတ်တာပဲ၊ ကျွန်မလဲ ဖေဖေ့အတွက် ကိုယ်တိုင်ကိုယ်ကျပဲ ကလဲ့စားချေချင်ပါတယ်၊ ဒါပေမယ့် လောလောဆယ် မယှဉ်သာသေးတာက ခက်တယ်"

ယိလန်းက ခပ်ညည်းညည်းပြောလာသောကြောင့် ဝူးယို့ကျောင်းက မပွင့်တပွင့် ပြုံးလိုက်သည်။

"သိပ်စိတ်မပျက်ပါနဲ့ ယိလန်းရယ်၊ ဦးလေးက ကျုပ်တို့ကို သည်အတိုင်း ကြည့်မနေပါဘူး၊ ကူတော့ ကူညီပေးမှာပါ"



"ရှင်က ဘယ်လိုကူညီမယ် ထင်သလဲ အစ်ကို"

"ဒါကတော့ မကြာခင် သိရမှာပေါ့လေ"

သူကိုယ်တိုင် မသိရသေးသောကိစ္စ ဖြစ်၍ ဝူးယို့ကျောင်းက ထိုမျှသာ ပြန်ပြောလိုက်နိုင်ပေသည်။

❄ ❄ ❄

www.burmeseclassic.com

www.burmeseclassic.com



# အတွင်းအားဆေးလုံး

ဝူးယို့ကျောင်းနှင့် ယိလန်းတို့၏ တွက်ကိန်းကား မလွဲပါချေ။

ရွှေနဂါးကိုက်းဌာနချုပ်ကို ရောက်ရှိပြီး နောက်တစ်နေ့မှာပင် လုံထင်းဟိုက စကားစလာသည်။

"လူလေး"

"ပြောပါ ဦးလေး"

ယခုတစ်ကြိမ်မှာတော့ တဲတွင်းဝယ် သူ့ဦးလေး လုံထင်းဟို၏ကိုယ်ရံတော် သိုင်းသမားနှစ်ယောက်ပင် မရှိချေ။

စုစုပေါင်း သုံးယောက်မျှသာ ရှိသဖြင့် ပိုမိုလွတ်လပ်၍နေပေသည်။



"မင်းတို့က မုတ်ဆိတ်ဖြူအဘိုးအိုကျိုင်ဝင်းရီကို ပြန်ကလဲ့စားချေဖို့ ဆုံးဖြတ်ထားကြတယ် မဟုတ်လား"

"ဟုတ်ပါတယ် ဦးလေး၊ ဆုံးဖြတ်ထားပါတယ်"

"ဒါပေမယ့် မင်းတို့နှစ်ယောက် သွားတိုက်ရင်တော့ သူ့ကို ယှဉ်နိုင်မှာ မဟုတ်ဘူး"

"မှန်ပါတယ် ဦးလေး၊ ဒါကြောင့် ကျွန်တော့်ရဲ့အစ်ကိုနှစ်ယောက်နဲ့ ညီမကို တွေ့အောင် လိုက်ရှာဖို့လဲ စိတ်ကူးထားပါတယ်၊ တစ်ယောက်ကတော့ သေဆုံးသွားပြီလို့ သိရပါတယ်"

"အဲသည် သုံးယောက်နဲ့ မင်းတို့နှစ်ယောက် ပေါင်းပြီး တိုက်ခိုက်ရင်ရော ကျိုင်ဝင်းရီကိုနိုင်မှာ သေချာရဲ့လား"

သူ၏ဦးလေး လုံထင်းဟိုက သူတို့နှစ်ယောက်ကို ကြည့်ကာ သွေးတိုးစမ်းသလို မေးလာသည်။

ထိုအမေးကတော့ တိတိကျကျ ဖြေဆိုရန် ခက်ခဲသော မေးခွန်းတစ်ခုပင်။

သူတို့ငါးယောက် ပူးပေါင်းပြီး မုတ်ဆိတ်ဖြူအဘိုးအိုကျိုင်ဝင်းရီကို တစ်ခါမျှ မတိုက်ခိုက်ခဲ့ရသေးခြင်းကြောင့်ပင် မဟုတ်ပါလား။

သို့ဖြစ်၍ ဝူးယို့ကျောင်းက တွေဝေနေဆဲမှာပင် ယိလန်းက သွက်လက်စွာ ဝင်ဖြေလိုက်သည်။

"ဒါကတော့ တစ်ကြိမ်မှ ယှဉ်ပြိုင်တိုက်ခိုက် မကြည့်ဖူးသေးလို့ ပြောဖို့ ခက်ပါတယ် ဦးလေး၊ ဒါပေမယ့် ငါးယောက်

www.burmeseclassic.com

www.burmeseclassic.com



ပေါင်းပြီး တိုက်ခိုက်တာက နှစ်ယောက်တည်း တိုက်ခိုက်တာ ထက်တော့ အများကြီး ပိုပြီး အခြေအနေ ကောင်းနိုင်ပါတယ်၊ ဘာလို့လဲဆိုတော့ အစ်ကိုကြီးကျန်းတျက်နဲ့ အစ်ကိုလတ်ချောင် ဖွာတို့ကလဲ သိုင်းပညာထက်မြက်ကြပါတယ်"

ထိုစကားအဆုံးတွင် လုံထင်းဟိုက ခေါင်းကို ခပ်လေး လေးညိတ်သည်။

ပြီးမှ...

"မိန်းကလေး ပြောတာ မဆိုးပါဘူး၊ ဒါပေမယ့် မင်းတို့ ငါးယောက် ပြန်ပေါင်းဆုံမိဖို့က မလွယ်ဘူး ထင်ပါတယ်"

"ဒါတော့ မှန်ပါတယ် ဦးလေး၊ သူတို့ကို ပြန်ပေါင်းဆုံမိ ဖို့ဆိုရင်တော့ တစ်နေရာတည်းမှာ ငြိမ်နေလို့ မရဘူး၊ တစ်မြို့ဝင် တစ်မြို့ထွက် လျှောက်နေမှ ဖြစ်မှာပါ၊ ဒါမှလဲ ပြန်တွေ့ဖို့ နီးစပ် လာပါလိမ့်မယ်"

"ဒါပေမယ့် အဲသည်လို လျှောက်သွားနေတုန်း မင်း အစ်ကိုတွေနဲ့ မတွေ့ဘဲ မုတ်ဆိတ်ဖြူနဲ့ သွားတွေ့ရင် ဘယ်လို လုပ်မလဲ"

မူလက ထိုအချက်ကို ထည့်သွင်းမစဉ်းစားထားသော ဝူးယို့ကျောင်းနှင့် ယိလန်းတို့ နှစ်ဦးမှာ ယောင်ချာချာ ဖြစ်သွား ပြီး တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်မိကြလေ သည်။

နောက်တော့မှ ဝူးယို့ကျောင်းက ဦးလေးဖြစ်သူဘက်သို့ လှည့်လိုက်ရင်း...



"မှန်တဲ့အတိုင်း ဝန်ခံရရင်တော့ ကျွန်တော်တို့ သည် အချက်ကို ထည့်ပြီး မစဉ်းစားမိပါဘူး၊ ကျွန်တော်တို့က ရှာဖို့ လောက်ပဲ ဆန္ဒစောနေတာ"

"သည်လို ပေါ့ပေါ့တွေးလို့ မရဘူးလေ၊ ကိုယ့်အန္တရာယ် ကိုတော့ ကိုယ်ထည့်စဉ်းစားရမှာပေါ့"

"ဒါပေမယ့် ဘာပဲဖြစ်ဖြစ် တခြားရွေးချယ်စရာလမ်းလဲ မရှိဘူး၊ ဒါကြောင့် တွေ့ရင်လဲ သေသေကြေကြေ တိုက်ခိုက်ပစ်ဖို့ ပဲ ရှိတော့တာပဲ"

ဝူးယို့ကျောင်းက စိတ်ပေါက်ပေါက်ဖြင့် ပြောလိုက်ရာ လုံထင်းဟိုက ခပ်မိန့်မိန့် ပြုံးလိုက်သည်။

ပြီးမှ...

"သည်လို ရဲရင့်တဲ့ သတ္တိမျိုးကိုတော့ ငါကြိုက်တယ် လူလေး၊ ဒါပေမယ့် မင်းတို့ကို ခုထက် ပိုထက်မြက်အောင်တော့ ငါလုပ်ပေးဖို့ လိုလိမ့်မယ်"

ထိုစကားကြောင့် ဝူးယို့ကျောင်းက ဝမ်းသာသွားမိလေ သည်။

ထို့ကြောင့်...

ပျာပျာသလဲဖြင့်...

"ဘာလဲ ဦးကြီး၊ ကျွန်... ကျွန်တော်တို့ကို သိုင်းပညာ သင်ပေးမလို့လား"

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူးကွ"

"ဗျာ"

"မဟုတ်ဘူးဆိုလို့ သိပ်တော့ စိတ်ပျက်မသွားနဲ့ဦး။ ဦးလေးရှင်းပြမယ်"

"ဟုတ်ကဲ့. . . ပြောပါ ဦးလေး"

ဝူးယို့ကျောင်းနှင့် ယိလန်းတို့က လုံထင်းဟို ပြောလာမည့် စကားများကို စိတ်ဝင်တစားနှင့် နားစွင့်ထားလိုက်ကြလေသည်။

ထိုစဉ်မှာပင်. . .

လုံထင်းဟိုက လေသံ ခပ်အေးအေးဖြင့် သူတို့ကို ရှင်းပြလာသည်။

"သိုင်းပညာ မသင်ပေးဘူးဆိုတာက လူလေးတို့ကို မချစ်လို့ မဟုတ်ဘူး။ ဦးလေးရဲ့ သိုင်းကွက်တွေက လုံ့တိုနှစ်လက်နဲ့ တိုက်ခိုက်မှ အစွမ်းထက်တဲ့ သိုင်းကွက်တွေ ဖြစ်နေတော့ လူလေးတို့လို ဓားသမားတွေနဲ့ ဘယ်လိုမှ မကိုက်ညီဘူး ဖြစ်နေတယ်"

"ဒါတော့ ဟုတ်တယ်"

"အေး. . . ဒါမှမဟုတ် လုံ့တိုကို ပေးကိုင်ပြီး သိုင်းပညာ သင်ပေးရင် ဖြစ်တော့ ဖြစ်တယ်၊ ဒါပေမယ့် သည်သိုင်းကွက်တွေအားလုံး ကြေညက်ကျွမ်းကျင်ဖို့ လနဲ့ချီပြီး အချိန်ယူရလိမ့်မယ်၊ ခုချိန်မှာ အချိန်က သည်လောက် မပေးနိုင်ဘူး။ တစ်လလောက်



ကြာရင် လူလေးရဲ့အစ်ကိုနဲ့ ညီမကို ကျိုင်ဝင်းရိက ရှာတွေ့ပြီး သတ်ပြီး ဖြစ်နေလိမ့်မယ်"

ထိုအပြောကြောင့် ရင်ထိတ်သွားသည့်ကြားမှပင် ဖြစ်နိုင်ချေ ရှိသည်ဟုလည်း ဝူးယို့ကျောင်း လက်ခံလိုက်မိသည်။

ယိလန်းလည်း လက်ခံလိုက်၏။

"ဒါကြောင့် လူလေးတို့ကို ကိုယ်ဖော့ပညာနဲ့ အတွင်းအားတိုးတက်မြင့်မားလာအောင် လုပ်ပေးဖို့ပဲ ဦးလေးဆုံးဖြတ်လိုက်တယ်၊ သည်နှစ်ချက်ကလဲ သိုင်းပညာရှင်တစ်ယောက်အတွက် အရေးကြီးတာပဲ၊ အတွင်းအားမြင့်မားလာရင် မူလတတ်မြောက်ထားတဲ့ သိုင်းကွက်တွေက သုံးဆလောက် ပိုပြီး ထက်မြက်လာနိုင်တယ်လေ၊ လူလေးတို့လဲ သိုင်းပညာရှင်တွေပဲ၊ ဦးလေးပြောနေဖို့တောင် လိုမယ် မထင်ပါဘူး"

"ဟုတ်ကဲ့. . . ဦးလေး ပြောတာ မှန်ပါတယ်၊ ဒါပေမယ့် သည်နေရာမှာ စဉ်းစားစရာ ရှိလာပြီ"

"ဘယ်လိုစဉ်းစားစရာ ရှိတာလဲ"

"ကိုယ်ဖော့ပညာကတော့ ခပ်မြန်မြန်သင်ပေးလို့ ရတယ်ထား၊ အတွင်းအားမြင့်မားဖို့ကတော့ မလွယ်ဘူး ထင်တယ်၊ အတွင်းအားက နှစ်နဲ့ချီ လေ့ကျင့်မှ တိုးတက်မြင့်မားလာတာမျိုးမဟုတ်လား"

ဝူးယို့ကျောင်းက ဦးလေးဖြစ်သူ လုံထင်းဟိုအား ပွင့်ပွင့်လင်းလင်းပင် ထုတ်ဖော်မေးမြန်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့အမေးကို လုံထင်းဟိုက သဘောကျသလို ပြုံးလိုက်သည်။

ပြီးတော့မှ အပြုံးဖြင့်ပင်. . .

“ဦးလေးနားလည်တာတော့ မင်းတို့ကို အတွင်းအားမြင့်မားအောင် လုပ်ပေးမယ်ဆိုလာကတည်းက အတွင်းအားဆေးလုံး ဦးလေးဆီမှာ ရှိနေလို့ ပြောတာလို့ မင်းတို့စဉ်းစားမိဖို့ကောင်းတယ်”

“ဗျာ. . . ဦးလေးမှာ အတွင်းအားဆေးလုံး ရှိတယ်ဟုတ်လား”

“အေး. . . ဟုတ်တယ်၊ ဦးလေးမှာ အတွင်းအားဆေးနှစ်လုံး ရှိတယ်၊ သည်ဆေးနှစ်လုံးကို မင်းတို့နှစ်ယောက်ကို ပေးတိုက်ဖို့ ငါဆုံးဖြတ်ထားပြီးပြီ”

“ဦးလေး တကယ် ပြောတာလားဟင်”

ဝူးယို့ကျောင်းက မယုံမရဲ ပြန်မေးလိုက်ရာ လုံထင်းဟိုက ရယ်မောလိုက်သည်။

သူက ခေါင်းညိတ်၍. . .

“တကယ်ပြောတာပါ လူလေးရာ၊ မင်းက ငါ့တူ ဖြစ်သလို ယိလန်းကလဲ တစ်ချိန်မှာ တူမတော်ရမှာပဲ မဟုတ်လား၊ သည်တော့ မင်းတို့ကိုမှ မတိုက်ရင် ဘယ်သူ့ကို သွားတိုက်ရဦးမှာလဲ”

“ဟာ. . . ဝမ်းသာလိုက်တာ ဦးလေးရယ်”



ဝူးယို့ကျောင်းက ဝမ်းသာအားရဖြင့် လုံထင်းဟို၏လက်ကို ဆုပ်ကိုင်ကာ ပြောလိုက်သည်။

ယိလန်းမှာမူ စောစောက စကားကြောင့် အနည်းငယ်ရှက်ရွံ့သွားပုံတော့ရသည်။

သို့သော်. . .

သူမ၏မျက်နှာပေါ်တွင်လည်း ကြည်နူးကျေနပ်နေဟန်ကတော့ အထင်းသားပင်။

မည်သို့ပင်ဆိုစေ။

သိုင်းပညာ မသင်ပေးသော်ငြားလည်း အတွင်းအားတိုးတက်စေပြီး ကိုယ်ဖော့ပညာလည်း မြင့်မားစေရမည်ဟူသော လုံထင်းဟို၏ကတိစကားကြောင့် ဝူးယို့ကျောင်းနှင့် ယိလန်းတို့နှစ်ယောက်စလုံး ကျေနပ်သွားမိသည်ကား အမှန်ပင် ဖြစ်သည်။

အတွင်းအားနှင့် ကိုယ်ဖော့ပညာ မြင့်မားလာပြီဆိုလျှင်တော့ မုတ်ဆိတ်ဖြူအဘိုးအိုကျိုင်ပင်းရီအား အနိုင်မရသည့်တိုင်အတန်အသင့်တော့ ခုခံတိုက်ခိုက်နိုင်လိမ့်မည်ဟု သူတို့ ယုံကြည်ကြသောကြောင့်ပင် ဖြစ်ပေသည်။

ဤသည်ပင် လုံထင်းဟို၏ စေတနာ ဖြစ်ပေလိမ့်မည်။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



ဝူးယို့ကျောင်းနှင့် ယိလန်းတို့နှစ်ဦးမှာ အတွင်းအား ဆေးလုံးကြောင့် သိသိသာသာပင် အတွင်းအားများ တိုးပွားသွားသလို လုံထင်းဟို သင်ကြားပေးသဖြင့် ကိုယ်ဖော့ပညာတွင်လည်း မြင့်မားလာခဲ့ကြသည်။

ထိုအခါ. . .

ဝူးယို့ကျောင်းနှင့် ယိလန်းတို့က ကျန်းကျက်တို့သုံးယောက်ကို ရှာဖွေရန်အတွက် ဝူးယို့ကျောင်းတို့က လုံထင်းဟိုကို နှုတ်ဆက်ကာ ထိုနေရာမှ ထွက်လာခဲ့ကြသည်။

သို့ဖြင့် မိုးယံတောင် ရှိသော ဟိုပေပြည်နယ်ထဲကို သူတို့ ခြေချခဲ့ကြရပြန်သည်။

နောက်တော့ ဖူချောင်မြို့ထိ ရောက်သွားသည်။

ကျန်းကျက်တို့သုံးယောက်ကို မြင်တွေ့ဖို့ မဆိုထားနှင့် သတင်းပင် စုံစမ်းမရချေ။

သို့ဖြစ်၍ ဖူချောင်မှ စားသောက်ဆိုင်တစ်ခုတွင် စားသောက်ရင်းမှ ဝူးယို့တျောင်းက သူ့စိတ်ကူးကို ယိလန်းအား ထုတ်ပြောလိုက်လေသည်။

"ယိလန်း"

"ရှင်"

"ကျုပ်တို့ သည်နေရာထိ ရောက်လာပြီး အစ်ကိုကြီးကျန်းကျက်တို့ကို တွေ့ဖို့ မဆိုထားနဲ့၊ သတင်းတောင် စုံစမ်းလို့ မရသေးဘူး"



"သည်တော့ အစ်ကိုက ဘယ်လိုလုပ်ချင်လို့လဲ ပြောပါဦး"

"ကျုပ်ကတော့ ဖြစ်ချင်ရာဖြစ်၊ တောင်ပေါ်ကိုပဲ တက်ကြည့်လိုက်ချင်တယ်"

"တောင်ပေါ်ကို"

ယိလန်းက တိုးသက်စွာ ရေရွတ်ကြည့်သည်။

ပြီးမှ သူ့ကို ဖျတ်ခနဲကြည့်ကာ. . .

"ဘာလဲ အစ်ကိုက. . . အစ်ကိုကြီးကျန်းကျက်တို့ သုံးယောက် မိုးယံတောင်ပေါ်မှာပဲ ရှိနေလိမ့်မယ် ထင်လို့လား"

"တိတိကျကျတော့ ပြောလို့ မရဘူးလေ"

"ကျွန်မကတော့ သိပ်မထင်ဘူး၊ သူတို့အားလုံး တောင်ပေါ်က ဆင်းပြေးသွားကြပြီလို့ ကျွန်မတို့နဲ့ တွေ့တုန်းက မုတ်ဆိတ်ဖြူအဘိုးအိုကိုယ်တိုင် ပြောခဲ့တာပဲဟာ"

"သူပြောတာ ဟုတ်ချင်လဲ ဟုတ်ပါလိမ့်မယ်၊ ဘာပဲဖြစ်ဖြစ် ကျုပ်ကတော့ တောင်ပေါ်ပဲ တက်ကြည့်ချင်တယ်၊ အကယ်၍ မုတ်ဆိတ်ဖြူဘိုးဘိုးနဲ့ တွေ့ရင်လဲ သေသေကြေကြေပဲ တိုက်ခိုက်ပစ်လိုက်တော့မယ်၊ ကျုပ်သိပ်ပြီး စိတ်မရှည်ချင်တော့ဘူး"

ဝူးယို့ကျောင်းက စိတ်မြန်သော လူငယ်တစ်ယောက်ပီပီ စောင့်စားရသည်ကို သိပ်စိတ်မရှည်ချေ။

ထို့ကြောင့်. . .

သူ့သဘောထားကို ခပ်ပြတ်ပြတ်ပင် ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ယိလန်းက ခေတ္တမျှ စဉ်းစားဟန်ပြုကာ ငြိမ်သက်နေသည်။

နောက်တော့မှ တစ်စုံတစ်ခုကို ယတိပြတ် ဆုံးဖြတ်လိုက်ဟန်ဖြင့်. . .

"ကောင်းပြီ အစ်ကို၊ အစ်ကို့အစီအစဉ်ကို ကျွန်မ မကန့်ကွက်ပါဘူး။ မိုးယံတောင်ပေါ်ကို ကျွန်မတို့နှစ်ယောက် အတူတူ တက်ကြည့်ကြတာပေါ့"

"မင်းလဲ လိုက်မယ်ပေါ့ ဟုတ်လား ယိလန်း"

"လိုက်ရမှာပေါ့ရှင်၊ တစ်ယောက်သွားမှတော့ တစ်ယောက်က နေခဲ့လို့ ဘယ်ဖြစ်ပါ့မလဲ"

"ဒါဆို ကျုပ်တို့ သည်စားသောက်ဆိုင်က ထတာနဲ့ မိုးယံတောင်ကို သွားကြစို့"

"အစ်ကို့သဘောပါပဲ"

ထို့နောက်တွင် ဝူးယို့ကျောင်းနှင့် ယိလန်းတို့က ဖူချောင်မှ ထွက်ကာ မိုးယံတောင်ဆီကို လာခဲ့ကြသည်။

မိုးယံတောင်ခြေသို့ သူတို့နှစ်ယောက် ရောက်ရှိသွားချိန်တွင် မွန်းတည့်ချိန်သို့ပင် ရောက်ရှိနေပြီ ဖြစ်သည်။

ဤသည်ပင်လျှင် သူတို့နှစ်ယောက် ကိုယ်ဖော့ပညာကို သုံး၍ ပြေးလွှားသွားသောကြောင့် မိုးယံတောင်ကို ထိုမျှ မြန်မြန် ရောက်ရှိသွားခြင်း ဖြစ်သည်။

"ဟင်"



မိုးယံတောင်ခြေကို အရောက်မှာပင် သူတို့ကို ကြေကွဲဖွယ် မြင်ကွင်းတစ်ရပ်က ဆီးကြိုနေ၏။

ယင်းကား သစ်သားမှတ်တိုင်လေးတစ်ခု စိုက်ထူထားသော မြေပုံလေးကို မြင်လိုက်ရခြင်းပင်။

ထိုမြေပုံရှိ သစ်သားမှတ်တိုင်လေးပေါ်တွင်တော့ မိန်ယွင်ဟူသော အမည်ကို ဓားဦးဖြင့် ရေးထိုးထားသည်ကို တွေ့လိုက်ရလေသည်။

"ညီလေးရယ်၊ မင်း တကယ်ပဲ သေဆုံးသွားပြီပဲကိုး"

ကြေကွဲစွာ ရေရွတ်ပြည်တမ်းလျက် ဝူးယို့ကျောင်းက မြေပုံဘေးမှ မြေပြင်ပေါ်သို့ ဒူးထောက်ထိုင်ချလိုက်၏။

ယိလန်းကလည်း စိတ်မကောင်းသော မျက်နှာဖြင့် သူ့ဘေးနားတွင် လိုက်ဒူးထောက်လိုက်လေသည်။

"မုတ်ဆိတ်ဖြူဘိုးဘိုးက ပြောပေမယ့် ဟုတ်ချင်မှ ဟုတ်မယ်လို့ ကျုပ်ကတော့ တွေးထားခဲ့တာ၊ အခုတော့ ကျုပ်လက်မခံလို့ မရတော့ဘူး။ ယိလန်း ညီလေးရဲ့မြေပုံက သက်သေခံနေပြီလေ"

"ကျွန်မလဲ စိတ်မကောင်းပါဘူး အစ်ကို"

ယိလန်းက အားပေးသလို သူ့ပခုံးကို ဆုပ်ကိုင်လိုက်လေသည်။

ဤမြေပုံမှာ သူ၏အစ်ကို ကျန်းကျက်တို့ မြှုပ်နှံသင်္ဂြိုဟ်ပေးသွားသော မြေပုံ ဖြစ်မည်ဟု ဝူးယို့ကျောင်း တွက်ဆလိုက်မိ

www.burmeseclassic.com

www.burmeseclassic.com



လေသည်။

နောက်တော့ သူ၏ဝမ်းနည်းကြေကွဲမှုများက ဒေါသအဖြစ်ကို ရုတ်ခြည်းကူးပြောင်းသွား၏။

"တောက်. . . သူ့ကြောင့် ညီလေးသေရတာ၊ သူ့ကို လုံးဝမကျေဘူး၊ လာ. . . ယိလန်း၊ ကျုပ်တို့ အခုပဲ တောင်ပေါ်ကို တက်ကြမယ်"

"ဟုတ်ကဲ့"

ဒေါသစိတ် ဖုံးလွှမ်းနေသော သူ့ကို ယိလန်းက မတားမြစ်သာပါချေ။

ထို့နောက်. . .

သူတို့နှစ်ယောက်သား မိုးယံတောင်ပေါ် သို့ လျှင်မြန်စွာပင် တက်ရောက်လာခဲ့ကြသည်။

"အစ်ကို တောင်ပေါ်ကို ရောက်ရင် သတိထားနော်၊ ဒေါသကို သိပ်ရှေ့ထားရင် အမှားပါနိုင်တယ်၊ ပြီးတော့ ကျွန်မတို့ ရင်ဆိုင်ရမယ့်သူက ပေါ့သေးသေးလဲ မဟုတ်ဘူး"

"စိတ်ချပါ ယိလန်း၊ သည်လောက်တော့ ကျုပ်နားလည်ပါတယ်"

ဝူးယို့ကျောင်းက လေးနက်သော လေသံဖြင့် ပြန်ပြောလိုက်လေသည်။

မိုးယံတောင်ထိပ်ကား ပကတိပင် တိတ်ဆိတ်ခြောက်ကပ်၍ နေလေသည်။



လူသားဟူ၍ တစ်ဦးတစ်ယောက်မျှ မရှိသော ပုံစံမျိုးပင်. . .

"တောင်က တိတ်ဆိတ်လှချည်လား အစ်ကို၊ သတိတော့ ထားရမယ်နော်"

"ဟုတ်တယ်၊ သည်တောင်ပေါ်မှာ အစ်ကိုကြီးကျန်းကျက်တို့ တစ်ယောက်မှ မရှိတော့တာ သေချာတယ်၊ မုတ်ဆိတ်ဖြူအဘိုးအို ရှိမလား မပြောတတ်ဘူး"

ဝူးယို့ကျောင်းက လိုအပ်လျှင် အချိန်မရွေး တိုက်ခိုက်နိုင်ရန် ဓားကိုပင် ဓားအိမ်ထဲမှ ဆွဲထုတ်ထားလိုက်သည်။

ယိလန်းကလည်း ထိုနည်းတူပင် ဓားကို ဆွဲထုတ်ထားသည်။

ဝူးယို့ကျောင်းနှင့် ယိလန်းတို့က ပထမဆုံး သူတို့နေထိုင်ခဲ့သော တဲကြီးနှစ်လုံးဆီကို သွားကြည့်သည်။

တဲကြီးနှစ်ခုစလုံးမှာ တိတ်ဆိတ်ရှင်းလင်း၍ နေလေသည်။ လူသူနေထိုင်လျက် ရှိသော လက္ခဏာမျိုးကို မတွေ့ရချေ။

"တဲထဲမှာတော့ မရှိဘူး၊ ကျောက်ဂူထဲကိုပဲ သွားကြည့်ရတော့မယ်"

"ကျွန်မတို့ ပိုပြီး သတိထားရမယ်နော်"

"ကျုပ် သိပါတယ်"

သို့ဖြင့် နှစ်ယောက်သား တဲထဲမှ ပြန်ထွက်ကာ ကျောက်

www.burmeseclassic.com

www.burmeseclassic.com



ဂူကြီးဆီ ရောက်သွားကြသည်။

ကျောက်ဂူပေါက် အရောက်တွင် ဝူးယို့ကျောင်းက တစ်စုံတစ်ရာကို သတိရမိလိုက်သည်။

"ယိလန်း"

"ရှင်"

"ကျုပ်တစ်ယောက်တည်း အရင်သွားနှင့်မယ်၊ ပြီးမှ ညီမလိုက်ဝင်ခဲ့"

"ဖြစ်ပါ့မလား အစ်ကို"

ယိလန်းက စိုးရိမ်မကင်းသော လေသံဖြင့် မေးလာလေသည်။

"ဖြစ်ပါတယ် ယိလန်း။ နှစ်ယောက်စလုံး အတူဝင်ရင် အထဲက ဆီးပြီး တိုက်ခိုက်လာတဲ့အခါ တိမ်းရှောင်ဖို့ ခဲယဉ်းတယ်လေ၊ ဒါကြောင့် ကျုပ်တစ်ယောက်တည်း ဝင်နှင့်မယ်၊ ခဏနေမှ ယိလန်း လိုက်ဝင်လာပေါ့ ဟုတ်လား"

"ကောင်းပါပြီ အစ်ကို"

ယိလန်းက စောဒက မတက်ချေ။

သူ့စကားကို နားထောင်ပြီး ကျောက်ဂူအပေါက်ဝတွင်သာ ရပ်ကျန်ခဲ့သည်။

ဝူးယို့ကျောင်းမှာမူ ဓားကို ညာလက်မှ တင်းကြပ်စွာ ဆုပ်ကိုင်လျက်၊ သတိကြီးစွာဖြင့် ဝင်ရောက်လာခဲ့သည်။

မုတ်ဆိတ်ဖြူအဘိုးအိုမှာ ထိပ်တန်းသိုင်းပညာရှင်ကြီး



တစ်ယောက် ဖြစ်၍ သူ့အဖို့ သတိကြီးစွာ ထားနိုင်မှာ တော်ကာကျပေလိမ့်မည်။

သို့သော် သူမျှော်လင့်သလို ဖြစ်မလာချေ။

ကျောက်ဂူသာ ဆုံးသွားသည်။

မုတ်ဆိတ်ဖြူအဘိုးအိုကျိုင်ဝင်းရီကိုမူ သူလုံးဝ မမြင်ရပါချေ။

သို့ဖြစ်၍ ကျောက်ဂူပေါက်ဝဘက်ကို ပြန်လျှောက်လာရာ ကျောက်ဂူထဲ ဝင်လိုက်လာသော ယိလန်းနှင့် မျက်နှာချင်းဆိုင် သွားတိုးသည်။

"ဘယ်လိုလဲ အစ်ကို မတွေ့ဘူးလား"

"ဟုတ်တယ် ယိလန်း၊ သည်တောင်ပေါ်မှာ မုတ်ဆိတ်ဖြူဘိုးဘိုး ရှိမနေတာတော့ သေချာတယ်"

"ဒါဆို ကျွန်မတို့ ဘာဆက်လုပ်ကြမလဲ"

"တောင်ပေါ်က ပြန်ဆင်းပြီး သူတို့ကို လိုက်ရှာဖို့ပဲ ရှိတော့တာပေါ့"

သူ့စကားကို သဘောတူဟန်ဖြင့် ယိလန်းက ခေါင်းညိတ်လိုက်သည်။

"အင်း. . . ခုလောက်ဆို အစ်ကိုကြီးကျန်းကျက်တို့ကို သူလိုက်ရှာနေပြီ ထင်ပါရဲ့"

❄ ❄ ❄

www.burmeseclassic.com

www.burmeseclassic.com



## တိုက်ခိုက်ခြင်း

ထိုအချိန်တွင် မှတ်ဆိတ်ဖြူအဘိုးအိုကျိုင်ဝင်းရီနှင့် မိုးယံတောင်သခင်လေးတို့မှာ ရွှေနဂါးဂိုဏ်းဌာနချုပ် တည်ရှိရာ တောအုပ်ထဲကို ရောက်ရှိနေကြပြီ ဖြစ်လေသည်။

မိုးယံတောင်သခင်လေးမှာ အနက်ရောင်ဝတ်စုံဝတ်ပြီး မျက်နှာပေါ်တွင်လည်း အနက်ရောင်မျက်နှာဖုံး ဝတ်ဆင်ထားသည်။

"ရွှေနဂါးဂိုဏ်းရှိတာ သည်တောအုပ် သေချာတယ်နော် မှတ်ဆိတ်ဖြူဘိုးဘိုး"

"သေချာပါတယ် သခင်လေး။ ကျုပ်ကောင်းကောင်းမှတ်မိတာပေါ့"



"ကောင်းပြီ၊ ဒါဖြင့် ရှေ့ကို ဆက်ဝင်ကြစို့"

သခင်လေးက ပြောပြီး ရှေ့မှလျှောက်သွားရာ မှတ်ဆိတ်ဖြူဘိုးဘိုး ကျိုင်ဝင်းရီလည်း ကပျာကယာပင် ပြေးလိုက်သွားရလေသည်။

အတန်ကြာ တောအုပ်ထဲကို ဝင်မိသည်တွင် သူတို့၏ပတ်လည်မှ ဝတ်စုံနက်ခြောက်ယောက် အလျှိုအလျှိုပေါ်ထွက်ကာသူတို့ကို ဝိုင်းရံလာကြတော့သည်။

"ဩော်. . . ဟိုတစ်ခါလာတဲ့ မှတ်ဆိတ်ဖြူဘိုးဘိုးပါလား၊ တစ်ခါ ရှုံးသွားတာ မမှတ်သေးဘူးနဲ့တူတယ်"

ဝတ်စုံနက်ခြောက်ယောက်ထဲမှ တစ်ယောက်က ခပ်လှောင်လှောင် ပြောသည်။

ထိုအခါ. . .

မိုးယံတောင်သခင်လေး ဖြစ်သော မျက်နှာဖုံးရှင်ဝတ်စုံနက်က အေးစက်စွာ ပြန်မေးလိုက်သည်။

"ခင်ဗျားတို့က ရွှေနဂါးဂိုဏ်းသားတွေလား"

"ဟုတ်တယ်"

"ဒါဖြင့် ခင်ဗျားတို့ဂိုဏ်းဌာနချုပ်မှာ ဝူးယို့ကျောင်း ရှိနေလား"

"သူက ကျုပ်တို့ဂိုဏ်းချုပ်ကြီး သံမဏိနဂါးလို့ လုံထင်းတို့ရဲ့တူအရင်း တော်စပ်တယ်လေ၊ ဒါကြောင့် ကျုပ်တို့က သူ့ကို သခင်လေးလို့ပဲ ခေါ်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဩော်. . . သည်လိုလား"

မျက်နှာဖုံးရှင်သိုင်းသမားက အံ့ဩဟန်ဖြင့် မှတ်ချက်ချလိုက်သည်။

ပြီးမှ. . .

"ထားပါလေ၊ ခု သူတို့ရှိလား"

"မရှိဘူး၊ လွန်ခဲ့တဲ့ တစ်ပတ်လောက်ကပဲ ခရီးထွက်သွားကြတယ်"

"ဘယ်ကိုသွားတာလဲ"

"ဒါတော့ ကျုပ်တို့ မသိဘူး၊ အကယ်၍ သိရင်လဲ ပြောမှာ မဟုတ်ဘူး"

ရွှေနဂါးဂိုဏ်းသား ပြန်ဖြေပုံက အတော်ပင် မာဆတ်ဆတ်နိုင်သည်။

သူတို့နှစ်ယောက်ကို ကြည့်နေပုံကလည်း မနှစ်မြို့သော မျက်နှာထားမျိုး ဖြစ်သည်။

"မယုံနဲ့ သခင်လေး၊ သူတို့ပြောတာ မဟုတ်နိုင်ဘူး၊ ကျုပ်ကတော့ သူတို့ဌာနချုပ်မှာ ဦးယို့ကျောင်းတို့နှစ်ယောက် ရှိနေလိမ့်မယ်လို့ပဲ ယုံကြည်တယ်"

မုတ်ဆိတ်ဖြူဘိုးဘိုးက ဝင်ပြောလိုက်ရာ မျက်နှာဖုံးရှင်သိုင်းသမားက ခေါင်းကို တစ်ချက်ညိတ်လိုက်သည်။

ပြီးလျှင် ရွှေနဂါးဂိုဏ်းသားများအား လှမ်းပြောလိုက်လေသည်။



"ဘာပဲဖြစ်ဖြစ် ခင်ဗျားတို့ဌာနချုပ်ကို ကျုပ်တို့သွားမယ်၊ ဦးယို့ကျောင်းတို့ တကယ် ရှိမရှိကို ရောက်တော့ သိရမှာပါ"

"ဝမ်းနည်းပါတယ်၊ ခင်ဗျားတို့နှစ်ယောက်စလုံး ရှေ့ကို တစ်လှမ်းမှ တိုးခွင့်မရှိပါဘူး"

"ကောင်းပြီ၊ ရွှေနဂါးဂိုဏ်းသားတွေ ဘယ်လောက် အစွမ်းထက်တယ်ဆိုတာ စမ်းသပ်ကြည့်ရသေးတာပေါ့"

မျက်နှာဖုံးရှင် သိုင်းသမားကပြောပြီး ဓားကို လှပစွာ ဆွဲထုတ်လိုက်သည်။

ထိုစဉ်မှာပင် ဂိုဏ်းသားခြောက်ယောက်က သူတို့ကို ဝင်ရောက်တိုက်ခိုက်လာကြတော့သည်။

"ကျား"

"ယား"

မျက်နှာဖုံးရှင်သိုင်းသမားနှင့် မုတ်ဆိတ်ဖြူအဘိုးအိုတို့၏ လှုပ်ရှားမှုကလည်း မြန်သည်။

အထူးသဖြင့် မျက်နှာဖုံးရှင်သိုင်းသမား၏ လှုပ်ရှားမှုက ပိုမြန်သည်။

ရွှေနဂါးဂိုဏ်းသား လေးယောက်ကြားထဲ ရိပ်ခနဲ ဝင်ရောက်သွားသည်နှင့် တစ်ပြိုင်နက် ရွှေနဂါးဂိုဏ်းသား နှစ်ယောက် ပုံလျက်သား လဲကျသွားလေသည်။

"ရှွင်"

"အား"

www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး"

ထိုအခါ. . .

ကျန်နှစ်ယောက်က မျက်နှာဖုံးရှင်သိုင်းသမားကို ဘယ်ညာညှပ်ကာ တိုက်ခိုက်လိုက်ကြသည်။

"ဟိတ်"

"ယား"

သို့သော် မရပါချေ။

သူတို့နှင့် မျက်နှာဖုံးရှင်သိုင်းသမား၏ သိုင်းပညာမှာ မိုးနှင့်မြေပမာ ကွာခြားလွန်းနေပေသည်။

သို့ဖြင့် မျက်နှာဖုံးရှင်သိုင်းသမားက ကိုယ်ကို တိမ်းညွတ်လျက် ညာဘက်မှ ဝတ်စုံနက်၏ရင်ဝကို ခါးဦးဖြင့် ထိုးသွင်းလိုက်သည်။

"စွပ်"

"အ"

တစ်ဆက်တည်းမှာပင် ဘယ်ဘက်မှ ခွေနဂါးဂိုဏ်းသား၏ရင်ဝကိုလည်း ဘယ်လက်ဖြင့် လျှပ်တစ်ပြက် ဝင်ရိုက်လိုက်သည်။

"ဝုန်း"

"အား"

မျက်နှာဖုံးရှင်သိုင်းသမား၏ တိုက်ခိုက်မှုက မြန်ဆန်ပြီး တိကျသလောက် အားလည်းပါသည်။



ထို့ကြောင့်ပင် ခွေနဂါးဂိုဏ်းသားနှစ်ယောက်စလုံးမှာ နေရာတွင် ထပ်မံလဲကျကာ သေဆုံးသွားသည်။

ခွေနဂါးဂိုဏ်းသားလေးယောက်ကို မျက်နှာဖုံးရှင် သိုင်းသမား သုတ်သင်လိုက်သော အချိန်ကာလကား မယုံကြည်စရာကောင်းလောက်အောင်ပင် တိုတောင်းလှပေသည်။

ခွေနဂါးဂိုဏ်းသားများမှာ နေရာမှ တစ်ယောက်မျှ ပြန်ထမလာနိုင်တော့ချေ။

ထိုအချိန်တွင်. . .

မုတ်ဆိတ်ဖြူအဘိုးအို ကျိုင်ဝင်းရှိမှာလည်း ခွေနဂါးဖြူဂိုဏ်းသား တစ်ယောက်ကို သုတ်သင်ခဲ့ပြီး ဖြစ်သည်။

ကျန်တစ်ယောက်က သူ၏ခါးလည်ကို ဖြတ်သိမ်းတိုက်ခိုက်လာလေသည်။

"ဝှစ်"

"ထန်း"

မုတ်ဆိတ်ဖြူအဘိုးအိုကျိုင်ဝင်းရှိက သံတောင်ဝှေးဖြင့် ခံဆောင်ပေးလိုက်သည်။

ထိုအခါ. . .

ခွေနဂါးဂိုဏ်းသားမှာ ဟန်ချက်ပျက်ယွင်းသွားလေသည်။

ဤအခါမှ မုတ်ဆိတ်ဖြူအဘိုးအိုကျိုင်ဝင်းရှိက သံတောင်ဝှေးဖြင့် ဦးခေါင်းကို ရိုက်ချလိုက်သည့်အခါမှာတော့. . .

www.burmeseclassic.com

www.burmeseclassic.com



"ခွပ်"

"အ"

ခွေနဂါးကိုက်းသားမှာ အသံပင် မထွက်နိုင်ပါတော့ချေ။

သူသည် နေရာ၌ပင် လဲကျသေဆုံးသွားလေတော့သည်။

ကျိုင်ဝင်းရှိက. . .

"သခင်လေး အဆင်ပြေတယ် မဟုတ်လား"

ဟု မေးလိုက်သည်။

မျက်နှာဖုံးရှင်သိုင်းသမားက. . .

"ပြေပါတယ် မှတ်ဆိတ်ဖြူဘိုးဘိုး၊ ခွေနဂါးကိုက်းက နာမည်ကြီးသလောက်လဲ မဟုတ်လှပါဘူးဗျာ၊ ကျုပ်ဖြင့် ဘာမှတောင် မလှုပ်ရှားလိုက်ရဘူး"

ဟု ပြော၏။

ကျိုင်ဝင်းရှိက. . .

"ဒါပေမယ့် သခင်လေးက ခွေနဂါးကိုက်းချုပ် သံမဏိနဂါးလှံ လုံထင်းဟိုကိုတော့ သတိထားရမယ်"

မျက်နှာဖုံးရှင်သိုင်းသမားက ဦးခေါင်းကို ညိတ်လိုက်သည်။

နှုတ်မှလည်း. . .

"သည်လောက်တော့ ကျုပ်က နားလည်ပါတယ်ဗျာ"

ဟု ပြောလေသည်။



ကျိုင်ဝင်းရှိနှင့် မျက်နှာဖုံးရှင်သိုင်းသမားတို့ စကားပြော၍ မဆုံးသေးချေ။

သစ်ပင်များ နောက်ကွယ်မှ ခွေနဂါးကိုက်းသား ဆယ်ယောက်ကျော်ကျော်ခန့် ထပ်မံထွက်ပေါ်လာကာ ဝိုင်းရံလိုက်သည်။

"ဩော်. . . လာပြန်ပြီကိုး၊ ကျုပ်က ခင်ဗျားတို့နဲ့ မတိုက်ချင်ဘူး၊ ထိပ်တန်းသိုင်းပညာရှင် အဆင့်မှာရှိတဲ့ ခင်ဗျားတို့ ဂိုဏ်းချုပ်နဲ့မှ ယှဉ်ချင်တာ"

ထိုအခါ. . .

"ရပါတယ်၊ ကျုပ်ကို ယှဉ်ချင်တယ်ဆိုတော့လဲ ခင်ဗျားတို့ရဲ့ ဆန္ဒကို ဖြည့်ဆည်းပေးရသေးတာပေါ့ဗျာ"

"ဟင်"

စကားသံနှင့်အတူ ဝတ်စုံနက်ဝတ်ဆင်ထားသော လူကြီးတစ်ယောက် ဘွားခနဲ ပေါ်လာသည်။

သူ့နောက်မှာတော့ ထုံးစံအတိုင်း လက်ရုံးနှစ်ယောက်က လိုက်ပါလာ၏။

"ခင်ဗျားက ခွေနဂါးကိုက်းချုပ် သံမဏိနဂါးလှံ လုံထင်းဟိုဆိုတာ ထင်ပါရဲ့"

"ဟုတ်ပါတယ်၊ ဒါနဲ့ ခင်ဗျားက မိုးယံတောင်သခင်လေးဆိုတာလား"

မျက်နှာဖုံးရှင်သိုင်းသမားက. . .

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်"

"ခုတစ်လော သိုင်းလောကမှာ နာမည်ကြီးနေတဲ့ မျက်နှာဖုံးရှင်သိုင်းသမားဆိုတာကရော"

"ကျုပ်တစ်ယောက်တည်းပါပဲ"

မျက်နှာဖုံးရှင်သိုင်းသမားက ခပ်အေးအေးပင် ဝန်ခံလိုက်သည်။

❄ ❄ ❄



ထိုသို့ ဝန်ခံလိုက်သည်တွင် ရွှေနဂါးဂိုဏ်းချုပ် ဘီမကိနဂါးလှုံ လုံထင်းဟိုမှာ အနည်းငယ်တော့ အံ့ဩသွားပုံရလေသည်။

"ဩော်. . . ခင်ဗျားက မိုးယံတောင်သခင်လေးဆိုတာပဲကိုး"

"နေပါဦး. . . ကျုပ်အကြောင်း ဝူးယိုကျောင်းက ပြောပြထားတာလား"

"အမှန်ပဲ. . . ကျုပ်တူက ကျုပ်ကို ပြောပြသွားခဲ့တယ်လေ"

လုံထင်းဟိုက တည်တည်ငြိမ်ငြိမ်ပင် ခေါင်းကို ညိတ်ပြလိုက်လေသည်။

ပြီးမှ. . .

"ကျုပ်ညီမက ကျုပ်သဘော မတူတဲ့သူကိုယူပြီး ထွက်ပြေးသွားလို့ ကျုပ်က ပစ်ထားတာ၊ နောက်စိတ်ပြေပြီး ပြန်စုံစမ်းတော့ ဘယ်လိုမှ ခြေရာခံလို့ မရတော့ဘူး၊ သည်လိုနဲ့ပဲ နှစ်ပေါင်းနှစ်ဆယ်လောက် ကြာသွားခဲ့တယ်၊ ခုမှပဲ ကျုပ်တူကို ပြန်တွေ့ရတော့တယ်"

"ဝူးယိုကျောင်းဟာ ခင်ဗျားတူပါလို့ ဘာကြောင့် ခိုင်ခိုင်မာမာ ပြောနိုင်သလဲ"

"မခဲယဉ်းပါဘူး၊ သူ့လည်ပင်းမှာ ကျောက်စိမ်းဆွဲပြားလေး ရှိနေတယ်လေ၊ ဒါကျုပ်ညီမရဲ့ပစ္စည်းပဲ၊ ကျုပ်မှာလဲ သည်

www.burmeseclassic.com

www.burmeseclassic.com



လို ခွဲပြားမျိုး ရှိထားတယ်၊ ဒါထက် ကျုပ်တူကို ခင်ဗျားတွေ့တော့ ဆယ်နှစ်လောက်ပဲ ရှိသေးတယ် မဟုတ်လား"

"ဟုတ်တယ်၊ ကျုပ်က သူ့ကိုခေါ်ပြီး သိုင်းပညာသင်ကြားပေးပြီး ကျွေးမွေးပြုစုထားခဲ့တာ ခုချိန်ထိပဲ"

မုတ်ဆိတ်ဖြူအဘိုးအိုကျိုင်ဝင်းရီက အထက်စီးလေသံဖြင့် ပြောလာ၍ လုံထင်းဟိုက ခပ်ယဲ့ယဲ့ ပြုံးလိုက်သည်။

ပြီးမှ...

"ကျုပ်ကို ကျေးဇူးတင်သင့်တယ်လို့ ဆိုလိုတာလား ကျိုင်ဝင်းရီ၊ ဒါကအကျိုးလိုလို့ ညောင်ရေလောင်းခဲ့တာမျိုးပဲ၊ ကျုပ်တူကို စေတနာမေတ္တာထားပြီး ပြုစုခဲ့တာ မဟုတ်ပါဘူး၊ ခင်ဗျားတို့ ခိုင်းချင်တာ ခိုင်းဖို့ သိုင်းပညာသင်ပေးခဲ့တာပဲ၊ ဒါကြောင့် ကျုပ်တူကို ခိုင်းတာ မလုပ်တာနဲ့ ခုလို လိုက်သတ်ဖို့ ကြိုးစားတာပေါ့"

"ခင်ဗျားပြောတာ မှန်ပါတယ်၊ ဘာပဲဖြစ်ဖြစ် ခင်ဗျားတူကို ကျုပ်တို့လိုချင်တယ်၊ သူ့ကို ခုချက်ချင်းထုတ်ပေးပါ"

"ဝမ်းနည်းပါတယ် မုတ်ဆိတ်ဖြူဘိုးဘိုး၊ ကျုပ်တူနဲ့ ယိုလန်း မရှိကြပါဘူး၊ သူဟာ ကျုပ်ရဲ့တစ်ဦးတည်းသော ဆွေမျိုးရင်းချာတစ်ယောက်ပါ၊ ဒါကြောင့် ရှိခဲ့ရင်လဲ ကျုပ်က လုံးဝထုတ်ပေးမှာ မဟုတ်ဘူး"

"ဒါ ခင်ဗျားရဲ့ နောက်ဆုံးစကားပဲပေါ့ ဟုတ်သလား လုံထင်းဟို"



ထိုစကားကို မျက်နှာဖုံးရှင်သိုင်းသမားက ဝင်မေးလိုက်ခြင်း ဖြစ်သည်။

လုံထင်းဟိုက ခေါင်းကိုသာ ညိတ်လိုက်သည်။

"ဟုတ်တယ်၊ ဒါဟာ ကျုပ်ရဲ့နောက်ဆုံး စကားပဲ"

"ကောင်းပြီ၊ ဒါဆိုရင်တော့ ခင်ဗျားရဲ့သိုင်းပညာ ဘယ်လောက်မြင့်မားတယ်ဆိုတာကို ကျုပ်ကိုယ်တိုင် စမ်းသပ်ကြည့်ရတော့မှာပဲ"

"ကျုပ်ကလဲ အဆင်သင့်ပါပဲ"

ထို့နောက်...

မျက်နှာဖုံးရှင်သိုင်းသမားက လုံထင်းဟိုထံ လွှားခနဲ ခုန်ဝင်လိုက်သည်။

လုံထင်းဟိုကလည်း လျှင်မြန်သွက်လက်၏။

ခါးကြားမှ လုံတိုနှစ်လက်ကို ထုတ်ကာ မျက်နှာဖုံးရှင်သိုင်းသမားအား ဆီးကြိုတိုက်ခိုက်လိုက်၏။

"ယား"

"ဟိတ်"

မျက်နှာဖုံးရှင်သိုင်းသမားကို လုံထင်းဟိုက တိုက်ခိုက်လိုက်စဉ်မှာပင် လုံထင်းဟို၏လက်ရုံးနှစ်ယောက်ကလည်း မုတ်ဆိတ်ဖြူအဘိုးအို ကျိုင်ဝင်းရီကို ဝင်ရောက်တိုက်ခိုက်လိုက်ကြလေသည်။

ထိုနှစ်ယောက်အနက် တစ်ယောက်က နှစ်ဖက်သွားဓား

www.burmeseclassic.com

www.burmeseclassic.com



သမားဖြစ်ပြီး ကျန်တစ်ယောက်ကမူ လှံ့ရှည်ကိုင်သမားပင်။

"ဟိတ်"

"ထန်း"

မုတ်ဆိတ်ဖြူအဘိုးအိုကျိုင်ဝင်းရီက ထိုနှစ်ယောက်ကို ခပ်ပေါ့ပေါ့ သဘောမထားလင့်ကစား သူပင် အနိုင်ရမည်ဟု ရိပ်စားမိနေ၏။

သို့ဖြစ်၍ သံတောင်ဝှေးကို ဝှေ့ယမ်းလျက် ရင်ဝကို ကန့်လန့်ဖြတ် ဝင်လာသော ဓားချက်ကို ခံဆောင်ပေးလိုက်လေသည်။

ထိုစဉ်. . .

လှံ့ရှည်သမားက အမှတ်မထင်ဆိုသလို ညာနံဘေးကို ထိုးသွင်းလာသည်။

ထို့ကြောင့်. . .

မုတ်ဆိတ်ဖြူအဘိုးအိုက လှစ်ခနဲ တိမ်းရှောင်ပေးလိုက်ရသည်။

ပြီးမှ သံတောင်ဝှေးကို မြေတွင် ထောက်ကာ လေတွင် ခုန်တက်၍ ညာခြေကန် ထိချက်ကို ဆန့်ထုတ်လိုက်လေတော့သည်။

"ဝုန်း"

"အား"

ကန်ချက်က လှံ့ရှည်သမား၏ ညာပခုံးကို တည့်မတ်စွာ



ထိသွား၍ လှံ့ရှည်သမား မဟန်နိုင်ချေ။

ယိုင်ယိမ်းပြီး မြေပြင်ပေါ်သို့ ပစ်လဲကျသွားလေတော့သည်။

ကျိုင်ဝင်းရီက ရရှိထားသော အခွင့်အရေးကို လက်လွှတ်မခံပါ။

လွှားခနဲ ခုန်တက်လျှင် လှံ့ရှည်သမားကို ဇာတ်သိမ်းပေးဖို့ ကြိုးစားလိုက်သည်။

သို့သော်. . .

မအောင်မြင်ပါချေ။

ဓားရှည်သမားက သူ၏သံတောင်ဝှေးရိုက်ချက်ကို ကြားထဲမှ ခံဆောင်ပေးလာသည်။

"ထန်း"

"ဟင်"

သည်မှာတင် မုတ်ဆိတ်ဖြူအဘိုးအိုကျိုင်ဝင်းရီက တောင်ဝှေးကို ပြန်ဆွဲယူရင်း ညာခြေဖြင့် နှစ်ဖက်သွားဓားသမား၏ ဘယ်ဒူးဆစ်ကို ကန်ပစ်လိုက်သည်။

"ဖြောင်း"

"အား"

အတွင်းအားချင်း ကွာခြားမှုကြောင့် ထိုရန်သူမှာ ဆောင့်မခံနိုင်ရှာချေ။

မျက်နှာက ရှုံ့မဲ့လျက် မြေပြင်ပေါ်သို့ ခွေညွှတ်ကျသွား

www.burmeseclassic.com

www.burmeseclassic.com



သည်။ သည်တော့မှ မုတ်ဆိတ်ဖြူအဘိုးအိုက သံတောင်ဝှေး ရိုက်ချက်ဖြင့် ခေါင်းကို ရိုက်ချကာ ဇာတ်သိမ်းပေးလိုက်တော့ သည်။

"ခွပ်"

"အ"

ထိုမြင်ကွင်းကို ကြည့်ကာ နှစ်ဖက်သွားဓားသမား၏ မျက်နှာက ဖြူဖပ်ဖြူရော် ဖြစ်သွားသည်။

"ကဲ. . . မင်းအလှည့်ပဲ ကျန်တော့တယ်"

"တောက်. . . ကျုပ်သူငယ်ချင်းအတွက် ခင်ဗျားကို ပြန်သတ်မယ်"

နှစ်ဖက်သွားဓားသမားက ကျယ်လောင်စွာ အော်ဟစ် လိုက်သည်။

ထို့နောက်. . .

သွေးရှူးသွေးတန်း ပုံစံမျိုးဖြင့် ကျိုင်ဝင်းရီကို ဝင်ရောက် တိုက်ခိုက်လာလေတော့သည်။

❄ ❄ ❄



ထိုအချိန်တွင် လုံထင်းဟိုနှင့် မျက်နှာဖုံးရှင်သိုင်းသမား တို့မှာလည်း ပြင်းထန်စွာ တိုက်ခိုက်နေကြပြီ ဖြစ်သည်။

နှစ်ဦးစလုံးမှာ ထိပ်တန်းသိုင်းပညာရှင်များ ဖြစ်ကြသည့် အားလျော်စွာ တိုက်ပွဲကလည်း အဆင့်မြင့်မားလှပေသည်။

လူရိပ်တစ်ရိပ် ခွဲခြားရခက်အောင်ပင် လျင်မြန်စွာ ရွေ့ လျားတိုက်ခိုက်နေကြသကဲ့သို့ လက်နက်ချင်း ထိခတ်မိလိုက် တိုင်း ကျယ်လောင်သော မြည်ဟည်းသံကြီးနှင့်အတူ မီးပွင့်များ ပင် ဖြာထွက်သွားလေ့ရှိသည်။

ရွှေနဂါးဂိုဏ်းသားများမှာ သာမန်အဆင့်မျှသာ ရှိသော သိုင်းသမားများ ဖြစ်၍ မျက်နှာဖုံးရှင်သိုင်းသမားနှင့် သူတို့ဂိုဏ်း ချုပ်လုံထင်းဟိုတို့၏ ယှဉ်ပြိုင်တိုက်ခိုက်မှုများကို သဲကွဲစွာ မမြင် နိုင်ဘဲ ရှိနေကြသည်။

ပြောရမည်ဆိုလျှင် မျက်နှာဖုံးရှင်သိုင်းသမား၏ အတွင်း အားမှာ လုံထင်းဟို၏အတွင်းအားနှင့် သိပ်မကွာလှချေ။

ထို့အတူ. . .

ကိုယ်ဖော့ပညာတွင်လည်း မတိမ်းမယိမ်းလောက်ပင် ဖြစ်သည်။

သို့သော်. . .

သိုင်းပညာတွင်မူ မျက်နှာဖုံးရှင်သိုင်းသမားက အနည်း ငယ် သာလွန်နေ၏။

သို့ဖြစ်၍ သိုင်းကွက်ဆယ်ကွက်မျှ အသုံးပြုပြီးချိန်မှာပင်

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာဖုံးရှင်သိုင်းသမား၏ ပရိယာယ်ပါသော ဓားချက်တစ်ချက်က လုံထင်းဟို၏လက်မောင်းကို ထိရှသွားသည်။

"ရှပ်"

"အ"

လက်မောင်းကို ဓားချက်ထိခံလိုက်ရသည်နှင့် တစ်ပြိုင်နက် လုံထင်းဟိုက ကပျာကယာပင် နောက်သို့ ခုန်ဆုတ်လိုက်၏။

မျက်နှာဖုံးရှင်သိုင်းသမားက သူ့နောက်သို့ လိုက်မလာချေ။

သွေးစွန်းသော ဓားကို ကိုင်ထားရင်းမှ မထိတထိ လေသံဖြင့် သရော်၏။

"ဘယ်လိုလဲ လုံထင်းဟို၊ ခင်ဗျားက ရွှေနဂါးဂိုဏ်းချုပ်ကြီးတစ်ယောက်လုံး ဖြစ်နေပြီး ကျုပ်ကိုတောင် နိုင်အောင် မတိုက်ခိုက်နိုင်ပါလားဗျ၊ ခုဆိုကြည့်စမ်း၊ ခင်ဗျားလက်မောင်းမှာတောင် ဒဏ်ရာရသွားပြီ"

"တိုက်ပွဲက မပြီးသေးပါဘူးလေ"

"ဒါပေမယ့် အဖြေကတော့ ပေါ်နေပါပြီ လုံထင်းဟို၊ ခင်ဗျား ကျုပ်ကို လုံးဝမနိုင်နိုင်ပါဘူး"

မျက်နှာဖုံးရှင်သိုင်းသမားက သေချာပေါက် လေသံမျိုးဖြင့် ပြောလာသောကြောင့် လုံထင်းဟိုမှာ ဒေါသထွက်သွားလေသည်။



မခံချင်စိတ်ကို အရင်းတည်လျက် မျက်နှာဖုံးရှင်သိုင်းသမားကို သေသေကြေကြေ ဝင်ရောက်တိုက်ခိုက်ဖို့ လုံထင်းဟိုက စိတ်ပိုင်းဖြတ်လိုက်သည်။

"ကိုယ့်ကိုယ်ကို သိပ်လဲ အထင်မကြီးစမ်းပါနဲ့၊ ကျုပ်လှံဖျားမှာ အသက်ပါမသွားအောင်ပဲ ကြိုးစားစမ်းပါဦး"

"စမ်းကြည့်ကြသေးတာပေါ့လေ"

ထို့နောက်. . .

လုံထင်းဟိုနှင့် မျက်နှာဖုံးရှင်သိုင်းသမားတို့မှာ ဒုတိယအကြိမ် တိုးဝင်တိုက်ခိုက်လိုက်ကြပြန်၏။

လုံထင်းဟိုက လှံတိုနှစ်လက်ကို အကွက်ကျကျပင် အသုံးချလာသည်။

မျက်နှာဖုံးရှင်သိုင်းသမား၏ ဓားချက်ကို လှံတစ်လက်ဖြင့် ခံဆောင်ပေးပြီး ကျန်တစ်လက်ဖြင့် တိုက်ခိုက်၍ လာလေသည်။

သို့သော်. . .

မျက်နှာဖုံးရှင်သိုင်းသမားမှာလည်း နှယ်နှယ်ရရ မဟုတ်ပါချေ။

နာမည်ကျော် ထိပ်တန်းသိုင်းပညာများကို တစ်ဦးချင်းစီနှံခေါ်တိုက်ခိုက် အနိုင်ယူလာခဲ့သည်။

ထို့ကြောင့်. . .

မျက်နှာဖုံးရှင်သိုင်းသမားက ဘယ်ညာလှံချက်များကို

www.burmeseclassic.com

www.burmeseclassic.com



ဓားအိမ်တစ်ဖက် ဓားတစ်ဖက်ဖြင့်ပင် သွက်လက်စွာ တုံ့ပြန်တိုက်ခိုက်ခဲ့သည်။

"ကျား"

"ဝှစ်"

လုံထင်းဟိုက မျက်နှာဖုံးရှင်သိုင်းသမားအား တိုက်ခိုက်လိုက်ပြန်သည်။

လှံဦးချွန်နှစ်ခု ဝင်ရောက်သွားပုံက ဆန်းကျယ်လှပေသည်။

တစ်ခုက လည်မျိုကို ကျရောက်သွားစဉ်မှာပင် ကျန်တစ်ခုက ဝမ်းဗိုက်ကို ဝေ့ဝဲထိုးဝင်သွားသည်။

သို့သော်. . .

မျက်နှာဖုံးရှင်သိုင်းသမားကလည်း ပါးနပ်လှသည်။

လည်မျိုမှ လှံချက်ကို အလွတ်ရှောင်ကာ ဝမ်းဗိုက်သို့ ထိုးဝင်လာသော လှံချက်ကိုမူ ဓားအိမ်ဖြင့် ခပ်ဆတ်ဆတ် ရိုက်ဖယ်ပစ်လိုက်သည်။

"ထန်း"

ပြီးမှ မျက်နှာဖုံးရှင်သိုင်းသမားက ကိုယ်ကိုတစ်ပတ်လှည့်ကာ ညာဖနောင့်ဖြင့် နောက်ပြန်ကန်ပစ်လိုက်သည်။

"ဖြောင်း"

"အွန့်"

ထိုကန်ချက်က လုံထင်းဟို၏ခါးစောင်းကို ထိသွားလေ



တော့သည်။

ထို့ကြောင့်. . .

လုံထင်းဟိုမှာ ဟန်ချက်ပျက်ကာ ယိမ်းယိုင်သွားလေသည်။

သည်တော့မှ မျက်နှာဖုံးရှင်သိုင်းသမားက ဓားရှည်ဖြင့် လျှပ်တစ်ပြက် ပက်သွင်းကာ တိုက်ခိုက်လိုက်၏။

"ရှပ်"

"အ"

ဓားချက်က ရင်ဝကို ထိသွားခဲ့ရာ သွေးများ ပန်းထွက်လာလေသည်။

ထို့နောက်. . .

နှစ်ယောက်သား မျက်နှာချင်းဆိုင်ပြီး ဓားနှင့်လှံကို ပြိုင်တူ ထိုးသွင်းလိုက်၏။

"ဖွပ်"

"အင့်"

ဤမှာတင် လုံထင်းဟို၏လှံချက်က မျက်နှာဖုံးရှင်သိုင်းသမား၏ချိုင်းအောက်မှ လွဲချော်ထွက်သွားသည်။

မျက်နှာဖုံးရှင်သိုင်းသမား၏ ဓားဦးကမူ လုံထင်းဟို၏ ရင်ဝကို တည့်မတ်စွာပင် စူးနစ်စိုက်ဝင်သွားလေတော့သည်။

ထို့နောက်. . .

ဓားကို ပြန်ဆွဲနုတ်လိုက်သည်တွင် လုံထင်းဟိုမှာ မြေ

www.burmeseclassic.com

www.burmeseclassic.com



ပြင်ပေါ်ကို ခွေခနဲလဲကျကာ သေဆုံးသွားလေသည်။

မုတ်ဆိတ်ဖြူအဘိုးအို ကျိုင်ဝင်းရီကလည်း နှစ်ဖက်သွားမားသမားကို ဇာတ်သိမ်းပေးနိုင်ခဲ့ပြီ ဖြစ်လေသည်။

သို့ဖြစ်၍ ရပ်ကြည့်နေသော ရွှေနဂါးဂိုဏ်းသားများမှာ ကြောက်လန့်တကြားဖြင့် ခြေဦးတည့်ရာ ထွက်ပြေးကုန်ကြ၏။

ထို့ကြောင့်. . .

မျက်နှာဖုံးရှင်သိုင်းသမားက နေရာမှ လွှားခနဲခုန်ကာ ရွှေနဂါးဂိုဏ်းသားတစ်ယောက်ကို ဖမ်းချုပ်ထားလိုက်သည်။

"အား. . . ကျုပ်. . . ကျုပ်ကို ချမ်းသာပေးပါ"

"ကောင်းပြီ၊ ကျုပ်တို့ကို ဌာနချုပ်စခန်း လိုက်ပြ၊ ဒါဆို ခင်ဗျားကို ပြန်လွှတ်ပေးမယ်"

"ဟုတ်. . . ဟုတ်ကဲ့ လိုက်ပြပေးပါ့မယ်"

"ကဲ. . . ဒါဆို ရှေ့ကသွား"

ထို့နောက်. . .

မျက်နှာဖုံးရှင်သိုင်းသမားနှင့် မုတ်ဆိတ်ဖြူအဘိုးအို ကျိုင်ဝင်းရီတို့က ရွှေနဂါးဂိုဏ်းသား၏ ဦးဆောင်မှု နောက်မှ လိုက်သွားရာ ရွှေနဂါးဌာနချုပ်ကို ရောက်ရှိသွားကြသည်။

"ဟာ. . . ရန်သူ"

ရွှေနဂါးဂိုဏ်းဌာနချုပ်တွင် ရှိသော ဂိုဏ်းသားဆယ်ယောက်ခန့်က သူတို့နှစ်ယောက်ကို မြင်သည်နှင့် တရကြမ်း ဝင်ရောက်တိုက်ခိုက်လာကြလေသည်။



"ကျား"

"ယား"

"ချကွာ"

"မလွှတ်စေနဲ့"

တစ်ခဏအတွင်းမှာပင် ထိုလှိုဏ်တစ်ဝိုက်မှာ အော်ဟစ်မာန်သွင်းသံ၊ လက်နက်ချင်း ထိခတ်သံ၊ ညည်းညူသံများဖြင့် ပွတ်လောရိုက်သွားသည်။

သို့သော်. . .

ထိုတိုက်ပွဲက မရှည်ကြာလိုက်ပါချေ။

သိုင်းပညာချင်း ကွာခြားနေသောကြောင့် ရွှေနဂါးဂိုဏ်းသားများမှာ အတုံးအရုံးပင် လဲကျသေဆုံးကုန်ကြလေသည်။

သည်တော့မှ မျက်နှာဖုံးရှင်သိုင်းသမားနှင့် မုတ်ဆိတ်ဖြူအဘိုးအိုကျိုင်ဝင်းရီတို့က လှိုဏ်ကြီးအတွင်းသို့ ဝင်ရှာကြည့်သည်။

သို့သော်. . .

လှိုဏ်ကြီးအတွင်းမှာ သူတို့တွေ့လိုသော ဝူးယို့ကျောင်းကိုရော ယိလန်းကိုပါ လုံးဝရှာမတွေ့ခဲ့ပါချေ။

"လုံထင်းဟို ပြောတာ ဟုတ်တယ် သခင်လေး၊ ဝူးယို့ကျောင်းတို့ သည်နေရာက တကယ်ပဲ ထွက်ခွာသွားကြပုံရတယ်"

"သူတို့ ဘယ်သွားကြတာ ဖြစ်မလဲ"

"ဒါကတော့ ခန့်မှန်းဖို့ ခက်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ခန့်မှန်းရန် မလွယ်ကူသဖြင့် ကျိုင်ဝင်းရီက မယုတ်မလွန်ပင် ပြန်ပြောလိုက်သည်။

မျက်နှာဖုံးရှင်သိုင်းသမားက ခေတ္တမျှ ငြိမ်သက်ကာ စဉ်းစားဟန်ပြုသည်။

ပြီးမှ. . .

"အင်း. . . ကျုပ်တို့ကို အလုပ်ထပ်ပေးပြန်ပြီပေါ့လေ၊ ကျုပ်တို့လိုက်ရှာကြရဦးမယ်"

"သူတို့ကို ရှာတွေ့မယ် ထင်ပါတယ်"

"ကဲ. . . ကျုပ်တို့သွားကြစို့"

ထို့နောက်. . .

မျက်နှာဖုံးရှင်သိုင်းသမားနှင့် မုတ်ဆိတ်ဖြူအဘိုးအိုကျိုင်ဝင်းရီတို့က ပြန်လည်ထွက်ခွာသွားကြလေတော့သည်။

❋ ❋ ❋



ကျန်းကျက်၊ ချောင်ဟွာနှင့် လီပင်းပင်းတို့သုံးယောက်မှာ မိုးယံတောင်ပေါ်မှ ဆင်းလာခဲ့ပြီးနောက် ဘာလုပ်ရမည်မှန်း မသိဘဲ ယောင်ချာချာ ဖြစ်နေခဲ့ကြသည်။

နောက်တော့ ဝူးယို့ကျောင်းတို့နှင့် တွေ့လျှင် ပိုမိုအင်အားတောင့်တင်းသွားနိုင်သည်ဟု စဉ်းစားမိသဖြင့် ဝူးယို့ကျောင်းတို့ကို လိုက်ရှာနေခဲ့ကြသည်။

သို့သော်. . .

ဝူးယို့ကျောင်းတို့ကို တွေ့မြင်ရန် မဆိုထားနှင့်။

သတင်းအစအနပင် စုံစမ်းမရခဲ့ပါချေ။

သို့ဖြင့် မြို့လေးတစ်မြို့နားကို ရောက်လာသည်တွင် ကျန်းကျက်တို့သုံးယောက်မှာ မောပန်းလာသဖြင့် မြို့ပြင်ဇရပ်တစ်ခု၌ ခေတ္တဝင်ရောက် နားခိုနေမိကြသည်။

ထိုဇရပ်ကလေးမှာ သေးငယ်သော်လည်း သေသပ်လှပမှု ရှိသည်။

လေးဖက်လေးတန် အကာအရံများတော့ မရှိပါချေ။

ဇရပ်ပေါ်မှ လှမ်းကြည့်ပါက မြို့ဝင်လမ်းကလေးကိုလည်း ကောင်းစွာ မြင်တွေ့နိုင်ပေသည်။

ထိုသို့ အနားယူနေစဉ်မှာပင် ချောင်ဟွာမှာ ရုတ်တရက်

"အား"

ဟု အော်လိုက်၏။

ထို့နောက်. . .

www.burmeseclassic.com

www.burmeseclassic.com



ကျောက်ထိုင်ခုံပုလေးတွင် ထိုင်နေရာမှ ချောင်ဟွာမှာ ရုတ်ခြည်းပင် အောက်ကို ပြုတ်ကျသွားသည်။

"ဟင်. . . အစ်ကိုလတ်"

"ညီလေး"

ကျန်းကျက်နှင့် လီပင်းပင်းတို့က ကပျာကယာပင် ချောင်ဟွာကို မွေ့ထူလိုက်ကြသည်။

ချောင်ဟွာ၏မျက်နှာမှာ ဝေဒနာတစ်ရပ်ကို ပြင်းထန်စွာ ခံစားနေရဟန်ဖြင့် ခပ်မဲ့မဲ့ ဖြစ်နေ၏။

ကျန်းကျက်က. . .

"ညီလေး ဘာဖြစ်တာလဲ"

ချောင်ဟွာက. . .

"ကျွန်. . . ကျွန်တော် အဲဆိပ်ဒဏ်ကို ခံရပြီနဲ့တူတယ် အစ်ကိုကြီး"

ဟု ပြော၏။

ကျန်းကျက် ထိတ်လန့်သွား၏။

"ဟင်. . . အဆိပ်ဒဏ်"

"ဟုတ်. . . ဟုတ်ပါတယ်"

အဆိပ်ဒဏ်ကို စတင်ခံစားလိုက်ရပြီဆိုသောကြောင့် ကျန်းကျက်ရော လီပင်းပင်းပါ မျက်လုံးပြူးသွားမိကြသည်။

"ကံဆိုးမိုးမှောင်တော့ ကျပြီ ထင်တယ်"

အင်အားက ထပ်မတိုးလာသည့်အပြင် တစ်နေယောက်ပါ



ထပ်လျော့တော့ မလို ဖြစ်နေချေပြီ။

ထို့ကြောင့်. . .

လီပင်းပင်းက ငယ်ရွယ်သူပီပီ ကြံရာမရ ဖြစ်သွားပြီး ကျန်းကျက်ကို ကြည့်လိုက်သည်။

ကျန်းကျက်က စိတ်ရှုပ်သွားသော အမူအရာမျိုးဖြင့် မျက်မှောင်ကြုတ်သည်။

ပြီးမှ. . .

"ငါတို့ကတော့ ဘာမှလုပ်တတ်မှာ မဟုတ်ဘူး ညီမလေး၊ ဘာအဆိပ်ဖြေဆေးမှလဲ ပါတာ မဟုတ်ဘူး"

"ဒါဖြင့်. . ."

"မြို့ထဲဝင်ပြီး သမားတော် လိုက်ရှာရင် ကောင်းမယ် ထင်တယ်"

"လွယ်ပါ့မလား"

"သိပ်တော့ ခဲယဉ်းမှာမဟုတ်ဘူး၊ မြို့ကြီးတစ်မြို့မှာ သမားတော်က တစ်ယောက်မက ရှိမှာ သေချာပါတယ်"

ထိုစဉ်. . .

ချောင်ဟွာက ဝေဒနာကို တင်းခံနေရင်းမှ ဝင်ပြောလာသည်။

"ကျွန်တော်ကတော့ သိပ်မထင်ဘူး အစ်ကိုကြီး၊ သည်အဆိပ်ဟာ သိပ်ပြင်းတယ်၊ သမားတော်တွေ ကုသပေးနိုင်လိမ့်မယ် မထင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဒါကတော့ ကံသေကံမ ပြောလို့ မရပါဘူး ညီမရာ၊ စစ်မရောက်ခင် မြားကုန်နေလို့ မဖြစ်ဘူး။ ဟုတ်သော်ရှိ မဟုတ်သော်ရှိ သမားတော်ကတော့ သွားပင့်ရမှာပဲ၊ သည်ရောက်တော့မှ သူက စမ်းသပ်ကြည့်ပြီး ကုမပေးနိုင်ပါဘူးဆိုရင်လဲ တစ်မျိုးပေါ့မဟုတ်ဘူးလား"

ဟု ပြောလိုက်၏။

ကျန်းကျက်၏စကားက မှန်ပေသည်။

ကုသမပေးနိုင်ဘဲ သည်အတိုင်း ထိုင်ကြည့်နေသည်ထက်သာလျှင် သမားတော်တစ်ဦးဦး သွားပင့်သင့်သည်ဟု လီပင်းပင်းကလည်း ထင်လိုက်မိသည်။

သို့ဖြစ်၍ လီပင်းပင်းက ခေါင်းကို ခပ်သွက်သွက်ညိတ်လိုက်ကာ. . .

"အစ်ကိုကြီးပြောတာ မှန်တယ်၊ ဘာပဲဖြစ်ဖြစ် သည်နည်းကို သုံးရမှာပဲ၊ ကဲ. . . ပြောနေကြာတယ်၊ မြို့ထဲကို အစ်ကိုကြီးသွားမှာလား"

ကျန်းကျက် ခေါင်းညိတ်လိုက်သည်။

"အေး. . . ငါပဲသွားမယ်၊ ညီမလေးက သည်မှာနေပြီး ညီလေးကို ပြုစုထားလိုက်ပါ"

ဟု ပြောလိုက်၏။

လီပင်းပင်းက. . .

"ဟုတ်ကဲ့. . . အစ်ကိုကြီး။ ဒါပေမယ့် ခပ်မြန်မြန်လေး



တော့ ပြန်လာခဲ့နော်"

"စိတ်ချ. . . သမားတော်ရှာတွေ့တာနဲ့ ငါချက်ချင်းခေါ်လာခဲ့မှာပါ၊ ကဲသွားမယ်"

"ဟုတ်ကဲ့"

ကျန်းကျက်က အချိန်မဖြုန်းသင့်သည်ကို နားလည်သဘောပေါက်ထားသည်။

ထို့ကြောင့်. . .

လီပင်းပင်းကို ပြောပြီးသည်နှင့် ဧရပ်ပေါ်မှ လျင်မြန်စွာပင် ခုန်ဆင်းသွားသည်။

နောက်တော့ သူသည် မြို့ဝင်လမ်းကလေးအတိုင်း အပြေးတစ်ပိုင်းပင် ပျောက်သွားလေတော့သည်။

လီပင်းပင်းက ချောင်ဟွာအား. . .

"အစ်ကိုလတ် ခဏလောက်တော့ စိတ်တင်းထားနော်၊ အစ်ကိုကြီးကျန်းကျက် သမားတော်လိုက်ရှာနေပြီ"

ဟု အားပေးလိုက်သည်။

သူမ၏စကားကြောင့် ချောင်ဟွာက အသာအယာ ခေါင်းညိတ်ပြ၏။

သို့သော်. . .

ချောင်ဟွာ၏မျက်နှာက မျှော်လင့်ချက် သိပ်ထားပုံတော့ မရချေ။

ထိုကာလမှာ သူမအတွက်တော့ ရှည်လျားလွန်းလှ

www.burmeseclassic.com

www.burmeseclassic.com



သည်ဟု ထင်ရပေသည်။

အချိန်အတန်ကြာပြီးမှ ကျန်းကျက်တို့ ပြန်ရောက်လာသည်။

ကျန်းကျက်နှင့်အတူ လူကြီးတစ်ယောက် လိုက်ပါလာသည်။

ထို့ကြောင့်. . .

လီပင်းပင်း အားတက်သွား၏။

"သမားတော်ပါလာပြီလား"

"အေး. . .ဟုတ်တယ် ညီမလေး၊ မြို့ထဲမှာ သမားတော် သိပ်မရှိဘူး၊ သည်သမားတော်ကြီးကိုတောင် တောင်းပန်ပန် ပင့်ခဲ့ရတာ"

"ဘာပဲဖြစ်ဖြစ် လိုက်လာတဲ့အတွက်ပဲ ကျေးဇူးတင်လှပါပြီ ဆရာကြီး၊ ကျွန်မတို့ အစ်ကိုကို အမြန်ဆုံးသာ ကုသပေးပါတော့"

လီပင်းပင်းက မေတ္တာရပ်ခံလိုက်သည်တွင် သမားတော်ကြီးက ခေါင်းညိတ်လိုက်သည်။

ပြီးမှ. . .

"ကျုပ်စမ်းသပ်ကြည့်ပေးပါ့မယ်လေ၊ ကုလို့ ရရင်လဲ ကုပေးတာပေါ့"

"ဟုတ်ကဲ့. . .ကျေးဇူးပါပဲ"

ဟု ပြောလိုက်၏။



ထို့နောက်. . .

သမားတော်ကြီးက ချောင်ဟွာကို သေချာနှုန်းစမ်းကြည့်သည်။

သွေးကြောများကိုလည်း လိုက်စမ်း ထောက်ကြည့်လေသည်။

သမားတော်ကြီး၏ပုံစံမှာ ထက်မြက်သော သမားတော်တစ်ယောက်၏ ပုံစံအသွင်ဟန်ပန်မျိုးမို့ လီပင်းပင်းမှာ ချောင်ဟွာအတွက် မဝံ့မရဲ မျှော်လင့်နေမိသည်။

သို့သော်. . .

သူမနှင့် ကျန်းကျက်တို့ စောင့်ကြည့်နေဆဲမှာပင် သမားတော်က ရုတ်တရက် ခေါင်းကို ခါယမ်းလိုက်သည်။

ထိုအခါ. . .

လီပင်းပင်းမှာ လွန်စွာမှပင် စိတ်ပျက်လက်ပျက် ဖြစ်သွားမိလေတော့သည်။

"ဘာလဲ သမားတော်ကြီး၊ အစ်ကိုလတ် အခြေအနေက ကုလို့ မရနိုင်လောက်အောင်ကို ဆိုးဝါးနေလို့လား"

ဟု မေးလိုက်၏။

သမားတော်ကြီးက. . .

"သည်လိုပဲ ပြောရလိမ့်မယ် မိန်းကလေး၊ သူမိထားတဲ့ အဆိပ်က သိပ်ဆန်းတယ်၊ သွေးကြောတွေကို ဒုက္ခကောင်းကောင်းပေးမယ့် အဆိပ်မျိုးပဲ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြော၏။

"အဲသည် အဆိပ်အတွက် ဖြေဆေးက"

"ဝမ်းနည်းပါတယ်၊ ကျုပ်မှာလဲ မရှိပါဘူး၊ အဆိပ်သုံးတဲ့ သူဆီမှာပဲ ရှိကောင်းရှိလိမ့်မယ်၊ ကျန်တဲ့သူဆီမှာတော့ မရှိနိုင်ဘူး၊ မယုံရင် နောက်ထပ် သမားတော်တွေကို ခေါ်ပြကြည့်ပါ၊ သူတို့လဲ သည်အတိုင်းပဲ ပြောကြမှာ သေချာပါတယ်"

သမားတော်၏စကားကြောင့် လီပင်းပင်းမှာ ခေါင်းကို ဖြည်းလေးစွာ ခါယမ်းလိုက်မိသည်။

ဤပုံစံအတိုင်းဆိုလျှင်တော့ ချောင်ဟွာအတွက် မျှော်လင့်ချက်ကား ကုန်ဆုံးသယောက် ဖြစ်နေချေပြီ။

အဆိပ်ဆေးလုံး တိုက်ကျွေးခဲ့သော မှတ်ဆိတ်ဖြူအဘိုးအိုတွင် ဖြေဆေးလုံး ရှိမည် ဖြစ်သော်လည်း သူတို့ကို အဘယ်မှာလျှင် ထုတ်ပေးပါမည်နည်း။

"ခက်တာပဲဗျာ၊ အဆိပ်သုံးတဲ့လူက ကျုပ်တို့ရဲ့ရန်သူ ဖြစ်နေတော့ ဖြေဆေးရဖို့က ဘယ်လိုမှ မဖြစ်နိုင်ဘူး၊ သမားတော်ကြီး ကယ်နိုင်ရင် ကယ်ပါဦး"

ကျန်းကျက်က တောင်းပန်လိုက်ရာ သမားတော်ကြီးက စိတ်မကောင်းဟန်ဖြင့် သက်ပြင်းတစ်ချက်ချလိုက်သည်။

ပြီးမှ သူ့ကို ကြည့်၍...

"ကျုပ်လဲ စိတ်မကောင်းပါဘူး၊ ကျုပ် တကယ့်ကို မကယ်နိုင်လို့ ပြောရတာပါ"



ဟု ပြော၏။

လီပင်းပင်းက...

"ဒါဆို ကျွန်မအစ်ကိုက သေဆုံးရတော့မှာပေါ့ ဟုတ်လား"

"ကျုပ်စမ်းသပ်ကြည့်လို့ ရသလောက်ဆိုရင်တော့ သူ ချက်ချင်းတော့ သေဆုံးမှာ မဟုတ်ဘူး၊ ဒါပေမယ့် သည်လိုမျိုး ဝေဒနာကိုတော့ သူမကြာခဏ ခံစားရလိမ့်မယ်၊ အဲ... နောက်ထပ်နောက်ထပ် တစ်လလောက်ကြာတဲ့အထိ ဆေးမသောက်ရသေးဘူးဆိုရင်တော့ တစ်ကိုယ်လုံးမှာရှိတဲ့ သွေးကြောတွေ ပြတ်တောက်ပြီး မုချသေဆုံးရပါလိမ့်မယ်"

သမားတော်ကြီး၏ပြောစကားမှာ မှတ်ဆိတ်ဖြူအဘိုးအို ကျိုင်ဝင်းရီ၏ပြောစကားနှင့် တစ်ထပ်တည်းကျနေ၏။

ကျိုင်ဝင်းရီကလည်း ဖြေဆေးမသောက်ရလျှင် တစ်ကိုယ်လုံးရှိ သွေးကြောများ ပြတ်တောက်ပြီး သေဆုံးရလိမ့်မည် ဟု ပြောခဲ့ဖူးသည် မဟုတ်ပါလား။

"ထားလိုက်ပါ အစ်ကိုကြီးရာ၊ သမားတော်ကြီးကို ဒုက္ခမပေးပါနဲ့တော့၊ သူကုပေးလို့ ရဘူးလို့ ပြောပြီးပြီပဲဟာ၊ မြန်ချင်ရင် မြန်ပါစေတော့"

ဝေဒနာအနည်းငယ် သက်သာလာပုံရသည့် ချောင်ဟွာက ကြားထဲမှ ဝင်ပြောလာသည်။

ထို့ကြောင့်...

www.burmeseclassic.com

www.burmeseclassic.com



လီပင်းပင်းက...

"ကဲ... သမားတော်ကြီးကို ပြန်ပို့ချင် ပို့လိုက်ပါတော့ အစ်ကိုကြီး"

ဟု ပြောလိုက်သည်။

သမားတော်ကြီးက ကပျာကယာပင်...

"ဟာ... နေပါစေ၊ သိပ်ဝေးတာမှ မဟုတ်ဘဲ၊ ကျုပ် ဘာသာပြန်ပါ့မယ်"

ဟု ပြော၏။

လီပင်းပင်းက...

"ဖြစ်ပါ့မလား သမားတော်ကြီး"

"ဖြစ်ပါတယ် မိန်းကလေးရဲ့၊ ကျုပ်က မင်းရဲ့အစ်ကို ကိုမကယ်နိုင်တဲ့အတွက်ပဲ စိတ်မကောင်း ဖြစ်မိပါတယ်"

"ဒါကတော့ ဘယ်တတ်နိုင်ပါ့မလဲရှင်၊ သူ့ကုသိုလ်လို့ပဲ ပြောရတော့မယ်"

"ကျုပ်က သူ့ကို အချိန်မီ ဖြေဆေးတိုက်နိုင်တဲ့လူ ပေါ် လာပါစေလို့ ဆုတောင်းပေးပါတယ်"

"ကျေးဇူးပါပဲရှင်"

သဘောကောင်းသော သမားတော်ကြီးကို လီပင်းပင်း လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်စကား ပြောလိုက်သည်။

ထို့နောက်...

ဆေးအိတ်ကို ကောက်ယူလိုက်ကာ...



"မြို့ထဲ မဟုတ်တောင် မြို့ဝင်လမ်းအထိတော့ ကျွန်မ လိုက်ပို့ပါရစေ၊ ဒါကိုတော့ မငြင်းပါနဲ့ သမားတော်ကြီး"

ဟု ပြောလိုက်၏။

"ကောင်းပါပြီဗျာ"

ထို့နောက်...

လီပင်းပင်းက သမားတော်ကြီးကို မြို့ဝင်လမ်းထိ လိုက် ပို့ပေးလိုက်သည်။

"ရပါပြီ မိန်းကလေး၊ ကျုပ်ကို ခွင့်ပြုပါဦး"

"ကောင်းပါပြီရှင်"

သမားတော်ကြီးက နေရာမှ ထွက်ခွာသွား၍ လီပင်းပင်း က ဇရပ်ဆီသို့ ပြန်ရန် ခြေဦးလှည့်လိုက်သည်။

ထိုအချိန်မှာပင် မျက်နှာချင်းဆိုင်မှ လျှောက်လာနေ သော လူတစ်ယောက်ကို တွေ့လိုက်ရ၍ လီပင်းပင်း စိတ်လှုပ် ရှားသွားသည်။

"ဟင်... အစ်ကိုချန်ပါလား"

မှန်ပေသည်။

တောလမ်းကလေးအတိုင်း လျှောက်လာနေသူမှာ အခြား မဟုတ်ချေ။

မိန်ယွင်ကိစ္စနှင့် ပတ်သက်ပြီး စကားများကတည်းက ပျောက်ခြင်းမလှ ပျောက်သွားခဲ့သော သူမ၏ချစ်သူ ချန်ဆုံထိုက် ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . . လီပင်းပင်းပါလား"

ချန်ပေ့ထိုက်ကလည်း သူမကို မြင်တော့ အားရဝမ်းသာ လျှောက်လာသည်။

ပြီးမှ အနားရောက်သည်တွင် အမောတကော မေးခွန်းများ ထုတ်လာသည်။

"မင်း တောင်ပေါ်က ဆင်းလာတာလား။ လီပင်းပင်း တစ်ယောက်တည်းလား။ နောက်ပြီး ခုရော ဘယ်ကပြန်လာတာ လဲ"

လီပင်းပင်းက. . .

"ကျွန်မတစ်ယောက်တည်း မဟုတ်ပါဘူး အစ်ကို၊ အစ်ကိုကြီးကျန်းကျက်နဲ့ အစ်ကိုလတ်ချောင်ဟွာတို့လည်း ပါပါတယ်"

"ဟုတ်လား။ ခုရော သူတို့ ဘယ်မှာ ကျန်ခဲ့သလဲ"

"ဟော. . . ဟိုက ဇရပ်လေးမှာ ရှိနေကြပါတယ်ရှင်"

လီပင်းပင်းက လက်ညှိုးလေးထိုးပြလျက် ပြန်ဖြေလိုက် လေသည်။

ထိုအခါ. . .

ချန်ပေ့ထိုက်က မျက်မှောင်ကြုတ်၍ မေးသည်။

"ဒါဖြင့် ညီမတစ်ယောက်တည်း ဘယ်က ပြန်လာတာ လဲ"

လီပင်းပင်း သက်ပြင်းချလိုက်၏။



"သမားတော် ပို့ပြီး ပြန်လာတာပါ"

ဟု ပြောလိုက်လေ၏။

ချန်ပေ့ထိုက် အံ့ဩသွားသည်။

"သမားတော်ပို့တာ

"ဟုတ်ပါတယ်"

"နေပါဦး။ ဘယ်သူ ဘာဖြစ်နေလို့လဲ"

ဟု မေးလာ၏။

ထို့ကြောင့်. . .

လီပင်းပင်းက မနေသာတော့ဘဲ ချောင်ဟွာ အဆိပ်မိ နေခြင်းကို ပြည့်ပြည့်စုံစုံပင် ရှင်းပြလိုက်မိ၏။

"ဟုတ်လား။ ဒါဆို ကျုပ်လိုက်ကြည့်ပါရစေ"

"ကောင်းသားပဲ"

ချန်ပေ့ထိုက်က စတင်တောင်းဆိုလာသောကြောင့် လီပင်းပင်းက ဇရပ်ဆီသို့ ခေါ်ဆောင်၍ သွားခဲ့သည်။

"သူက နောက်ထပ် သမားတော်တစ်ယောက်လား"

ကျန်းကျက်က မေးလိုက်သည်။

ချန်ပေ့ထိုက်ကို မြင်ဖူးသူက မိန်ယွင်တစ်ယောက်သာ ရှိသည်။

ယခု မိန်ယွင်လည်း သေဆုံးသွားခဲ့ချေပြီ။

"ကျုပ်က သမားတော် မဟုတ်ပါဘူး။ လီပင်းပင်းရဲ့ ချစ်သူ ချန်ပေ့ထိုက်ပါ"

www.burmeseclassic.com

www.burmeseclassic.com



လီပင်းပင်း မဖြေခင်မှာပင် ချန်ပေ့ထိုက်က ဝင်ဖြေလိုက်သည်။

ထိုအခါ. . .

ကျန်းကျက်၏မျက်နှာက မကြည်မလင် ဖြစ်သွားလေသည်။

"ကျုပ်ညီကို မျက်စိကွယ်အောင် လုပ်သွားခဲ့တာ ခင်ဗျားပေါ့"

"ဒါကို ထားလိုက်ပါ၊ ဒါတွေက ပြီးသွားခဲ့ပါပြီ၊ မိန်ယွင်လဲ သေဆုံးသွားပြီလို့ သိရတယ်၊ ကျုပ်စိတ်မကောင်းပါဘူး"

"ဒါနဲ့ ခင်ဗျား ဘာလုပ်မလို့လဲ"

"ဟောသည်က ချောင်ဟွာကို ကြည့်ချင်လို့ပါ"

"ခင်ဗျားက ဆေးကုတတ်လို့လား"

"ဆိုပါတော့"

ကျန်းကျက်က သိပ်မလိုလားသော်လည်း လီပင်းပင်း၏မျက်နှာကို ထောက်ထား၍ ကန့်တော့ မကန့်ကွက်ပါချေ။

သည်တော့မှ ချန်ပေ့ထိုက်က ချောင်ဟွာကို စမ်းသပ်ကြည့်သည်။

ပြီးလျှင် အားကိုးတကြီး စောင့်ကြည့်နေသော သူ့မဘက်ကို လှည့်ကြည့်ကာ. . .

"သူ့မိထားတဲ့ အဆိပ်က ပြင်းတယ် ညီမ"

"ဟုတ်ပါတယ် အစ်ကို၊ ဒါကိုတော့ ကျွန်မလဲ သိပါ



တယ်၊ စောစောက သမားတော်ကလဲ သည်အတိုင်း ပြောသွားတာပဲ"

"ဒါပေမယ့် မပူပါနဲ့၊ ကိုယ့်မှာ အဆိပ်ဖြေဆေးလုံး ပါလာပါတယ်"

"ဟင်. . . တကယ် ပြောတာလား"

သူ့မ၏အံ့ဩဝမ်းသာ အမေးကို ချန်ပေ့ထိုက်က ခေါင်းညိတ်လျက် ဖြေသည်။

သို့ရာတွင် ကျန်းကျက်ကတော့ ချန်ပေ့ထိုက်ကို သိပ်ယုံစားပုံ မရပါချေ။

"ဟုတ်ရဲ့လား၊ ကျုပ်ညီကို ညာပြီး အဆိပ်ဆေးတော့ တိုက်မသွားနဲ့နော်၊ ကျုပ်က ခွင့်လွှတ်မှာ မဟုတ်ဘူး"

"ကျုပ်မညာပါဘူး၊ တကယ့် ဖြေဆေးအစစ်ပါ"

"နေပါဦး အစ်ကို၊ သည်ဆေးလုံး သောက်လိုက်ရင် လောလောဆယ် သက်သာသွားမှာလား၊ ဒါမှမဟုတ် အဆိပ်တွေ လုံးဝ ပြေပျောက်သွားမှာလား"

"အဆိပ်တွေ လုံးဝပျောက်ပြယ်သွားမှာပါ ညီမ"

ချန်ပေ့ထိုက်က တည်တည်ငြိမ်ငြိမ် ပြန်ဖြေသည်။

ထိုအခါ. . .

ကျန်းကျက်က ဝင်၍. . .

"ခင်ဗျား မဟုတ်တာနဲ့တော့ လျှောက်ပြောမနေနဲ့နော်၊ ကျုပ်ညီမိထားတဲ့ အဆိပ်က သိပ်ပြင်းတာ၊ တော်ရုံ ဖြေဆေး

www.burmeseclassic.com

www.burmeseclassic.com



လောက်နဲ့ တိုးမှာ မဟုတ်ဘူး"

"ကျုပ်သိပါတယ် ကျန်းကျက်၊ ကျုပ်မှာ ပါလာတဲ့ ဖြေဆေးလုံးကလဲ သိပ်အစွမ်းထက်ပါတယ်၊ ဘယ်လိုအဆိပ်မျိုးကိုမဆို တစ်မုဟုတ်ချင်း ပြေပျောက်စေနိုင်တယ်"

"သည်ဖြေဆေးလုံးကို ခင်ဗျား ဘယ်က ရတာလဲ"

"ကျုပ်အဖေဆီကပါ၊ ကျုပ်အဖေကလဲ နာမည်ကြီးသမားတော်တစ်ယောက်ပဲလေ"

ကျန်းကျက်နှင့် ချန်ပေ့ထိုက်တို့ အချီအချ စကားပြောနေသည်ကို ကြည့်ပြီး ကြားထဲမှ လီပင်းပင်းမှာ အားမလို အားမရ ဖြစ်သွားသည်။

"ကဲပါ အစ်ကိုရယ်၊ ဆေးလုံးက တကယ် စွမ်းတယ်ဆိုရင် အစ်ကိုလတ်ကို ခပ်မြန်မြန်သာ တိုက်လိုက်ပါ၊ ပြီးမှ အေးအေးဆေးဆေး စကားပြောလဲ ရပါတယ်"

ထိုသို့ ဝင်ပြောလိုက်သည်တွင် ချန်ပေ့ထိုက်က တစ်စုံတစ်ခုကို စဉ်းစားမိဟန်ဖြင့် ခေတ္တမျှ ငြိမ်သွားလေသည်။

ပြီးမှ. . .

သူမကို စူးစိုက်ကြည့်ရင်း. . .

"မင်း အစ်ကိုလတ်အတွက် ဖြေဆေးလိုချင်နေသလား လီပင်းပင်း"

"ဘယ်လိုပြောလိုက်တာလဲ အစ်ကိုရယ်၊ လိုချင်တာပေါ့"



"ဒါဆို မင်း ကျုပ်ကို ကတိတစ်ခုတော့ ပေးရလိမ့်မယ်"

"ဘာကတိလဲ"

"ချောင်ဟွာ ကောင်းသွားတာနဲ့ ငါနဲ့အတူတူ လိုက်ခဲ့ပါမယ်ဆိုတဲ့ ကတိပဲ"

"ရှင်"

"ဟင်"

သူမ မမျှော်လင့်သော စကားကို ကြားလိုက်ရ၍ လီပင်းပင်းမှာ လွန်စွာ အံ့ဩသွားသည်။

ထိုစဉ်. . .

အုတ်တိုင်ကို မှီထိုင်နေသော ချောင်ဟွာက ပျာပျာသလဲ ဝင်ပြောသည်။

"မဖြစ်ဘူး ဟေ့လူ၊ ကျုပ်ညီမကိုတော့ ခင်ဗျားနဲ့ မထည့်နိုင်ဘူး"

"ဒါဆို ကျုပ်က ဖြေဆေးပေးမှာ မဟုတ်ဘူး"

"ရပါတယ်၊ ကျုပ်က သေရမှာ မကြောက်ဘူး"

ဟု ပြောလိုက်သည်။

ကျန်းကျက်ကလည်း. . .

"ဟုတ်တယ် ချန်ပေ့ထိုက်၊ ခင်ဗျားပြောတာ မဖြစ်နိုင်ဘူး၊ ကျုပ်တို့က အတူတူပူးပေါင်းပြီး မှတ်ဆိတ်ဖြူအဘိုးကြီးကို ဘလဲ့စားချေဖို့ ရှိနေတယ်၊ ဒါကြောင့် ခုနေ ညီမလေးကို ခင်ဗျား ခေါ်သွားရင် ကျုပ်တို့ရဲ့ အင်အားလျော့သွားမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ဟု ဝင်ပြောသည်။

ချန်မေ့ထိုက်က မပွင့်တပွင့် ပြုံးသည်။

ပြီးမှ. . .

"လီပင်းပင်းကပါ ကူတိုက်တော့ရော မုတ်ဆိတ်ဖြူဘိုးဘိုးကို ခင်ဗျားတို့နိုင်မတဲ့လား"

"ဒါကတော့ ကြိုပြောဖို့ ခက်ပါတယ်၊ ညီလေးဝူးယို့ ကျောင်းတို့နှစ်ယောက်နဲ့ ပြန်ဆုံရင်တော့ တစ်မျိုး ဖြစ်ချင်ဖြစ်သွားနိုင်တယ်"

"ကျုပ်ကတော့ မထင်ဘူး"

ချန်မေ့ထိုက်က ပြောလိုက်သည်။

သူ၏စကားက အထင်သေးသော စကားမျိုး ဖြစ်၍ ချောင်ဟွာက ဒေါသ ဖြစ်သွားပုံရသည်။

"ဘာပဲဖြစ်ဖြစ် ခင်ဗျားသွားတော့ဗျာ၊ ကျုပ်ညီမကို မထည့်နိုင်ဘူးလို့ ကျုပ်တို့ပြောပြီးပြီပဲ"

ဟု ထပ်မံပြောလိုက်သည်။

ထိုအခါ. . .

ချန်မေ့ထိုက်က ခေါင်းညိတ်လိုက်သည်။

ပြီးမှ. . .

"ကောင်းပြီလေ၊ ခင်ဗျားတို့သဘောပါပဲ၊ ကဲ ကျုပ်သွားမယ် ညီမ"

သူက ခပ်ပြုံးပြုံးဆိုလိုက်သည်။



တစ်ဆက်တည်း သူက ဇရပ်ပေါ်မှ ပြန်ဆင်းမည် ပြုလိုက်သည်။

ထို့ကြောင့်. . .

လီပင်းပင်းကပင် ချန်မေ့ထိုက်၏လက်ကို ဖမ်းဆွဲထားလိုက်ရသည်။

နှုတ်မှလည်း. . .

"နေ. . . နေပါဦး အစ်ကို"

ဟု ဟန့်တားလိုက်သည်။

ချန်မေ့ထိုက်က. . .

"ဘာလဲ မင်း ကျုပ်နဲ့အတူတူ လိုက်တော့မယ်လို့ ဆုံးဖြတ်လိုက်ပြီလား"

ဟု မေးလိုက်သည်။

လီပင်းပင်းက. . .

"အဲဒါကိုပဲ ပြောချင်လို့ပါ"

"ကဲ. . . ပြောပါဦး"

"ဟိုလေ. . . သည်လိုလုပ်ပါလား"

"ဘာလိုလဲ"

လီပင်းပင်းက. . .

"အခု အစ်ကိုလက်ကို အဆိပ်ဖြေဆေးလုံးပေးလိုက်ပါ၊ မုတ်ဆိတ်ဖြူဘိုးဘိုးကို ကျွန်မတို့ ကလဲ့စားချေပြီးတာနဲ့ အစ်ကို့နောက်ကို လိုက်ခဲ့ပါ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်၏။

လီပင်းပင်းက ချန်ပေ့ထိုက်ကို ဖျောင်းဖျောင်းဖျဖျ ပြောလိုက်သည်။

ထိုအခါ. . .

ချန်ပေ့ထိုက် တစ်ချက်တွေဝေသွားသည်။

ပြီးမှ. . .

"ဒါက သိပ်မသေချာဘူး လီပင်းပင်း၊ အကယ်၍ တိုက်ပွဲမှာ မင်းကျဆုံးသွားရင် ဘယ်လိုလုပ်မလဲ"

"တောက်. . . နမိတ်မရှိ နမာမရှိတွေ လာပြောနေပြန်ပါပြီ၊ ငါတို့ညီမလေးက ဘာကြောင့် ကျဆုံးရမှာလဲကွ"

ကျန်းကျက်က ဒေါသဖြင့် ဝင်အော်လိုက်သည်။

သည်တော့မှ ချန်ပေ့ထိုက်က. . .

"ကျုပ်က သဘောပြောတာပါ"

"သဘောပြောတာတွေ ဘာတွေ လုပ်မနေနဲ့ ညီမလေးပြောတာ သဘောတူသလား၊ တူရင် ဖြေဆေးမြန်မြန်ပေး၊ မတူရင်လဲ သည်နေရာက ခပ်မြန်မြန်သာ သွားပေတော့"

"ကောင်းပါပြီ၊ ကျုပ်က လီပင်းပင်း မျက်နှာကို ထောက်ထားပြီး ဖြေဆေးပေးခဲ့ပါမယ်၊ ညီမ မင်းကတိတည်ပါစေနော်"

"ဟုတ်ကဲ့. . . စိတ်ချပါ အစ်ကို"

လီပင်းပင်းက ကတိပေးလိုက်သည်တွင် ချန်ပေ့ထိုက်က လီပင်းပင်း၏လက်ထဲသို့ ဆေးလုံးထည့်ပေးလိုက်သည်။



"နေဦး ချန်ပေ့ထိုက်၊ ခင်ဗျား မသွားနဲ့ဦး၊ ကျုပ်ညီတစ်ခုခု ဖြစ်မဖြစ် ကြည့်ရဦးမယ်"

"ကောင်းပါပြီ"

ကျန်းကျက် စကားကို ချန်ပေ့ထိုက်က စောဒက မတက်ပါချေ။

ခပ်ပြုံးပြုံးဖြင့် သူက ဇရပ်ပေါ်တွင် တက်ရပ်နေလေသည်။

ထို့နောက်. . .

လီပင်းပင်းက အချိန်မဖြုန်းတော့ချေ။

သူမက အဆိပ်ဖြေဆေးလုံးလေးကို ချောင်ဟွာအားတိုက်လိုက်သည်။

တစ်စုံတစ်ခု ဖြစ်လေမည်လားဟူသော အတွေးဖြင့် လီပင်းပင်းမှာ ရင်တထိတ်ထိတ် ဖြစ်နေသည်။

ချောင်ဟွာသာ မတော်တဆ သေဆုံးသွားလျှင် ကျန်းကျက်က ချန်ပေ့ထိုက်ကို သေသေကြေကြေ ဝင်ရောက်တိုက်ခိုက်တော့မှာ သေချာသည်။

သို့သော်. . .

သူမ ဆုတောင်း ပြည့်ခဲ့ပါသည်။

အကြောင်းမှု အဆိပ်ဖြေဆေးလုံးသောက်ပြီး မကြာမီမှာပင် ချောင်ဟွာ၏မျက်နှာက သွေးရောင်လွှမ်းလျက် ပြန်ပြီးရွှင်ရွှင် ဖြစ်လာသောကြောင့်ပင်. . .

www.burmeseclassic.com

www.burmeseclassic.com



"ညီလေး ဘယ်လိုနေလဲ"

"ကောင်းတယ်. . . အစ်ကိုကြီး၊ နေလို့ အရမ်းကောင်းသွားပြီ၊ ဖြေဆေးက အစစ်ပဲ ဖြစ်လိမ့်မယ်"

ချောင်ဟွာက ပြောလာသည်တွင် ချန်ပေ့ထိုက်က ဘယ်နှယ်ရှိစဟူသော အကြည့်မျိုးဖြင့် ကျန်းကျက်ကို လှမ်းကြည့်လိုက်သည်။

"ကျုပ်သွားလို့ ရပါပြီနော်"

"ရပါပြီ"

"ဒါဆို အားလုံးပဲ ကျုပ်ကို ခွင့်ပြုပါဦး"

"ကောင်းပါပြီ"

"လီပင်းပင်း ကျုပ်သွားမယ်"

"ဟုတ်ကဲ့"

"မင်း ကတိပေးထားတာကိုတော့ မမေ့နဲ့နော်"

"စိတ်ချပါ"

ချန်ပေ့ထိုက်က သတိပေးစကား ပြောပြီးသည်နှင့် ဇရပ်ပေါ်မှ ခုန်ဆင်းသွားလေတော့သည်။

"ညီမလေး တကယ်ပဲ သူ့နောက်ကို လိုက်သွားတော့မှာလား"

"ဒါက ဖြည်းဖြည်းမှပါ အစ်ကိုလတ်ရယ်၊ လောလောဆယ် အစ်ကိုလတ် အသက်ရှင်ခွင့်ရသွားပြီ၊ ဒါက ဝမ်းသာစရာပဲ မဟုတ်လား"



ချောင်ဟွာက ခေါင်းကို ခပ်လေးလေးညိတ်ပြလေသည်။

ချောင်ဟွာမှာ အသက်ရှင်ခွင့်ရသဖြင့် ဝမ်းသာသွားသော်လည်း သူမ ခွဲခွာသွားတော့မည့် အရေးကိုမူ လိုလားဟန်မတူချေ။

ထိုစဉ်. . .

ကျန်းကျက်က ဝင်ပြောလိုက်သည်။

"နောက်ကိစ္စကို အသာထား ချောင်ဟွာ၊ လောလောဆယ် မင်းအသက်ရှင်သွားပြီ၊ သည်တော့ ငါတို့လုပ်စရာ နှစ်ခုပဲ ကျန်တော့တယ်"

"နှစ်ခု"

"ဟုတ်တယ်လေ၊ ပထမတစ်ခုက ဗူးယို့ကျောင်းတို့ကို တွေ့အောင် လိုက်ရှာဖို့နဲ့၊ နောက်တစ်ခုက မုတ်ဆိတ်ဖြူဘိုးဘိုး ကျိုင်ဝင်းရှိကို ညီလေးမိန်ယွင်ကိုယ်စား ငါတို့က ကလဲ့စားပြန်ချေဖို့ပဲပေါ့၊ ငါပြောတာ ဟုတ်တယ် မဟုတ်လား"

ကျန်းကျက်၏စကားအဆုံးမှာတော့ လီပင်းပင်းနှင့် ချောင်ဟွာတို့က ခေါင်းများကို ပြိုင်တူပင် ပြန်ညိတ်ပြလိုက်ကြပါတော့သည်။

❄ ❄ ❄

www.burmeseclassic.com

www.burmeseclassic.com



ဝူးယို့ကျောင်းနှင့် ယိလန်းတို့ နှစ်ဦးမှာ မိုးယံတောင်မှ ပြန်ဆင်းလာပြီးနောက် ကျန်းကျက်တို့သုံးယောက်ကို တစ်မြို့ဝင် တစ်ရွာထွက် လိုက်လံရှာဖွေနေခဲ့ကြသည်။

ထိုသို့ ရှာဖွေနေရင်း တစ်ရက်မှာတော့ ရွှေနဂါးဂိုဏ်းသား တစ်ယောက်ကို မမျှော်လင့်ဘဲ သွားတွေ့လေတော့သည်။

"ဟင်. . . သခင်လေး"

"ဩော်. . . ခင်ဗျားပါလား၊ ဘာလဲ ဦးလေးက တာဝန်ပေးလိုက်လို့လား"

"မဟုတ်ပါဘူး၊ ကျွန်တော်တို့ ရွှေနဂါးဂိုဏ်းက ပြိုပျက်သွားပါပြီ၊ ဒါကြောင့် ကျွန်တော် ရပ်ရွာကို ပြန်ပြီး လယ်လုပ်စားမလို့ပါ"

"နေစမ်းပါဦး၊ ရွှေနဂါးဂိုဏ်းက ဘယ်လိုလုပ်ပြီး ပျက်သွားတာလဲ၊ ကျုပ်ဦးလေး စိတ်မပါလို့ ဂိုဏ်းကို ဖျက်လိုက်တာလား"

"ဟင်. . . သခင်လေး ဒီအကြောင်းတွေ တကယ်ပဲ မသိသေးဘူးလား"

ဝူးယို့ကျောင်းသည် ခေါင်းခါယမ်းလိုက်သည်။

သည်တော့မှ ရွှေနဂါးဂိုဏ်းသားက မိုးယံတောင်သခင်လေးနှင့် မှတ်ဆိတ်ဖြူအဘိုးအိုကျိုင်ဝင်းရီတို့ လာရောက်တိုက်ခိုက်သည့်အကြောင်း ရှင်းပြလိုက်လေသည်။

"ဟင်. . . ဒါဆို ကျုပ်ဦးလေးလဲ သေဆုံးသွားပြီပေါ့



ဟုတ်လား"

ဝူးယို့ကျောင်းက တုန်လှုပ်စွာ မေးလိုက်ရာ ရွှေနဂါးဂိုဏ်းသားက မျက်နှာသေဖြင့်. . .

"ဟုတ်တယ် သခင်လေး၊ ဂိုဏ်းချုပ်ကြီး အပါအဝင် အားလုံးလောက် နီးပါးကို ကျဆုံးသွားခဲ့ကြပါတယ်၊ ထွက်ပြေးလွတ်မြောက်ခဲ့သူက ကျုပ်အပါအဝင် နည်းနည်းပါးပါးပဲ ရှိပါတယ်၊ ဒါကြောင့် ရွှေနဂါးဂိုဏ်းဟာ လုံးဝပြိုကွဲပျက်စီးသွားပြီလို့ ကျုပ်ပြောတာပါ"

"ဖြစ်မှ ဖြစ်ရလေ"

"ကဲ. . . ကျုပ်ကို ခွင့်ပြုပါဦး သခင်လေး"

"ကောင်းပါပြီ"

ရွှေနဂါးဂိုဏ်းသားက သူ့ကို နှုတ်ဆက်ထွက်ခွာသွားသော်လည်း ဝူးယို့ကျောင်းမှာမူ နေရာတွင်သာ ကျောက်ရုပ်တစ်ရုပ်လို ငြိမ်သက်စွာ ကျန်ခဲ့သည်။

လောကတွင် တစ်ဦးသော ဆွေမျိုးရင်းချာ ဖြစ်သည့် သူ့ဦးလေးသည် သေဆုံးသွားလေပြီ။

ဝူးယို့ကျောင်းမှာ ယူကြုံးမရ စိတ်နှင့်အတူ ဒေါသလည်း ထွက်သွားလေသည်။

ယိလန်းက. . .

"ဦးလေးသေဆုံးသွားလို့ ယိလန်းလည်း စိတ်မကောင်းပါဘူး၊ ဦးလေးက ကျွန်မတို့ကို သိုင်းပညာသင်ပေးတဲ့ ကျေးဇူး

www.burmeseclassic.com

www.burmeseclassic.com



ရှင်တစ်ယောက်ပါပဲလေ"

"မင်းခံစားရတာထက် ငါပိုခံစားရပါတယ်၊ ဘာလို့လဲဆို တော့ သူက လောကမှာ ငါ့ရဲ့တစ်ဦးတည်းသော ဆွေမျိုးရင်း ချာဖြစ်နေတယ်လေ"

"ကျွန်မ ကိုယ်ချင်းစာနိုင်ပါတယ်"

"ဘာပဲဖြစ်ဖြစ်လေ၊ သူတို့ကို ကလဲ့စားချေဖို့ ပိုပြီးဆန္ဒ ပြင်းပြသွားပြီ၊ စောစောကလူ ပြောစကားအရဆိုရင် ဦးလေးကို သတ်သွားတာ မုတ်ဆိတ်ဖြူအဘိုးအိုနဲ့ မိုးယံတောင်သခင်လေး တဲ့"

"နှစ်ယောက်စလုံးကို ကျွန်မတို့ ကလဲ့စားချေရမှာပါပဲ လေ"

"သိပ်မှန်တာပေါ့၊ ကဲ ကိုယ်တို့ ခရီးဆက်ကြမယ်၊ အစ် ကိုကြီးကျန်းကျက်တို့ကိုလည်း တွေ့ချင်လှပြီ"

ဗူးယို့ကျောင်းတို့ ကဲကောင်းခဲ့ပါသည်။

အကြောင်းမှုကား နောက်နှစ်ရက်ခန့်အကြာတွင် မြို့က လေးတစ်မြို့၌ သူတို့ တွေ့ချင်လှသော ကျန်းကျက်တို့သုံးယောက် အား တွေ့လိုက်ရသောကြောင့်ပင် ဖြစ်လေသည်။

"ဟင်. . . အစ်ကိုကြီး၊ အစ်ကိုလတ်နဲ့ ညီမလေး"

"ဟာ. . . ညီလေး"

"အစ်ကိုလေး"

သူတို့အားလုံး ပျော်ရွှင်သွားကြလေသည်။



ထို့နောက်. . .

သူတို့သည် တွေ့ကြုံခဲ့သည်များကို အစ်ကိုကြီးကျန်း ကျက်ကို ပြောပြလိုက်လေသည်။

ထို့အတူ ကျန်းကျက်တို့ကလည်း သူတို့ တွေ့ကြုံခဲ့သည် များကို ပြန်၍ပြောပြလေသည်။

"ဒါဆို အစ်ကိုလတ် အသက်ရှင်တာ ချန်ပေ့ထိုက်ကျေး ဇူးပဲပေါ့"

"အဲဒီလိုပဲ ပြောရမလိုဖြစ်နေပြီပေါ့ ညီလေးရာ၊ ဒါပေ မယ့် သူ့ကို ကျေးဇူးရှင်လို့ ပြောရဖို့ကျတော့လည်း ခက်နေ ပြန်တယ်၊ ဘာလို့လဲဆိုတော့ သူက ညီမလေးကို လိုချင်လို့ အဆိပ်ဖြေဆေးပေးတဲ့ ပုံမျိုးရောက်နေတယ် မဟုတ်လား"

ချောင်ဟွာက လေးနက်သောလေသံဖြင့် ပြောလာ သည်။

ထိုစကားကိုတော့ ဗူးယို့ကျောင်းလည်း လက်ခံပါသည်။

"ဟုတ်တယ်၊ သူ့ကိုကျေးဇူးတင်ဖို့က ခက်ခက်ပဲ၊ ဒါနဲ့ ညီမလေး နင်ကရော ချန်ပေ့ထိုက်နောက်ကို လိုက်သွားမှာလား"

"ကျွန်မက ပြောမယ်ဆိုရင် အစ်ကိုတို့ကို ပိုချစ်ပါတယ်၊ ဒါပေမယ့်"

"ဒါပေမယ့် ဘာဖြစ်လဲ"

"သူ့ကို ကတိပေးလိုက်ပြီဆိုတော့လည်း ခက်နေတယ်"

လီပင်းပင်းက အမှန်ပင် ဝေခွဲမရသော မျက်နှာလေး

www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ပြောလိုက်လေသည်။

ထို့ကြောင့် အားလုံး ငိုင်ကျသွားသည်။

နောက်တော့မှ ကျန်းကျက်က. . .

"ကဲပါလေ၊ လောလောဆယ်မှာ ဒီကိစ္စက သိပ်အရေးမကြီးပါဘူး၊ အရေးကြီးတာက မုတ်ဆိတ်ဖြူအဘိုးအိုနဲ့ မိုးယံတောင်သခင်လေးကို ကလဲ့စားချေဖို့ပဲ၊ ဒီကိစ္စကို ဦးစားပေးပြီး စဉ်းစားကြပါ"

"အစ်ကိုကြီးက ဉာဏ်ကောင်းပါတယ်၊ ဒါကြောင့် အစ်ကိုကြီး စဉ်းစားထားတာရှိရင် ပြောပါ"

ဝူးယို့ကျောင်းက တောင်းဆိုလိုက်သည်နှင့် ကျန်းကျက်က မျက်မှောင်တစ်ချက် ကြုတ်သွားသည်

ပြီးမှ လေသံမှန်မှန်ဖြင့်. . .

"ခုဆိုရင် ဝူးယို့ကျောင်းနဲ့ ယီလန်းက အတွင်းအားနဲ့ ကိုယ်ဖော့ပညာ တိုးတက်လာပြီဆိုတော့ အခြေအနေက အများကြီးကောင်းလာပြီ၊ ဒါပေမယ့်"

"ဒါပေမယ့် ဘာဖြစ်လဲ အစ်ကိုကြီး"

"ငါတို့ ဗရမ်းဗတာ ကြုံသလို တိုက်ခိုက်ကြမယ်ဆိုရင် မုတ်ဆိတ်ဖြူအဘိုးအိုကိုတော့ နိုင်ကောင်းနိုင်မယ်၊ သူ့ထက် ပိုပြီး သိုင်းပညာအဆင့်မြင့်တဲ့ မိုးယံတောင်သခင်လေးကိုတော့ နိုင်မှာမဟုတ်ဘူးလို့ ငါထင်တယ်"

"ဟုတ်တယ်"



"အစ်ကိုကြီးပြောတာ မှန်တယ်"

ဝူးယို့ကျောင်းတို့က တစ်ယောက်တစ်ပေါက် ဝင်ထောက်ခံလိုက်ကြသည်။

ပြီးမှ လီပင်းပင်းက ကျန်းကျက်ကို သိချင်သလို မေးလိုက်လေသည်။

"ဒီတော့ အစ်ကိုကြီးကျန်းကျက်က ဘယ်လိုမျိုးစဉ်းစားထားသလဲ"

"ငါတို့ ငါးယောက်ပေါင်းပြီး သိုင်းကွက်တစ်ခု တီထွင်ရင်ကောင်းမယ်လို့ စိတ်ကူးထားတယ်"

"လွယ်ပါ့မလား အစ်ကိုကြီး"

"ဒါကတော့ ကြိုးစားရမှာပေါ့လေ၊ ပူးပေါင်းသိုင်းကွက်ရဲ့ သဘောမှာ တစ်ယောက်နဲ့တစ်ယောက် နားလည်မှုရှိဖို့က အဓိကပါပဲ၊ တစ်ယောက်ရဲ့ဟာကွက်ကို တစ်ယောက်က ဖြည့်ပေးနိုင်ရင် ရန်သူက ကိုယ့်ကိုထိုးဖောက်ဖို့ ဘယ်လွယ်ပါတော့မလဲ"

"အစ်ကိုကြီးပြောတာ မှန်ပါတယ်၊ ကျွန်တော်တို့ရဲ့ တစ်ဦးချင်းသိုင်းပညာတွေကို အချိုးကျကျ ပေါင်းစပ်လိုက်မယ်ဆိုရင်သိုင်းပညာ ငါးဆလောက် မြင့်မားသွားတာနဲ့ ဘာမှမထူးတော့ဘူး"

ဝူးယို့ကျောင်းက ဝင်ပြောလိုက်ရာ ကျန်းကျက်က သဘောကျသွားသည့်အလား ခေါင်းကိုညိတ်သည်။

"ဟုတ်တယ်၊ ဝူးယို့ကျောင်းပြောတာ သိပ်မှန်တယ်၊ ဒါ

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ငါတို့မနက်ဖြန်ကစပြီး နေရာတစ်နေရာရှာမယ်၊ ပြီးရင် အဲသည်မှာနေပြီး ပူးပေါင်းသိုင်းကွက် တစ်ခုကို ပြင်းပြင်းထန်ထန်လေ့ကျင့်ကြမယ်၊ ကျေနပ်အားရလောက်တဲ့ အနေအထားမျိုးရပြီဆိုမှ မိုးယံတောင်သခင်လေးနဲ့ မုတ်ဆိတ်ဖြူဘိုးဘိုးကျိုင်ဝင်းရီကို သွားပြီးရင်ဆိုင်မယ်"

"သိပ်ကောင်းတဲ့ အစီအစဉ်ပါပဲ အစ်ကိုကြီး ကျွန်တော်တို့ တောအုပ်တစ်ခုကိုပဲ နေရာရွေးရမှာပါပဲ"

ထို့နောက်. . .

ကျန်းကျက်တို့ ငါးယောက်မှာ လူသူအရောက်အပေါက်နည်းသော တောအုပ်တစ်ခုထဲတွင်နေပြီး ပူးပေါင်းသိုင်းကွက်တစ်ခုကို ပြင်းပြင်းထန်ထန်ပင် တီထွင်လေ့ကျင့်ခဲ့ကြသည်။

အားလုံးမှာ ဉာဏ်ကောင်းသူများဖြစ်သည့်အပြင် ဝီရိယလည်းကောင်းလွန်း၍ သူတို့၏ပူးပေါင်းသိုင်းကွက်များက အတော်ပင် ထိရောက်မှုရှိခဲ့လေသည်။

ဆန်းပြားသော ထိုပူးပေါင်းသိုင်းကွက်များကို တညီတညွတ်တည်း ပေးလိုက်သည့်အမည်ကား ဝက်ပါ်ခြားသိုင်းကွက်များဟူ၍ ဖြစ်ပေသတည်း။

❄ ❄ ❄



ယခုတော့ ဝက်ပါ်ခြားသိုင်းကွက်များကို ကျွမ်းကျင်ကျေညက်စွာ တတ်မြောက်ခဲ့သော ပူးယိုကျောင်းတို့ ငါးယောက်မှာ မိုးယံတောင်ခြေသို့ ရောက်ရှိလာခဲ့ကြပြီဖြစ်သည်။

မိုးယံတောင်ခြေမှ မိန်ယွင်၏မြေပုံကို မြင်လိုက်ရသည့်အခါမှာတော့ တစ်ဘက်က ဝမ်းနည်းကြေကွဲစွာ ခံစားရသလို တစ်ဘက်ကလည်း ကလဲ့စားချေလိုသောစိတ်များ ပိုမိုတိုးပွားသွားခဲ့လေသည်။

မိုးယံတောင်ပေါ်သို့ သွက်လက်သော ခြေလှမ်းများဖြင့် တက်လာခဲ့ကြသည်။

ကိုယ့်ကိုကိုယ် ယုံကြည်မှုရှိနေကြ၍ပဲလား မပြောတတ်ပါချေ။

သူတို့ငါးယောက်စလုံး၏ ခြေလှမ်းများက ပေါ့ပါးဖျတ်လတ်နေသလို မျက်နှာထားများကလည်း အထူးပင် တည်ငြိမ်လှပေသည်။

သို့နှင့် နောက်ဆုံးမှာတော့ မိုးယံတောင်ပေါ်သို့ သူတို့ငါးယောက် အောင်မြင်စွာပင် ရောက်ရှိသွားကြသည်။

အံ့ဩဖို့ကောင်းသည်ကား မုတ်ဆိတ်ဖြူအဘိုးအိုကျိုင်ဝင်းရီမှာ ကျောက်ဂူထဲတွင် မနေဘဲ တောင်တစ်ဖက်စွန်းတွင် ရပ်နေသည်ကို မြင်လိုက်ရခြင်းပင် ဖြစ်သည်။

သူတို့ တောင်ပေါ်အရောက်မှာပင် မုတ်ဆိတ်ဖြူအဘိုးအို ကျိုင်ဝင်းရီက အေးစက်သောအပြုံးဖြင့် ဆီးပြောလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ ငါးယောက်တောင် ဆုံမိလာကြပြီကိုး၊ ငါလည်း ထင်ပါတယ်၊ ဒါကြောင့် သည်တောင်ပေါ်ကပဲ မင်းတို့ကို စောင့်နေခဲ့တာ"

"ဘာလဲ. . မုတ်ဆိတ်ဖြူဘိုးဘိုး ထွက်ပြေးရင်လည်း လွတ်မှာမဟုတ်ဘူး ဆိုတာကိုသိလို့ မပြေးဘဲ စောင့်နေတာ လား"

"ဟား. . . ဟား. . . ဟား. . . မင်းစကားက ရယ်စရာကောင်းလိုက်တာ ကျန်းကျက်ရာ၊ ငါက မင်းတို့ကို ဘာကြောင့်ကြောက်ရမှာလဲ၊ မင်းတို့က ငါသိုင်းပညာသင်ပေးထားတဲ့ ငါ့တပည့်တွေပဲဟာ၊ မင်းတို့ကို စောင့်နေတာက ငရဲကိုပို့ပေးမလို့ကွ၊ မိနစ်ပိုင်းနောက်ကို မင်းတို့ တစ်ပြုံလုံး လိုက်သွားစေရမယ်"

မုတ်ဆိတ်ဖြူအဘိုးအို ကျိုင်ဝင်းရီက ပြောပြီး သံတောင်ဝှေးကိုမြေတွင် ဆောင့်လိုက်ရာ မြေသားထဲကို သံတောင်ဝှေးက ကျွံဝင်သွားသည်။

တိုက်ပွဲစတော့မည့် အနေအထားဖြစ်၍ ကျန်းကျက်တို့ ငါးယောက်က မြင်းခွာပုံသဏ္ဌာန်ဖြင့် မုတ်ဆိတ်ဖြူအဘိုးအိုကို ဝိုင်းရံလိုက်ကြသည်။

မုတ်ဆိတ်ဖြူအဘိုးအို၏ နောက်ကျောဘက်တွင်မူ ပိတ်ဆို့ထားခြင်း မရှိချေ။

ထို့နောက်. . .

မုတ်ဆိတ်ဖြူအဘိုးအိုကျိုင်ဝင်းရီ၏ ရှေ့တည့်တည့်တွင်ရှိသော ဝူးယို့ကျောင်းက စေ့စေ့ကြည့်၍ ပြောလိုက်လေ



သည်။

"ခင်ဗျားနဲ့ မိုးယံတောင်သခင်လေး သွားတိုက်ခိုက်လို့ ကျုပ်ဦးလေးလုံထင်းဟို သေဆုံးသွားပြီဆို"

"ဟုတ်တယ်"

"သည်အတွက် ခင်ဗျားကို အခုပဲ သွေးကြွေးပြန်ဆပ်မယ်၊ နောက်မှ မိုးယံတောင်သခင်လေးဆိုတာကို သွေးကြွေးဆပ်မယ်၊ ဒါနဲ့ သူက ဘယ်သူလဲ"

"ဝမ်းနည်းပါတယ်၊ ငါ မပြောပြနိုင်ပါဘူး"

"ကောင်းပြီလေ၊ ဒါဆိုရင် အခုပဲ ခင်ဗျားကို သွေးကြွေးဆပ်မယ်၊ နောက်မှ မိုးယံတောင်သခင်လေးကိုရှာပြီး သွေးကြွေးဆပ်မယ်"

ဝူးယို့ကျောင်းက ပြောပြီး ကျန်းကျက်ကို အဓိပ္ပါယ်ပါပါ သုံးကြည့်လိုက်သည်။

ထိုအခါ. . .

ကျန်းကျက်က ခေါင်းကို မသိမသာ ပြန်ဆတ်ပြလိုက်သည်။

ဝက်ပါးသိုင်း အမည်ရှိ ပူးပေါင်းသိုင်းကွက်ကို စတင်ရန် အချက်ပေးလိုက်ခြင်းပင် ဖြစ်သည်။

နောက်တော့ တိုက်ခိုက်မှု မစတင်သေးဘဲ သူတို့ငါးယောက်က နေရာများ ရွေ့လျားသွားကြသည်။

"ဟင်"

www.burmeseclassic.com

www.burmeseclassic.com



မုတ်ဆိတ်ဖြူအဘိုးအို ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

ထိုစဉ်မှာပင် သူတို့ငါးယောက်အနက် သုံးယောက်က တိုက်ခိုက်မှုကို စတင်လိုက်သည်။

"ယား"

"ဟိတ်"

ဓားသုံးလက်က မုတ်ဆိတ်ဖြူအဘိုးအို ကျိုင်ဝင်းရှိ၏ လည်မျိုနှင့်နံဘေး တစ်ဖက်တစ်ချက်ဆီကို တိကျစွာ ကျရောက်သွားသည်။

"ဟင်"

မုတ်ဆိတ်ဖြူအဘိုးအိုက လည်မျိုသို့ ဝင်လာသော ဓားချက်ကို သံတောင်ဝှေးဖြင့် ရိုက်ဖယ်သည်။

"ထန်း"

ပြီးမှ နောက်ကို နှစ်လှမ်းဆုတ်လိုက်ရာ ဓားချက်များက ပွတ်ကာသီကာပင် လွဲချော်သွားသည်။

ထိုစဉ်မှာပင် နောက်ဘက်မှ လေတိုးသံသဲ့သဲ့ ကြားရသည်။

ချောင်ဟွာနှင့်လီပင်းပင်းတို့က ဝင်ရောက်တိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။

မုတ်ဆိတ်ဖြူအဘိုးအိုက လှည့်မကြည့်ဘဲ သံတောင်ဝှေးကို လက်ပြန် ဝှေ့ယမ်းပစ်လိုက်သည်။



ထိုလှုပ်ရှားမှုမှာ ရိုးစင်းသယောင်ရှိသော်လည်း တိုက်ခိုက်မှုကို ကာကွယ်ရာတွင်မူ ထိရောက်လှပေသည်။

ချောင်ဟွာနှင့်လီပင်းပင်းတို့၏ ဓားချက်များမှာ လိုရာမရောက်ဘဲ လွဲချော်သွားကြသည်။

ဤသိုင်းကွက်မှာ ဝက်ပါဓားသိုင်းကွက်၏ ပထမဆုံးသော သိုင်းကွက်ဖြစ်သည့် ကြယ်ပွင့်ခြေရာသိုင်းကွက်ဖြစ်လေသည်။

ဝက်ပါဓားသိုင်းကွက်များမှာ စုစုပေါင်း နှစ်ဆယ့်နှစ်ကွက်ခန့်မျှရှိပြီး တစ်စထက်တစ်စ ပိုမိုသိပ်သည်းကာ အဆင့်မြင့်မားလာမည်ဖြစ်သည်။

နောက်ဆုံး ရန်သူမှာ ဝက်ပါတစ်ခုထဲ ရောက်ရှိသွားသလိုပင် ထွက်ပေါက်မရှိ မျက်စိလည်သော အနေအထားမျိုး ရောက်သွားနိုင်ပေသည်။

ပြောမည်ဆိုလျှင် လောလောဆယ်တွင် ငါးယောက်ထဲတွင် ဝူးယို့ကျောင်းနှင့်ယိလန်းတို့နှစ်ဦးမှာ သိုင်းပညာနှင့်အတွင်းအား အမြင့်မားဆုံးပင်။

လုံထင်းဟို ကျေးတားသော အတွင်းအားဆေးလုံးကြောင့် ဝူးယို့ကျောင်းနှင့်ယိလန်းနှစ်ယောက်မှာ အတွင်းအားအရာတွင် မုတ်ဆိတ်ဖြူအဘိုးအိုကျိုင်ဝင်းရှိကိုပင် ယှဉ်နိုင်သောအနေအထားမျိုးမှာ ရှိပေသည်။

ဤသည်ကို သိထားသော ကျန်းကျက်က ငါးယောက်

www.burmeseclassic.com

www.burmeseclassic.com



ထဲတွင် တိုက်စစ်ဦးနေရာ၌ သူတို့နှစ်ယောက်ကို တင်ပေးထားခဲ့လေသည်။

မုတ်ဆိတ်ဖြူအဘိုးအိုကျိုင်ဝင်းရီကို သူတို့နှစ်ယောက်က အဓိက ထိပ်တိုက်ရင်ဆိုင်ရမည့် သဘောပင် ဖြစ်သည်။

အမှန်တကယ်လည်း သူတို့ပူးပေါင်းသိုင်းကွက်က ထိရောက်လှပေသည်။

တိုက်ပွဲအရှိန် ပိုမြင့်မားလာသည်နှင့်အမျှ မုတ်ဆိတ်ဖြူအဘိုးအိုကျိုင်ဝင်းရီမှာ တိုက်ခိုက်ရန် မဆိုထားနှင့် အလူးအလဲခုခံတိမ်းရှောင်ပေးရသော အနေအထားမျိုးကို ရောက်၍နေချေပြီ။

ထိုသို့ မုတ်ဆိတ်ဖြူအဘိုးအို ဒုက္ခတွေ့လေ ဝူးယို့ကျောင်းတို့၏ တိုက်စစ်က ပို၍ထက်မြက်လာလေပင်။

သို့ဖြင့် တစ်ချိန်မှာတော့ ဝူးယို့ကျောင်း၏ဓားချက်တစ်ချက်က မုတ်ဆိတ်ဖြူအဘိုးအို၏ဝမ်းဗိုက်ကို ရှပ်ထိသွားလေတော့သည်။

"ရှပ်"

"အ"

ဝမ်းဗိုက်ဆီမှ နာကျင်မှုဆီကို ရောက်သွားစဉ်မှာပင် ဓားတစ်လက် လက်ပြင်ကို ဖောက်ဝင်သွားခဲ့ပြန်သည်။

"ရှပ်"

"အား"



ဓားဦးထိုးသွင်းလိုက်သူကတော့ ယိလန်းပင် ဖြစ်ပေသည်။

ထို့နောက်. . .

ယိလန်းက ဓားကို ဆတ်ခနဲ ပြန်ဆွဲနုတ်လိုက်ရာ မုတ်ဆိတ်ဖြူအဘိုးအိုမှာ နာကျင်မှုကြောင့် ယိမ်းယိုင်ထွက်သွားသည်။

ကျိုင်ဝင်းရီ ကံဆိုးခဲ့ချေပြီ။

ဟန်ချက်ပျက်သွားသော သူ့ကို ကျန်းကျက်က ညာခြေဖြင့် ခုန်ကန်လိုက်သည့်အခါမှာတော့. . .

"ဝုန်း"

"အား"

မုတ်ဆိတ်ဖြူအဘိုးအိုကျိုင်ဝင်းရီမှာ မည်သို့မျှ မခံသာတော့ချေ။

မြေပြင်ပေါ်ကို ပက်လက်လဲကျကာ သံတောင်ဓားလည်း လွတ်ထွက်သွားတော့သည်။

နေရာမှ ကျိုင်ဝင်းရီမှာ ပြန်ထရန် ကြိုးစားသေးသည်။

သို့သော်. . .

ရရှိထားသော ဒဏ်ရာများက ပြင်းထန်သဖြင့် ပြန်၍မထနိုင်ချေ။

ထိုစဉ်မှာပင် ဓားနှစ်လက်က သူ့ရင်ဝကို ဖိထောက်ထားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဖိထောက်လာသူနှစ်ယောက်ကတော့ ဝူးယို့ကျောင်းနှင့် ချောင်ဖွာတို့ပင် ဖြစ်သည်။

"ခင်ဗျားရဲ့နောက်ဆုံးအချိန်ကို ရောက်သွားပါပြီ မုတ်ဆိတ်ဖြူဘိုးဘိုး၊ ခင်ဗျားလုံးဝ မလှုပ်ရှားပါနဲ့"

ချောင်ဖွာက သတိပေးသလို ပြောစဉ်မှာပင် ဝူးယို့ကျောင်းက မေးလိုက်သည်။

"ကဲ. . . မိုးယံတောင်သခင်လေးဆိုတာ ဘယ်သူလဲ၊ သူ ဘယ်မှာ ရှိသလဲ၊ ကျုပ်တို့ကို ထုတ်ပြောဖို့ အချိန်ရောက်ပြီ မုတ်ဆိတ်ဖြူဘိုးဘိုး"

"ဟုတ်တယ်၊ မိုးယံတောင်သခင်လေးဆိုတာ ဘယ်သူလဲ၊ ကျုပ်တို့ကို ပြောပြပေတော့"

ကျန်းကျက်ကပါ မေးလိုက်သည်။

မုတ်ဆိတ်ဖြူအဘိုးအိုကျိုင်ဝင်းရီက ပြန်ဖြေရန် ဟန်ပြင်နေဆဲမှာပင် မမျှော်လင့်ဘဲ စကားသံတစ်သံ ပေါ်ထွက်လာသည်။

"ခင်ဗျားတို့ ကျုပ်ကို သိပ်တွေ့ချင်နေကြသလား။ ဒါဆိုလဲ တွေ့ကြတာပေါ့လေ"

"ဟင်"

အသံရှင်မှာ တောင်ပေါ်တက်လာရင်မှ ပြောခြင်း ဖြစ်ပေသည်။

ထိုအသံရှင်ကို မြင်လိုက်ရသည့်အခါမှတော့ လီပင်း



ပင်း၊ ချောင်ဖွာနှင့် ကျန်းကျက်တို့ သုံးယောက် ထူးထူးခြားခြား အံ့ဩသွားကြသည်။

အကြောင်းမှ. . .

မိုးယံတောင်သခင်လေးမှာ သူတို့သိထားသော မျက်နှာဖုံးရှင် သိုင်းသမား ဖြစ်နေသောကြောင့်ပင်တည်း။

❄ ❄ ❄

www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . . ရှင်. . . ရှင်က မိုးယံတောင်သခင်လေးပေါ့ ဟုတ်လား"

"ဟုတ်ပါတယ် လီပင်းပင်း"

"ကျုပ်လဲ သံသယတော့ ရှိခဲ့ပါတယ်"

ကျန်းကျက်က ဝန်ခံသလို ပြောသည်။

မျက်နှာဖုံးရှင်သိုင်းသမားမှာ သူမ၏အသက်ကို ကယ်တင်ဖူးသူ ဖြစ်၍ လီပင်းပင်း၏စိတ်ထဲ တစ်မျိုးတစ်မည် ခံစားလိုက်ရသည်။

ဝူးယို့ကျောင်းကတော့ ထိုသို့ မဟုတ်ချေ။

သူ့ဦးလေး လုံထင်းဟိုကို သတ်ဖြတ်ခဲ့သော လူသတ်သမားအား သွေးကြွေးဆပ်နိုင်တော့မည်ဟူသော အသိဖြင့် ခပ်ပြုံးပြုံးပင် ဖြစ်သွားသည်။

"ဟန်ကျလိုက်တာဗျာ၊ နို့မို့ဆို ခင်ဗျားကို တပင်တပန်းလိုက်ရှာရဦးမှာ၊ ခုတော့ အဆင်သင့်ဖြစ်သွားပြီ"

"မင်းက ငါ့ကို သေချာပေါက်နိုင်မယ်လို့ ဆိုလိုတာလား ဝူးယို့ကျောင်း"

"သိပ်သေချာတာပေါ့ဗျာ၊ ကျုပ်တစ်ယောက်တည်း မနိုင်ပေမယ့် ကျုပ်တို့ငါးယောက်ပေါင်း သိုင်းကွက်ကိုတော့ ခင်ဗျားမယှဉ်နိုင်ပါဘူး၊ ဟောဟိုမှာ ခင်ဗျားရဲ့လက်ရုံး မုတ်ဆိတ်ဖြူအဘိုးအို လဲနေပြီ တွေ့တယ် မဟုတ်လား"

"သူနဲ့ ကျုပ်က မတူဘူးလေ"



"ကောင်းပြီ၊ တူမတူကို ခုပဲ စမ်းသပ်ကြည့်လိုက်ကြတာပေါ့"

ဝူးယို့ကျောင်းက ပြောလိုက်သည်နှင့် နားလည်မှု ရှိထားသော ကျန်လေးယောက်က ငါးယောက်ပေါင်းသိုင်းကွက်ဖြင့် စတင်ရန်နေရာယူလိုက်သည်။

မိုးယံတောင်သခင်လေးခေါ် မျက်နှာဖုံးရှင်သိုင်းသမားကလည်း တည်တည်ငြိမ်ငြိမ်ဖြင့်ပင် ဓားကို ဆွဲထုတ်လိုက်လေသည်။

"တဲ. . . သတိထားနေပေတော့"

သည်တစ်ကြိမ်မှာတော့ အတွင်းအားနှင့် ကိုယ်ဖော့ပညာ အမြင့်မားဆုံး ဖြစ်သည့် ဝူးယို့ကျောင်းနှင့် ယိလန်းတို့က တိုက်ခိုက်မှုကို စတင်သည်။

"ကျား"

ဓားချက်နှစ်ချက်က စလွယ်သိုင်းပြီး ကျရောက်လာသည်တွင် မျက်နှာဖုံးရှင်သိုင်းသမားက ဓားကို ဓှေ့ယမ်းလျက် ကာကွယ်သည်။

"ထန်း"

ပူးပေါင်းသိုင်းကွက်၏သဘောသဘာဝအတိုင်းပင်။

ဝူးယို့ကျောင်းတို့က နောက်ကို ပြန်ခုန်ဆုတ်သွားလေသည်။

ထိုစဉ်. . .

www.burmeseclassic.com

www.burmeseclassic.com



ကျန်းကျက်နှင့် လီပင်းပင်းတို့က အောက်ခြေကို သိမ်းကာ ဝင်ရောက်တိုက်ခိုက်လိုက်ကြသည်။

"ယား"

"ဟိတ်"

မျက်နှာဖုံးရှင်သိုင်းသမားကလည်း လျှင်ပါသည်။

ဓားချက်နှစ်ချက်စလုံးကို အသာအယာပင် ခုန်ကျော်ထွက်သွားသည်။

ရသော အခွင့်အရေးကို ချောင်ဟွာက လက်လွှတ်မခံချေ။

ခုန်ရှောင်ပေးသော မျက်နှာဖုံးရှင်၏ခါးလည်ကို လေထဲမှာပင် ဓားဖြင့် ပိုင်းချလိုက်သည်။

"ဝိုး"

ထိုဓားချက်ကို လေထဲမှာပင် အိပ်၍ မျက်နှာဖုံးရှင်သိုင်းသမားမှာ ခက်ခက်ခဲခဲ တိမ်းရှောင်ပေးလိုက်ရသည်။

"ခင်ဗျားတို့က မဆိုးပါလား"

"ဒါက အစပဲရှိသေးတယ်၊ ကျုပ်တို့သိုင်းကွက် တဖြည်းဖြည်းမြင့်လာရင် ခင်ဗျား အခုလို ဒီ့မွှမ်းချိန်တောင် ရတော့မှာ မဟုတ်ဘူး"

ကျန်းကျက်က ခပ်အေးအေးပင် ပြောလိုက်သည်။

ပြီးလျှင် ငါးယောက်စလုံးက ဒုတိယမြောက်သိုင်းကွက်ဖြင့် ဆက်လက်တိုက်ခိုက်ရန် ဟန်ပြင်လိုက်ကြသည်။



ဝက်ပါဓားသိုင်း၏ ဒုတိယသိုင်းကွက်ကား မြေလျှိုးမိုးပျံ့သိုင်းကွက်ပင် ဖြစ်သည်။

"ကျား"

၎င်းသည်ကို ရိပ်စားမိသော မျက်နှာဖုံးရှင်သိုင်းသမားက သိုင်းကွက်ပျက်ပြားသွားစေရန် ဝူးယို့ကျောင်းအား ဝင်ရောက်တိုက်ခိုက်လိုက်သည်။

ပူးပေါင်းသိုင်းကွက်၏ သဘောအရ တစ်ယောက်လျော့သွားလျှင် တစ်ကွက်ပျက်သွားလေ့ရှိသည်။

ထို့ကြောင့်လည်း. . .

မျက်နှာဖုံးရှင်သိုင်းသမားက ဝူးယို့ကျောင်းကို ဝင်ရောက်တိုက်ခိုက်လိုက်ခြင်းပင်။

သို့သော်. . .

ဓားချက်က ဝူးယို့ကျောင်းထံသို့ ရောက်မသွားမီ ယိလန်းက ကြားဝင်ခုခံပေးလိုက်သည်။

ဝူးယို့ကျောင်းကလည်း သိုင်းကွက်ပြောင်းကာ မျက်နှာဖုံးရှင်၏ဝမ်းဗိုက်ကို တိုက်ခိုက်လိုက်လေသည်။

မျက်နှာဖုံးရှင် မတတ်သာတော့ဘဲ ရှောင်တိမ်းပေးလိုက်ရလေတော့သည်။

တိုက်ခိုက်နေရာမှ ခုခံရှောင်တိမ်းရသည့် အခြေအနေသို့ ချက်ချင်း ပြန်လည်ရောက်ရှိသွားခြင်း ဖြစ်လေသည်။

သို့တိုင်. . .

www.burmeseclassic.com

www.burmeseclassic.com



"သေပေတော့"

ချောင်ဟွာက ဝင်ရောက်တိုက်ခိုက်လာပြန်လေတော့သည်။

ကျန်းကျက်တို့ငါးယောက်၏ တိုက်ကွက်မှာ လှိုင်းတံပိုးများ ကမ်းခြေသို့ တစ်လုံးပြီးတစ်လုံး အဆက်မပြတ် ရိုက်ခတ်လာပုံမျိုးနှင့် တူနေ၏။

တစ်ယောက်ပြီးတစ်ယောက် တစ်ကွက်ပြီးတစ်ကွက် အဆက်မပြတ် တိုက်ခိုက်ခံရလေသောအခါ မျက်နှာဖုံးရှင်သခင်လေး အခက်ကြုံလာလေတော့သည်။

မျက်နှာဖုံးရှင်(ဝါ)သခင်လေးမှာ ခံပြင်းဒေါသ ဖြစ်ကာ ပြောလိုက်သည်။

"မင်းတို့ကို မဆုံးမနိုင်ရင် သည်ကနေ့ ကျုပ် အသက်မရှင်တော့ဘူး"

အော်ငေါက်ရင်း အန္တရာယ်ကို အမှုမထားတော့ဘဲ တရကြမ်း တိုက်ခိုက်လိုက်လေသည်။

ကျန်းကျက်က. . .

"ငါးယောက်တစ်ကွက်"

ငါးယောက်စုပေါင်းတိုက်ခိုက်ရသော သိုင်းကွက်တို့ ထုတ်ဖော်ရန် အော်ပြောလိုက်၏။

ချောင်ဟွာတို့အားလုံးက 'ငါးယောက်တစ်ကွက်'သိုင်းကွက်ကို ချက်ချင်းပြင်ဆင်ကာ. . .



"ဟိတ်"

"ယား"

ငါးယောက်စလုံး စုပေါင်းကာ အပြင်းအထန် ပြန်လည်တိုက်ခိုက်လိုက်ကြလေသည်။

သူတို့၏စုပေါင်းအင်အားက ကြောက်မက်ဖွယ်ကောင်းအောင် စွမ်းပကားကြီးမားပြင်းထန်နေပါတော့သည်။

ဒေါသတကြီး စွန့်စားလိုက်သော သခင်လေးမှာ ကျန်းကျက်တို့၏ စုပေါင်းအင်အားနဲ့ ရင်ဆိုင်ကြုံတွေ့လိုက်ရလျှင်. . .

"ဝုန်း"

ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားရလေတော့သည်။

❄ ❄ ❄

www.burmeseclassic.com

www.burmeseclassic.com



သခင်လေး နောက်ဆုတ်ပေးလိုက်ရသဖြင့် အရေးနိမ့်သွားသည်ဟု ဆိုနိုင်ပါတော့သည်။

ကျန်းကျက်တို့ ဝမ်းသာအားရ ဖြစ်သွားကြလေတော့သည်။

သခင်လေးအား သူတို့စုပေါင်းအင်အားဖြင့် အနိုင်ယူနိုင်လိမ့်မည်ဟုလည်း တထစ်ချယုံကြည်သွားကြလေသည်။

သခင်လေး ဒေါသချောင်းချောင်း ထွက်နေ၏။

ကျန်းကျက်တို့ငါးယောက်ကိုပင် အနိုင်မယူနိုင်လျှင် သိုင်းလောကကို ဖျက်ဆီးဖို့ မည်သည့်နည်းနှင့်မျှ ဖြစ်နိုင်တော့မည် မဟုတ်ချေ။

သခင်လေးသည် မြေပေါ် လဲကျနေသည့် ကျိုင်ငံးရိကို တစ်ချက်ကြည့်လိုက်ပြီး. . .

"အသုံးမကျတဲ့ အဘိုးကြီး"

ဟု အပြစ်တင်လိုက်လေသည်။

ကျန်းကျက်က. .

"သူဟာ ခင်ဗျားခိုင်းသမျှ တစ်သက်လုံး လုပ်ကိုင်ပေးခဲ့တာ၊ တကယ်တမ်း အသုံးမကျတာက သူလား ခင်ဗျားလား"

"ဘာကွ"

"အသုံးမကျတာက ခင်ဗျားဆိုတာ မှတ်ထားပါ"

လီပင်းပင်းက ဝင်ပြောလိုက်သည်။

"သူဟာ အသုံးမကျတဲ့အပြင် ကောက်ကျစ်စဉ်းလဲတဲ့



လူယုတ်မာတစ်ယောက်လဲ ဖြစ်တယ်ရှင့်၊ မိဘမဲ့ပြီး ဒုက္ခတွေ့နေတဲ့ ကျွန်မတို့ကို အသုံးချခိုင်းစေဖို့ ကြံစည်ခဲ့တာ"

သခင်လေးက သူမတို့အား ရက်စက်ကြမ်းကြုတ်သော လူသတ်သမားများ ဖြစ်လာစေရန် ရက်ရက်စက်စက် ကြံစည်ခဲ့သည်ကို မကျေနပ်အောင် ရှိနေပါတော့သည်။

သခင်လေး အံကြိတ်လိုက်သည်။

"ကျုပ်သာ မင်းတို့ကို ပြုစုစောင့်ရှောက်ဖို့ ဦးလေးကျိုင်ကို အမိန့်မပေးခဲ့ရင် မင်းတို့ အခုလို အသက်ရှင်နေနိုင်ပါ့မလား။ လမ်းပေါ်မှာ စားရမဲ့ သောက်ရမဲ့ ဘဝနဲ့ သေသွားတာကြာပြီပေါ့"

လီပင်းပင်းက. . .

"ရှင်ဖြစ်စေချင်တဲ့ လူသတ်သမားဘဝ ရောက်ရတာထက်စာရင် လမ်းပေါ်မှာ သေသွားတာက ပိုကောင်းသေးတာပေါ့ရှင်"

"မင်း. . ."

"ကျွန်မတို့ဟာ ရှင်ဖြစ်စေချင်တဲ့ လူသတ်သမားတွေ ဘယ်တော့မှ ဖြစ်လာမှာ မဟုတ်ဘူးဆိုတာ မှတ်ထားပါ"

ချောင်ဟွာက. . .

"ကျုပ်တို့က မကောင်းသူပယ် ကောင်းသူကယ်မယ့် လူတွေပဲ ဖြစ်လာလိမ့်မယ်ဆိုတာ စိတ်ချထားလိုက်ပါဗျာ"

ထိုသို့ ဝိုင်းဝန်းပြောဆိုနေကြရာ သခင်လေးလည်း မည်

www.burmeseclassic.com

www.burmeseclassic.com



သို့ ပြန်ပြောရမှန်းမသိ ဖြစ်သွားလေတော့သည်။

ဝူးယို့ကျောင်းက. . .

"ဆရာကျိုင်လည်း ရှုံးနိမ့်သွားပါပြီ၊ ခင်ဗျားလည်း ဘာမှမတတ်နိုင်တော့ပါဘူး။ လက်လျှော့လိုက်ပါတော့ဗျာ"

ဟု ပြောလိုက်၏။

ထိုစကားကြောင့် သခင်လေး သတိဝင်လာလေသည်။

"ကျုပ် ဘာကြောင့် လက်လျှော့လိုက်ရမှာလဲ"

အသံကုန် ဟစ်အော်လိုက်လေသည်။

"သတိထား"

ကျန်းကျက်က သတိပေးရင်း သခင်လေးနှင့် ရင်ဆိုင်ရန် အသင့်ပြင်ထားလိုက်လေသည်။

သခင်လေးက. . .

"မင်းတို့စောင့်ကြည့်နေကြ၊ ကျုပ်က သိုင်းလောကကို ရအောင် ဖျက်ဆီးပြမယ်"

ဟု ပြောပြီး မြေပေါ် ခြေဆောင့်ကာ နောက်ကျွမ်းပစ်ပြီး ခုန်ထွက်သွားတော့သည်။

"သူ ထွက်ပြေးသွားပြီ"

ယိလန်းက အော်ပြောလိုက်သည်။

ချောင်ဟွာက. . .

"မလွတ်စေနဲ့"

ပြေးလိုက်သွားရန် ဟန်ပြင်လိုက်ရာ. . .



"နေဦး"

ဝူးယို့ကျောင်းက ဟန့်တားလိုက်လေသည်။

အားလုံးက ဝူးယို့ကျောင်းအား ကြည့်လိုက်ကြလေသည်။

ဝူးယို့ကျောင်း တည်ကြည်သော မျက်နှာထားဖြင့် ပြောလေသည်။

"သူ့နောက်ကို အလောတကြီး လိုက်သွားရင် အန္တရာယ်နဲ့ ကြုံတွေ့ဖို့ ရှိတယ်၊ သူဘယ်သူလဲ၊ ဘာကြောင့် သိုင်းလောကကို ဖျက်ဆီးချင်ရသလဲဆိုတာ ဆရာကျိုင်ဆီမှာ မေးမြန်းကြည့်ရင် သူ့အကြောင်း သိရနိုင်တာပေါ့"

ချောင်ဟွာက. . .

"ဟုတ်တယ်၊ သူဘယ်သူလဲဆိုတာ သိရပြီဆိုရင် ရှာဖွေဖော်ထုတ်ပြီး ဆုံးမသုတ်သင်ဖို့ ခဲယဉ်းတော့မှာ မဟုတ်ဘူး"

ဟု ဝင်ပြောလိုက်၏။

အားလုံး သဘောတူလိုက်ကြတော့သည်။

"ကောင်းပြီလေ၊ ဆရာကျိုင်ကို မေးကြည့်ကြတာပေါ့"

ဆရာကျိုင်ဘက်သို့ လှည့်လိုက်ကြသည်။

ဆရာကျိုင်မှာ လူးလွန့်ညည်းတွားလျက် အသက်ရှိနေပါသေး၏။

ထို့နောက်. . .

အားလုံးက ကျိုင်ဝင်းရီထံသို့ လှမ်းသွားရန် ဟန်ပြင်

www.burmeseclassic.com

www.burmeseclassic.com



လိုက်ကြစဉ်မှာပင်. . .

"အမယ်လေး"

လီပင်းပင်း၏ အထိတ်တလန့် အော်ဟစ်သံ ထွက်ပေါ်လာလေတော့သည်။

❄ ❄ ❄



အားလုံးက ကျိုင်ဝင်းရှီကို အာရုံရောက်သွားပြီး လှမ်းသွားရန် ဟန်ပြင်လိုက်ကြလေသည်။

ထိုအချိန်မှာပင်. . .

"ဟူး"

သခင်လေးက ရိပ်ခနဲ ထွက်ပေါ်လာပြီး အမှုမဲ့အမှတ်မဲ့ ဖြစ်နေသော ကျန်းကျုက်တို့လူစုအနီးသို့ ချဉ်းကပ်လာလေတော့သည်။

သခင်လေး ထွက်မသွားသေးဘဲ ထွက်သွားချင်ဟန် ဆောင်လှည့်စားကာ တိတ်တဆိတ် အခြေအနေ စောင့်ကြည့်နေခဲ့သည်ကို ဝူးယို့ကျောင်းတို့ သတိမပြုမိခဲ့ချေ။

ကျိုင်ဝင်းရှီကို အာရုံရောက်သွားကြသဖြင့် အခက်ကြုံသွားရလေသည်။

"မလှုပ်နဲ့"

သခင်လေးက လီပင်းပင်း အနီးသို့ ချဉ်းကပ်သွားပြီး လျှပ်တပြက် ဖမ်းချုပ်ထားလိုက်လေသည်။

"အမယ်လေး"

လီပင်းပင်း အထိတ်တလန့် အော်လိုက်တော့မှ အားလုံး သတိပြုမိလိုက်ကြလေတော့သည်။

ချောင်ဟွာက. .

"ညီမလေး"

လီပင်းပင်းထံ ပြေးသွားရန် ဟန်ပြင်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



သခင်လေးက. . .

"ရှေ့ကို ခြေတစ်လှမ်း တိုးလိုက်တာနဲ့ သည်မိန်းကလေး သေသွားလိမ့်မယ်"

ဟု ခြိမ်းခြောက်လိုက်လေသည်။

ဝူးယို့ကျောင်း ခံပြင်းသွားသည်။

"ခင်ဗျားဟာ သိုင်းလောကကို ဖျက်ဆီးပစ်မယ်လို့ ပြောပြီး မိန်းကလေးတစ်ယောက်ကို ဖမ်းဆီးပြီး ဓားစာခံလုပ်တာ မရှက်ဘူးလား"

သခင်လေး ရယ်မောလိုက်သည်။

"ကျုပ်အတွက် အကျိုးရှိမယ်ဆိုရင် ဘယ်လိုနည်းလမ်းမျိုးကိုမဆို အသုံးပြုရမှာပဲလေ၊ ကဲ သည်မိန်းကလေး အသက်ရှင်စေချင်တယ်ဆိုရင် မင်းတို့အားလုံး ကျုပ်စကားကို နားထောင်ရလိမ့်မယ်"

ဝူးယို့ကျောင်းတို့ အချင်းချင်း ကြည့်လိုက်ကြလေတော့သည်။

အားလုံး မကျေမနပ် ဖြစ်နေသော်လည်း လီပင်းပင်းမှာ ရန်သူလက်ထဲ ကျရောက်နေရကား ရုတ်တရက် မည်သို့ ပြုလုပ်ရမှန်းမသိ ဖြစ်နေကြ၏။

သခင်လေးက. . .

"ကျုပ်ပေးတဲ့ ဆေးလုံးလေးတွေ သောက်လိုက်ပါ၊ လီပင်းပင်းကို လွှတ်ပေးလိုက်မယ်"



ဟု ပြောကာ အဆိပ်ဆေးလုံးလေးများ ပါရှိသော ဆေးပုလင်းလေးတစ်လုံးကို ဝူးယို့ကျောင်းတို့ရှေ့သို့ ပစ်ချလိုက်လေသည်။

ဝူးယို့ကျောင်းတို့ အချင်းချင်းကြည့်လိုက်ကြပြန်လေသည်။

သခင်လေးက. . .

"ကျုပ်ပြောသလို မလိုက်နာဘူးဆိုရင် လီပင်းပင်း အရင်ဆုံး သေသွားလိမ့်မယ်"

ပြောရင်း လက်ဝါးဖြင့် လီပင်းပင်း၏ဦးခေါင်းကို လက်ဝါးဖြင့် မိုးထားလိုက်လေသည်။

ကျန်းကျက် အံကြိတ်လိုက်သည်။

"ကျုပ်တို့ ဆေးသောက်လိုက်ရင် ညီမလေးလီပင်းပင်းကို တကယ်ပဲ လွှတ်ပေးမှာလား"

"စိတ်ချ၊ ကျုပ် ကတိပေးတယ်"

"ကောင်းပြီ"

ကျန်းကျက်က အဆိပ်ဆေးပုလင်းကို ကောက်ယူလိုက်လေသည်။

လီပင်းပင်းက. . .

"မလုပ်နဲ့"

ဟု တားဆီးလိုက်လေသည်။

ကျန်းကျက်က. . .

www.burmeseclassic.com

www.burmeseclassic.com



"ညီမလေး ဘာမှမပူနဲ့၊ ညီမလေး လွတ်မြောက်စေရမယ်"

"မဟုတ်ဘူး၊ ကျွန်မအတွက် ဘယ်သူမှ ဒုက္ခမရောက်စေရဘူး၊ အစ်ကိုတို့ အဆိပ်ဆေးလုံးကို မသောက်ကြပါနဲ့"

လီပင်းပင်းက အော်ပြောရင်း သခင်လေး လက်ထဲမှ အားကုန် ရုန်းထွက်လိုက်လေသည်။

သခင်လေး ရင်ထိတ်သွား၏။

"မင်း ဘာလုပ်တာလဲ"

"သခင်လေး၊ ရှင်ဟာ ကျွန်မကို လှည့်စားခဲ့တဲ့ ချန်ပေ့ထိုက်ဆိုတာ ကျွန်မသိထားပြီးပါပြီ၊ ရှင့်လေသံနဲ့ ရှင့်ရဲ့မျက်လုံးတွေက ချန်ပေ့ထိုက်ဆိုတာ သက်သေခံနေပါပြီ၊ ရှင့်ကို ကျွန်မ မုန်းတယ်၊ ကျွန်မအသက် သေချင်သေပါစေ ရှင်နဲ့ရင်ဆိုင်သွားရမှာပဲ"

လီပင်းပင်းသည် အလွန်နာကျည်းစွာ ပြောရင်း သခင်လေးအား တိုက်ခိုက်လိုက်လေသည်။

သူမ အကြောက်အကန် တိုက်ခိုက်လိုက်သည် ဖြစ်ရကား. . .

"မင်း ဘာလုပ်တာလဲ"

သခင်လေးလည်း ကပျာကယာ ခုခံကာကွယ်လိုက်ရာ မမျှော်လင့်ဘဲ လက်တုန့်ပြန်မိသကဲ့သို့ ဖြစ်သွားတော့သည်။

လီပင်းပင်း၏တိုက်ခိုက်မှုကို သခင်လေး ခံလိုက်ရသကဲ့



သို့ သခင်လေး၏ခုခံတုန့်ပြန်မှုကို လီပင်းပင်း မရှောင်နိုင်ဘဲ ဖြစ်သွားလေတော့သည်။

"ဝုန်း"

"အား"

"အမယ်လေး"

စူးရှသော အော်ဟစ်သံများနှင့်အတူ သခင်လေးကော လီပင်းပင်းပါ လွင့်စဉ်သွားကြလေတော့သည်။

❄ ❄ ❄

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



မမျှော်လင့်သော ဖြစ်ရပ်ကြောင့် ကျန်းကျက်တို့အားလုံး ကြောင်အမ်းအမ်း ဖြစ်သွားကြလေသည်။

ထိုစဉ်...

"သခင်လေး မြန်မြန်ထွက်သွားပါတော့"

ကျိုင်ဝင်းရီက လူးလိမ့်ရင်း သခင်လေးကို စိုးရိမ်စိတ် ဖြင့် သွေးရူးသွေးတန်း အော်ပြောလိုက်လေသည်။

"အင့်"

သခင်လေး ညည်းတွားရင်း လဲကျနေရာမှ လူးလိမ့်ထ လိုက်လေသည်။

ကျန်းကျက်တို့ သတိဝင်လာကြလေသည်။

"မလွှတ်စေနဲ့"

"တိုက်ကြဟေ့"

ညာသံပေးကာ သခင်လေးထံသို့ ခုန်ဝင်တိုက်ခိုက်လိုက် ကြလေသည်။

သခင်လေးမှာ လီပင်းပင်း၏လက်ချက်ဖြင့် ဒဏ်ရာရ နေသည့်တိုင်...

"ကျုပ်က ကြောက်နေရမှာလား"

အံကြိတ်ကာ အကြောက်အကန် ခုခံလိုက်လေတော့ သည်။

သို့တိုင် ကျန်းကျက်တို့၏ စုပေါင်းတိုက်ခိုက်မှုကို မည်သို့ မျှ ခုခံနိုင်ခြင်းမရှိဘဲ အရေးနိမ့်သွားလေတော့သည်။



"ဝုန်း"

"အား"

သခင်လေး စူးရှစွာ အော်ဟစ်ရင်း မြေပေါ် ပြန်လည် လဲကျကာ မလှုပ်မယှက် ဖြစ်သွားတော့သည်။

သိုင်းလောကအား ဖျက်ဆီးဖို့ ကြံစည်ခဲ့သော သခင် လေးမှာ အမိုက်ဇာတ်သိမ်းသွားပြီ ဖြစ်လေသည်။

သခင်လေးအား ဆုံးမပြီးနောက် ကျန်းကျက်တို့အားလုံး က လီပင်းပင်းကို စိုးရိမ်တကြီး ကြည့်လိုက်ကြလေသည်။

"အင့်"

လီပင်းပင်း ညည်းတွားရင်း လူးလိမ့်ထလာ၏။

သူမ ဒဏ်ရာရလိုက်သော်လည်း အသက်ရှင်နေသေး ၍ အားလုံးဝမ်းသာသွားကြလေသည်။

"ညီမလေး"

"ကျုပ်တို့ လူယုတ်မာသခင်လေးကို ဆုံးမနိုင်ခဲ့ကြပြီ၊ သိုင်းလောက ပျက်စီးမယ့် အရေးကို ကာကွယ်နိုင်ခဲ့ကြပြီ"

"ကျုပ်တို့အားလုံးရဲ့ဘဝ အေးချမ်းသာယာသွားပြီလေ၊ ညီမလေး ဝမ်းမသာဘူးလား"

တစ်ယောက်တစ်ခွန်း ပြောရင်း လီပင်းပင်း အနီးသို့ ပြေး သွားပြီး မေးမလိုက်ကြလေသည်။

ကျိုင်ဝင်းရီနှင့် သခင်လေးတို့မှာ ကျန်းကျက်တို့ ပြော ဆိုနေကြသော စကားများကို ကြားနိုင်တော့မည် မဟုတ်ပါချေ။

www.burmeseclassic.com

www.burmeseclassic.com



လီပင်းပင်းက ကျန်းကျက်တို့ကဲ့သို့ ဝမ်းမသာနိုင်သေးပါ။

ကျန်းကျက်တို့ ပြောနေသော စကားသံများကိုလည်း မကြားနိုင်ပါ။

သူမသည် မြေပေါ်လဲကျသေဆုံးနေသော သခင်လေး၏အလောင်းကို ငေးကြည့်နေရင်း. . .

"သူကသာ ငါ့ကို တကယ်တမ်း တိုက်ခိုက်ခဲ့မယ်ဆိုရင် သေသွားရမှာ ငါပဲ၊ သူ ဘာကြောင့် ငါ့ကို ညှာတာခဲ့ရတာလဲ"

ဟု တွေးရင်း ဝန်းကျင်တစ်ခုလုံးကို မေ့လျော့နေလေတော့သည်။

ပြီးပါပြီ။

www.burmeseclassic.com